# အာဂေလာဂကဗိပဋ္ဌိ

၆

၈၃၉၁

ထွဋ်ခေါင် ဆရာတော်၏ မြေး

ဝိပဿနာ မဟာဓမ္မကထိက ပါရဂူ

ဆရာကြီး-ဦးမြတ်သိန်းထွန်း

ဝိပဿနာသန့်သန့်

သဘာဝထဲမှာ- ဘာနာမည်မှ-လာမထဲ့ကြနဲ့
ထဲ့ရင်မခံဘူး-ဓိးပွင့်သွားမည်

အာလောကောဥဒပါဒိ

# အာလောကာဒိပဒိ

မှတ်ပုံတင်ပြီး
အမှတ်တံဆိပ်

# အဘိယာစက လျှောက်လွှာ

ကျေးဇူးရှင်ဆရာကြီးအား ရိုသေစွာ လျှောက်ထားပါသည်- တပည့်တော်တို့သည်- အသက်- ၃၀-ရွယ်ကပင် ဘုရားရှင်၏ တရားကိုယ်လမ်းစစ်ကြားနာသိမြင်လို၍ စုံစမ်းရှာဖွေခဲ့ပါသည်- တရားအစစ်အမှန်ကို မရပါဘဲ သေရလျှင် သာသနာတွင်းမှာ လူဖြစ်ကျိုးမနပ်ပါ- သူများက ဒါဘဲဘုရား-ဒါဘဲတရား-ဒါဘဲသံဃာ-ဒါဘဲနိဗ္ဗာန်- ဒါဘဲငရဲ- ဒါဘဲနတ်ပြည်-ဒါဘဲပြဟ္မာပြည်ဟူ၍ မျက်မြင်လဲပြောပြကြ၏- မျက်စိမမြင် ဘူးဘဲနဲ့လဲ ပြောသံကိုကြားရ၏၊ (တင်းမတိမ်နိုင် သဘောထဲမှာမကျေနပ်နိုင်) သက်တော်ထင်ရှား မြတ်ဘုရား၏ တရားအစစ်ကို ဟောပြနိုင်သူကို မစုံစမ်းတတ်သလောက်ဖြစ်၍ နှစ်ပေါင်းများစွာ အချိန် ကုန်ဆုံးခဲ့ရာ- လွန်ခဲ့သော ၃-နှစ်ခန့်က ဓါတုဒိပနီ ကို အစပြု၍ တရားအစစ်ကို သဲလွန်စမြင်တွေ့ ရသဖြင့် ဆရာကြီးရေးသော ကျမ်းစာမျိုးစုံတို့ကိုမန္တလေးမြို့-သဗ္ဗ မင်္ဂလာစာအုပ်ဆိုင်မှာဘဲ တွေ့ရ၍ ကျမ်းပေါင်း ၂၀-ကျော် ဝယ်ယူပူဇော်ခဲ့ပါသည်။

ထိုကျမ်းတို့တွင်—ပဒဿေဒ ဒိပနီခေါ် (လိပ်)ကျမ်းကို အစမှအဆုံးတိုင်ခေါက်ပေါင်းများစွာ ကြည့်ဘတ်ရင်း— အနတ္တဉာဏ်ကိုရလှူရခင် ပိုင်လှူပိုင်ခင်ဖြစ်ရာ— အလွန်တရာဝမ်းသာခြင်းဖြစ်၏၊ ထို့နောက်- ကျမ်းတိုင်းကျမ်းတိုင်း အက္ခရာတလုံးမကျန်အောင်ကြည့်ဘတ် နှုလုံးသွင်းပြန်သောအခါ ကျမ်းစာတအုပ်ထက်တအုပ် ဉာဏ်မျိုးစုံဝေဘန်၍ ခွဲပြသည်ကိုကျွန်တော်တို့လူပြိန်းများမှာ— အထူးဝမ်းသာကြပါသည်။

ဥပမာ— ပြေတန်သော ပ ္ခမြားကျောက် ရှိတယ်လို့တော့ကြားဘူးပါ၏— မမြင်ဘူးပါ၊ မြင်ဘူးကြလျှင် လွန်စွာအရောင်အဝါတွေ ထူးဆန်းမှာဘဲလို့ ချီးကျူးကြရမည်၊ ထိုနည်းတူစွာ— ပရမတ္ထ သဘာဝကိုမမြင်ဘူးမကြားဘူး မတွေ့ဘူးသည်ကို မြင်ဘူးကြားဘူး တွေ့ဘူးရသဖြင့်ဆရာကြီးအား ကိုယ်တိုင်ဖူးမြင်လိုသည်ကို နေ့စဉ် မွေမိတ်ဆွေဖြစ်သောဦးဘလွန်းနှင့် တိုင်ပင်ပြောဆိုရ၏၊ တရားစာဘတ်တိုင်း တရားတွေးတိုင်း၂— ယောက်တိုင်ပင်ဆွေးနွေးတိုင်း ကြည်ညိုခြင်းဖြစ်ကြပါ၏၊ ကျမ်းစာအုပ်တိုင်းမှာလဲ ဆရာကြီးမသေခင်=တွေ့မြင်လိုက အခပြ္ပါယ် မရှင်းသည်ကို မေးလိုသူများ မာနလျှော့လာကြ—စရိတ်ငွေကို မနမြောကြနဲ့၊ သားကိစ္စ မယားကိစ္စ စီးပွားရေးကိစ္စနဲ့ တောင်မှ အထက်အောက် မြို့ရွာတကာသွားလာနေကြရသေးတယ်—အပါယ်တံခါး ပိတ်သောနည်း—ဇာတိ လွှတ်

သောနည်းကို တကယ်လိုလားပါက ဆရာကြီးထံသို့လာကြလို့ မှာထား သည့်အတိုင်း တပည့်တော်တို့ ၂—ယောက်ခြေရင်းတော်သို့ ရောက်လာ ကြရပါသည်ဘုရား—

## ဆရာကြီးအား — ရှိခိုးပျောက်ကြပုံ

ဘုရား့တပည့်တော်တို့ ၂=ယောက်သည် အထက်မြောက်ပိုင်းရှမ်းပြည် က ရှမ်းလူမျိုးများဖြစ်ပါသည်၊ ရန်ကုန်မြို့နှင့်တပည့်တော်တို့နေသော မိုင်း ရယ်နယ်-တန့်ယန်းမြို့နှင့် မိုင်ပေါင်း- ၆၀၀—ကျော် ဝေးကွာ ပါသည်၊ ဆရာကြီးရေးသောကျမ်းစာများကို ကြည့်ဘတ်လို့ အားမရ တင်းမတိမ် နိုင် တရားအစစ်အမှန်ကို တထစ်ကျတွေ့ရ၍ မပျက်တမ်းယုံကြည်ပြီးပါပြီ ဘယ်အတန်းဘယ်အဆင့် ဘယ်အခြေသို့ရောက်မှန်းကို မသိရပါ—အပါယ် လွတ်ရုံလား—ဇာတိဘေးအထိ လွတ်ပါသလားလို့ ခွဲခြား၍ မသိရပါ— သို့ပါသောကြောင့် မိမိတို့၏ အသက်ခန္ဓာနှင့်တကွစည်းစိမ်ဥစ္စာတို့ကိုဆရာ ကြီး၏အသိဉာဏ်နှင့် လဲ၍ ယူဘို့ ရောက်လာကြရပါတယ်ဘုရား—

### ဥဒပါဒိ ၅-ချက်ရှိသည့်အနက်

၁။ စက္ခုံ ဥဒပါဒိ စက္ခုဒိပနီ
၂။ ဉာဏံ ဥဒပါဒိ ဉာဏဒိပနီ
၃။ ပညာ ဥဒပါဒိ ပညာဒိပနီ
၄။ ဝိဇ္ဇာ ဥဒပါဒိ ဝိဇ္ဇာ ဒိပနီ

ထိုကျမ်း ၄-ကျမ်းကို ကြည့်ဘတ်ရပါပြီ— အာလောကော ဥဒပါဒိ အာလောကဒိပနီကို ရေးသားတော်မူချိန်ရောက်ပါကြောင်း- ရှိခိုးပျောက် ထား တောင်းပန်ပါသည် ကျေးဇူးရှင် ဆရာမြတ်ဘုရား=

၁၃၁၈-ခု နယုန်လဆန်း ၁-ရက်နေ့ ရန်ကုန်မြို့ အလုံရပ်—ဆူပါပင်လမ်း အမှတ် ၂၆—ဆရာကြီး၏ ခြေတော်ရင်းသို့ ရောက်သည်၊

၁— အသက်ခန္ဓာ စည်းစိမ်တွေကို စွန့်လှူ၍ တရားတောင်းသည်—

၂— ဘာသာပြန်သန့်သန့် ၃—ညခန့် တရားကိုနာယူသည်—

၃— ရန်ကုန်မြို့ပေါ်ရှိ— ဦးစိန်ဟင်း— ဒေါ်ကြည်တို့ တိုက်မှာ အဖွဲ့ ချုပ် ဥက္ကဋ္ဌကြီး ဦးထွန်းရင်နှင့် ယောဂီ ကျား=မ ၅၀- ခန့်တို့နှင့် အတူ ဆရာကြီးကိုယ်တိုင် ဟောပြသော (ယမက) သုတ် အနက္ခတရားကို ၂-ည တိုင် နာယူခဲ့ရပါသည်။

၄— ဓမ္မကထိက လက်မှတ်ကို ၂—ယောက်လုံးအဖွဲ့စည်းကမ်းကို လိုက် နာ၍ ဆောင်ယူခဲ့ကြပါသည်။

၅— ဆရာကြီးအား ဝတ္ထုရေးရှိသမျှ တသွေမတိမ်း လိုက်နာ၍ ပြုစုခဲ့ပြီး ငွေ ၁၀၀ဝ ကျပ် ကံတော့ခဲ့ပါသည်။

၆- ရန်ကုန်မြို့သို့ အခြားကိစ္စဘာတခုမှ မရှိ ဆရာကြီးထံသို့ရောက်ကြရန် ရည်ရွယ်ချက်တခုသာ ရှိပါသည်။

၇- ရှမ်းပြည်တန့်ယန်းမြို့မှာ ဝိပဿနာ သာသနာ သန့်သန့် ပြန့်နှံ့ ဘို့ရာ (ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရ) အဖွဲ့ခွဲဖြစ်မြောက်ရန် တာဝန်ယူခြင်း။

၈- အဖွဲ့ (ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရ) အမည်ဖြင့် ဆိုင်းဘုတ်ဆွဲကပ်ရန် ရန်ကုန်မြို့မှာပင် ရေးယူပူဇော်ကြခြင်း။

၉- ဆရာကြီးရေးသော ကျမ်းမျိုးစုံရှိသမျှ ပူဇော်ကြခြင်း။

၁၀- အသက်ခန္ဓာစွန့်လှူကြောင်း သက်သေခံအဖြစ် ဓာတ်ပုံရိုက်ကြရာ ဆရာကြီး၏ညာဘက် ယာနေ ရာဇဝတ်အမတ် စောက်ထောက်၊ ဘယ်ဘက် ဝဲနေ ရွှေပန်းထိမ်ဆရာ ဦးဘလွန်းတို့က ရှိခိုးလျက် နေကြပါသည်။

၁၁- ဆရာကြီးရေးသမျှ ကျမ်းစာတို့ကို ပထမထွက်စ တအုပ်အမြန်ပို့ပါ၊ များစွာပူဇော်လိုပါက မန္တလေးမြို့ သမ္မဂ်လာ စာအုပ်ဆိုင်မှာ ပူဇော်ပါမည်။

၁၂- ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း— အမှတ် ၃၉ ဝိဇ္ဇာစရဏမဂ္ဂသမ္မာရ အစိုးရ အသိအမှတ် (၁) နံပါတ် အဖွဲ့ချုပ်ကြီးနှင့်ဆက်သွယ်ရခြင်း ဆရာကြီး မသေခင် တွေ့ကြုံဖူးမြင်ရခြင်းစသည်ဖြင့် နောင်ရေးမည့် အာလောက ဒီပနီမှာ တပည့်တော်တို့၏ ဓာတ်ပုံကို ထည့်သွင်းတော်မူပါ ဘုရားဟု လျှောက်ထားခဲ့ခြင်း။


မြောက်ပိုင်းရှမ်းပြည်
မိုင်းရယ်နယ် တန့်ယန်းမြို့
ပင်စင်စား ရာဇဝတ်အမတ် စောက်ထောက်
ရွှေပန်းထိမ်ဆရာ ဦးဘလွန်း

## သပ္ပုရိသဂုဏ်အင်္ဂါ ၇-ပါး

နတ်လူမြဟ္မာ- ချစ်အပ်စွာ- ဆရာမြတ်၏ဂုဏ်
ပူဇော်မြတ်နိုး- လက်စုံမိုး- ရှိခိုးထိုက်သည့်ဂုဏ်
ချီးမွမ်းထိုက်ပုံ- ကျေးဇူးဂုဏ်- လုံးစုံကျော်တဲ့ဂုဏ်
ခက်ခဲလှဘွယ်- မေးလျှောက်ဝယ်- ဖြေလွယ်နိုင်တဲ့ဂုဏ်
မေးတိုင်းဖြေပြန်- ပညာဉာဏ်- သီးခံနိုင်တဲ့ဂုဏ်
နက်နဲထူးခြား- မြတ်စကား- ဟောကြားနိုင်တဲ့ဂုဏ်
အကြောင်းမလျော်- မသင့်တော်- မနှိုးဆော်တဲ့ဂုဏ်
သပ္ပုရိသ- ကလျာဏ- ပြည့်ဝ- သတ္တဂုဏ်

# ဆရာတော်–ဦးမြတ်သိန်းထွန်း

သက်တော်-၆၁-နှစ် ပုံတော်



ဆရာ၏ ညာဘက် ရှမ်းလူမျိုး ရာဇဝတ်အမတ်-စောက်ထောက်
ဘယ်ဘက်က ရွှေပန်းတိမ်ဆရာ-ဦးဘလွန်း

# ထောဂဏ်ံစာ

## အရှေ့ပဂါကန္တာန်

## ဆရာတော်–ဦးပဏ္ဍိတ၏

## ပဥ္စမအကြိမ် ပေးစာ

~~~~~~~~~~~~

**စီရံ တိဋ္ဌတု သဒ္ဓမ္မော။**

ဆရာကြီးနှင့်တကွ-ဝိဇ္ဇာစရဏ မဂ္ဂသဟ္ဗာရအဖွဲ့ကြီးသို့ သိစေလိုက်ပါသည်။ ။ဦးပဥ္စင်းသည်၊ ၁၃၁၈-ခုနှစ်-ကဆုန်လပြည့် ၂၅၀၀-သာသနာတော် အထိမ်းအမှတ်- ပွဲတော်ကျင်းပရာ- ၎င်းပွဲတော်သို့ ရောက်ရှိကြွ ~~သောသော~~ (ဘဂ်လားအဝကျွန်း) ဘုန်းတော်ကြီး တပါးထံမှ- ဆရာကြီး ဦးဖြတ်သိန်းတွန်း ကိုယ်တိုင်ရေး-မဟာဓမ္မကထိကဒီပနီ-စာအုပ် တအုပ်ကို ရရှိ၍- ဘတ်ရှုကြည့်ရာ ( လူဖြစ်ကျိုးနပ်ပါပြီ ) ဟူ၍စိတ်မှာထင်မိပါသည်-

အဘယ့်ကြောင့်ဆိုသော်- ၎င်းစာအုပ်၌- လူပြိန်းတွေ နားလည် နိုင်လောက်သော စကားဖြင့်- ရှင်းရှင်းလင်းလင်းရေးသား ထားသောကြောင့် ဘတ်ရှု၍အားမရ- အခေါက်ခေါက်အပြန်ပြန်- ၎င်းစာအုပ်နှင့်ပင် အချိန်ကို ကုန်စေပါကြောင်း။

၎င်းနောက်မှ ဦးပဥ္စင်းသည်- စစ်တကောင်းမြို့သို့- အလည် အပတ်သွားရာ- ပွဲစား ဦးအောင်ကျော်ထံ၌- ဆရာကြီးရေးသားသော (ဓမ္မသနဒီပနီ) စာတအုပ်ကိုတွေ့ရှိသဖြင့် (ငှါ) ပေး၍ယူခဲ့ရာ- သင်္ဘောပေါ်မှာပင်- ဘတ်ကြည့်ရာ- အထူးဝမ်းမြောက်ဝမ်းသာဖြစ်ပါသည်။

ဦးပဥ္စင်းသည်- ရန်ကုန်မြို့ ကြည့်မြင်တိုင်- ဝေဠုဝန် တိုက်အုပ်- ဆရာတော်ကြီး- ဦးကလျာဏ- တိုက်ကြပ် ဆရာတော်- ဦးဇမ္ဗုသိရိဓမ္မ- တို့ကို ဥပဇ္ဈာယ်ပြု၍-၎င်းတိုက်မှာပင်- ရဟန်းဖြစ်ပြီး-(၅)ဝါ-နေခဲ့ပါသည်။
~~~~~~~~~~~~

ထိုမှတဖန်- မန္တလေးမြို့ အနောက်ပြင်- ချမ်းသာကြီးတိုက် ဦးလက္ခဏ ဆရာတော်ကြီး- အုပ်ကျောင်းတော်မှာ - (၃) ဝါ နေခဲ့ပါကြောင်း - ထို့နောက်- တောင်ပြင် ဘုရားကြီးတိုက် အပြင်ထပ် - (ယောဂီပဏ္ဍိစကား) ခေါ်-စာအုပ်နှင့်- မျက်မှောက်ကြီးပွားရေး စာအုပ်ကိုရေးသူ- ဆရာတော် တိက္ခပဏ္ဍိတ-ကျောင်းမှာ (၃) ဝါ-နေခဲ့ပြီး-မိမိဒေသဌာန-စစ်တကောင်းမြို့ စိရင်စု- စိန်မြောင်ကျောင်းဆရာတော်ကြီးထံ – တဆင့်ခံ - စာချ အဖြစ်ဖြင့် နေခဲ့ရာ ယခု - ၂၄ - ဝါ - ရှိပါသည်။

ဦးပဍ္ဍင်း ဉာဏ်စွမ်းရှိသလောက်–ဒါယကာဒါယိကာမတို့အား- ဆရာကြီး၏ ဟောစဉ်ကို- ဟောပြောလျက်ရှိပါသည်- ဆရာကြီး၏ဉာဏ်ပညာ ပါရမီကို- နေ့စဉ်လိုပင်- ပူဇော်လျက်ရှိပါ၏ - မြန်မာပြည်ကြီး၏ ကြွက်သရေဆောင်ပုဂ္ဂိုလ်မြတ်ဖြစ်ပေသည်ဟု- အထူး ချီးကျူး ထောပနာခြင်းကို- ပြုလိုက်ပါ၏။

ဆရာကြီးရေးသားသော စာအုပ်ကဲ့သို့- မြန်မာပြည်မှာ မဖြစ်မပေါ်မ ထွက်သေးဟူ၍- ထင်မိပါသည်- အထူးတရပ်မှာ ပညာဒီပနီ-ဉာဏဒီပနီ- စက္ခုဒီပနီ- ဘာသာရှင်းတမ်း- မင်းနှံ့ငါ မေးဖြေ- အာလောကဒီပနီ- ဓမ္မစက္ကဒီပနီ- သာသနာဒီပနီ- သာသနယုဂဒီပနီ- သင်္ဂါယနာဒီပနီ- ဒီပနီ- ထွန်းခေါင် အဖွင့် ကျမ်းစသော ကျမ်းများကို-ဦးပဍ္ဍင်းလက်သို့ ရောက်- ဓမ္မဒါနဖြစ်စေ-သို့မဟုတ်အ ရောင်းဖြစ်စေ- မြန်နိုင် သလောက် အမြန်တင်ပို့ပါ။

( မနောမယ ပဏ္ဍာမြား ) ကို- ရဘိ သကဲ့သို့ ဝမ်းမြောက်ခြင်း ဖြစ်ပါသည်။

ဦးပဏ္ဍိတ
စိန်မြောင်ကျောင်း
စန္ဒရာဂုဏ္ဍာရွာစာတိုက်၊ စစ်တကောင်း
အရှေ့ပါကစ္စတန်

U PANDITA,
CHITMROM KYAUNG GYI,
P. O, CHANDRAGHONA,
H. T, CHITTAGONG,
E. PAKISTAN.

# အရှေ့ပါကစွအန်

# ဆရာတော်ဦးပဏ္ဍိတ၏

## ဒုတိယအကြိမ် ပေးစာ

◆◆◆◆◆◆◆

### စီရင်တိနှုတသင္ဂမှော -

စိန်မြောင်ကျောင်းနေ- ဦးပဏ္ဍိတက ဆရာကြီးထံစာရေးသား ကြားသိစေလိုက်ပါသည်။

အကြောင်းမှာ- ဦးပဥ္စင်းသည်- ဆရာကြီးနှင့် ကိုယ်တိုင် မတွေ့ရသော်လဲ- တွေ့ရဘိသကဲ့သို့၊ မှတ်ထင်မိပါသည်- အကြောင်းသော်ကား- ဆရာကြီး ရေးသားသော ( ဓမ္မသနဒီပနီနှင့်- မဟာဓမ္မကထိကာဒီပနီ ) ကျမ်းစာနှစ်အုပ်ကို၊ဘတ်ရှုရ၍-ဆရာကြီးကိုယ်တိုင်လာပြီး-ပြဘိသကဲ့သို့ အလွန် [illegible]ပါသည်- အရသာ ရှိပါသည်- ဉာဏ်ကို ပေါ် ထွက်စေပါသည်- ဦး[illegible]ကို အထူးဖြစ်စေပါသည်- အထူး ကျေးဇူးတင်ပါသည်- ကြံဘိုင်းအောင်-သောင်တိုင်းမြောက်ရန် ဇိုငိတိ ု န္တြ-ကြာမြင့်စွာ တည်ပြီး- တိုင်းသူပြည်သား- လူအများ တို့အား- တရားရေအေး- အမြိုက် ဆေးကို - တိုက်ကျွေးနိုင်ပါစေဟု- ဦးပဥ္စင်းက- အထူးဆုတောင်းမေတ္တာ ပို့သလျှက်- နေပါသည်။

( ကိုယ်မှာမတတ်- စာမှာတတ်- ငါဟာတ်ကိုက်ဘတ်သည် ) ကျေးဇူးရှင် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရေးသားတော်မူသော · ပရမတ္ထစက္ကုကျမ်း၌- ဆိုသည့်အတိုင်း ဦးပဥ္စင်းသည်- စာအုပ်မှာသာ-နဲ့နဲ့ပါးပါးတတ်ပါသည်- စာအုပ်မှာတတ်၍ အကျိုးမရှိ ထင်ပါသည်- ခန္ဓာကိုယ်မှာ ဘတ်မှသာလျှင်- တမလွန်ဘဝသို့ ပြောင်းသွားသောအခါ- ပညာပါရမီ တည်းဟူသော- ဆိမီးသည်- လမ်းပြသဘွယ် ရှေ့ဆောင်ပြီး ကျေးဇူး ပြုလိမ့်မည်ဟူ၍-ယူဆပါသည် ထင်ပါသည်။

ဦးပဍ္ဍင်းတို့ ပါကစ္စတန်နယ်မှာ လမ်းကောင်းလမ်းမှန်ကို- ပြသတတ်သောပုဂ္ဂိုလ်များ အလွန်ရှားပါသည့် စာတတ်တိုင်းကို- လမ်းကောင်းပြတတ်သည်မဆိုနိုင်ပါ ဆရာကြီး၊ ထို့ကြောင့်-ဦးပဍ္ဍင်း၏ ဉာဏ်မျက်စိကို ဖွင့်၍ပေးပါ-ဦးပဍ္ဍင်းကို သားဟူ၍ရင်း-တပည့်ဟူ၍ရင်း-ဂိုဏ်းဝင်ပုဂ္ဂိုလ်ဟူ၍ရင်း-ဆရာကြီးဟောပြသောတရားကို-နှစ်သက်သော ပုဂ္ဂိုလ်ဟူ၍ရင်း မှတ်ထင်ပါ ဆရာကြီး။

ဦးပဍ္ဍင်း (၂၄) ဝါ၊ ရသော်လဲ ပညာမရှိ-ဉာဏ်မျက်စိ ကင်းလျှက် ( အန္ဓသူကန်း ) ဟူ၍ - မိမိကိုယ်ကိုထင်မိပါသည်၊ အန္ဓသူကန်း၏ လက္ခဏာသည်- ဘယ်နေရာမျိုးမှာမဆိုလမ်းမှန်ကို- ရသည်ဟူ၍မရှိ- လမ်းမှန်ကို ရအောင် အမိုက်ကိုအလင်းပြုပြင်၍- ပေးသနားပါ ဆရာကြီးသခင် ကျေးဇူးရှင်၏ (၇)ခဏ်းသချပ် ၇-ရက်စဉ်ကို- အထူး ကြားနာ ချင်ပါသည်-ကံအကြောင်းညီညွတ်ခဲ့သော်-တနေ့နေ့ဆရာကြီး-ဘခင်နှင့် တွေ့ရဆုံရ လိမ့်မည်ဟု အထူး မျှော်လင့်ချက်ရှိပါသည်။

**ဦးပဏ္ဍိတ**

စိန်မြောင်ကျောင်း

စန္ဒရာဂေါ္ဏာစာတိုက်၊ စစ်တကောင်း

အရှေ့ပါကစ္စတန်

U PANDITA,

CHITMROM KYAUNG GYI,

P. O, CHANDRAGHONA,

H. T, CHITTAONG,

E. PAKISTAN.

# ( အာလောက ) မာတိကာ


| | |
|---|---|
| မောင်ကံနဲ့မောင်ဉာဏ်-အဆိုနဲ့အခြေ—ကြည့်စမ်းနိဒါန်း | က |
| သာသနာ့အရောင်ဟွေ့လင်းပြီ- အာလောက-တရားတော်း | ခ |
| အနန္တငါးပါး-ရှိခိုးပုံ ပဏာမ-အရေးကျက် | ၁ |
| အာလောက၏-မိန့်ခွန်းပြောပုံ ကျယ်ကျယ်ဘတ် | ၄ |
| ဘုံနန်းပြသာဒ်ထက်၌နေပေမဲ့-မြေအိပ်မြေစားအာလောကဥဒါန်း | ၇ |
| သာသနာ့နေရောင်နဲ့ပြ—မျက်စိမြင်ကြ အာလောက | ၇ |
| (သံခိတ္တေန-ဥဒ္ဒိုပ္ပါဒါနက္ခန္ဓာပိ ဒုက္ခာ) တွေ့ဘိကွဲ့ | ၁၄ |
| ဥပါဒါနက္ခန္ဓာ ဘာသာပြန် ခုမှဘဲသိပါတော့တယ် | ၁၈ |
| ဒုက္ခဥပမာ ဆားငံရေသမုဒ္ဒရာနဲ့ အိမ်သာတွင်း | ၂၀ |
| ပုထုဇဉ်တို့အမှတ် ပြောသံကြားတရား | ၂၆ |
| အန္ဓနဲ့ ကလျာဏ မဲရွေးပြီး (သမ္မောအင်္ဂကထာ | ၂၇ |
| ဘာ့ကြောင့်အကန်းအန္ဓဟု ဟောတော်မူပါသလဲ | ၂၉ |
| အကြီးများမှ အမှန်တရားရပုံ ဟောဒီနံပါတ် | ၃၆ |
| နာမ်အရေးပေါ် အစည်းအဝေးဖွင့်ဘိ | ၃၇ |
| အကုသလစမ္မ အရေးပေါ်အစည်းအဝေး | ၃၉ |
| ဒု ဥက္ကဋ္ဌ မနသိကာရစေတသိက်အဆိုတင်ပုံ | ၄၀ |
| ဒု အတွင်းရေးမှူး ဝေဒနာစေတသိက်အလှဲ့ | ၄၂ |
| အထွေထွေအတွင်းရေးမှူးချုပ် စေတနာစေတသိက်ပြောပုံ | ၄၂ |
| ငွေထိမ်း ဝိတက်စေတသိက်ပြောနေဘိ | ၄၃ |
| ဒု ငွေထိမ်း ဝိရိယ စေတသိက်က ထောက်ခံနေပုံ | ၄၃ |
| စာရင်းစစ်သညာစေတသိက်က ခပ်ထန်ထန်ပြောဘိ | ၄၄ |
| ကော်မတီလူကြီး (၁၀ ယောက်) ထဲက ဖဿ၏အဆိုတင်ပုံ | ၄၄ |
| ကော်မတီ ဧကဂ္ဂတာက-ဒီလိုပြောပြန်တယ် | ၄၅ |
| ကော်မတီဝိတက်က တရားအစစ်ကို ကာကွယ်ပုံ | ၄၅ |
| ကော်မ တီပီတိက တာဝန်ရှိသသောက်အရေးဆိုပြီ | ၄၆ |
| ကော်မ တီအဟိရိက အလှဲ့ ငရဲက ငိုဘဲကျကျတဲ့ | ၄၆ |
| ကော်မတီ အနောတ္တပ္ပ နောက်ဘဝမှာ မကြောက်မလန့်ဘူးတဲ့ | ၄၇ |
| ကော်မတီ လောဘ သဘာပတိဟောင်း ဒေါ်ပွပုံ | ၄၇ |
| တော်မတီ မာနစေတသိက် သမတဟောင်းထပြန်ပြီ | ၄၈ |
| ကော်မတီ ဒေါသစေတသိက် အတွင်းရေးမှူးဟောင်းပြောပုံ | ၄၉ |
| ကော်မတီ ဝိစိကိစ္ဆာ နာယကဟောင်းအဆုံးသတ်နားထောင် | ၅၀ |
| ကျန် အဖွဲ့သား ၉ ယောက်တို့က တလှဲ့စီအဆိုပေးနေပုံ | ၅၀ |
| သမာဓိရှိလိုက ကျုပ်ကိုပွဲတင်ကြတဲ့ ဥဒ္ဓစ္စကပြောတယ်ယောင်တို့ | ၅၁ |
| ကုသလဓမ္မ အရေးပေါ်အစည်းအဝေးပွဲယနေ့စပြီ | ၅၃ |
| ဥက္ကဋ္ဌ ပညိန္ဒြေမိန့်ခွန်း ပြောနေစဉ် ဓါတ်ပုံရိုက်ပြီ | ၅၄ |
| ဒု ဥက္ကဋ္ဌ သဒ္ဓါမိုလ်မိန့်ခွန်း ဆင့်ပြန်တယ် | ၅၄ |

အတွင်းရေးမှူး ဟီရိုဗိုလ်ကလဲ သတ္တိပြနေဘီ ၅၅
ဒု အတွင်းရေးမှူး သြဇာပွကအကူအညီထောက်ခံတယ် ၅၅
အတွင်းရေးမှူးချုပ် သမ္မာအာဇီဝ ညီညွတ်ရေးအဆို ၅၅
ငွေထိမ်း အဒေါ်သက လေးလေးနက်နက်အရေးဆိုတယ် ၅၆
ဒု ငွေထိမ်း ကရုဏာ အလှဲ့မှာ မညှာတန်း မြောင်ဖွင့်ချဘီ ၅၈
ဘယ်လောက်ရက်ဘို့ကောင်းသလဲ ကရုဏာကင်းတဲ့ဒါနပွဲကြီး ၅၉
စာရင်းစစ် (သတိ) ဗိုလ်က သတိပဋ္ဌာန်ဥဒေနဲ့ဆော်ဘီ ၆၀
ကော်မတီ (အလောဘ) သက်တော်စောင့်ဖြစ်ထာပြောပုံ ၆၁
ကော်မတီ (တတြမဇ္ဈတ္တတာ) က ဘယ်သူ့ကိုမှ အရေးမစိုက်ဘူးတဲ့ ၆၁
ကော်မတီ (သမ္မာဝါစာ) မဂ္ဂင်က စကားပြောလျှင်မမှားကြပါနဲ့တဲ့ ၆၂
ကော်မတီ (သမ္မာကမ္မန္တ) သီလမပျက်သော အလုပ်ကိုလုပ်ကြစမ်းပါတဲ့ ၆၃
ကော်မတီ (မုဒိတာ) အများကောင်းစားရင်ကြိုက်ပါသတဲ့ ၆၃
အဖွဲ့ဝင် ကျန် ၁၂ ယောက်တို့က ရှင်းတန်း ၆၄
တိုင်းသိပြည်သိကျေညာယ်ကယ်ကျယ်ဘတ် ၆၄
ကျုပ်တို့ ၁၂ ယောက်ဟာ (ကဒါမိ-နာနာမဟုတ်ဘူးတဲ့) ၆၄
ဆူတဲ့လူတွေကို အာလောကရုံးက ခေါ်စစ်ပြီ ၆၅
တရားဟောဒါ တရားပြဒါ တရားအားထုတ်ကြဒါ
ထင်တိုင်း အရမ်းမလုပ်ကြဘို့ ဝိမုတ္တိခေတ်မှာမေးမယ် ၆၆
ကာယပဿဒ္ဓိက ခေါင်းဆောင်လုပ်ပြီး မြောင်ဖွင့်ချဘီ ၆၇
တတြမဇ္ဈတ္တတာ နာမည်ကိုလူသိနဲလို့ဆူတယ် ၆၇
သက်ညှိုးနဲ့ ပညိန္ဒြေသဘာပတိ အဆုံးသတ်သြဝါဒ ၆၈
ဖဿလို့နာမည်ကျော်လဲပညတ် မရှိပါဘူး ၇၀
သစ်သားရုပ်ခြင်းထောင်းဒါ ဘာနာမှာလဲ ၇၁
အကုသလကုသလ နာမ်စည်းဝေးပွဲ မှတ်တန်းစဉ်အတိုချုပ် ၇၁
ရုပ် အဋ္ဌဗိသ အာလောက ဘာသာပြန်မယ် ၇၂
ခန္ဓာ သံဝေဂ အာလောက ၇၃
ခန္ဓာရုပ အာလောက သူများတွေးဘို့မဟုတ် ၇၅
အာကာသ အကြားအပေါက်ရုပ် ဧဝထဲမှာမဟုတ်ဘူး ၇၈
ယောဂီတို့ ပရိယတ်နဲ့ ပဋိပတ်ကွဲကြရဲ့လား ၈၁
ရုပ်အဋ္ဌဗိသ အရေးပေါ်အစည်းအဝေးပွဲကြီး ၈၂
သဘာပတိ အာကာသမိန့်ခွန်း ဘတ်စမ်းပါ ၈၃
ပဋ္ဌမဥက္ကဋ္ဌ အာပေါခါတ်ပြောပုံ ၈၅
အတွင်းရေးမှူး ဇူတ္တိဘာဝရုပ်က ပိုင်နက်ရှင်းပြီ ၈၆
ပရိယတ်ဥပဒေအရမှတ်ချက် ဒီမှာကြည့်ပါ ၈၇
ဘဏ္ဍာထိန်းလူကြီး အာဟာရရုပ်၏အဆို ၈၉
စိနည်းသိက္ခာပုဒ်နဲ့ညီကြသော ရဟန်းများသာ ငွေမလို ၉၀
တွဲဘက်ငွေထိမ်း ဟဒယ ဝတ္ထုရုပ်က အမြစ်ကလှန်ပုံ ၉၁
ကော်မတီလူကြီး စက္ခုပသာဒရုပ် ဥပဒေလက်ကိုင်နဲ့ ၉၂
ကော်မတီလူကြီး ဃာနပသာဒရုပ် လူတိုင်းနားလယ်ပါသတဲ့ ၉၄

| | |
|---|---|
| ကော်မတီရှုံရပ် မျက်စိတွေမကန်းသူတို့အတွက် ကျုပ်တဲ့ | ၉၅ |
| ကော်မတီဂန္ဓရပ် မြဟ္မာရဲ့နှာခေါင်းကလွဲရင် ကျုပ်ပိုင်နက် | ၉၆ |
| ကော်မတီ ဝိကာရရုပ်က ကျုပ်တို့ဟာ အရေးအပါဆုံးတဲ့ | ၉၇ |
| ကော်မတီ လက္ခဏာရုပ်က အားလုံးရုပ်တွေကိုကြိုးကိုင်ဒါကျုပ်တို့ | ၉၇ |
| ကော်မတီ-တေဇောက-အဖွဲ့ဖြစ်ဘို့ကျုပ်-ဖျက်တာလဲကျုပ် | ၉၈ |
| ကော်မတီ-ဝါယောက-ဝိညာဏ်ရုပ်တို့နဲ့ပဋိပက္ခဖြစ်ပုံ- | ၉၈ |
| စာရင်းစစ်အနိစ္စတာရုပ်-သုဿာန်ပို့နေဒါ-ကျုပ်ပါဘဲ | ၁၀၀ |
| အရေးပေါ်စည်းဝေးပွဲ-ကို-မှတ်တန်းချုပ်လုပ်ပုံ | ၁၀၃ |
| သမထနဲ့=ဝိပဿနာနားမလယ်ရင်-ဒီလူအလကားဘဲ | ၁၀၅ |
| ကမ္မဋ္ဌာန်းထိုင်ကြဒါကို-အာလောက-ရုံးတော်က-စစ်ပြီ | ၁၀၈ |
| ဘဒ္ဒဝဂ္ဂီနောင်ညီ-၃၀-မယားပေါင်း-၃၀-တို့နဲ့-မြဇာတ်- | ၁၀၉ |
| မင်းသားဝဂ္ဂီတို့=မယား-ကိုယ်စီနဲ့-တောထွက်ကြပုံ- | ၁၁၀ |
| ကာမပျော်ကြူး-အဖေါ်နဲ့=မြူးရာက=နိုး-မိမ္မပျောက်တယ်၊ | ၁၁၃ |
| တွေ့ကြုံတိုင်းပင်စဉ်းစား=ဘဒ္ဒဝဂ္ဂီနဲ့-ငါနဲ့တူရဲ့လား= | ၁၁၄ |
| ၁-နံပါတ်-ဘဒ္ဒမင်းသားက-မယားစာရင်း-ဘုရားကိုရှင်းပြပုံ | ၁၁၅ |
| နဇ္ဇုတ္တိဒေသနာ-ဘဒ္ဒတို့ဇာတ်ထုပ်မှာ-ပထမဟောဒါမှတ် | ၁၁၆ |
| ဟာ-မိန်းမရှာနဲ့-ယောက်ကျာ-ငါခုမှနားလယ်တယ် | ၁၁၉ |
| လူ့ာတ်နဲ့ရဟန္တာဥာဏ်ရပေမဲ့-သက်န်းဝတ်သာမဧာငယ်ကိုရှိခိုး | ၁၂၀ |
| ရဟန္တာ အမြန်ဖြစ်နိုင်သော (ဘဒ္ဒဝဂ္ဂီ) ဥဒါန်းအရကျက် | ၁၂၁ |
| အာလောကဒီ နီက-လမ်းညွှန်ပြန်တယ် | ၁၂၂ |
| နှာခ်နဲ့ရှင်-ပဋိပတ်-နည်းဥပဒေဒီမှာ | ၁၂၅ |
| ဝိသုဒ္ဓိမဂ်-ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ-ဥပဒေ-ကြည့်ပါလား | ၁၂၆ |
| (အံမယ်) ပရမတ္ထတရား-၄-ပါးကို-မျောင်ဖွင့်ချပြီ | ၁၂၈ |
| တနည်းရှင်းတန်း ခက်တယ်-စဉ်းစားဘတ် | ၁၂၉ |
| အလို-မဂ်ဖိုလ်နဲ့ရန်ဘက်ဝိပဿနာယောဂီများ | ၁၃၀ |
| ဆရာကြီးဦးလွှားပေါက်လုံး-လက်ညှိုးထိုးထားတယ် | ၁၃၀ |
| တယ်အဘိုးတန်ပါကလား ဝင်ကဇ္ဇာဟ်ကောင် ဥပမာ | ၁၃၃ |
| သံဝေဂ-နိဗ္ဗိန္ဒတွေးလုံး-အသံကျယ်ကျယ်ဘတ် | ၁၃၈ |
| ခလေးချိရင်းသောတာပန် (ခလေးချော့လက်ာ) | ၁၃၉ |
| အရိယာဖြစ်=ဝိပဿနာမေးခွန်းများ-ဖြေကြစမ်းပါ | ၁၄၀ |
| မသေခင်ဆရာမှာခဲ့မယ်=ယောဂီတို့-ဒုက္ခဘဲ | ၁၄၁ |
| လွှတ်လပ်ထာကိုသိ (ခန္ဓဝိမုတ္တိ) ဥပဒေအရကျက် | ၁၄၂ |
| အသင်တရားရှင်=သူတော်ကောင်းလက္ခဏာ=သိရဲ့လား | ၁၄၄ |


---

ဆရာကြီး၏ ၆၁-နှစ်၊ ရုပ်ပုံတော်ကို ပူဇော်ငိုပ်က ရန်ငိသည်
၁၄-၁၈-လက်မရှိသည့်မှန်ဘောင်သွင်းပြီး အကြီး-၂၀၊ အလပ် ၁၅၊ အသေး-၁၀။

# နိဒါန်း—သေသေချာချာဘတ်

## (မောင်ကံ–နဲ့–မောင်ဉာဏ်)

မေး-ကံ။ မောင်ဉာဏ်ရေလာပြန်ပြီကွဲ့-အာလောက ဒီပနီတဲ့ အာလောကော ဥဒပါဒိအရ-ဘာတွေရေးပြန်သလဲ အရင်ကျမ်းတွေ ရေးနည်းမျိုးလား မျိုးခွဲပြီးရေးမလား- ဆိုဒါ စာကြည့်ပရိသာတ်က အကဲခပ်ဆဲဘဲကွဲ့ မောင်ဉာဏ်ရဲ့။

ဖြေ-ဉာဏ်။ ကျမ်းအမည်တမျိုးဆိုလျှင်- ရေးပုံတမျိုးဘဲလို့-ဆရာကြီးရေးသော ကျမ်းလက်ကိုင်ရှိသူတွေကတော့ စိတ်ချထားပါတယ် အကဲခပ်စရာမလိုပါဘူး

ကံ။ ကျမ်းနာမည်နှင့် ကိုက်ညီအောင် တလောကလုံးလို အလင်းရောင် ပေးနိုင်မှသာ သာသနာတော်ကြီးပွါးမယ်- တခါလာလဲ နာမ်နဲ့ရုပ် တခါလာလဲ နာမ် နဲ့ ရုပ်ဟိုကျမ်းနဲ့-ဒီကျမ်းတူနေလျှင် ပက်တိုင်းရေမပါမှာ စိုးလို့ပါကွဲ့- ဒီကျမ်းမှာ ဘယ်လို ရေးနည်းတွေ ပါလာသလဲ။

ဉာဏ်။ ဟဲ့-မောင်ကံ-ခါတိုင်း ကြည့်ဘတ်ဘူးတဲ့ ဆရာကြီး ရေးသားသော ကျမ်းတွေ ထဲက မရှင်းဒါရှိလျှင် ဒီကျမ်းမှာ ရှင်းရမယ်။ မကွဲဒါရှိခဲ့သော်လင်းရမယ် ကွဲပြားရမယ်-ဉာဏ်မပွင့်လျှင် မျက်စိထဲမှာ မြင်နေသလို လင်းလင်းကြီး မြင်ကြရမယ်....

ကံ။ နာမ့်နဲ့ရုပ် ၂-ပါး ပိုင်းခြားပြီးပြမှာဘဲ မဟုတ်ပါလား- ဝိပဿနာ တရားဆိုဒါ နာမ်ရုပ်မှတပါး- ဘာတွေရေးအုန်းမှာလဲ။

ဉာဏ်။ နာမရူပ ပရိစ္ဆေဒ ဉာဏ်ဆိုဒါ နာမ်တခြား ရုပ်တခြားစီ ပိုင်းခြားပြဒါမှန်ရဲ့ ဒါပေမဲ့-ပရိယတ္တိ ဥပဒေအရှိ-နာမ်ပေါင်း (တေပညာသ) ကို တခုစီတခုစီ လုပ် ငန်းနှင့်တကွ လူရောင်ဆောင်ပုံတွေ ရှင်းပြသွားမယ်- ရုပ်ပေါင်း (အဋ္ဌဝီသ) ကို တပါးစီ-တပါးစီအစည်းအဝေးပွဲပြုလုပ်ပြီးအလှဲ့ကျအမှုထမ်းကြပုံကိုရှင်းလင်းပြသွားမယ်။

ကံ။ ယခု ၁၃၁၈-ခုထက်က စ၍ ဝိမုတ္တိယုဂခေတ်ဟူ၍ ဖုဿထေရအဋ္ဌကထာ က ဆိုထားတယ်- သာသနာ ၂၅၀၀-နောက်ပိုင်း အစနှစ်မှာ သာသနာကြီးဆိုပွဲတွေ လုပ်ကြဒါ ဝိမုတ္တိယုဂနဲ့ ဘယ်လိုသက်ဆိုင်ပါသလဲ။

ဉာဏ်။ မင်းမေးတဲ့အတိုင်း ဝိမုတ္တိနားလယ်ချင်ရင် ဝိမုတ္တိယုဂဒီပနီကို ကြည့်ပါ-သာသနာကိုနားလည်လိုပါတ သာသနာဒီပနီနှင့် သက်ဆိုင်တယ်- အာလောက စကားနှင့်အလင်းပြောရလျှင် ဝိပဿနာတရားကို ဒိဋ္ဌိဘေးက လွတ်အောင် အားထုတ်-ဒါဝိမုတ္တိယုဂ ခေါ်တယ်- အတ္တဒိဋ္ဌိမရှိ-အနတ္တဉာဏ်ကိုရလျှင် အရိယာသာသနာမင့်မှာ-တည်ပြီလို့စိတ်ချ- သို့မဟုတ်ပါက ခိုင်မြဲသော သာသနာကို ဘယ်လိုဘဲကြီးဆိုပေမဲ့ မတွေ့ဘူးမှတ်လိုက်။

ကံ။ နောက်ပိုင်းသာသနာ—၂၅၀၀-နှစ်ဦးဟာ ယခု-၁၃၁၈-ခုနှစ်က အစဖြစ်တယ်-တချို့က-သီကြွားသာသနာလို့ ဆိုကြတယ်-ဒါကယ်လို အဓိပ္ပါယ်လဲ။

ဉာဏ်။ မင်္ဂလာတရားကို ဟောပြတ္တိုရာ သီကြွားမင်းတောင်း ပန်ရတယ်- ၁၃၁၈-ခုနှစ်က စ၍ မင်္ဂလာတရားကို မြို့ရွာတိုင်း ကျင့်သုံးကြရမည်- မင်္ဂလာတရား ပျက်ပြားလျှင် လူယုတ်မာတွေ ပေါများတယ်- လူယုတ်မာတွေပေါများလျှင် ကပ်သုံးပါး- ရန်သူမျိုးငါးပါး ဘေးဆိုး ရန်ဆိုးတို့နှင့် တွေ့ကြုံကြရမယ်- ဒီနှစ်ဦးကစပြီး မင်္ဂလာ တရားကို လူရောနတ်ပါ စောင့်ထိန်းသွားကြမှသာ လူယုတ်မာတွေ ပျောက်ပျက်၍

သူတော်အရိယာတွေထင်ရှားဖြစ်လာမယ်-မင်္ဂလာတရားကို လေ့လာကျင့်သုံးခြင်း ကိုပင် သိကြားသာသနာဆိုတယ်မှတ်။

ကံ။ ဒီအဖြေ ကောင်းလိုက်ထာကွယ်- သာသနာဆိုတော့ ရှေ့ပိုင်း ၂၅၀၀ ကို ဘုရား ထားခဲ့တယ်- နောက်ပိုင်း ၂၅၀၀ ကိုတော့ သိကြားမင်းက ထားသလိုလို- ဒီလို ထင်မှတ်နေတယ်-မင်းရှင်းပြလိုက်ထာ-တခါထဲ လင်းသွားဒါဘဲ-သာဓုဗျာသာဓု။

ဉာဏ်။ မင်း-သာဓုလိုက်ထာ ဘာသဘောလဲ။မငေါ့ပါနဲ့

ကံ။ တိုင်းပျက်ပြည်ပျက် လူယုတ်မာတွေကို မင်္ဂလာ သိကြားက ပယ်ရှားပစ်မယ်ဆိုဒါ- သဘောကျလို့ သာဓုခေါ်ပါတယ်- မင်္ဂလာကို လူတိုင်းနားလည်ဘို့ ဤကျင့်ကြံဘို့ ဘယ်ဆီသွားပြီး အားထုတ်ကြရမှာလဲ သိခြင်လို့ပါကွဲ့။

ဉာဏ်၊ ဆရာကြီး- ဦးမြတ်သိန်းထွန်းရေးသော မဟာမင်္ဂလာ ဓိပညာနာဒ္ဒီပနီကို လူတိုင်း တအုပ်ကျစီ လက်ကိုင်ထား၍ လေ့လာကြလျှင် ဘယ်ကိုမှသွားဘို့မလို- မိမိ၏ ကိုယ်ကို သိကြားမင်း ကိုယ်တိုင် စောင့်ရှောက်နေပြီလို့ စိတ်ချလိုက်-ဒါမှသိကြား သာသနာ့အိမ်ဓပေါ်သို့ အဆင်သင့်ရောက်လာမယ်ဟဲ့-မောင်ကံရဲ့။

ကံ။ သဏ္ဍာယဒိဋ္ဌိကွာဘို့ တရားဘယ်သွားရှာရမှာလဲ။

ဉာဏ်၊ ဆရာကြီးရေးသော အာလောက ဒီပနီကို ကြည့်ဘတ်လျှင် လမ်းစရမယ်- လမ်းစရ လို့ ရှောက်လိုက်လျှင် ဒိဋ္ဌိကွာဘို့တရားကို မောင်ကံရဲ့ ခန္ဓာမှာဘဲတွေ့ရမယ်- ဘယ်ဋ္ဌာနကိုမှ-သွားစရာမလိုဘူး။ သိခြင်လို့ပါကွဲ့

ကံ။ ဝိပဿနာတရားကိုသိအောင်မြင်အောင်အာလောကဒီပနီမှာလူပြိန်းရှင်းပါရဲ့လား

ဉာဏ်။ ပိဋကတ်တတ်သူ- မတတ်သူ လူကြီးလူငယ်- ယောကျ်ား-မိမ္မ လူပြိန်းဟူသမျှတို- ကြည့်ဘတ်ကြားနာရုံနှင့်- အပါယ်လွတ်ရမယ်၊ သောတာပန်တည်နိုင်တယ်၊ သမု တိသံဃာတော်များလဲ-ပရမတ္ထသံဃာအဖြစ်ကို- ရနိုင်ကြောင်း ကျမ်းဂန်ဥပဒေနှင့် အညီ- လင်းလင်းကြီးရေးထားသည်။

ကံ။ ဆရာကြီးက-ကျမ်းတွေရေးဒါ တယ်များပါကလား မနားသေးဘူးလား

ဉာဏ်။ မောင်ကံ-ဒီမှာဒီဘက်လှဲ့စမ်း ငါပြောမယ်- နားထောင်၊ ဟောဒီခန္ဓာဆိုးကြီး ဖြစ် ရဒါ တဏှာကြောင့် တဏှာများလို့ တဏှာပွါးလို့ တဏှာကို လက်ကိုင်ဒုတ် လုပ် လို့တဏှာလက်သမားဆောက်လုပ်တဲ့ခန္ဓာပုတ်အိမ်ပျက်ကြီးမှတ်လိုက် အန္တဘဝမှာ အာရုံကာမဂုဏ်အကြိုက်ပွားပြီး-လိုက်စားလာတဲ့တဏှာကအဆုံးမရှိဘူး၊ မကုန်နိုင် ဘူးကိုယ့်တဏှာစိတ်ယုတ်ကြောင့်ဖြစ်တဲ့-ခန္ဓာပုတ်ကိုယ်၏တဏှာမျိုးစုံကြောင့်ဖြစ် ခဲ့ရသော ခန္ဓာမျိုးစုံတွေဟာ မရေမတွက်နိုင်- ဝိပဿနာဉာဏ် ဆိုဒါ-သုတဉာဏ် စိန္တာဉာဏ်-ဘာဝနာဉာဏ်ဟူ၍ ၃-မျိုးရှိတယ်၊ ဘာဝနာဉာဏ်ဆိုဒါ-ဒီခန္ဓာပုတ် ပေါ်၌ အနိစ္စတွေကို သိလို့မပြီး၊ ဒုက္ခတွေကို- ရေးလို့မကုန်နိုင်၊ အနတ္တအချက် တွေကိုလဲ ထိုးထွင်း၍၊ သိလုံးတွေ အဆုံးမသတ်နိုင်၊ အသုဘ စာရင်းတွေကိုလဲ ဂဏန်းချလို့ မပြောနိုင်အောင် ဘာဝနာမယဉာဏ်တွေပေါ်လွင်နေလို့ ကျမ်းတွေ ရေးရဒါများပါတယ်၊ တဏှာများခဲ့ဒါ-ဘာဝနာပွားနိုင်မှ အတ္တစွဲပြုတ်ကြရမယ်လို့ ရည်ရွယ်၍၊ ကျမ်းစုံမှာ-ဉာဏ်မျိုးစုံဖြင့် ရေးရပါတယ်-ဝိပဿနာ၊ ဘာဝနာပွားမှ သာ၊ တဏှာပါးကြမည်၊ ဒါ့ကြောင့်- အာလောကဒီပနီ- မသေသေးလို့ ရေးရ ပြန်သည်။ ဒါနိဒါန်း။

၁၃၁၈-ခု၊ သီတင်းကျွတ်လပြည့်-အာလောကဒီပနီ-မွေးနေ့

# အာဖေလာဘ—တရားတော်

ဒိဝါ တပတိ အာဒိစ္စော-ရတ္တိမာဘာတိ စန္ဒိမာ
သန္နဒ္ဓေါ ခတ္တိယော တပတိ- ဈာယီ တပတိ ဗြာဟ္မဏော
အထသဗ္ဗ မဟောရတ္တိံ-ဗုဒ္ဓေါ တပတိ တေဇသာ

## ၁- ဒိဝါ- တပတိ အာဒိစ္စော

ရောင်ခြည်တထောင် တောက်ပြောင်ထိန်ဝင်း ထွန်းလင်းသောလမင်းကြီး၏ သတ္တိတံခိုးသည် သူ့အချိန် သူ့ဌာန နေ့အခါကာလ၌သာလျှင်-သတ္တဝါတို့၏ မှီခိုရာရအောင် အလင်းရောင်ကိုပြနိုင်ပေသည်-

## ၂- ရတ္တိမာဘာတိ စန္ဒိမာ

ညစ်ကျေးမတင် ကြည်လင်သန့်ရှင်း ဖြူဝင်းသော လမင်းကြီး၏တံခိုးသည် သူ့အချိန် သူ့ဌာန ညဥ့်အခါကာလ၌သာလျှင် သတ္တဝါတို့၏မှီခိုရာရအောင် အလင်းရောင်ကို- ပြနိုင်ပေသည်-

## ၃- သန္နဒ္ဓေါ ခတ္တိယော တပတိ

တိုင်းကြီးပြည့်ရှင် သခင်ဖြစ်ခြင်း အုပ်စိုးသောဘုရင်မင်းတွေ၏သတ္တိတံခိုးသည် မင်းနဲ့ညီစွာ မင်းသိက္ခာနှင့် မင်းမြောက်တံဆာဝတ်ဆင်မှသာလျှင် သတ္တဝါတို့၏ မှီခိုရာရအောင် ဂုဏ်ထူးဆောင်ကို ပြနိုင်ပေသည်-

## ၄- ဈာယီ တပတိ ဗြာဟ္မဏော

ဒုက္ခကိုမြင် ခန္ဓာလွတ်ကင်း ဥာဏ်အမြင်ရှင်းကြသော ရဟန္တာအရှင်မြတ်တွေ၏- သတ္တိတံခိုးသည်-အရိယာဂုဏ်တော်နှင့်အညီ သမာဓိဈာန်-တည်ကြည်မှသာလျှင် သတ္တဝါတို့၏ မှီခိုရာရအောင် နိဗ္ဗာန်ရောင်ကို ပြနိုင်ပေသည်-

## ၅- အထ သဗ္ဗမဟောရတ္တိံ- ဗုဒ္ဓေါ တပတိ တေဇသာ

ဘုရားဂုဏ်-ကိုးမည်- တရားဂုဏ်- ခြောက်လီ-သံဃာဂုဏ်-ကိုးမည်-ရတနာ- မြတ်သုံးလီ နေမင်းရောင်လဲမမှီနိုင်ပြီ လ-မင်းရောင်လဲ မမြှိုင်နိုင်

ပြီ- ရှင်ဘုရင်တို့၏- တံခိုးနဲ့လဲမနိုင်းယှဉ်နိုင်ပြီ- ရဟန္တာအရှင်မြတ်တို့၏- တံခိုးတွေ့နဲ့လဲ မတုပနိုင်ပြီ-

နေ့အခါလဲမှာ .... လင်းနိုင်သည်- ညဥ့်အခါမှာလဲ သာနိုင်သည် နေ့ရော ညဥ့်ပါ- ဘယ်အခါမှမရွေး သတ္တဝါတို့၏ မှိုင်ခိုရာရအောင်-ဘုရားရောင်ကိုပေးနိုင်ပေသည်- ဘုရားရှင်၏ဒေသနာ-ဘုရားရှင်၏နေရာ ဘုရားရှင်၏ ကိုယ်စားတော်- ဘုရားရှင်၏ မြတ်သားတော်- တရားတော်စင်စစ်- တရားတော်အမှန်- နိဗ္ဗာန်ကိုရောက်ကြောင်း လမ်းကောင်းညွှန်ပြ အစုံ ကင်းငြိမ်းရာ မြတ်ဓမ္မကို- (နားဝင်အောင်- သဘောကျအောင် ဟောပြတော်- မှုလှဲ့ပါတော့- မဟာဓမ္မကထိကအမေဒ်- နိုင်ငံကျော်- ကျေးဇူးတော်-အရှင်မြတ်ဘုရား-

တယောက်က-ပါဠိတပုဒ်ဆုံးအောင် ဆိုပြီးမှ- နံပါတ် ၁-ပြထားသော ပါဠိတပုဒ်ကို ဆို- နောက်တယောက်က အဓိပ္ပါယ်စာသားကို- တပိုဒ်အဆုံး ဆို-ပထမတယောက်က ၁-၂-ပြထားသော ပါဠိပိုဒ်ကိုချည်း ဆို၊ နောက်တယောက်က အဓိပ္ပါယ်တပိုဒ်ကို ချည်းဆိုလေ- နံပါတ် ၅-အထိ ပြီးဆုံးသော်- နေ့အခါမှာလဲ- အစ အဆုံးသတ်အထိ၊ တတိယတယောက် အသံကောင်းသူက ဆို၊ ၃-ယောက်၊ သို့မဟုတ် ၂-ယောက်၊ သို့မဟုတ်က ၁-ယောက်ထဲလဲဆိုနိုင်သည်၊ မိန္ဒကလေးများဖြစ်စေ- ယောကျ်ားကလေးများဖြစ်စေ၊ သို့မဟုတ်- ကျား, မ, မရွေး၊ အရွယ် မရွေး ကျက်မှတ်ထားပြီး ပဿနာဓမ္မကထိကဟူသမျှဒိမိတို့၏ မြို့ရွာသို့ရောက်လာသော် (အာလောက တရားတောင်းကို)ရဲရဲသတ္တိရှိစွာ တောင်းပြလိုက်-တရားမတောင်းခြင်းလဲ-မပြတ်ဆိုနေ၊ ဘုရားဂုဏ်ဘက်သလောက်-တရားဂုဏ်တိုးမည်၊ တရားဂုဏ်ရှိသလောက်-ဘုရားဂုဏ်တွေ့ကြည်ညိုစရာဖြစ်လာမည်၊ (၁၃၁၈-ခုထက်-သီတင်းကျွတ်လပြည့် ၉-ရက်နေ့၌၊ တပည့်ယောဂီများက ၁၂-ကြိမ်မြောက် ပူဇော်ကံတော့ကြသည်)အဲဒီပူဇော်ပွဲအမှီ-အာလောကဒီပနီကျမ်းပြီးသည် တပြည်လုံး တကျွန်းလုံး ၃၁-ဘုံလုံး သိမ်းကြီးလျှက်၊ အနန္တသာသနာ- အာလောကအရောင်တွေ လူ့ရှင်တိုင်း၊ အိမ်ကျောင်းတိုင်း၊ တစင်းဝင်း လင်းစေတို့ ရည်ရွယ်၍၊ အာလောကတရားတောင်းကို ပူဇော်ပွဲမှာ-ယောဂီမယ်များက တရားတောင်းကြတယ်၊ ဆရာကြီးက ပူဇော်ခံတရားဟောပြသည်၊ ဝိမုတ္တိယုဂခေတ်သို့ ယခုနှစ်က စ, ရောက်သည့်ကိုဂင်ဘုရားပွင့်တော်မူသည့်ဟု ယုံကြည်လေ-(တရားတောင်းအရေးကျက်ကြ)

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

# အာလောကဒီပနီ

(ဗုဒ္ဓဂုဏ) သယံ- အဘိညာယ-က- ဗုဒ္ဓိသေယျ- သယံ- ငါကိုယ်တိုင်အဘိညာယ-သစ္စာလေးပါး-အမှန်တရားကို ဟော ဒိဋ္ဌမှာ ကိုယ့်တကာကိုယ်သာသတ်၊ကိုယ့်ဘဝကိုယ်ဘဲဖြတ်-အရဟတ္တမဂ်ဉာဏ်၏-ရင့်သန်ပွင့်လင်း-ထိုးထွင်း၍ သိမြင်ရသောကြောင့်-ကံ-အဘယ်သူကို ဉဒ္ဒိသေယျ-ဆရာဟူ၍ ပြောပြနိုင်အံ့နည်း။ အဝိဇ္ဇာတည်းဟူသော အမှောင်ကိုပယ်ခွင်း အာလောကဝိဇ္ဇာရောင်အလင်းဖြင့် တထင်းထင်း တဝင်းဝင်း ရှုခင်း ပျော်မွေ့ တိုင်ပင်စရာအဖေါ်မတွေ့ဘဲ တကိုယ်ထည်း တဆူထည်း ဘယ်သူထံက နည်းကိုမှ မယူမမှီး ကိလေသာဟူသမျှ ပူပန်စရာမြူကမှ မကျန်ရ အငုတ်စဉ်အောင်-သုတ်သင်ချတ်ထွင်ပြီး ဘုရားကြီးတဆူ-ကိုယ့်ဂုဏ်ကိုယ်ယူ ကိုယ့်ဘွဲ့ထူးကိုယ်ပေး-ကိုယ့်တံခွန်ကိုယ်တိုင်ထူလျှက်- အမြိုက်နိဗ္ဗူကိုရ ရွှင်ရွှင် ပြုံးပြုံး နှုံးတော် ကြည်လင်လှသည့်- အာလောက ဘုရားရတနာကို- သားဆရာမာန်လျှော့ပြီး- ကံတော့ပန်းဆင်- ဦးတင်ညွတ်ကျိုး-လက်စုံမိုး၍-ရှိခိုးပြီး ရှိခိုးဆဲ- ဤကျမ်းစာတွေကိုဘဲ- ကျမ်းစာဘတ်သူတွေကိုဘဲဘုရားကျွန်၏ကိုယ်စား- ပူဇော်စေခဲ့ပါသည်ဘုရား- (စဉ်းစားဘတ်)

(ဓမ္မဂုဏ)- ပုဂ္ဂလ- သတ္တ- ဇီဝ- ပုရိသ- ဇီဝ- အမည်မျှမရှိသော တရား- ပူစရာ ပင်စရာ- တောင့်တစရာ- ကြောင့်ကြစရာ- စိုးရိမ်စရာ- ငိုကျွေးစရာမှ- ကင်းသောတရား- အန္ဓ- ဗာလ ဥမ္မတ္တက- ပုထုဇန်မှန်သမျှတို့ မသိနိုင်- မကြံနိုင်၊ မမြင်နိုင်- မယုံကြည်နိုင်- လက်ကိုင် အားကိုးမထားနိုင်သော တရား- သောတာပန် သကဒါဂါမ် အနာဂါမ်- ရဟန္တာ မြတ်တို့သာ- သိမြင်နိုင်သောတရား- (တရားထဲမှာ) ဘာဝတ္ထု-ဘာပစ္စည်း ဘာပုဂ္ဂိုလ်- ဘာအရောင် ဘာအလင်း- ဘာစင်းဝင်းမှ- မရှိသောတရား- တရားဟာ ဒီလိုဘဲ ဒါဘဲလို့တော့- ပြောဟောလို့ဖြစ်ပေမဲ့- ပြောသူဟောသူ ပရမာ အနှုမြူမှုမရှိသော တရား-ဦးမြတ်သိမ်းထွန်း ကိုယ်တိုင်သိမြင်

သောတရား-ဦးမြတ်သိန်းထွန်း ပောပြောသော- ထိုင်ပိုင်း- ထပိုင်းအစုစု တရား- ဦးမြတ်သိန်းထွန်း နေ့စဉ်ရေးသား စက္ကူသင်္ဂါယနာ တင်ထားခဲ့ သောတရား -ဝါ- ဦးမြတ်သိန်းထွန်း ဟောပြောသောတရားဘဲ- ရေးသား သော ကျမ်းစာတွေဘဲလို့ ကမ္ဘာတည်အောင်မှတ်ချက်ဖြင့် (ဓါတ်)ဆက် ပြီးထားခဲ့သောတရား-ဝါ-တရားထဲမှာ-ဦးမြတ်သိန်းထွန်းကိုဖယ်- နှပ်ပဇစ် က ခေါ်ဆိုသော သဒ္ဒရုပ်ပင်မရှိမပါသောတရား -ဝါ- တရားသန့်သန့်ထဲ မှာ ဟောတယ် ပြောတယ် အထိုင် အာထ လုံးဝမပါ ဗလာသုည ကျမ်းစာ ဟူသမျှ အက္ခရာစာတလုံး-မှင်တစက်ကမျှမပါသောတရား -ဝါ-ယခုဒီလူ့ ပြည်မှာ လူ့ဘုံမှာ လူလာ၍ဖြစ်တယ်- အသက်-၆၀-ရှိပြီ-ထင်လုံးခေါ်လုံး မြင်လုံးထိလို့ရတဲ့ ရုပ်တုံးကြီး ဦးမြတ်သိန်ထွန်းဟာ ဒါဘဲလို့ပြောပြစရာ ဖယ် ဤလူ့ဘဝမှာ- အမိဝမ်း၌- သန္ဓေအရှင်းမတည်- ရေကြည်အရှင်းမ ဖြစ်ဘူးလို့ သိမြင်သဘောကျနိုင်သော ဂုဏ်တော်-၆ပါး-အစ ဂုဏ်တော် အနန္တတို့နှင့် ပြည့်စုံတော်မူသော အာလောက တရားတော်ကို မျက်မိထဲ ကမြင်၍ လက်အုပ်ချီ၍ ရှိမခိုးတတ်သော်လဲ အံ့ဩချီးမွမ်းလို့ မဆုံးခြင်းကို ပင် တင်းမတိန်အားမရဘဲနဲ့ ဒုက္ခခံနေရပါတယ်ဘုရား- ပြန်ဘတ်ပါ။

(သံဃာဂုဏ)- ခန္ဓာမှာ ဥာဏ်ရှာကြည့် မှန်ဒါသိ သံဃာ- မီးစုံပယ် သတ် ကိုယ့်အပူ ကိုယ့်မှာမဟတ်လျှင် သံဃာ-ပုထုဇန်သူရှူးဘဝမှ-ကလျာ ဏ သူကောင်းဘဝအထက်စခမ်းသို့၊ထွက်လမ်းမြင် တက်လှမ်းခြင်မိတ်ရှိဒါ၊ သံဃာ ဗုဒ္ဓဆုမ္မ ဩဝါဒကို လေ့ထလိုက်နာ ကျင့်ကြံကျိုးကုတ် ၉ ဂုဏ် ပုဒ်တို့နှင့် ပြည့်စုံဒါသံဃာ အိုးထောင် အိမ်ထောင် စည်းစိမ်တွေထုထောင် ယောကျ်ားမိန္မတို့ကဲ့သို့ ဃရာဝါသ အတုနမှုနာကို အရှင်းမယူ ဘယ်ဆွေ မျိုးအတွက် ဘယ်တကာ တကာမအတွက်ကိုမှ မပူ သာဝက ဘွဲ့ထူးကိုသာ- ခံယူလိုက်လို့သံဃာ အောက်လူငယ်သား တပည့်တကာများကို မွေးခြင်း သေခြင်းကင်းရာ တရားအမှန်ကိုသာ မိမိကျင့်ကြံသည့်အတိုင်းဟောကြ-ပြ သ အဋ္ဌတိ ကရဏိယ ဘွဲ့ထူးကို ရကြလို့သံဃာ မိမိက ဘိက္ခုသုံးပါး ပြည့်စုံမှသာ ပုည ခေတ္တံ လောကဿ ဂုဏ်ထူးရှိသဖြင့် လှူဒါန်းပူဇော်ခြင်း ကိုခံလိုက်လို့ သံဃာ အရိယာဖြစ်တို့ မြင်မှန်ပြီး သင်္ကန်းဝတ်ကြဒါ သမုတိ သံဃာ- အတွက်ကင်းပြတ် ခမ္မသတ်သတ်ကို အားကိုးလက်ကိုင်ရ ပရမတ် ဥာဏ်-ဓါတ်ဥာဏ်ဖြင့် ပျော်မွေ့သော ဂုဏ်ပုဒ်အနန္တတို့နှင့် ပြည့်စုံဒါ အာ လောကသံဃာ-ထိုသံဃာတော်အပေါင်းတို့ကို ဥက္ကောင်းဥတ္တတ်ခ မာနမရှိ- ကျမ်းစာရေးရေး မရေးဘဲနေ၊ဂုဏ်တော်တွေကို၊ဟောပြောလို့ ရေးသား

လို့ ဘယ်တော့ ပြီးပမလဲလို့ တွေးလျှက် အချိန်ကုန်ရပါတယ် ဘုရား-(ကြပ်ကြပ်စဉ်းစား။)

(မာဘာ ပိတ ဂုဏ)- ဂုဏ်ကျေးဇူးရှင်အပေါင်းတို့တွင် ၁- နံပါတ် ဂုဏ်တော်ရှင်မိဘ ပြန်လှန်၍ စိတ်ဖြင့်တောင်မပြစ်မှားထိုက်ထာမိဘာ လင်မယားဘယ်မျှပင် ကြိုးဆွဲချသေလောက်တဲ့ ရိုးစားစုံတွဲဘယ်မျှပင်ချစ်နှစ်ကြသော်လဲ အမိနဲ့အဘာ အိပ်ပျော်၍နေဒါလောက် မေတ္တာနှင့် မနှိုင်းယှဉ်နိုင် မတူမတန်နိုင်သော ဂုဏ်ကြီးရှင်မိဘာ အရှက်အကြောက်ကို ဖုံးကွယ်ပြီး ၇ လ-မှ ၁၀ လ အထိ သန္ဓေအိပ် ရှေမှာလွယ်၍ တွေ့ရာမစားနိုင် မသွားမလာနိုင်ဘဲ ဝမ်းဗိုက်ထဲက သားအတွက်တခုထဲကိုသာ အရေးယူမွေးမြူ၍ လာခဲ့ရတဲ့ အံ့မကုန်နိုင်သော ကျေးဇူးတုံ့လှန် ပြန်ဆပ်သော်လဲ မကျေနိုင်သောဂုဏ်တော်ရှိ- ဘနဲ့မိ- သူများကမျက်စိအောက်မှာ မိမိ၏သားများကို သတ်မည်ဆဲဆဲ-လက်နက်ထဲသို့အတင်းပြေးဝင် ကိုယ်ကပင် ရှေကအသေခံရဲသော မဟာမေတ္တာရှင် အမိနှင့်-အဘ- ၂-ပါး တို့ကို မွေးကျေးဇူးနပ်ပြန်၍မဆပ်ရ၊ မြတ်ခွဲကို မဟောပြလိုက်ပေမဲ့ သားမြတ်ကို မွေးဖွားရသဖြင့်-တဘဝထက်တဘဝ-မြင့်မြတ်သောတရားထူးကို ရကြပါစေကျေးဇူး ဆပ်နည်းတမျိုးနှင့် မေတ္တာပို့ဝေလျှက်၊ ရည်မှန်းကာ ဦးထိပ်ရွက်ထားသည်- သာမန်လူနတ်ဖြဟ္မာများပင်- မသိမမြင် နိုင်ပါဘုရား- တိုင်ပင်ပါ။

(အာစရိယဂုဏ) မသိမလိမ္မာ- မတတ်မမြင်သည့်တို့ကို အသိ ဉာဏ်ပညာ ရအောင် မသေခင်အမြင့် စခမ်းသို့ ပို့ဆောင်နိုင်ဒါ အာစရိယ။

ကျေးဇူးကန်းခြင်း-ကျေးစွတ်ခြင်း၊ကာယကံဖြင့် စော်ကားခြင်း၊ ဝစီကံဖြင့် ကျူးလွန်ခြင်း၊ မနောကံဖြင့်- မပြစ်မှားခြင်း ဂုဏ်ပုဒ်ရှင် အာစရိယ-မိမိအား ဘယ်လိုဘဲ ရိုက်ရိုက်-ဆိုဆို ဆဲဆဲ- ဘာဘဲပြောပြော- သီးခံထိုက်သောဂုဏ်တော်ရှင် အာစရိယ လောကီပညာအရပ်ရပ်ကို သင်ကြားပြသသော အာစရိယ ရပ်နာမ်ခန္ဓာ စသော- ပရမတ္ထသဘာဝတို့ကို ဟောပြဆုမ္မတတ်ထာ အာစရိယ- တဏှာမာန- ဒိဋ္ဌိ-ခေါင်းပါးအောင် ဆိုဆုမ္မနိုင်သော- သပ္ပုရိသ အာစရိယ-ဆရာအရှင်တို့ကို သားတပည့်က တရားသိ၍ ကြည်ညိုတတ်ပြီ ပူဇော်တတ်ပြီ မာနလျှော့၍ အတန်ဘန် ရှိခိုး ကန်တော့ကြောင်း၊ကျမ်းစာအုပ်တိုင်းမှာ အများကိုသက်သေခံပြု၍ မှတ်တမ်းထားခဲ့ကြောင်းပါဘုရား။ ။သိမှသိတယ်-မသိရင်-ဘယ်တော့မှမသိ။

### အာလောက၏ မိန့်ခွန်း
### မျက်နှာဖုံး-က-ခ-စာလုံးရှိသမျှ ဘတ်ကြပါ-

ဝိစိကိစ္ဆာ မရှိတန်း သံသယမဖြစ်တန်း မရှုပ်မထွေးတန်း တွေးမနေတန်း ဟုတ်မှဟုတ်ကဲ့လားလို့ စိတ်ဒွိဟမဖြစ်တန်း သူများတွေနဲ့ မတိုင်ပင်တန်း ဘယ်သူ့ကိုမှ မစုံစမ်းတန်း မတွေဝေတန်း မစဉ်းစားတန်း ဘယ်ကျမ်း ဘယ်ပါဠိတွေနဲ့မှ မငြိတန်း မတိုက်တန်း ဘယ်မြို့ဘယ်ရွာကိုမှသွား၍မမေးတန်း (တဏှာလိုက်စားတဲ့ အာရုံတွေများသလို မွှာလိုက်စားဒါလဲ ပညာဉာဏ်တွေပွားတဲ့) ဘယ်တောဘယ်တောင် ဘယ်ချောင်ဘယ်ဂူကိုသွားလို့မှ မရှာတန်း ဘယ်အနေဘယ်အစား ဘယ်လိုအဝတ်မျိုးနဲ့နေရင်ဖြင့် ဘာဖြစ်မှာဘဲလို့ ကြားဘူးထားတိုင်း အထင်မကြီးတန်း ငါ့အရွယ်ငယ်ပါသေးတယ် အသက်ကြီးမှ ဒီလိုလုပ်မယ်လို့ အရူးစကားမျိုးကိုမသုံးတန်း ရှေးအရိယာတို့၏ ထုံးတန်းကိုသာ အတုလိုက်ကြ ဒီမှာအာလောက-

### တရားလိုခြင်ရင်

ယောဂီမိမိခန္ဓာ၌ရှေးဦးစွာမျက်စိနဲ့မြင်အောင်ကြည့်ပါ ဆံပင်ကိုင်ကြည့် နဖူးသားကိုကိုင်ကြည့်မျက်ခုံးကိုကိုင်ကြည့် နှာတန်မှအပေါ် နှုပ်ခမ်းအောက်နှုပ်ခမ်း နှုပ်ခမ်း ၂ ခု၏ခြားထဲ ပဇပ်ထဲကိုလဲ မှန်ကိုရှေ့တဲ့တဲ့မှာ ထောင်စိုက်ကြည့် ပဇပ်ဟ လျှာ၏ အဖျားအလယ် ဟိုအာခေါင်ထဲက လျှာအခင်လျှာအတက်ကိုပါ မျက်စိနဲ့မြင်အောင်ကြည့် ကိုယ်ခန္ဓာကြီးရဲ့ ဖြစ်နေပုံကိုဗေဒင် မမေးဘဲနဲ့ ရှင်းရှင်းမြင်လိုက်ကြ ဒဲဒါ အာလောက-

နားထောင်စမ်း ပဇပ်အတွင်းက သွားတွေဟာ တချို့ ၃၂ ချောင်းရှိတယ် အချို့မှာ ၂၉-၂၈ သာရှိတယ် (ဘုရားရှင်၌ သွားတော်လေးဆယ် စွယ်တော် လေးချောင်းကိုမစဉ်းစားနဲ့) မိမိ၏ ပဇပ်အတွင်း၌ မပြတ်သက်ဆင်းနေသော ပါးရေ သွားရေ အာရေတွေကို မမြင်ခြင်ရောင် မသိခြင်ရောင်ဆောင်လို့မရဘူးယောဂီ။

### ခန္ဓာမှာ ဥာဏ်ရှာကြည့် မှန်ဒါသိထွက်ပေါက်
### ထွက်ပေါက်သိ ထွက်ပေါက်

အချို့က တရားနာရဒါမရှင်ဘူး ကျမ်းစာတွေ ဘတ်ရဒါလဲမရှင်းဘူးဆွေးနွေးပိုင်းတွေမှာ ဝင်ပြီးနားထောင်ပြန်တော့လဲ သဗ္ဗတ်ဒုရှနဲ့ စာဘူးတောင်း သင်ဘူးကြားဘူးတဲ့ စာတွေပြန်ကြည့်လိုက်တော့ကထိန်ချုံ ရှေးလူကြီးတွေပြောဘူးဒါကို မှတ်ထားတဲ့အတိုင်းတွေးပြန်တော့လဲ ယက်ကန်း

ချည်မြှင်ထွေး တရားပြဆရာတွေကို မျိုးစုံလိုက်ပြီး မိုဝဲဆည်းကပ်တော့လဲ ဝေ့လယ်ကြောင်ပတ် ဒီလိုမဖြစ်စတန်း ငါတို့တော့ ဒီကျမ်းစာတအုပ်နဲ့ဘဲ ဘုရားဟောတရားအစစ်ကို သူများချောက်သော်လဲမပြောက်အောင် သူများ လှန့်ပေမဲ့ မလန့်တော့ဘူးလို့ တရားအစစ် တရားအသန့် တရားအမှန်တရား သက်သက် တရားရှင်းရှင်း အသိဉာဏ်တွေ အလင်းခါတ်မတွေ လူ့ရှင်တိုင်း ရဟန်းခလေးလူကြီးတိုင်း အကြည်ဓါတ်တွေရကြပါစေလို့ နေမင်းကြီးပမာ အမှောင်ကို ထွင်းဖေါက်ပယ်ဖြုတ်ပြီး အလင်းရောင်ကျမ်းစာအုပ် ငါ့လက် သို့ရောက်လာပြီလို့ ဝမ်းသာကြ ဒါမှ အာလောက။

ဗုဒ္ဓါဒိစ္စေ အနုဂ္ဂဟာတေ၊ ဗုဒ္ဓ စန္ဒေ အနုပ္ပန္နေ
တေသံသဘာဝဓမ္မာနံ၊ နာမ မတ္တံ နဉာယတိ

ဗုဒ္ဓါဒိစ္စေ- နေမင်းနှင့်တူသော မြတ်စွာဘုရားသည်၊ အနုဂ္ဂတေ- မပွင့် မပေါ်လာသည်ရှိသော်၊ ဗုဒ္ဓစန္ဒေ- လမင်းနှင့်တူသော မြတ်စွာဘုရားသည်၊ အနုပ္ပန္နေ သတ္တဝါအပေါင်းတို့အား လမ်းကောင်းညွှန်ပြ ဆုမ္ဘနိုင်ခွင့် မပွင့် ခဲ့သည်ရှိသော်၊ တေသံ သဘာဝ ဓမ္မာနံ- ထိုသို့သော သဘာဝ ဓမ္မတို့၏၊ နာမ မတ္တံ-စိတ်ခေါ်သောအမည်၊ စေတသိက်ခေါ် သောအမည်၊ ရုပ်ဟူသောအမည် ဒါက္ခတော့ နိဗ္ဗာန်ဘဲလို့ ဟောပြစရာအမည်မျှကို၊ နဉာယတိ-ဘယ်လူဘယ် နတ် ဘယ်ဗြဟ္မာဘို့မှ တတ်အပ်ခေါ်ပုံ မသိမမြင်နိုင် ကြလေကုန်တော့ သတည်း။

## ဘာပြုလို့-အာလောက-ဒီပနီ-ဆိုသလဲ

၁။ ပါဠိတော် သာခကပြလျှင်လဲ ဉာဏ်ထဲမှာ လင်းရမယ်။

၂။ အဋ္ဌကထာဋီကာအရ-သာခကပြသော်လဲ ရှင်းရမယ်။

၃။ ရှေးပေါရာဏစကား-သို့မဟုတ် ခေတ်သစ် အသုံးစကား ဘာသာ ပြန်၍ ရေးလိုက်သော်လဲ စာဘတ်သူမှာ နားလဲရှင်း ရင်တွင်းပူလဲ ငြေ-တွေးတိုင်းစဉ်းစားတိုင်း တရားအမှန်တွေကို ထင်ထင် ရှားရှား ကြီး သိရမယ်၊

၄။ ဒုစရိုက်-ဖြစ်အောင် အကုသိုလ် ပြုရာ ခရိုင်မှာနချုပ်ဟာ ဒိဋ္ဌိ ကြီးအစစ် တနည်း- ဒုစရိုက်မှရှောင်၍ ကုသိုလ်ကောင်းမှုကို ပြုရာ ခရိုင်မှာနချုပ်ဟာလဲ ယခုကျမ်းစာ ရေးတယ်လို့ ဆိုရသော ခန္ဓာ တုံးကြီးပါဘဲ- တနည်း-အကုသိုလ်-ကုသိုလ် ပြုရာ၊ ခရိုင် ၂-မှာန

ချုပ်မှ လွတ်ရာလွတ်ကြောင်း- ထမ်းမှန်လမ်းစစ်ကို ဘယ်မှာ ရှာရမလဲလို့ မေးလျှင် တွေးလျှင် စာဘတ်သူရဲ့ ခန္ဓာဌာနချုပ် မှာသာ ရှိတယ်လို့ ဘုရားရှင်ပင် မေး၍ ဘုရားရှင်ပင် ဟောတော်မူသည်၊ ဒါ့ကြောင့်-ဒီခန္ဓာမှာဘဲ မျက်စိမြင်နိုင်သော အရာဝတ္ထု ဟူသမျှတို့ပင် တရားတွေဘဲလို့ ယောဂီရဲ့ဉာဏ်မှာ သဘောကျ၍လာရမယ်။

၅။ အပင်ပန်းခံ၍ မတွေးရ အလုပ်ပျက်ခံ၍ မစဉ်းစားရ၊ အအိပ်ပျက်ခံ၍ မလုံးပန်းရ၊ အစားချို့ငဲ့ခံ၍ အားမထုတ်ရ၊ အညောင်းအကိုက်ခံ၍ မဆင်ခြင်ရ၊ စကားမပြောဘဲ သီးခံ၍ မကြံစည်ရပါဘဲ ဘွားဘွား ဘွင်းဘွင်း-လင်းလင်းကြီးသိကြရမည်။

၆။ စိတ်နူးညံ့ရမယ်၊ စကားတတ်ရမယ်၊ ဉာဏ်ပညာထက်သန်ရမယ်၊ သူများပဇပ်ဟာ- ဒူမမြင်သလို သူများခြေလှမ်းကိုမြင်- ဘယ်သွားမဲ့ ခရီးစဉ်ဘဲလို့ ကြိုတင်၍ ပါးနပ်သိမြင်ကြရမယ်။

၇။ ပိုက်ဆံကုန်မဲ့နေရာ-လူပင်ပန်းသော အလုပ်တို့ကို ကြိုတင်သတိရ မိမိကိုယ်မိမိ ဆုမ္ဗပြီး သက်သာခွင့်ကိုလက်ငင်း ခံစားကြရမယ်။

၈။ ဘယ်မှာ-မြဟ္မာမင်းကြီး ဘယ်မှာတော့ နတ်ရှိတယ်၊ ဘယ်နေရာမှာတော့- ဘုရင်ဖြစ်တယ်၊ ဘယ်သူက မင်းဖြစ်တယ်၊ အင်မတန်ချမ်းသာတဲ့ သူဌေးကြီးကတော့၊ ဟောဒီလူကြီးဘဲ၊ တံခိုး ကြီး တဲ့ ပုဂ္ဂိုလ်က ဟောဟို မြို့မှာရှိတယ်၊ ယခုကြွရောက်လာဒါကတော့ အင်မတန် ထူးမြတ်သော ပုဂ္ဂိုလ်ကြီးဘဲလို့ သူများ ချီးကျူးကြ ဆူညံအောင် ပြောဆိုသံတွေကို နားထဲမှာကြားရလျှင်၊ သြော် ဒါဟာ လောကကြီးမှာ ပထုဇန်တို့ရဲ့ အားထားစရာ မှီခိုစရာ ထောပနာပြုစရာ ချီးမွမ်းစရာ အထူးအဆန်းဘဲလို့ အာလောကရဲ့ နားမှာ ကြားရတိုင်း သက်သာခွင့်ရလို့ ဆင်ခြင်တတ်ပြီ။

၉။ ဒီပုဂ္ဂိုလ်ဟာ ပညာရှိဘဲ သူတော်ကောင်းဘဲ အရိယာဘဲ ရဟန္တာဘဲ မဟာဓမ္မကထိကကြီးဘဲ-အဘိဉာဏ်ရသူဘဲ ကာယသိဒ္ဓိ အရှင်ကြီးဘဲ ဝိဇ္ဇာ ဗျာယပါရဂူဘွဲ့ ရသူဘဲ စသည်ဖြင့် (သန့်)ကနဲ ကြားတိုင်း ဖုတ်ပူ-မီးတိုက် မဖြစ်တော့ဘူး၊ ကိုယ့်နေရေးနဲ့ ကိုယ့် သဘောကို စစ်ဆေးဘို့ (အတ္တာဟိ-အတ္တနော နာထော) ကိုသာ- အချိန်ရခိုက်- လုလ္လစိုက်ကြရမယ်။

၁၀။ လူ့ပြည်မှာ-လူတွေ မွေးကျသေကြဒါ မြင်တယ်၊တိရစ္ဆာန်တွေလဲ မွေးကြသေကြဒါကို မြင်တယ်၊ မွေးပြီးလို့ မသေခင်မှာ ကြီး နိုင်ငယ်သူကို ညှင်းဆဲတယ် သတ်တယ် ခိုးတယ် ကိုယ်ခြင်း မစာနာ

ဘဲထင်သလို နှိပ်စက်ကြတယ် အိုကြဒါ ဖျားနာကြဒါ ရောဂါမျိုးစုံတွေကို သူများတွေလဲ ခံစားကြရဒါကို မိမိလဲ ဒုက္ခမျိုးစုံ တွေ့ရတယ်- စိုးရိမ်သောက ဗျာပါရမကင်းဘဲနဲ့ ကာမ အာရုံလိုက်စားရင်းဘဲနေ့ရက်အပိုင်းအခြားမရှိဘဲ သေကြပျက်စီးကြပြီး သုသာန်သင်းချိုင်း မြေကြီးလုပ်တိုင်းသို့သာ ကူးတို့ ပို့ဒါလို လူမာအချို့က လူမသာတွေကိုပို့ကြဒါ မျက်စိမမှိတ်ဘဲနဲ့မြင်ရဒါအာလောက။

## အာလောကဥဒါန်း

အစိရံ့ဝတ ယံကာယော၊ ပထဝိံ အဓိ သေဿတိ
ဆုဒ္ဓေါ အပေတ ဝိညာဏော၊ နိရတ္ထံဝ ကလိင်္ဂရံ

အယံကာယော–အလျားတလံ အနံကတထွာ မသာကောင် အသုဘအစစ်၊ ၃၂ ကောဋ္ဌာသ အစုဖြစ်တဲ့ ဤကိုယ်ခန္ဓာ အတ္တဘောကြီးသည်။

ဆုဒ္ဓေါ-ဘယ်လိုပင်ချစ်ကြိုက်ပေမဲ့ သစ်မှိုက်မျက်ချောက်ကဲ့သို့ တကယ်စင်စစ် စွန့်ပြစ်ထိုက်သည်ဖြစ်ပါပေသော၊ အပေတ ဝိညာဏော မျက်သှည့်သယ် သဏ္ဍာန် နာမ်ဝိဉာဏ်ချုပ်ပြောက်ဆုံး တနေ့သောအခါကျတော့ ရုပ်တုံးကြီးသက်သက်ကေန် ကြွင်းကျန်ရိုးမှန်လှပါသော-

နိရတ္ထံ နေ့ညဥ့်တွေ့ဆုံ ကာမဂုဏ်အကြိုက် အာရုံမျိုးစုံတွေလိုက်စား၍သွားသမျှ အသုံးမကျ ဘာကျိုးတခုကမှ အရှင်းမပြနိုင်ပါပေသော-

ကလိင်္ဂရံဣဝ- စပါးခွံအဖျင်း ဖွဲခြမ်းပြာထင်းကဲ့သို့၊ အစိရံ- ရောက်လာသက္ကရာဇ် လ နှစ် ရက်ပိုင်းမျှော်လင့်တိုင်းမနေရ အချိန်ကာလ ဘာကမျှမကြာမီ-

ပထဝိံ- လူသေတိုင်း မြုပ်နှံ သုသာန်ခေါ် မြေကြီး၌၊အဓိသေဿတိဝတ-ကေန်ဒိဋ္ဌ အိပ်ကြရလတံ့၊အဓိသေဿတိ- နေရဒါကိမ်းမသေ သေရမှာကြိမ်းသေမို့ အပိုဂုဏ်တွေ အခြေမှန်းလို့ မကြီကြနဲ့တော့ မြေနန်းစံအမှန်စိတ်ချပြီး ဩြဝ် အားလုံးကုန် အိပ်ကြရလေတော့သတည်း၊

## မျက်စိမြင်ကြ အာလောက

၁။ ကိုယ့်အိမ် ကိုယ့်ရွာထဲမှာပင် မွေးလာရင် သေကြဒါကို မျက်စိမြင်သမျှ တရားရဘို့သံဝေဂ လင်းလင်းကြီး အာလောက၊မွေးဒါမမြင်စဘူး သေကြဒါမမြင်စဘူးမဟုတ် ယောဂီတရားစစ်ကိုလိုခြင်ဈင်မျက်စိကွယ်ရာ နားကွယ်ရာမှာ မရှာပါနဲ့ မသွားပါနဲ့ မင်္ဂလာ

ဆောင်ကြဉ်မွေးကြ သေကြ ရပ်ကွက်တူနေ သူသေရင်ငါပို့ရမယ်
လို့ အာမခံစာချုပ်ပြုလုပ်ထားကြဒါကို အသိသားနဲ့ မသိလေရောင်
အမြင်သားနဲ့ မမြင်လေရောင် မဆောင်ကြနဲ့ တရားထူး ဝိပဿနာ
ကို တကယ်လိုခြင်ကြလျှင် မျက်မြင်ပြလျှက်နေသော ကိုယ်တိုင်သိ
ဒုက္ခစုံတို့ကို ကြောက်ကြ- လန့်ကြ- အဲဒါ သံဝေဂ အာလောက
ဝိုင်းဖွဲ့၍တိုင်ပင်ကြ။

အမိဝမ်းဗိုက် သားအိမ်တွင်း၌ ချင်းနင်ဝင်ရောက်စကို တစုံတယောက်
သောသူမျှမသိကြ ဘုရားရှင်မှတပါး သန္ဓေတည်စကိုမသိ တည်လာခြင်း
အကြောင်းရင်းကိုလဲမသိ သားသန္ဓေ ကိမ်းအောင်းလျှက်နေသူ မိမွှတို့၏
မတင့်မတယ်မဖွယ်မရာ မလှဒါကို မျက်စိနဲ့မြင်ကြပါတယ် တနည်း မိမ္မဖြစ်
သူတို့မှာ သန္ဓေလွယ်ဘူးသူ လွယ်ရမဲ့သူကများ၏ မိမိလဲ သားသန္ဓေလွယ်
ရတဲ့ ဆင်းရဲဒုက္ခကို ဘုရားထံသို့မလျှောက်ထားဘဲနဲ့ သိကြသားဘဲ တနည်း
သားသန္ဓေကိုကြိုးမတတ်သော ဝမ်းဗိုက်ရေ့တဲ့တဲ့လွယ်အိပ်ကြီးထဲ၌ ကိုယ်
တိုင်သိပြီး ကိုယ်တွေ့မျက်မြင်ဖြစ်သောဒုက္ခတို့ကို ထင်ရှားသော အာလောက
သံဝေဂမှန်ပါလျှက်ကနဲ့ မိမိကိုယ် မိမိမတွေးဘဲနဲ့ သူများထုတ်ဖေါ်ဟောပြ
သော ဒုက္ခကို ဘယ်လိုဘဲနာနာ မကြောက်မလန့် မတုန် မလှုပ် ဘာ့ကြောင့်
မိမိ၏ခန္ဓာဖြစ် အန္တာကို ကွယ်ကာဖုံးအုပ်ထားသောကြောင့် ဘယ်ဆရာ
ဘယ်ဘုရားပင် တရားထုတ်ပြပေမဲ့ သားဒုက္ခကို အရှင်းမသိမှတ်သေ ၍
ဆိုခဲ့သောစကားရပ်တို့က မျက်စိမြင်သေကြရဒါ မွေးလို့ မွေးရခြင်းအစ
သန္ဓေက ဖြစ်၏ အလွန်တရာ ညစ်ယုတ် စုပ်ပြုတ် အပုတ်အစပ် ဖြစ်သော
အိမ်သာဝမ်းဗိုက်၌ မူလဘူတ အခြေအမြစ်ကို တွေးရ သိရ ဆင်ခြင်ရဘို့
(ဇာတိပိဒုက္ခာ)ဆိုသော သံဝေဂအတွက် (၁)နံပါတ်အချက်ကို မြုတ်ချော်
နေမှာစိုးလို့ တဲ့တဲ့ဘွင်းဘွင်း ထုတ်ဖေါ်၍ပြသည် အဲဒါအာလောကဒီပနီ။

၂။ မွေးဖွားလာသည်မှ အသက် ၃၀-အထိ အရွယ်ကျလာပြီ ရင့်
ရော်အိုမင်းလာပြီလို့-မမှတ် မယူ မသိ မတွေးကြ-ငါ့သားကလေး
ငါ့သမီးကလေး တဖြေးဖြေးကြီးထွားလာဘိလို့သာ ထင်မှတ်ကြသ
ဖြင့် ဇရာဒုက္ခအတွက်-အာလောကမဖြစ်နိုင်အောက်တန်းအသက်
၄၀-၅၀-၆၀-၇၀-၈၀-၉၀-၁၀၀ အတွင်းမှာ- ဇရာလောက ဖြစ်
လာပြီယောဂီ၊ အန္တဗာလတို့မှာတော့- အသက်ဘယ်မျှပင်ကြီးမြင့်
သွေးရင့်သော်လဲ သံဝေဂမဖြစ် သံဝေဂမဖြစ်သမျှ သာသနာကို
ဘယ်အခါမှမတွေ့ရ၊ ဘုရားကိုလဲ ဘယ်သောအခါမှ မဖူး မတွေ့
ရခြေ။

အသက် ၄၀- ကျော်လျှင် တနည်း၊ ၃၅-နှစ်ကျော်လျှင် မျက်စိပြာသည့် ပါးရေတွန့်ပေါ်သည်၊ သွားကိုက်သွားနာ သွားကျိုးဖြစ်လာသည်၊ ယောဂီလဲမြင်ဘူးတယ်၊ကိုယ်တိုင်လဲခံရဘူးတယ်၊ခံရမှာဧကန်ဘဲ၊ခါးနာ-ခါးကိုက် နောက်ကျော ရှေ့ကျောတင်းခြင်း တောင့်ခြင်းတွေ စလာပြီမှတ် ဆံပင်ဖြူစ တချို့လဲတခြမ်းဖြူ၊ တချို့ကွက်ကြားဖြူ တချို့ တခေါင်းလုံး ဖွေးနေခြင်း နားအူနားကိုက်စသော အရွယ်၏ ကြီးခြင်း၊ ရင့်ရော် ဆွေးမြည့်ခြင်းတို့၏ တည်ရာ ဒီခန္ဓာ ဌာနချုပ်ကို လက်ဆုပ်လက်ကိုင် ထိပ်လန့်စရာ သံဝေဂ မျက်မြင်အာလောကဖြစ်ပါလျှက်(အကုသိုလ်ကံကြောင့်-လူခန္ဓာဘယ်အခါမှမဖြစ်ရ)ကုသိုလ်ကံကြောင့်သာဖြစ်ရသော ဇရာဒါတ်ချက်ခန္ဓာ-မွေးဖွား၍လာသည့်ကအစ တဖြေးဖြေးကိုယ်ခန္ဓာဆွေးဆွေးပြီး သေဘေးသို့ရှေးရှုလျှက် နာရီချိန်ထုပ်စက်ကဲ့သို့ အစဉ်တစိုက် မရပ်မနား စိတ်ကသာအိပ် ရပ်မအိပ် ထင်မှ သာ အိပ် စိတ်နာမ်လဲမအိပ်၊ ခဏိက- သင်္ခတ- သမုတိ- ဝဋ္ဋတာစက်ဖြင့်၊ဇရာပိဒုက္ခာ-ဆိုသော သံဝေဂအတွက် ၂-နံပါတ်အချက်ကိုမမြင်ခြင်လို့မနေရအောင် မဆင်ခြင်သော် မျက်စိနဲ့တဲ့တဲ့မြင်နေရသည့်ကို၊အတိအလင်းထုတ်ဖေါ်၍ပြသည့် ဇဲဒါ၊အာလောကဒီပနီ၊

၃။ မွေးဖွားလာစ- ကလေး ဘဝမှာပင် သူငယ်နာ မျိုးစုံ ဖြစ်ရခြင်း၊ ဦးခေါင်းနာ၊ မျက်စိနာ၊ နားနာ၊ နှာခေါင်းနာ လျှာနာ။ တကိုယ်လုံးမှာ အနာ၊ တနည်း- သွေးစသောရောဂါ သွေးထိမ် သွေးကျန်- သွေးဝတ် သွေးချုပ်၊ သွေးပုတ် သွေးလွန် သွေးသွန်သောရောဂါ- နိဂုံးချုပ် သွေးဆုံးနာ တကိုယ်လုံး ကုဋ္ဌနူနာဖြစ်ရခြင်း၊ လေငန်းရောဂါ လေဖြတ်ရောဂါ စွဲခြင်း၊ ရှေးရှေးဘဝတို့က,ဒါနကုသိုလ်,သီလကုသိုလ်,ဘာဝနာကုသိုလ် ကံတို့ကြောင့် ယခုရသော ခန္ဓာကိုယ်ရဲ့ ဒုက္ခသံဝေဂကို သိဘူးကြုံဘူး ကိုယ်တိုင်ဖြစ် ကိုယ်တွေ့ ခံစားကြရဘူးသည့်ကို ကုသိုလ်ကြောင့် လူဖြစ်လျှင် အနာရောဂါ တို့က ဘယ်သူ့ကြောင့်လဲလို့စဉ်းစား နေ့စဉ် ထမင်း ၂-ထပ် ချက်ပြီးစားကြသည့်အပြင် အခြားအပိုဖြစ်သော အစား အစာ အရည်မျိုးစုံတို့ကိုစား၍နေကြ၏ မစားဘဲမသောက်ဘဲ မနေနိုင်ကြဒါ ဒီခန္ဓာကြီးဟာလူမမာတုံးကြီး လူနာတုံးကြီးအစစ်ပါကလားလို့(ဗျာဓိပိဒုက္ခော) ဆိုသောသံဝေဂအတွက် ၃-နံပါတ်အချက်ကို ကွက်ကွက် ကွင်းကွင်း သိမြင်အောင် ဖေါ်ထုတ်လိုက်သည်၊ ဇဲဒါ အာလောကဒီပနီ၊

၄၊ သေတယ်ဆိုသော သံဝေဂဒုက္ခ၌ အသေကောင်ကို မြင်သဖြင့် ထိကြရမယ်၊ အသေကောင်ကို မမြင်ဘူးသမျှ အသေမရဏာဒုက္ခကို မည်သူမှမကြောက်ကြ ဒီအသေကောင်ရုပ်တုံးကြီးကို ဒုက္ခဘဲလို့ သိရဒါလဲ

သံဝေဂမှတ်၊ တနည်း ရတိစိတ်မချုပ်မိ ချုပ်တော့မည့်ဆဲဆဲ ချုပ်ဆုံးခါနီး သက်ကြီး ရှိုက်ခါ ပြင်းစွာလိုက်သဲ့ ခွဲသံတွေတသဲသဲကြားရာက ကြွပ်-ကြွပ် ရာကအကြောသွဲ့၊ သွေးဆုပ်၊ နှုပ်ခမ်းတို၊ နှာဝကျယ်၊ မျက်ဖြူလန်၊ သေချွေးပြန် နားရွက်တွန့်လိမ်ကွေးကောက် ယောဂီ အဲဒီအခါမှာ ရိုးစားထားစနဲ့ မတူ လူမျိုးအမျိုး အရွယ်ကဲ့သို့ အလှခြင်း နိုင်းယှဉ်လို့ရသေးရဲ့လား၊ မရဏ ဒုက္ခ သန့်သန့်အတွက် အာလောက ဓာတ်ခင်းနေပုံ စဘာတ် ၅င်း၅င်းဘတ်၊ အဲဒီလို စကားမေးမရဘဲ ငယ်စဉ်က တကိုယ်လုံး ဖွေထုပ်နဲ့ လှပေမဲ့ ကိုင်း ယခုတော့ သေရုပ်ဗျသေရုပ် ဗျာဓိနဲ့ မရဏ ၂ မျိုးရှိရာ ဗျာဓိနှုန်ကိုဖယ် ဗျာဓိဘေး၏ရင့်ကျက်ပြေးလွှားပြီးလာခြင်းသည် မရဏဘူတာရုံသို့ ယောဂီ မိမိခန္ဓာရဲ့ အခြေကိုမြင်အောင် ဆရာမသေခင် အကူအညီ အထောက်အပန့် ပေးကဲ့မယ် သံဝေဂ ဆိုဒါကြောက်လန့်ဘွိုသာ နာနာတွေး ကိုယ့်နေရေး ရှုဒါဖယ် ကိုယ့်သေဘေးလဲကိုယ်ဘဲမြင်ပါ သေဘေးဘူတာရုံဟာ မိမိရဲ့ နေအိမ်ပါဘဲ ယခုကျမ်းစာရေးတဲ့ ဆရာဟာ သေတဲ့အခါ အတုံးတမျိုး ပြောင်းလွဲခုန်းမှာလား ဒီအတုံးဘဲလား ဒီအတုံးပါဘဲ ဒီရုပ်လုံးဘဲလားသေ တော့ ရုပ်လုံးတခု တခြားက ပေါ်ထွက်လာခုန်းမှာလာမေး ဒီကျမ်းစာရေး နေသော ရုပ်လုံးပါဘဲဖြေ၏။

ဒီလိုအဖြေပေးလျှင် ဒီလိုတခါထပ်မေး ပရစေ (မသာအိမ်) ဟာ ယခု ထိုင်နေတဲ့ အိမ်ဘဲဖြစ်မှာလား ဒီလူသေမှ မသာအိမ်အသစ်တလုံး ထပ်၍ ဆောက်လုပ် ရအုန်းမှာသားမေးတယ် ဒီအိမ်ပါဘဲဆရာ ဒီကျောင်းပါဘဲ ဆရာဒီတိုက်ပါဘဲဆရာလို့ပြန်၍အဖြေပေးကြ၏ ဒီလို ဖြေဆိုခြင်းသဘော တူညီကြလျှင် တခါဒီလိုတွေးပြီး ဆရာက မေးခွန်းထုတ်ပြန်တယ် စဉ်းစား ကြ ယခုဖေါင်တိမ်ကို ကိုင်ထားတဲ့လက်ဟာ လူသေကောင်ကြီးရဲ့ လက် မှန်နေဒါပေါ့ ဟုတ်ပါတယ်· ဟုတ်လျှင်- အသင်ယောဂီ ထမင်းစားတိုင်း စားတိုင်း ဒီလိုတွေးရဲ ပမလား-ကြည့်စမ်း- လူသေလက်ကြီးနဲ့- လူသေ ကောင်ရဲ့ ပဇ္ဇပ်ထဲသို့ ထမင်းတွေသွင်းနေဒါပါကလားလို့ တွေး- တိုင်ပင် မရဏ၏အကြောင်းကို - အသက်မရှိတဲ့အခါကျမှ - လူသေကောင်ဆိုဒါ အန္တအာယူ လူတိုင်းရဲ့အယူဖြစ်လို့ ယခုကြိုတင် လူ၅င်ထင်သော် ကျမ်းရေး နေတယ်-သုံးပါတော့ ဆိုပါတော့-

စင်စစ်မှာ အသက်ကုန်ဘွိ- နာမ်ချုပ်ပျောက်ဘွိ- ခရီးသွားနေဒါကမှန် တယ်- ဒီလို- ယခုစာရေးနေဒါကို စာဘာတ်နေဒါကို အက္ခရာတလုံးပြီး တ လုံး နာရီစက်ချိန်ထုတ်သွားသလိုစက္ကန့်ရွေ့နေသလို အသေကောင်စာရင်း ဇွင်းဘွင်းကြီးမပေါ်သဘောမကျသေးလျှင် ရေးပြကဲ့သော- ခွဲဆို့ခွဲကြွပ်

ဘုတာရုံ သုသာန်ဇရပ်သို့ ကေန်ပို့ရရောက်ရမဲ့ ဒိဗ္ဗာထုံးကြီးပါကလား လို့- (မရဏမ္ပိဒုက္ခံ) သံဝေဂအတွက် ၄- နံပါတ်အချက်ကို သိသိသာသာကြီး ဖွင့်ထုတ်လိုက်သည်- ဆဲဒါအာလောက-

၅။ မုန်းသောသူတို့နှင့် အတူတွဲနေရတဲ့ဒုက္ခ ကျယ်ကျယ်ဖတ် အရှင်းမကြိုက်ဘဲနဲ့ မိဘဆွေမျိုးများတို့ကနားချ ရိုက်နှက် တံခါးပိတ် အတင်းပေးစားလို့ လင်မယားအဖြစ်နဲ့ တသက်လုံးမနှစ်ချိုက်ဘဲနဲ့ စိတ်ဆင်းရဲသောဒုက္ခကြီး သားဆိုးသားယုတ်မာ သို့်းဆိုး ထွီးယုတ်မာတို့ကို မစွန့်နိုင်ဘဲနဲ့တွဲနေရခြင်း ဆရာဆိုး တပည့်ဆိုး အပိုင်းရပ်ကွက်၌ လူဆိုးလူကြမ်းတို့နဲ့မကင်းဘဲ အဆင်းရဲကြီးဆင်းရဲရခြင်း ရွာသား မြို့သား ပြည်သား လူယုတ်မာများတို့နှင့် တရွာထဲ တမြို့ထဲ- တပြည့်ထဲနေရဒါ်ဆင်းရဲကြီးတမျိုး- မင်းယုတ်-ရဟန်းယုတ် အိမ်သားယုတ်တို့နှင့် မခွဲမခွာရက်နိုင်ဘဲ ထွက်မပြေးနိုင် ပြေးရှောင်ကွေကွင်းလို့- မဖြစ်နိုင်ဘဲနှင့်- ဆင်းရဲခိုင်မာခြင်း- (အပိယေဟိ ဝိပ္ပယောဂဒုက္ခ) သံဝေဂအတွက် (၅) နံပါတ်အချက်ကို လူပြိန်းသိကိုယ်တွေ့သိသာအောင် လင်းပြလိုက်သည်- ဆဲဒါ အာလောက-

၆။ အင်မတန် ချစ်ကြိုက်သူတို့နဲ့အတူမနေရတဲ့ဒုက္ခကို ဒီလို-တွေ့ဘူးရဲ့လား ၂ ကိုယ် ၂ ယောက်သဘောတူ ချစ်ကြိုက်ပေါင်းဆုံးပြီ လင်မယားအဖြစ် ဟာလခန့်ကြာခါမှ မိဘတို့က မကြေနပ်သဘောမတူဘဲ တရပ် တရွာစီ ခွဲခွာထားခြင်း- မိဘသဘောတူသူတို့နှင့် အတင်းအဓမ္မ မတရားဖွတ်ပေးစားထားခြင်း (ချစ်သူကွဲပြီး- မုံးသူနဲ့တွဲရခြင်း)

မင်္ဂလာဘိတ်စာထဲမှာ မိဘရဏ် ဦးကြီး ဦးလေးအရင်းတို့၏ဂုဏ်တွေတဝမ်းကွဲမှစ၍- ၇ ဝမ်းကွဲအထိ ဂုဏ်အစအနတို့ကို နိုက်နိုက် ချွတ်ချွတ်အသားယူ၍- ဘိတ်စာမှာထဲ့ပြီး ၂ ဘက်မိဘသဘောတူ ယောကျ်ားမိန္ဓကလေး ၂ ယောက်တို့ကလဲလွှန်လွှန်မင်းမင်း ၂ ကိုယ်ခြင်းကလဲအချစ်ခြင်းတူလို့ ပေးစားလက်ထပ် မင်္ဂလာပွဲကြီးတရပ်ဆင်တယ် ဘိတ်သိက်မျှောက်ပြီးလက်ဖွဲ့မျိုးစုံတို့ကို ရသည့် သတင်းစာမျိုးစုံတို့၌ ဂုဏ်ထူးမျိုးစုံတို့ကိုလဲထည့်၍ တိုင်းပြည်လူအများတို့ သိကြားစေရန် ကြေငြာ၍ လူသိနတ်ကြားအကြင်လင်မယားဖြစ်ကြရသည်- (တွေ့ဘူးမြင်ဘူးကြဒါကိုသာတွေးပါ)

ဆဲဒါလို မင်္ဂလာဆောင်လို့ပျော်ပါး မော်ကြွားနေရာက ၃-လခန့်အကြာမှာ တနည်း ၆ လ တနှစ် အကြာမှာ လင်သေခြင်း မယားသေခြင်း မျက်ရည်မစဲ ငိုပွဲသို့ဝင်ကြရခြင်း ထိုကဲ့သို့ ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ပြီးမှ လင်ငယ်ယူသွားခြင်း မယားငယ်ယူသွားခြင်း လင် ၃ ဆက် ၄ ဆက်

မယားး ၅ ဆက် ၆ ဆက် အဆက်ပေါင်း ၄၀- ၅၀ အထိ ချစ်ခင်သူတို့နဲ့ ခွဲခွာနည်းမျိုးစုံ ဒုက္ခတွေ့ဆုံရခြင်း-

တနည်း-မိဘသဘောမတူပေမဲ့ယင်စဉ်သူယင်ခြင်းတုံးကတဲကနှစ်ရှည်လများ ချစ်ခင်ကြည်ဖြူ ၂ ကိုယ်သဘောတူသဖြင့်(ခိုးရာသို့လိုက်ယူရခြင်း) ပိုက်ဆံကျေးငွေ မပြည့်စုံသည်ဖြစ်စေ သို့မဟုတ် ခြားကဖျက်သူတို့ရဲ့ဘေးမှ ကာကွယ်ပြီး ၂ ယောက်သဘောတူ သက်ဆိုင်ရာရုံးတော်၌ တရားသူကြီး ရှေ့မှောက် ၂ ယောက်သဘောတူ မင်္ဂလာ လက်မှတ်ကို အရယူ တရားသူကြီးကိုယ်တိုင် သက်သေတို့ရှေ့မှာဘဲ ထိမ်းမြားပေးစားခြင်း ဒါလဲ ဘယ်လိုဘဲချစ်ချစ် ကွဲရဒါအစစ် ၀ထစ်ကျမှတ် လောက၌ မုဆိုးဖို မုဆိုးမ တခုလပ် တလင်ကွာ အပျိုလူပျိုတို့ကို ခေါ် ဆိုသည်မဟုတ် ချစ်ကွဲတို့ကိုသာ ခေါ် ဆို၏ မယားပြစ် လင်ပြစ်ဆိုဒါချစ်ပြီးမှဖြစ်ရသော အချစ်ဒဏ်ချက်မှတ် သေကွဲရှင်ကွဲ ဘာကွဲမဆို (အပြစ်အနာဂ္ဂိသမ္မ အချစ်အာဒိအစ)

တံဆိပ်ခေါင်းမပါသော- ပိယစာချုပ်ဟာ
စ-ချုပ်ကတဲက- တည်မယ်လို့ဝန်ခံ သူမရှိ
ဘယ်ရုံးမင်းကမှ- လက်မှတ် မထိုးရဲ

လင်ကမယားယယ်ယူသော် မယားက နောက်လင်ယင်ကလေးနဲ့ယူပြေးခဲ့သော်(စာဘတ်သူစဉ်းစားဘတ်) မိမိရဲ့ မယားအကြောင်း မိမိရဲ့ လင်အကြောင်း၊တွေတွေရာရာမျိုးစုံကိုပြောရလျှင်နားစိုက်ထောင်သူဟုတ်ကဲ့လားလိုက်ပြီးမေးသူ ရှိလို့သာပြောရမယ်ဆိုသော်ထမင်းမစားဘူး စိတ်ကဆင်းရဲ မဆင်းရဲတော့မသိ မျက်ရည်တရွှဲရွှဲနှင့် ပြောလိုက်ငိုလိုက် မျက်ရည်သုတ်လိုက် ကိုယ့်လင်ပိုင်ကို မဆိုင်တဲ့မိန္မက ဝင်ယူသွားတယ် ငါ့မယားပိုင်ကို မဆိုင်တဲ့လူက ဝင်ပြီးအလစ်သုတ်သွားတယ် အဲဒီလိုမဖြစ်ခြင် သေဒါသာမြင်ခြင်တယ်မှတ်ကြ-

မအိပ်ဘဲပြောမယ် အချစ်ဆုံး သဘောအကျဆုံး လင်သေ မယားသေတို့၏ အကြောင်းစုံကို စားမြုံ့ပြန်ရမယ်ဆိုသော် နောက်နားကပ်ပြီး ထမင်းစားမယ် ဟစ်ခေါ် မကြား- ပဓိပက တံထွေးအမျှုပ်တွေ -ထ- ထွက်လာအောင် အသက်မရှူဘဲပြောနိုင်၏ မျက်ရည်စစ ငယ်စဉ်က ချစ်ခဲ့ ပြုရခဲ့ အလိုလိုက်ခဲ့ဒါတွေကို မေ့မပြစ်နိုင်အောင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ပူပင်မှုတောင့်တမှု ကြောင့်ကြမှု အပူစုံ(အပြစ်အနာဂ္ဂိသမ္မ အချစ်အာဒိအစ)ပိယေဟိ ဝိပ္ပယောဂဒုက္ခ သံဝေဂအတွက် ၆ နံပါတ်အချက်ကို ကွက်ကွက်ကွင်းကွင်း ဗိုယစာချုပ်စာရင်းကို လင်းလိုက်သည် အဲဒါအာလောက-

၇။ အာဟာရ အတွက်မှာ- ၄ မျိုးရှိသော်လဲ ယခုအခမ်း၌ ကဗဠီကာ
အာဟာရကိုသာမှတ်ရမည်- ဘာသာပြန်မှာ ဆောင်ခြင်း ထောက်ပန့်ခြင်း
အားပေးခြင်းခေါ်သည့် သတ္တဝါတို့ကို အစားအသောက်ခေါ် အာဟာရက
မပျက်အောင်ဆောင်ယူနေသည်၊အာဟာရမစားဘဲနေ၊သေမယ်၊လိုရင်းမှာ
အာဟာရအတွက်ဒုက္ခညှန့်ပေါင်းဒဏ်ချက်ဆနှိပ်စက်ခံနေသည်ကို နာဘေး
လင်မယားကွဲဘေး စီးပွားပျက်ဘေး ချွဲကြွင်နေသောဘေးတို့ကဲ့သို့ မပေါ်
လွင်မထင်ရှားခြေ အဘယ့်ကြောင့်ဆိုသော် စားမှုကို သုခစည်းစိမ်ထဲမှာ
သွင်းထားကြလို့ ဒုက္ခမပေါ်မှတ် အာဟာရဒုက္ခကိုဖေါ်ရေးမည်-အာဟာ
ရကြောင့်၊နေ့စဉ်မနားရသောအလုပ်လုပ်ရခြင်းမှာ ရှာဖွေပဆောင်းရခြင်း
ပိုက်ဆံဘယ်မျှပင်ရှိသော သူဌေးဖြစ်လင့်ကစား မစားဘဲမနေနိုင် မနက်
တနပ်ညတနပ်နေ့တိုင်းချက်ပြုတ်မှု ပဇင်ဆေးမှုသွားတိုက်မှု သွားစိုက်ရမှု-
ကျင်ကြီးကျင်ငယ်တို့ကို ဘယ်လောက်ပင် ရွံရှာစက်ဆုပ်စေခါမူ အာဟာရ
ကို လုံးပန်းကြရ၏ စားသောက်လို့မပြီး ဒိခဋ္ဌာကိုယ်ကြီးဘယ်လိုဘဲစားစား
သုသာန်သွားနေရသော ခဋ္ဌာကိုယ်ကြီး ဒိခဋ္ဌာဆိုးကြီးနဲ့နေရသမျှ(အာဟာ
ရ ပရိယေသနဒုက္ခ) လို့ တနည်း(အာဟာရ ပရိယေဋ္ဌိဒုက္ခ)ဟု အင်မတန်
ဖြစ်ခြင်လွန်းလို့ ကုသိုလ်ကောင်းမှု ပြုစုဆည်းဘူးလျှက်ဆုတောင်းလို့ရလာ
သော သုခဘုံ၌ ဒုက္ခစုံပေါ်အောင် ဖေါ်လိုက်သည့် အဲဒါအာလောက-

၈၊ (အလိုမပြေ့ခြင်း) ကြုံကြုံ ဖန်ဖန် ကတ်သီး ကတ်သတ် ထွန့်ထွန့်
ညှပ်ညှပ်ဒုက္ခ ဒီဟာကိုတော့ရပြီ ဟိုဟာကလိုသေးတယ် တိုင်းပြည် အုပ်
ချုပ် ရှင်ဘုရင်လုပ်သူ၏ လောဘကို ပြောပြလျှင် အခြားသူတို့ အတွက်
ပြောစရာရေးစရာမလို ရှင်ဘုရင်မှာ လူပြည့်ရှိစည်းစိမ်အားလုံးထင်သလို
ခံစားနိုင်၏- မိဖုရား အပျိုချန်စသော မိမ္ဗမျှားစွာ ရွှေ ငွေ ပတ္တမြား ဆင်
မြင်းစသော ရတနာမျိုးစုံ စားဘွယ် သောက်ဘွယ် ချိုချင်စသော အရသာ
အကောင်းအမွန်အမြတ်ဆုံးတွေ စီးနင်းစရာဖြစ်သော-ယာဉ်ရထား စကြာ
ရဘနာစသော စည်းစိမ်မျိုးစုံတို့နှင့် ပြည့်စုံသော သေးကျွန်းသနင်း စကြာ
မင်းကြီးဖြစ်ပြီဆားဘော့ အလိုမပြည့်သေး လိုဘ ရနိုင်သော ဘုန်းတံခိုးရှိ
ဟဲ့ စကြာမင်းကြီးမှာ ဘာလိုသေးသလဲ- လိုဘယ်- ဘာလဲ- နတ်ပြည်ဇာ
နောက်ဘာလိုသေးသလဲ- နတ်သ္မီး အဲဒါလို လောဘတဏှာ၏ အလိုဆန္ဒ
ရှိသမျှ ဘယ်ခါမှမရလို့ (ယံပိစ္ဆံနလဘတိ-တမ္ပိဒုက္ခံ) သံဝေဂ အတွက်
ဂ နံပါတ်အချက်ကို ဝေဘန်စဉ်းစား ကိုယ့်အာရုံဟာ ကိုယ်ခဲ့သူသတ်သွား
ကိုယ့်အလိုသည့် ကိုယ်၏သေမင်း ကိုယ့်တဏှာအချစ်ဟာ ကိုယ်၏သေ

**မင်းအစစ်ဖြစ်ကြောင်း မသိကြသူတို့အတွက် သတိရအောင်ဖော်ထုတ်လိုက်သည့် ဓါဒါအာလောက-**

ပြဆိုခဲ့သော သံဝေဂ ဒုက္ခ ရှစ်ပါးတို့တွင် ရှေးဦးစွာ ဘေးကြီးလေးပါးကိုမူလပြု၍ ဘေးငယ်လေးပါးတို့က ရှေ့နောက်ခြံရန်လျက် နေကြသည် ထိုရှစ်ပါးကို သုတ္တံနည်းအရ သံဝေဂ ဒုက္ခ ရှစ်ပါးဟုတထစ်ကျမှတ် ငါကောင်သူကောင်တို့ကို စွဲ၍ ဆင်းရဲဘေးဖြစ်လို့ သုတ္တံနည်းဆိုသည်မှတ်-

## သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ-ဒုက္ခာ

၉။ နံပါတ်-ဒုက္ခကို အဘိဓမ္မာနည်း ဒုက္ခဟု သိကြ- ဘာပြုလို့ ပုဂ္ဂိုလ်သတ္တဝါပေါ်၌ သိမြင်ရမည်မဟုတ်- ခန္ဓာငါးပါး ပရမတ္ထ တရား၌သာ ရှုဆင်ခြင်ရ- သိမြင်ရမည် ဖြစ်လို့ အဘိဓမ္မာနည်းဟု မှတ်ယူကြရမည်။

သံခိတ္တေန-အကျဉ်းအားဖြင့်၊ပဉ္စုပါဒါနက္ခန္ဓာပိ-ငါးပါးသော ဥပါဒါန်ရှိသော ခန္ဓာတို့သည်လည်း၊ ဒုက္ခာ-ဆင်းရဲခြင်းအစစ်တို့သာတည်း၊ ဘာသာပြန်မှာ၊ သုတ္တံ-ဒေသနာဖြင့် ဟောတော်မူသော၊ ဒုက္ခ-ရှစ်ပါးအစ၊ သင်္ခါရဒုက္ခ-ဝိပရိဏာမဒုက္ခ-ဒုက္ခဒုက္ခ- တနည်း-ဒုက္ခလက္ခဏာ- ၂၅-ပါးဟူသမျှ ဒုက္ခအပေါင်းအနန္တတို့ကို အကျဉ်းချုံးသော် လိုရင်းဘာလဲ အဓွဗာလ၏ ခန္ဓာကိုယ်တုံးကြီးသည်၊ ဒုက္ခ အစစ်ဟူ၍ အဘိ ဓမ္မာ ဒေ သ နာတော်အရ ဟောတော်မူသည်မှတ်ကြ၊ ဥပါဒါနက္ခန္ဓာ ငါးပါးကိုသာ ဒုက္ခအစစ်ဆိုလိုသည်၊ယောဂီတို့ အန္ဓယောကျ်ား-အန္ဓမိန္မတို့၏ခန္ဓာကိုယ် အတ္တဘောကြီးကို ဘုရားရဟန္တာတို့က ဥပါဒါန်စွဲရှိနေလို့ ဒုက္ခအစစ်-ဒုက္ခခန္ဓာဟု ဆိုလိုက်၏။

ဥပါဒါန်ဆိုဒါ ဘာသာပြန်ဘာလဲ၊စွဲလမ်းခြင်းကိုမှတ်- ဘယ်လိုစွဲလမ်းသလဲ၊ နှစ်သက်၍စွဲလမ်းခြင်း၊ အယူမှား၍စွဲလမ်းခြင်း။

| | | |
|---|---|---|
| ၁။ | ကာမုပ္ပါဒါန် | ကာမဂုဏ် ငါးပါးကို စွဲခြင်း၊ |
| ၂။ | ဒိဋ္ဌုပ္ပါဒါန် | ပုဂ္ဂိုလ်သတ္တဝါ-အထင်နဲ့စွဲခြင်း၊ |
| ၃။ | သီလဗ္ဗတုပ္ပါဒါန် | အလေ့အကျင့်ကောင်းထင်၍စွဲခြင်း၊ |
| ၄။ | အတ္တဝါဒုပ္ပါဒါန် | ငါပိုင်ကိုယ်ခန္ဓာဟု စွဲခြင်း၊ |

ယောဂီ-တခြားအတွက်ရေးတယ်လို့ မရှုပ်စေနဲ့ ဒုက္ခကိုရေးဒါ နံပါတ် ၁- ကာမုပ္ပါဒါန် အဓိပ္ပါယ်မှာ- ဣဋ္ဌာရုံ-ပုရိသ ရုပါရုံတို့ကို လိုက်စားနှစ်သက်ခြင်းမှတပါး၊ အခြားရူပါရုံမရှိဟူ၍ အင်္ဂုတ္တရပါဠိတော် ဥပဒေအရ-ဘုရားရှင်ဟောတော်မူသည်၊ တဏှာစွဲကို ကာမုပ္ပါဒါန် မှတ်ကြ၊

နာဟံ-ဘိက္ခဝေ- အညံကေရူပမ္ပိ-သမနုပဿာမိယံ ဧဝံ ပုရိသဿ စိတ္တံ-ပရိယာဒါယတိဋ္ဌတိ ယထိဒံဘိက္ခဝေ ဣတ္ထိရူပံ- ဣတ္ထိရူပံဘိက္ခဝေ ပုရိသဿစိတ္တံ-ပရိယာဒါယတိဋ္ဌတိ။

ဘိက္ခဝေ-ခန္တာဒုက္ခ-မုက္ချကြောက်မြင်လူနှင့်ရှင်တို့၊ပုရိသဿ-ယောကျ်ား၏ ယံစိတ္တံ-အကြင် နှစ်သက်စွဲလမ်းသော စိတ်သည်၊ ဣဒံဣတ္ထိရူပံ- ဤမိန္မ၏ အဆင်း ရူပါရုံကို၊ ပရိယာဒါယ-သိမ်းပိုက်၍၊ တိဋ္ဌတိယထာ- တည်ဘိသကဲ့သို့၊ ဧဝံတထာ- ထိုနည်းအတိုင်း၊ ဘိက္ခဝေ- ချစ်သားတို့၊ ဣတ္ထိရူပံ- မိန္မ၏အဆင်းသည် ပုရိသဿ-ယောကျ်ား၏၊ စိတ္တံ-စိတ်ကို၊ပရိယာဒါယ-သိမ်းပိုက်၍၊ တိဋ္ဌတိ-တည်၏၊ ဘိက္ခဝေ-ချစ်သားရဟန်းတို့၊အညံ- မိန္မ၏၊ အဆင်း ရူပါရုံမှတပါး၊ ကေဝိ- အခြား တပါးဖြစ်သော ယောကျ်ားကနှစ်သက်စွဲလမ်းစရာ အဆင်းရူပါရုံကို-အဟံ-ငါဘုရားသည် နသမနုပဿာမိ-မြင်တော်မမူခြေ။

လိုရင်းဘာသာပြန်သိတ္ထိမှာ-ယောကျ်ား၏ စိတ်သည်၊ မိန္မအဆင်းကို သိမ်းပိုက်၍တည်၏၊ မိန္မ၏အဆင်းကလဲ- ယောကျ်ား၏စိတ်ကို-ဆွဲဆောင်ယူငင်သိမ်းပိုက်တတ်သော-သတ္တိရှိ၏၊ ယောကျ်ားသည်- မိန္မ၏အဆင်းမှ တပါး-နှစ်သက်စရာ အခြားတပါး အဆင်းရှိသေးသည် ဟူ၍- ငါဘုရား မမြင်ဟု-ဟောတော်မူသည်- အဲဒါ တွဲတွဲဟောပြ အာလောက၊

နာဟံဘိက္ခဝေအညံ ကေရူပမ္ပိသမနုပဿာမိ
ယံဧဝံ ဣတ္ထိယာစိတ္တံ ပရိယာဒါယတိဋ္ဌတိ-
ယထယိဒံဘိက္ခဝေ ပုရိသရူပံ- ပုရိသရူပံဘိက္ခဝေ-
ဣတ္ထိယာစိတ္တံ- ပရိယာဒါယ-တိဋ္ဌတိ-

ဘိက္ခဝေ- ခန္တာဒုက္ခ မုက္ချကြောက်မြင်- လူနှဲ့ရှင်တို့၊ ဣတ္ထိယာ- မိန္မ၏၊ ယံစိတ္တံ- အကြင်နှစ်သက် စွဲလမ်းသော စိတ်သည်၊ ဣဒံပုရိသ ရူပံ- ဤ ယောကျ်ား၏- အဆင်းကို၊ ပရိယာဒါယ- သိမ်းပိုက်၍၊ တိဋ္ဌတိယထာ- တည်ဘိသကဲ့သို့- ဧဝံတထာ- ထိုနည်းအတိုင်း၊ ဘိက္ခဝေ ချစ်သားတို့- ပုရိသရူပံ ယောကျ်ား၏အဆင်းသည်၊ ဣတ္ထိယာ- မိန္မ၏၊ စိတ္တံ- စိတ်ကို၊ ပရိယာဒါယ- သိမ်းပိုက်၍၊ တိဋ္ဌတိ-တည်၏၊

ဘိက္ခဝေ- ချစ်သားရဟန်းတို့၊ အညံ- ယောကျ်ား၏ အဆင်းရူပါရုံမှ တပါး၊ ကေရူပမ္ပိ- အခြားတပါးဖြစ်သော မိန္မက စွဲလမ်းနှစ်သက်စွဲလမ်းစရာအဆင်း ရူပါရုံကို၊ အဟံ- ငါဘုရားသည်၊ နသမနုပဿာမိ- မြင်တော်မမူခြေ၊

လိုရင်းဘာသာပြန်သိတို့မှာ၊ မိမ္မ၏စိတ်သည်၊ ယောကျ်ား အဆင်းကို သိမ်းပိုက်ဆွဲဆောင်၍တည်၏၊ ယောကျ်ား၏အဆင်းကလဲ၊ မိမ္မ၏စိတ်ကို ဆွဲဆောင်သိမ်းပိုက်၍တည်၏၊ မိမ္မသည် ယောကျ်ား၏ အဆင်းမှတပါး၊နှစ်သက်စရာ၊ ကြိုက်စရာ အခြားသောအဆင်းရှိသေးသည်ဟူ၍ ငါဘုရားမမြင်ဟု ဟောတော်မူသည်၊ ဇာဒါ-တဲ့တဲ့ဟောပြ-အာလောက။

သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ- ဖေါဋ္ဌဗ္ဗာရုံ၊တို့ကိုလဲ ဤနည်းအတိုင်း ဝေဘန်ကြ၏လေ၊ ထိုကာမဂုဏ်-ငါးပါးကို လိုက်စားရခြင်း၊ လိုက်စားလို့ မဝနိုင်ခြင်း၊ အားမရ အားမဝလို့ ကုသိုလ်ကောင်းမှုတို့ကို ဆည်းပူးပြီး လူစည်းဇိမ် နတ်စည်းဇိမ်တို့ကို ထပ်ခါဆုတောင်းကြရခြင်း မွေးလိုက် ခံစားလိုက် ခံစားဘူးတဲ့ နိမိတ်အာရုံ တွေကိုပင် သေခါနီးအခါ၌ ဘဝတပါးသို့ ကူးပြောင်းသွားလာတို့ ခရီးစရိတ်အဖြစ် စွဲလမ်းရခြင်း၊ ကာမဂုဏ် ကမ္မနိမိတ် ခရီးစရိတ်တို့ ထင်လာ မြင်လာ၍ အထောက်အပန့်ရသဖြင့်၊ နောင်အာရုံ ခံစားဘို့ သန္ဓေထောင် သွေးဝမ်းပိုက်၍ ခုနချုပ်မှာ ၉ လ ၁၀-လ၊ အနားယူကြ ရသော ဒုက္ခကို ဥပါဒါန် ဒုက္ခဟု ပုဒ်ပြတ်မှတ် ကမ္ဘာ တိုင်း ဘဝ တိုင်း နှစ်လရက်စဉ် တွေ့ကြုံသမျှ-ခံစားလို့မထနိုင်သော နံပါတ်-၁ ကာမုပ္ပါဒ်အတွက် အမြွက်မျှရိပ်မိစေရန် ဒုက္ခကို ဖေါ်ပြသိက်သည်၊ ဇာဒါ အာလောက။

၂။ အဓိပ္ပါယ်မှာ-ဒိဋ္ဌုပ္ပါဒါန်ကိုရေးမည်၊ဒိဋ္ဌိအယူမှား ဥပါဒါန် ဆိုဒါ စွဲလမ်းခြင်း၊ ဒိဋ္ဌုပ္ပါဒ်-၂-ပုဒ်တွဲသော် မှားစွဲကိုဆိုသည်၊ ပရမတ္ထသဘာဝ သက်သက်ဖြစ်သော နာမ်ရုပ် ၂-ပါးကို ပုဂ္ဂလသတ္တ- ပုရိသ- ဣတ္ထိ- ထင်လုံးရှိပြီး အယူမှားစွဲကို ဒိဋ္ဌုပ္ပါဒါန်မှတ်။

၃။ အဓိပ္ပါယ်မှာ- သီလဗ္ဗတုပ္ပါဒါန်-ပုဒ်ခွဲသော် သီလ-ဝတ ဥပါဒါန-၃-ပုဒ်ဖြစ်၏၊ သီလ အလေ့-ဝတ အကျင့်၊ဥပါဒါန-စွဲလမ်းခြင်း၊ မိမိတို့၏ အလေ့အကျင့်ကိုသာ ဟုတ်တယ်ထင်၍ စွဲလမ်းခြင်းကို သီလဗ္ဗတုပ္ပါဒါန် ဆိုသည် ဘယ်လိုအလေ့မျိုး ဘယ်ကဲ့သို့ အကျင့်မျိုး ဖြစ်ပါသလဲ မေးလျှင် သိလိုလျှင် အစားကောင်း အနေကောင်း အဝတ်ကောင်း တို့နှင့် နေ ခြင်း သည် ဘုရားရဟန္တာတို့၏ အလေ့အကျင့်မဟုတ်၊ ဘုရားရဟန္တာတို့ရဲ့၊ အလေ့အကျင့်မျိုးထင်၍လေ့ကျင့်ပုံမှာ-အဝတ်အထည် သင့်တော်ရုံ- ထုံ ခြုံရုံမျှ ဝတ်ခြင်း၊ ချက်ပြုတ်သော အိုးခွက်ထဲမှာပင် နှိုက်ယူ၍ စားသောက်ခြင်း၊ မိုးလုံရုံမျှ-နေပူလုံရုံမျှ-နေအိမ်တို့မှာနေခြင်း၊ ဒိဋ္ဌာ ကိုယ်တုံးကြီးဟာ ဘယ်လိုဘဲ ပြုပြင်ပေမဲ့ မလှနိုင်၊ ဘယ်ပုံပင် အစားကောင်းတွေ စားနေ

ပေမဲ့ မစင်ဖြင့်မှာဘဲ၊ ဘယ်လိုပင် ဆေးခတ်စာ စားသောက် သော် လဲ သေမှာဘဲ၊ မထူးတဲ့အတူတူဖြစ်သလိုတွေ့ရာနဲ့စားခြင်း၊ မြေကြီးခွဲအိပ်ခြင်း၊ သစ်ခက်သစ်ရွက် မြက်မှိုက် တို့ကိုအမိုးအကာပြု၍ နေခြင်း၊ ခန္ဓာကိုယ်ကို သန့်ရှင်းသုတ်သင်တို့ကို အရှင်း အလေးမပြု၊ ဂရုမစိုက် ထိုကဲ့သို့ ချိုးခြံကျင့် သုံးသော အလေ့အကျင့် သည်သာ ဘုရားရဟန္တာ တို့၏ အလေ့အကျင့် ကောင်းဟူ၍စွဲလမ်းသော အယူကို သီလဗ္ဗတုပ္ပါဒါန်ဆိုသည် ပုဒ်ဖြတ်မှတ်။ ရှေးပညာရှိကြီးများ ရေးကြပုံမှာခွေးဝက်တို့၏ အနေ အစား မျိုးကို သူ တော်ကောင်းတရားရဲ့ အနေအစားဘဲလို့ ကျင့်သုံးခြင်းကို ခွေးဝက်တို့၏ အကျင့်မျိုးဖြစ်လို့ ထို ကျင့်နည်းကို သီလဗ္ဗတုပ္ပါဒါန်ဆိုသည်။

အချို့က–ငါးပါးရှစ်ပါးစသော–သီလဥပုသ်စောင့်သုံး သူတို့ကို–သီလဗ္ဗတုပ္ပါဒါန်ဟု ပြောကြ ရေးကြ၏၊ ဒီအယူမဟုတ်၊ ငါးပါးသီလစသော သီလတို့ကား၊ အရိယာ သူတော်ကောင်း အစစ်တို့၏ အလေ့မှန် အကျင့်မှန် မှတ်လေ= [ရမ်းမပြောနဲ့]။

၄။ အတ္တဝါဒုပ္ပါဒါန် ငါ့ကိုယ် ငါလူ ငါဟာယောကျ်ား၊ ငါဟာ မိန်း၊ ငါ-ငါပိုင်-ငါ့အလုပ်-ငါ့အယူ- ငါ့ဘာသာ-ငါ့နည်း ဟူ၍စွဲလမ်းခြင်း၊ (ငါ့ ဝါဒမှသာ) ငါပြောဆိုသမျှကို လိုက်နာမှသာ ထင်စွဲဖြစ်ခြင်း၊ ဘုရားစသော အရိယာ ပုဂ္ဂိုလ်မြတ်တို့ သိအပ်မြင်အပ်သော အထိအယူမှန် ဂ[ဉာ]ဏ်ဉာဏ် ကို နှိမ်းစေ့ ခန့်မှ မရသည့် အတွက် ငါထင်လုံးစွဲချက် ပြင်း ထန် သည့် မှတ်လေ။

အတ္တ-ငါ-ဝါဒ ပြောဆိုခြင်း၊ ဥပါဒါန စွဲလမ်းခြင်း၊ ငါပြောဆိုသော ငါ့ဝါဒသာဟုတ်မှန်သည်ဟုအယူအစွဲပြင်းထန်ပုံကိုအတ္တဝါဒုပ္ပါဒါန်ဆို၏။ အဇ္ဈတ္တ-မိန္နာဒိဗ္ဗိခေါ်သော အကန်းမှား-အမိုက်မှား-ယောကျ်ားမိန်းများ တို့၏ ငါ-ငါပိုင်ဆိုသော အယူကို အတ္တဒိဗ္ဗိလဲခေါ်၏ အတူတူမှတ်လေ။

ယထာဘူတ ဉာဏ်မျက်စိနှင့် ပြည့်စုံကြသော ပညာရှင်တို့၏ ဟုတ်ရာ မှန်ရာ အယူသည် ငါ-ငါဟု-ခေါ်ဆိုစရာ အရှင်းမရှိ၊ ငါငါပိုင်ပြုလုပ် ထင် စရာ အရှင်းမရှိ၊ ပဇ္ဇပ်က- ငါ့ဝါဒ-သူ့ဝါဒဟူ၍ ငါသူထင်မှတ်၊ ထိုပဇ္ဇပ် က ထွက်ဆိုသမျှတွေလဲ ငါမဟုတ်၊ ထုတ်ဆိုလိုက်သော ပဇ္ဇပ်အာခေါ်င် အ တွင်းမှာလဲ ငါမရှိ၊ သူမဟုတ်-ဘာဟုတ်သနည်း၊ နာမ်သဘောနဲ့ ရုပ်သဘော ၂-ခုတို့၏ ရုပ်လိမ်ယှက်ထွေး ဖြစ်ပျက်ရေး အနိစ္စအမှန်သာဟုတ်၏၊ နာမ် နဲ့ ရုပ် ၂-သဘော စပ်နှောယှဉ်ပြိုင် ရင်ဆိုင်ရှေ့နောက်-ဖြစ်ချုပ်မှု စခမ်း သို့ သာ ရောက်နေကြသော သဘောသည်သာ ဟုတ်၏မှန်၏၊ ထိုအရိယာတို့၏ အသိဉာဏ် မှုမှန် မှုရင်းကို အလင်းမမြင်နိုင်သဖြင့်၊ ပုဂ္ဂိုလ် သတ္တဝါ ငါ

သူ-ဇီဝ ဇာတ္တိပုဂ္ဂိုလ်သဟု အထည်လိုက် အကောင်လိုက် အတုံးလိုက် အတစ်လိုက် အခဲလိုက် အစုလိုက် အပုံလိုက်ထင်မှားကြရ၏။

ထိုကဲ့သို့ ဉာဏ်အဟုတ်ရှာမရလို့ (နာမ်ရုပ်သဘာဝ) ကိုပင် ငါပိုင်ယောက်ျား၊ ငါပိုင် မိမ္မ ငါပိုင်လင်၊ ငှါပိုင်မယား၊ ငါပိုင်သွီးသားတွေနှင့် ငါပိုင်ဆိုင်သော စီးပွါးတွေဟူ၍ မြင်မြင်သမျှ၊ ရှိရှိသမျှ သက်ရှိခေါ်ရုပ်နာမ်၊ သက်မဲ့ခေါ် ရုပ်အစုတို့၌အပြည့်အနှံ့ (ငါလုံးတွေကို) ဖြန့်ချီထားကြ၏၊ ဥဒကြောင်းကစ ခြေခုံခြေဖျားအထိ အသားကြိုအသားကြားမှာ အရိုးကြိုအရိုးကြားမှာရိုးတွင်းချဉ်ဆီထဲမှာ မွေးညှင်းခေါက်တိုင်းမှာ (ငါအပြည့်အကြပ်) ပိုင်နက်ကြီးတခုလုပ်၍ထည့်သွင်းထားကြ၏၊ ငါဆိုသော ခရိုင်ဌာနချုပ် အတ္တဝါဒုပ္ပါဒါန် သရုပ်ကို ဟုတ်ဟုတ် ညား ညား ထင်ထင်ရှားရှား ဉာဏ်စာရင်းဖြင့် မှန်လင်း၍ ရေးလိုက်သည် အဲဒါ အာလောက။

ပြဆိုရေးသားခဲ့သော-ဥပါဒါန် ၄-ချက်တို့၏ ဘာသာပြန်ကို ပညာ ရှိ ကြေနပ် လူပြိန်းသိအပြတ် သိမှတ်ဘို့ တခမ်းရပ်ကပြီ။

## ဥပါဒါနက္ခန္ဓာ-ဘာသာပြန်မှာ

ပုဂ္ဂိုလ် သတ္တဝါဟူ၍ တဏှာစွဲ ဒိဋ္ဌိစွဲ ၂ စွဲကိုဆိုသည်- ၁ ကာမုပ္ပါဒါန်ကို တဏှာမှတ် ၂ ဒိဋ္ဌုပ္ပါဒါန် ၃ သီလဗ္ဗတုပ္ပါဒါန် ၄ အတ္တဝါဒုပ္ပါဒါန် နောက်-၃ မျိုးကို ဒိဋ္ဌိဘဲ မှတ်လိုက်-ဥပါဒါန်လေးပါးကို တရားကိုယ်ကောက်သော် တဏှာနဲ့ဒိဋ္ဌိ ၂ ပါးသာရ၏ ခန္ဓာငါးပါး၌တဏှာစွဲနှင့် ဒိဋ္ဌိစွဲ ၂ စွဲကို ဥပါဒါနက္ခန္ဓာမှတ်ကြ ပြောင်တဲ့တဲ့ပြောရလျှင် အန္ဓဗာလ တို့ရဲ့ ခန္ဓာကိုယ်ကြီးကို ဥပါဒါနက္ခန္ဓာဆိုသည်-

## သံခိတ္တေန-ပဉ္စုပ္ပါဒါနက္ခန္ဓာပိ-ဒုက္ခာ

အကျဉ်းအားဖြင့် ဝါအတိုချုပ် ဝါလိုရင်းမှာ ဥပါဒါန် ရှိသော ခန္ဓာ ငါးပါးဟာ ဒုက္ခအစစ်မှတ် ဥပါဒါန်မရှိသော ခန္ဓာ ငါးပါးဟာ ဒုက္ခမှ လွတ်ပြီမှတ် ပုဂ္ဂလနဲ့သိလိုပါက အန္ဓဗာလ၏ ခန္ဓာကိုယ်ကြီးဟာ အကြီးဆုံး ဒုက္ခမှတ်လိုက် အရိယာတို့၏ ခန္ဓာကိုယ်ကြီးကို- ဒုက္ခဟုမယူရ ဘာပြုလို့- ဒုက္ခတုံးဖြစ်သော်လဲ ဒိဋ္ဌိစွဲပြတ်လို့ တထစ်တက် တဏှာစွဲဖြုတ်ပြစ်လို့ခန္ဓာ ဒုက္ခအတွက် ဝန်မလေးတော့ပေ ဝန်ထမ်း ပေါ့နေပြီ နောက်တထစ် ခက် တယ် ဒုက္ခဝန်ထုပ်ကျပြီလို့ဆိုထိုက်၏-

အန္ဓဗာလ ဥမ္မတ္တကတို့ကား- ခန္ဓာငါးပါးကို- ဇာတ္တိပုဂ္ဂိုလ်သ ဇီဝထင်သမျှ- ဥပါဒါန် ၄ စုံတွဲနှင့် ၃၁ ဘုံ-လောက ဒုက္ခတလစစ်ခဲကြဲလာထဲမှာ အမြဲတမ်း ငုတ်၍ နစ်မြုတ်ကြလေသည်-အန္ဓဗာလတို့ကို- ကြည့်မြင်ရဒါ ဘာကိုဘဲလုပ်

လုပ် ဘာကိုဘဲကြိုကြို ဘယ်နည်းဘယ်ပုံ-ငွေတွေအကုန်ခံ လူတွေကိုအပင်ပန်းခံသော်လဲ ဒုက္ခတွင်းမှ ခံထွက်လိုက်ထာ ဒုက္ခနယ်သို့ ရောက်၊ဒုက္ခနယ်ကတဆင့်ပြောင်းရွှေ့ပြီးနေရတော့ဘာလဲ ဒုက္ခမြို့ ဒုက္ခရွာ ဒုက္ခရပ်ကွက်-တနည်း- ခန္ဓာငါးပါးဟာ ဒီနည်း ပါကလားလို့ မသိတတ် မဆင်ခြင် မသုံးသတ်တတ်သော အန္ဓပုထုဇ္ဇန အကန်းအရူးဆိုဒါ ဒုက္ခထဲက ထွက်မြောက်အောင် ထွက်ပေါက်ကို ရှာလိုက်ထာတွေ့တယ် ဘာလဲဝင်ပေါက်-

တနည်း- ဥပါဒါနက္ခန္ဓာဆိုဒါ- ပါဠိလိုပြောတယ်- ပါဠိဘာသာ ခေါ်တယ်- နားလည်ခဲတယ်မှတ် ဘာသာပြန် တဲ့တဲ့လင်းလင်းပြောမယ်- ဥပါဒါနက္ခန္ဓာဟာဘာသူလဲ- အန္တကိုခေါ်သည့် အန္တရဲ့ နာမည့်တမျိုးမှတ်လေ-ဒီလိုသုံးလျှင် မကြိုက်မှာစိုးလို့ ဟိုလိုလှဲ့သုံး ဒါပါဘဲ- နားထောင်ယောဂီဟော့အန္တလို့ခေါ်လျှင် ရှေးကတော့နားမလည်ပါဘူး-ယခုဝိပဿနာခေတ်မှာတော့ အန္တရဲ့ဘာသာပြန်ကို တကယ်နားမလည်ဘူးဆိုပေမဲ့ ငါ့ကို-အလကား အကောင်ဆိုဒါဘဲ ခေါ်ဒါဘဲလို့တော့- ရိပ်မိတယ် နာလဲနာသွားတတ်တယ်- ဒါကြောင့်- နာမှာစိုးလို့ ယုတ်တရက် နားလဲမလည်အောင်-

## သံခိတ္တေန-ပဉ္စ အန္တဗာလခန္ဓာပိဒုက္ခာလို့မဆိုနဲ့ သံခိတ္တေန-ပဉ္စုပ္ပါဒါနက္ခာပိဒုက္ခာ လို့ဆိုကြ

အန္တဗာလတို့ကိုဥပါဒါနလဲခေါ်တယ် ဥပါဒါန်ကြီးလဲခေါ် ဦးင်၏-စွဲလမ်းကြီးလဲမှတ်တော့ အစွဲတမ်းလမ်းကြီးလဲမှန်၏ ကိုစွဲ မစွဲ ဦးစွဲ- ဒေါ်စွဲ-လို့ခေါ်ရင်လဲဟုတ်ထာဘဲ- ဒုက္ခကောင်ကြီးလို့ ဘုရားကဟောတော်မူသည့် ဒီပုံစဉ်းစားကြ-

၁။ မြို့ချုပ်-နယ်ချုပ်-စသော-မင်းကြီးတွေဟာ-ဒုက္ခရဲမှူးအစစ်

၂။ ပြည်ပိုင်-တိုင်းပိုင်- ပဒေသရာဇ် ဘုရင်မင်းတွေဟာ ဒုက္ခခရိုင်မှူးအစစ်

၃။ တကျွန်းပိုင်-ဒီပရာဇ်ခေါ်- ဧကရာဇ်မင်းတွေဟာ ဒုက္ခကျွန်းအုပ်အစစ်

၄။ လေးကျွန်းလုံးကိုစိုးအုပ်သောစကြာမင်းကြီးက လူပြည် ဒုက္ခမိုလ်မှူးချုပ် အစစ်

၅။ နတ်တို့ရဲ့ဘုရင် သိကြားမင်းကြီးက ဒုက္ခထောင်မှူးကြီးအစစ်

၆။ ဗြာန်သမာပတ် တံခိုးအကြီးဆုံး ဗြဟ္မာမင်းကြီးက ဒုက္ခတာဝန်ခံမင်းကြီးချုပ်

၇။ ဓနရှင် သူဌေးကြီးတွေကိုတော့ ဒုက္ခအတွေတွေ အတွင်းရေးမှူး ချုပ်မှတ်လိုက်

လူမင်း နတ်မင်း ဗြဟ္မာမင်း သူဌေးမင်းတွေမှအစ အန္ဓဗာလဟူသမျှတို့ကို ဆင်းရဲသားတွေဟု ဟောတော်မူသည့် ယောဂီ သဘောကျအောင်စဉ်းစား- - လူဆင်းရဲလူပွဲနတ်ဆင်းရဲနတ်ပွဲဗြဟ္မာဆင်းရဲဗြဟ္မာပွဲသူဌေးဆင်းရဲသူဌေးပွဲမှတ်ကြလေ- အဘယ့်ကြောင့်ဆိုသော်ကိုယ့်စည်းစိမ်ကိုယ်ရကိုယ်ဘဲဖျက်၊ ကိုယ့်ဂုဏ်ထူးကိုယ်ရှာ- ကိုယ်ကဘဲ ဖျောက်ပြစ်ကိုယ့်ခန္ဓာကိုယ်ဘဲဖြစ်ဘို့ဆုတောင်းတယ်၊ကိုယ်ဘဲ သေအောင်ပြန်လုပ်တယ်၊ကိုယ်ဘဲသေနေတတ်တယ်၊ ကိုယ်ဘဲ သေပြတတ်တယ်၊ ဒီအန္ဓဗာလတို့ဟာ ကိုယ့်အလေ့-ကိုယ်မဖြုတ်၊ကိုယ့်အလုပ်ကိုယ်ဘဲလုပ်ပြီး ကိုယ့်အရှုပ်နဲ့ ကိုယ်ဘဲ ပူကိုယ့်အယူနဲ့ ကိုယ်သေတယ်မှတ်၊ ဘာပြုလို့ အန္ဓခေါ်သလဲ၊သွားလမ်းလာလမ်း- ဝင်လမ်း ထွက်လမ်း- ဒီဘက်ကမ်း- ဟိုဘက်ကမ်း- ခြေထောက်ကို ဘယ်လှမ်းရာ ညာလှမ်းရာဌာနကို အရှင်းမမြင်။

အန္ဓမှန်သမျှ တရုပ်လှေစီးမတတ်သလို လှုပ်လေမြုပ်သေ ခြင်းကြားနှင့်ရေခပ်သလို ဘယ်ဟာ အရှေ့—အနောက်က ဘယ်မှာ အထက်နဲ့အောက်ကိုလဲ မျက်စိအရှင်းမမြင်၊ ဘာကို မမြင်သလဲ၊ဆင်းရဲဒုက္ခတို့ကို မမြင်သည်မှတ်လေ၊ချမ်းသာဘို့ပစ္စည်းရှာသော်လဲ အန္ဓသည် ဆင်းရဲသား ဒုက္ခိတပါဘဲ၊ သူများအထက်က နေပြီးစိုးမိုးအုပ်ချုပ် ပြည်ပိုင် တိုင်းပိုင် ဘုရင်လုပ်ပြပေမဲ့ လူ့ဘဝက အဆင်းရဲဆုံး ဒုက္ခအကြီးတန်းစား ဘဝသို့ လူမင်းကြီးမှ နတ်မင်းကြီးသို့ နတ်မင်းမှတဆင့်၊ ဒုက္ခဘန်းအမြင့်ဆုံး ဗြဟ္မာမင်းကြီးသို့ ဒုက္ခမီးခဲ မီးတောက် မီးလျှံတို့သည် အမြဲတောက်လောင်လျက်နေသည် ယောဂီတို့— မွေးပြီးသေ—ဖြစ်ပြီးပျက်ပြ၊ ဒါ့ကြောင့် ဥပါဒါန် ရှိသမျှ ဒွိခန္ဓာဒုက္ခ-အဲဒ့ါ တွဲတွဲဟောပြ အာလောက။

## ဒုက္ခဥပမာ-ဆားငံရေ

ပင်လယ်သမုဒ္ဒရာ ရေပြင်တခုလုံးသည် ဆားငံရေဖြစ်သည်၊ ကမ်း စပ်မှာ ရေလယ်မှာ- ဝဲစပ်မှာ- ဝဲလယ်မှာ ဘယ်နေရာကိုမဆို သေ:က် ကြည့်လျှာနဲ့လျှက်ကြည့်ပါတို့ကြည့်စမ်းပါ၊အချိုသကြားရည်တစက်မျှမတွေ့နိုင်မတွေ့ရ၊ ရေမှန်သမျှ အငံချည်းဘဲမှတ်၊ ထိုဆားငံရည် သမုဒ္ဒရာထဲသို့ နေ့စဉ် ပျားရည် သကြားရည် ကြံရည် ထန်းလျက်ရည် စသော အချိုရည် တို့ကို သွန်းလောင်း၍ ချပါ၊ ငံမြဲတိုင်းပါဘဲ မချိုပါဘူး။

ယောဂီ·ယခုလက်ရှိ ခန္ဓာကိုယ်ကြီးဟာ သုခန္မမ်းတလုံးခန့်မပါ ဒုက္ခ အပြည့်အနှံ့ဟု မြင်အောင်ကြည့်မှ အာလောက- ဆံပင်အတွက် ခြေသည်းလက်သည်းအတွက် မျက်စိအတွက် နားအတွက် ဒုက္ခကြီးပုံကို ရိပ်မိစမ်း

ပါ (ဆန်စင်ရာ-ကျည်ပွေ့မလိုက်နဲ့) ဒိဋ္ဌိခန္ဓာတကိုယ်လုံးမှာသာရှာပါ၊ စီးဖြင်မထွက်ပါနဲ့၊ နှာခေါင်း-ပဇာပ်ခံတွင်း လျှာအတွက် ဥက္ကောင်း တခုလုံး အတွက် မခံသာအောင် မနေနိုင်အောင် ဆေးထိုး ကုသသော အခ ပေး ငွေဘယ်မျှကုန်သလဲတွေး၊ ကုန်လို့ သက်သာရော၊ ဥက္ကောင်း ဒုက္ခ ပြီးဆုံး ရဲ့လား၊ ပဇာပ်တွင်းရှိ မပြတ်တလစပ် စားဝါးနေသော သွားတွေ အတွက် ဆင်းရဲမှုကို ရေးစရာမလို၊ အထက်ပိုင်း ဥပရိမကာယ၌ ဥပါဒါနက္ခန္ဓာ၏ ဒုက္ခကို အရိပ်ပြ-အဲဒါအာလောက-

## ဒုက္ခဥပမာ-အိမ်သာတွင်း

အိမ်သာတက်လျှင်-တနည်း၊ နောက်ဖေး သွားသော်-တနည်း၊ ကျင်ကြီးစွန့်သောအခါ မစင်အနံ့ထဲမှာ ရေမွှေးနံ့-တနံ့မျှမပါဘူး၊ ထိုအိမ်သာ မစင်ဘင်ပုတ်တွင်းထဲ ကျင်းထဲ ပုံးထဲ ဇလားတဲသို့ ရေမွှေးလောင်းချပါ၊ မမွှေးပါဘဲ အပုပ်နံ့ဟာ အပုပ်နံ့ အစစ်ဖြစ်ရဒါဘဲ ယောဂီ- ဒိဋ္ဌိခန္ဓာဟာ အပိ ဝမ်းတွင်း၌ ဖြစ်စကတဲက ဆင်းရဲသားအစစ်မှတ်-

သားအိမ်တွင်း၌ သွေးပုတ်သန္ဓေနေရသူဟာသူဌေးမဟုတ်ပါဘူးသူများတွေ၏ ဝမ်းဗိုက်တိုင်း၌- သန္ဓေ စွဲကပ်တည်နေရသော အန္ဓ အကန်းရဲ့ဒုက္ခကို၊ အန္ဓမသိ၊ ဒါကြောင့် အကန်းဆိုသည်မှတ် မစင်တွင်း၌ ရေမွှေးနံ့အရှင်းမပါသလို အန္ဓယောက်ျား အန္ဓမိန်းမတို့ရဲ့ ခန္ဓာတကိုယ်လုံးကြီးဟာ သုခတုံးအပ်တလုံးခန့်မရှိ ဒုက္ခတုံးအပြည့်ဟုတွေးလေ (အလယ်ပိုင်း မဇ္ဈိမကာယ) အန္ဓဗာလတို့၏ ဥပါဒါနက္ခန္ဓာ၌ ဒိပုံတွေးကြည့် လယ်တိုင် လယ်ဘင်း လယ်မျှိ ပခုံးလက်ရုံး ရင်သား ကျောသား ဝမ်းဗိုက် ဝမ်းတွင်းရှိ အူအသဲနှလုံးသား စသည်တို့ကို ဒုက္ခအစုအပုံတို့ချည်းသာမှတ်

အလည်ပိုင်း တပိုင်းလုံးရှိသော အရိုးစု အသားဆိုင် အကြော အသွေး ကျင်ကြီးကျင်ငယ် စသော ယောက်ျားခေါ် ဆိုထားသော ကြိယာစု မိန်းမဟူ၍ သမုတ်ထားသော ကြိယာ အစုဟူသမျှကို အန္ဓဗာလတို့က စွဲလမ်း ထင်မှားထားလို့ ဒုက္ခခန္ဓာဟု ဟောတော်မူသည်-

(အောက်ပိုင်းဟေဋ္ဌိမကာယ) အရိုးအကြောအသွေးအသားဆိုသမျှတွေထဲမှာ သုခဖြစ်တို့ရှာကြပါမိမိ၏ကိုယ်ခန္ဓာ အောက်ပိုင်းကို တပိုင်းတဌာနခွဲ၍ တွေးကြ ဒုက္ခဖြစ်သော ဘေးအစုအပေါင်းဖြစ်သော ကိုယ်ခန္ဓာ အတ္တဘောကြီးရဲ့အစိပ်အပိုင်းအလုံးစုံ ခြေခုံခြေချောင်းအထိ- သုခလုံးဝမရှိ- ဒါကြောင်

အိမ်သာမစင်တွင်းနှ၌ရှိသောအပုတ်နံ့ထဲမှာ ရေမွှေးနံ့ လုံးဝမရှိသကဲ့သို့အလွန်သီးမခံနိုင်သော အပုတ်နံ့ တွေသာ သန့်သန့်နေသလို ဤအောက်ပိုင်း ကိုယ်ကာယ အစုဇပုံထဲမှာလဲ ဆင်းရဲရ အစစ်အမှန် ဖြစ်ကြောင်း (သံခိတ္တေန ပဉ္စုပ္ပါဒါနက္ခန္ဓာပိ- ဒုက္ခာ) ဟု ဘုရားရှင် အမိန့်ရှိတော်မူသည်ကို ဆရာက လူပြိန်းဆိတ်ဲ့ တဲ့တဲ့ရေးပြ အာလောက-

အနုဗ္ဗာလတ်ော့ ဥပါဒါနိစ္စရှိသောခန္ဓာဒုက္ခကို ပြဆိုပြီး၍ ဥပါဒါနိစ္စကင်းလွတ်အောင် ခန္ဓာငါးပါးသန့်သန့်ကို ပုဂ္ဂလသတ္တဇီဝမဟုတ် ဈတ္တိပုရိသအရှင်းမဟုတ်ကြောင်းမဂ္ဂသစ္စာလမ်းကောင်းကိုရေးမည်ဥပါဒါနိစ္စကင်းသည်နှင့် တပြိုင်နက် ဒုက္ခကွင်းလုံးကျွတ် လွတ်ရလေ၏ ဥပါဒါနိစ္စမှာ ရှေးကပြဆိုခဲ့သည့်အတိုင်း တဏှာစွဲ ဒိဋ္ဌိစွဲ ၂ မျိုးရှိ၏ ဘာသာပြန် ဘွင်းဘွင်းပြောရသော် ချစ်စကို တဏှာမှတ် ချစ်စွဲကိုဒိဋ္ဌိမှတ်-

လောကစကား အသုံးအတိုင်းပြောရလျှင် တဏှာကအောက်က ဒိဋ္ဌိကအပေါ်ကဖြစ်သည် ချစ်စတဏှာပေါ်၌ ချစ်စွဲဒိဋ္ဌိ ကဆင့်၍နေသည်စဉ်းစားလေ တဏှာဆိုသည်မှာ နှစ်သက်ခြင်း ချစ်ကြိုက်ခြင်း အလိုရှိခြင်းကိုမှတ်- ဒိဋ္ဌိဆိုသည်မှာ အထင်မှား- အမြင်မှားခြင်းကိုမှတ်- ချစ်ခင်နှစ်သက်သော- ၁ အချက်အရင်းခံကိုခေတ္တထား-ချစ်ခင်စရာထင်မှားသော ၂ အချက်အပေါ်ထပ်ဒိဋ္ဌိ ခွါကြရမယ် အပေါ်အထပ်အဆင့်ကို ရှေးဦးစွာ ဖျက်ပြစ်ရမယ်-

တနည်း ကာမုပ္ပါဒါနိကို နောက်ထား ဥပါဒါန် ၃ ပါးပေါင်းချုပ်ဒိဋ္ဌိပြုတ်ဘို့ ရှေးဦးစွာအရေးကြီးသည်မှတ်လေဒိဋ္ဌုပ္ပါဒါန် သီလဗ္ဗတုပ္ပါဒါန် အတ္တဝါဒုပ္ပါဒါန် ဟု ဘာ့ကြောင့် ၃-မျိုးခွဲ၍ ဒိဋ္ဌိတလုံးကို ဘုရားဟောပါသလဲ ပုဂ္ဂိုလ်တို့၏ စရိုက်အားလျော်စွာ ပုဂ္ဂလဇ္ဈာသယ ဒေသနာအရ ဒိဋ္ဌိတလုံးပင်ဖြစ်သော်လဲ မှားပုံမှားနည်းက ၃ မျိုး ၃ စားရှိသောကြောင့် ဝေဘန်၍ ဟောတော်မူသည်မှတ်လေ-

ရှင်းရှင်းပြောရလျှင် ဒိဋ္ဌိပယ်ဘို့ ၁ အချက်အရေးကြီးသည်ယောဂီ ဒိဋ္ဌိဆိုဒါမိစ္ဆာ ဒိဋ္ဌိပါဘဲ မိစ္ဆာဒိဋ္ဌိမှ သမ္မာဒိဋ္ဌိသို့ ကူးပြောင်းသွားခဲ့လျှင် ဥပါဒါန်ကင်းသော ခန္ဓာငါးပါး ရိုးရိုးသာကျန်တော့၏ သမ္မာဒိဋ္ဌိဉာဏ်ကိုရပိုင်လျှင် ဥပါဒါန် ၄ ပါးတို့ကိုအုပ်ချုပ်သော ဒိဋ္ဌိကင်းပြတ်ပြီမှတ်လေ ဤကားကျမ်းဂန် ဥပဒေနှင့် အညီ ပြဆိုလိုက်သော အချက်မှတ် မိစ္ဆာဒိဋ္ဌိ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အတူဘဲယူလေ- ဥပါဒါ နက္ခန္ဓာ၌ လောဘ ဒေါသ မောဟ တို့ ကိမ်းအောင်း၍တနည်း- တဏှာမာနဒိဋ္ဌိတို့၏နေရာဖြစ်သည် တနည်း တဏှာနဲ့ ဒိဋ္ဌိ ၂ ပါးတို့သာမင်းမူ၏ တနည်း- ဒိဋ္ဌိတလုံး၏ဌာနချုပ်အစစ်

တထစ်ကျမှတ်လေ- ခန္ဓာငါးပါးသန္တာန်ကို ဇာတ္တိထင်မှား၍နေ၏ ပုဂ္ဂိုလ်သ ထင်မှား၍နေ၏- ဇာတ္တိပုဂ္ဂိုလ်သ အထင်မှားခြင်းကြောင့် အချစ်အစွဲ ပြင်းထန်သည်ဟုဆင်ခြင်လေ- အချစ်အစွဲပေါ်ရေ့အောင်- ဇာတ္တိပုဂ္ဂိုလ်ကားအရှင်းမဟုတ်မမှန် ခန္ဓာငါးပါးတို့သာဟုတ်မှန်ကြောင်းကို ကြိုးစားအားထုတ်ကြရမည်ဟူလို-

သံဝေဂဒုက္ခ-ရှစ်ပါး-သုတ္တံနည်း -နှင့်- ဥပါဒါနက္ခန္ဓာဒုက္ခတို့ကို- ဒုက္ခသစ္စာဟူ၍မှတ်ကြ- ဘာ့ကြောင့် ဒီဒုက္ခတွေဖြစ်ရသလဲ- သမုဒယခေါ်သော တဏှာကြောင့်ဖြစ်သည်ဟုမှတ်စဉ်းစား- ကိုယ်သမုဒယနဲ့- ကိုယ့်ဒုက္ခအမှန်ကို ရှာလေ ဒုက္ခအမှန်၏ဖြစ်ကြောင်းလက္ခဏာကား- သမုဒယအမှန်တည်းကိုယ်ချစ်လို့ကိုယ်ဘဲဆင်းရဲသည်- ကိုယ်ခန္ဓာဆင်းရဲတို့လမ်းခရီးကို- ကိုယ်ဘဲအချစ်စခန်းနှင့် ထွင်ပြင်ခဲ့ပြီး ကိုယ်တိုင်ဘဲအသွားအပြန်လုပ်၍အဖန်ဖန်အခေါက်ခေါက် လမ်းရှောက်နေသည်ဟု- ပေါ်အောင် ကြောက်အောင်တွေးလေတိုင်ပင်လေ အချစ်စခန်းကုန်လျှင် ဆင်းရဲသားအဖြစ်မှလွတ်မယ်-ချစ်ခင်စရာအရှင်းမဟုတ်ဘူးလို့ အယူမှန်လျှင်- ချမ်းသာသော ခရီးလမ်းစသို့ ရောက်ရပြီလို့ စမ်းသာကြ ချစ်ကြိုက်ထားမှန်သမျှကို- သမုဒယသစ္စာခေါ်သည်- မီးခိုးမဆုံး-မိုးမဆုံးအောင် ဘေးတွေ့ရခြင်း-ကိုယ်စိတ် ၂ ဖြာပင်ပန်းဆင်းရဲခြင်း အမှန်ဟူသမျှကို- ဒုက္ခသစ္စာခေါ်သည်-

ဒုက္ခ သမုဒယ သစ္စာ ၂ ပါးတို့၏- ချုပ်ငြိမ်းရာကို- နိရောဓသစ္စာမှတ်နိဗ္ဗာန်မှတ်- ချစ်ခင်တွယ်တာ ကပ်ငြိလို့သာမိမိမှာ ခန္ဓာဒုက္ခကြီးကိုရပြီး ထိုခန္ဓာ ဒုက္ခနှင့်အရင်းပြုပြီး- သမုဒယအသင်း- ဒုက္ခအသင်းကြီးတွေ တည်ထောင်ဖွဲ့စည်းထားသော ကိုယ့်အဖွဲ့ကို ပြန်တွေးကြလျှင် ကိုယ်တိုင်ပင်မသိခြင်ရောင် မမြင်ခြင်ရောင်ဆောင်လို့မဖြစ်-ချစ်စရာထင်ကြလို့ ချစ်ကြိုက်ကြသည်-မျက်စိနဲ့တဲ့တဲ့ဖွင့်ကြည့်လို့ရှိလျှင် ချစ်ခင်စရာလုံးဝမဟုတ်ဆိုဒါ ကိုယ်တိုင်သိနိုင်ကြ၏-တရားလိုမှ တရားကိုရှာကြသည်- မယားလိုသူတို့ကတော့ မယားကိုရှာ မယားရကြ၏- တရားလိုသူမှန်ပါက မယားမတွေ့ တရားကိုသာတွေ့ရ၏-လင်ကိုလဲမတွေ့မမြင် တရားကိုသာတွေ့မြင်ကြရ၏-မယားနဲ့လင်မတွေ့-တရားအစဉ်တွေ့လို့-ဒုက္ခမီးပူငြိမ်းလျှင်-နိရောဓသစ္စာမှတ်လေ-နိရောဓသစ္စာသို့-ဆိုက်ရောက်ရာလမ်းစဉ်မှန်မှသာနိဗ္ဗာန်ခေါ်သောနိရောဓမည်၏- ပရိယတ်ဥပဒေအရ စာသုံးပြောရလျှင်- မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာခေါ်သည်- ပဋိပတ်စာသုံးပြောရလျှင်- အတ္တဒိဋ္ဌိ-မရှိ-အနတ္တပညာဉာဏ်သန္တာန်ကို- မဂ္ဂသစ္စာခိုသည်မှတ်- ဘာသာပြန်လျှင်ငြိမ်းသိတို့မှာ- အပူငြိမ်း

ရာတရားအမှန်ကို မဂ္ဂသစ္စာဟုပုဒ်ပြတ်မှတ်- ယခုသင့်ရုံမျှပြခဲ့သော- သစ္စာလေးပါးတို့ကို အရိယာသစ္စာဟူ၍ခေါ်ကြ၏ ဘာ့ကြောင့်-အရိယာဉာဏ်ကိုရမှသာ သိမြင်ရသည့်ဖြစ်သောကြောင့်တည်း

အရိယာတို့၏ဉာဏ်၌ အမြင်မှန်ဖြစ်သော- သစ္စာလေးပါးကို ပုထုဇန်တို့က စာထဲပါလို့ စာသင်ဘူးလို့သိသည်ဖြစ်စေ တရားဆင်ခြင်ခိုက်မှာသိသည်ဖြစ်စေ အရိယာတို့က ဟောပြလို့ ဘဲသိသိ- လောကီသစ္စာဟုခေါ်သည်- အရိယာဉာဏ်သို့ဆိုက်ရောက်သော- သစ္စာတရားကို- လောကုတ္တရာသစ္စာဟူ၍ မှတ်ကြကုန်ရာ၏-

ဥပါဒါနိမကင်းသောအန္တဗာလတို့၏ ခန္ဓာငါးပါးကို ဒုက္ခအစစ်ဟုဘုရားဟောတော်မူသည့်အတိုင်းအမြွက်မျှရေးပြီးခဲ့ပြီ ဘာ့ကြောင့်-ဥပါဒါနက္ခန္ဓာအတွက်ရေးပြရပါသလဲ ဒုက္ခသစ္စာကိုသိစေတို့ရေးသည်- ပထမဇာတိက- စသော ဒုက္ခရှစ်မျိုးသည် ဒုက္ခသစ္စာ မဟုတ်ဘူးလား- ပုဂ္ဂိုလ်သတ္တဝါနှင့်- သက်ဆိုင်သောကြောင့်- သုတ္တံ နည်းအရ ဒုက္ခ သစ္စာခေါ်သည်- ထိုသံဝေဂ ဒုက္ခရှစ်မျိုးတို့၏ ဖြစ်ပေါ်ရခြင်း အကြောင်းရင်းအချုပ်မှာ၊ ဥပါဒါနက္ခန္ဓာသည်သာဒုက္ခဋ္ဌာနချုပ်ဖြစ်၏၊သို့အတွက်အဘိဓမ္မာနည်းအရ ခန္ဓာငါးပါးဖြစ်၏ ထိုခန္ဓာငါးပါးကို ပုဂ္ဂလသတ္တထင်မှားကြ၏၊ပုဂ္ဂလသတ္တတို့ကား ပင်ရင်းဋ္ဌာနမဟုတ် ခန္ဓာငါးပါးကိုသာ ဒုက္ခဋ္ဌာနချုပ်အစစ်မှတ်ကြတို့ရာ ( သံခိတ္တေန ပဉ္စုပ္ပါဒါနက္ခန္ဓာပိ ဒုက္ခာ ) ဟူ၍ ဟောတော် မူသည့် အဘိဓမ္မာနည်းဖြစ်သော ခန္ဓာငါးပါး ဒုက္ခကိုလဲ ဒုက္ခသစ္စာ မှတ်လေ ပေါ်လွင်ထင်ရှားလို့သုတ္တံဆို၏၊ ခက်ခဲနက်နဲလို့ အဘိဓမ္မာဆို၏။

အရိယာတို့သည် သိမြင်သော ခန္ဓာငါးပါးသဘောကို ထင်ရှားအောင် ဆရာကဟောပြမည်၊ မိမိခန္ဓာမှာတွေး ဝေဘန် ဆင်ခြင် အရိယာ အဖွဲ့သို့ ဝင်လိုပါကအရိယာတို့၏စည်းမျဉ်းကိုသာလိုက်နာလေ့လာကြရမယ် ပုထုဇန်အဂူးတို့၏အလေ့မှန်သမျှ တစတစပယ်ပျောက်ကြရမယ် ပုထုဇန်တို့၏ အလေ့ကို တမင်အောင့်ပြီးပျောက်ဖျက်လို့မရ၊ အရိယာဖြစ်တို့ လေ့လာ တွေးကြံနေသော ဉာဏ်အမြင်ကပင် ပုထုဇန်တုံးကအယူဝါဒတို့ကို ပယ်၍ ပယ်၍ပြစ်လိမ့်မည့်မှတ်လေ။

ဥပမာ တံငါမုဆိုးတို့၏ သားသမီးများကို လူဆရာ၏စာသင်ကျောင်းမှာဖြစ်စေ သက်နီးဝတ် ဘုန်းကြီးကျောင်းမှာဘဲဖြစ်စေ ပညာ သင်ကြားရန်အပ်နှံ၍ ထားသည်ရှိသော် ထိုဆရာများက သွန်သင်ဆုမ္မသော စကားများသင်ကြား ပြသသော စာဘတ်ပညာ အတွက်အချက် စသော ယဉ် ကျေးလိမ္မာမှုကိုသာ တတ်မြောက်ကြရမည်၊ ထိုကဲ့သို့ လိမ္မာယဉ်ကျေးနိုင်သော

ပညာများကို မသင်မကြားရလျှင် မိဘတို့၏အလေ့အလာ ရပ်သူရွာသား တို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာအလုပ်မျိုးတို့ကိုသာ အတုလိုက်ကြမည်မှာ မလွဲ၊ မိဘများကလဲ မိမိတို့၏ အလုပ်အကိုင် လုပ်ရိုးလုပ်စဉ် ဖြစ်သော ငါးသတ်ဖါးသတ်စသော ချောင်း-အင်း-မြစ်တို့၌ လေ့လာကျက်စားသော တံငါအလုပ်၊ မိဘတို့၏လက်ဝတ်လက်ရင်းကိုသာ သင်ကြားကြမည်။

မိဘမှဆိုးတို့၏သားသွီးတို့ကလဲ မိဘတို့၏ထုံးနှိသျကိုသာအမှိသဟဲပြု၍ အားကိုးတချဖြင့် အတုလိုက်ကြရမည်မလွဲ၊ မိဘများကလဲ လုပ်ကိုင်စား သောက်နေကြဖြစ်သော ဓါး- လှံ-ပိုက်-ကွန်-ညွတ်ကျော့ကွင်း- ဒူးလေး သေနပ်စသောလက်နက်ကောင်းတို့နှင့် သတ္တဝါကောင်း အားခွန်ဗလကောင်း သော ခွေးများတို့ကို ထိမ်းသိမ်းပုံ မွေးမြူပုံ တိုက်ပုံ ကိုက်စေပုံပြစ်ခပ်နည်း သတ်ဖြတ်နည်းတို့ကိုသာ သင်ကြားကြမည်။

ထိုဉပမာအရ ပုထုဇ္ဇန အမိအဘတို့၏ သားသွီးတို့ကို အရိယာ ဆရာ တို့၏ထံမှာ အပ်နှံ၍ထားကြရမည့် အရိယာ ဆရာအစစ်တို့၏ထံက ပညာ အသိဉာဏ် အမှန်ကို ကိုယ်ပိုင် တတ်မြောက်ကြလျှင် အရိယာတို့၏ပြောဆို နည်း ဆိုဆုံးမနည်း နေထိုင် စားသောက်နည်းမှစ၍ လေ့လာကြရမယ် အရိယာဆရာတို့၏ အလေ့အကျင့်မျိုးကို လေ့လာပွားများသော အထူး ဝိသေသ ဗဟုသုတပညာတို့ကို သင်ကြားတတ်မြောက်ခဲ့သည့်ရှိသော်-

ပုထုဇ္ဇန အမိအဘတို့၏ မိရိုးဖလာဖြစ်သောအကြမ်းအလုပ် အကိုင် ဟူ သမျှကို မလုပ်မကိုင်နိုင်တော့ပေ ပုထုဇန်မိဘ တို့၏ အလေ့အကျင့် ဓမ္မ တာသည့် ကံထိုက်ချမ်းသာတို့ အလုပ်တို့သာဖြစ်ကြကုန်၏ လယ်လုပ်ခြင်း ကုန်အရောင်းအဝယ် လုပ်ခြင်း စသော ကာယဗလ အားကိုး ဖြစ်သော အကြမ်းလုပ်ငန်းတို့ သာဖြစ်၏ အင်မတန်ပင်ပန်း၍ ခေတ္တခဏမျှ မနားရ သော အလုပ်ကြမ်းတို့နှင့် အသက်မမွေးလိုပါက ကျောင်းဆရာတို့ထံက၊ ပညာကို သင်ကြားပြီး ပညာနှင့်အသက်မွေးကြလျှင် လက်ငင်းသက်သာ ခွင့်ကိုရဘိသကဲ့သို့-

ပုထုဇန်အမိအဘနဲ့ ရှေးရိုးကျသော ရပ်သူရွာသားတို့၏ အလုပ်က ဘာ လဲ လူ့ပြည်သို့ ရောက်လာလျှင် မွေးတဲ့မိဘတို့၏ စရိုက်ကို အာဘုယူကြရ တယ် သို့မဟုတ် ဇမ္ဗူရွာလုံး တမြို့လုံးမှာ ရှိကြသော ပုထုဇန်တို့၏ လုပ်ငန်း လမ်းစဉ်ကိုသာ နောက်သား နောင်လာ သားသွီးတို့ကအတုနမူနာယူခြင်း။ အားကိုးအားထား ပြုခြင်းဖြစ်ကြရ၏ ပုထုဇန်တို့၏ အလေ့အကျင့် ဘာလဲ အိမ်ထောင်ပြုမယ် သူများမွေးသလို မွေးမယ် သူများချစ်သလို ချစ်မယ် သူ များ ပစ္စည်းရှာသလို ရှာမယ် ယခု မျက်မြင် ကိုယ်တွေ့အတိုင်းဘဲ ပိုက်ဆံရ

အောင်ရှာမယ် ရှာလို့များများ ရမိလျှင် လှူမယ် လှူလို့ကုန်လျှင် ထပ်ပြီး ရှာအုန်းမယ် ရှာလို့ရပြန်လျှင် အကုန်လှူပြစ်မယ်။

တချို့ကသင့်ယုံသှူမယ် စားမယ် ဝတ်မယ် ပေးကမ်းစွန့်ကြဲမယ် ဥပုသ် သီလ စောင့်မယ် ဗုဒ္ဓဘာသာ လူမျိုးဖြစ်ခဲ့လျှင် လှူတိုင်းနိဗ္ဗာန်သံကြားရ၏၊ နိဗ္ဗာန်ရပါလို၏ ဆုတောင်း၏ (မရခင်စပ်ကြားမှာ) လူစည်းစိမ် နတ်စည်း စိမ်၊လက်ရှိခံစားဘူးသောစည်းစိမ်တို့ကိုပါ ဆုတောင်းလေ့ရှိ၏၊ ပုထုဇန် တို့၏များသောအားဖြင့်အဇ္ဈာလကို ရေးသည့်ယောဂီ ဘုရားဖူးသွားမယ် ဘု ရားတည်မယ် ကျောင်းဆောက်မယ် ရှင်ပြုမယ် ရဟန်းခံမယ် ရဟန်းတကာ တကာမ ဘုရားတကာ တကာမ ကျောင်းတကာတကာမ ဖြစ်လျှင် တော်ပါ ဘီလို့ စိတ်ချ၍ အားရထားကြ၏ ဆုတောင်းပြည့်လို့ နောက်ဘဝ လူ ပြန်ဖြစ်သော် အလုပ်ကြမ်း အနေကြမ်း အသေကြမ်းဘဲစခမ်းသွားမှာပေါ့၊

## ပုထုဇန်တို့၏ အမှတ် ပြောသံကြား တရား-

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နေ ကုန်သည် ဦးမိုးက ဆရာကိုလျှောက်ဘူး တယ်၊ ကိုရင် ဒါယကာ ရဟန်း ဒါယကာ ဖြစ်ရလျှင် နောက်ဘဝမှာ(အရိုး မရှိတဲ့သတ္တဝါ) မဖြစ်တော့ဘူး အရိုးမရှိတဲ့ သတ္တဝါဟာပက်ကျိကောင် မဖြစ်တော့ဘူး မျှော့ကောင်တီကောင်မဖြစ်တော့ဘူးလို့ဒါ ဟုတ်ပါရဲ့လား ဆရာကမေးတယ် ဦးမိုးကို ဘယ်သူကပြောလို့ မှတ်ထားသလဲ အချို့ ဆရာသွားတွေကပောကြပြောကြလို့ ကျွန်တော်မေးကြည့်ပါတယ် ဆရာ ကပြန်ပြောတယ်-ရှင်ပြုရခြင်း ရဟန်းခံရခြင်း ကုသိုလ်ရှင်ဒါယကာဖြစ်ပြီး သေရသော် အရိုးမရှိတဲ့ ပက်ကျိကောင်-မျှော့ကောင်-တီကောင် မဖြစ်ရ ရင် ကြိုက်သလားမေးသည် ကြိုက်ထာပေါ့ဆရာ အရိုးမရှိတဲ့ သတ္တဝါဖြစ် ရင် သူများတက်နင်းမိလျှင် ချက်ခြင်းသေရမယ် အကယ်၍ ဖြစ်လို့ရှိလျှင် အရိုးရှိတဲ့ သတ္တဝါဆိုလျှင် ဘာကောင်ဘဲဖြစ်ဖြစ် ကျွန်တော် ကြေနပ်ပါ တယ်။

ဦးမိုးကိုဆရာကရှင်းပြပုံမိမိသား-သူ့ဘပါးတို့၏သားများကို-သာမဏေ အဖြစ် ရဟန်းအဖြစ်သို့ရောက်အောင် တိုက်တွန်း အားပေးချီးမြှင့်ရသော အကျိုးပေးမှာ သာသနာတော်၏ အမွေခံဖြစ်၏ နောက်ဘဝမဟုတ် ယခု ဘဝမှာပင် သာသနဒါယကာအမွေခံဖြစ်သည့်ပြင် သာသနာအမြန်ဖြစ်သော အရိယာတို့၏ တရားများကိုလဲ အမွေခံဖြစ်သုံကသည် ဘုရားဟောတော်မူ သည့်မှတ်၊ အရိုးရှိတဲ့ အရိုးပါတဲ့သတ္တဝါဖြစ်တို့ကို ရည်ရွယ်၍ ရှင်ပြုပေးရ

မယ် ရဟန်းခံပေးရမယ် အရိုးမာမာပေါ်ရှိသော အကျိုးထူးရတို့ ရှင်တကာ ရဟန်းတကာဟူ၍ ဘုရားရှင်မဟောဘူးဦးမိုးလို့ ရှင်းပြရ၏။

ရေးပြခဲ့သော တံငါမုဆိုးတို့၏ သားသို့ ဥပမာတို့ကို စဉ်းစားလေ အရိယာတို့၏ စည်းမျဉ်းစည်းစခမ်းကို လိုက်နာကျင့်သုံးမှသာ ပုထုဇန် အရှုံးဘဝက လွတ်ကြရမည်ယောဂီတို့။

ပုထုဇန် ဗုဒ္ဓဘာသာတို့တွင် အချို့က နိဗ္ဗာန်သံကြားဘူးသည့်အတိုင်း အလိုရှိ၏၊ ဘာပြုလို့အလိုရှိပါသလဲ သန္ဓေနေခြင်း အိုခြင်း ဖျားနာခြင်း ပင်ပန်းစွာသေရခြင်းမရှိဘူး ဟောသံပြောသံကြားဘူးလို့ တကယ်လိုခြင်သူ များလဲရှိ၏။တကယ်ဟောပြတတ်သောဆရာကောင်းနှင့်မတွေ့ရလျှင် နိဗ္ဗာန် ကို တကယ်လိုလားပါလျက် နေ့ရက်ကုန်ဖြုံး ပြုလုပ်နေကြ အလုပ်နှင့်သာ အချိန်ဆုံးကြရသည်၊ ကြပ်ကြပ်စဉ်းစားကြ ပုထုဇန်သည် အန္ဓ-ကလျာဏ ၂-မျိုးရှိ၏ အန္ဓပုထုဇန်ဆိုဒါ၊ ဒါလူဘဲ ဒါဟာခွေးဘဲ ဒါကကျွဲနွားဘဲ ငါက ယောကျ်ား သူကမိန်း ဒါကလူချင် ဒါကလူသေ စသည်ဖြင့် မိမိ၏အရင် လူပြည်မှာ လူဖြစ်ဦးသောသူတို့ရဲ့ အယူဝါဒ အမှတ်အသားအတိုင်း သိမှတ် ထား၍ ဘုရားရှင်ဟောသော ခန္ဓာငါးပါးစသော ၂တရားကောင်းတရားစစ် တို့ကို မသင်မကြား အရှင်းနားမလယ်။

ဗုဒ္ဓဘာသာလူမျိုးဟု မေးလို့ပြောဖော်ရ၏၊ ဗုဒ္ဓ၏ဘာသာကိုနားမလယ် လို့ အန္ဓပုထုဇန်ဟု ဘုရားဟောတော်မူ၏ ခန္ဓာငါးပါးစသော ပရမတ် တရား ဓါတ်တရားတို့ကို သင်ကြားသိမြင်သူကို ကလျာဏ ပုထုဇန်ဟူ၍ ဟောတော်မူ၏။

## (သမ္မော အဋ္ဌကထာ။)

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ-ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ

အန္ဓော ပုထုဇ္ဇနောဧကော-ကလျာဏောကော ပုထုဇ္ဇနောတိ-

အာဒိစ္စဗန္ဓုနာ-နေခင်းကဲ့သို့-ဘုန်းတန်ခိုး အရောင်အလင်း ရှိတော် မူ သော၊ဗုဒ္ဓေန မြတ်စွာဘုရားသည်၊ဒုဝေ-၂ပါးကုန်သော၊ပုထုဇ္ဇနာ-ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့ကို၊ ဧကော-တယောက်သော၊အန္ဓော-တရားအမှန်ကိုမမြင်၊ အာ စဉ်မျက်စိကန်းသော ပုထုဇ္ဇနော-ပုထုဇန်သည်ဇင်း၊ ဧကော- တယောက် သော၊ ကလျာဏော၊ အရိယာဂိုဏ်း၀င် တရားအမှန်ကိုမြင် ပညာရှင်ဖြစ် သော၊ပုထုဇ္ဇနော- ပုထုဇန် သည်ဇင်း၊ ဣတိ-ဤသို့၊ ဝုတ္တာ- ဟောတော်မူ အပ်ကုန်၏။

ခန္ဓ ဓါတုအာယတနာဒိသု-ဥဂ္ဂဟ-ပရိပုစ္ဆ-သဝန-ဓါရဏ
ပစ္စဝေက္ခဏာနိနတ္ထိ-အယံအန္ဓပုထုဇ္ဇနော-
ယဿ တာနိ အတ္ထိ-သော-ကလျာဏ ပုထုဇ္ဇနော-

ခန္ဓ ဓါတုအာယတနဒိသု- ခန္ဓာငါးပါး ဓာတ် ၁၈-ပါး၊ အာယတန-၁၂-ပါး စသည်တို့၌- ဥဂ္ဂဟ ပရိပုစ္ဆသဝနဓါရဏ ပစ္စဝေက္ခဏာနိ- သင်ကြားလေ့လာခြင်း စုံစမ်းမေးမြန်းခြင်း ဆရာကောင်းထံ၌ တရားနာယူရခြင်း၊ ဟောသော တရားအမှန်တို့ကို မမေ့အောင် မှတ်သား ဆောင် ထားခြင်း၊ မိမိ၏ ကိုယ်ခန္ဓာပေါ်၌ သုံးသပ်ဆင်ခြင်ရခြင်း တို့သည်၊နတ္ထိ- အရှင်းမရှိ၊ အယံ-ဤပုဂ္ဂိုလ်သည်၊ အန္ဓပုထုဇ္ဇနော- အန္ဓပုထုဇန်မည်၏၊ ယဿ-အကြင် ယောဂီပုဂ္ဂိုလ်အား၊ တာနိ-ထိုခန္ဓာ ငါးပါးတရားတို့ကို သင်ကြားအားထုတ်ခြင်းတို့သည်၊ အတ္ထိ-ရှိသည်ဖြစ်အံ့၊ သော ထိုယောဂီမြတ်သည် ကလျာဏ ပုထုဇ္ဇနော-ကလျာဏ ပုထုဇန်ဖြစ်လေ၏။

ဘာသာပြန်မှာ- ခန္ဓာငါးပါးကို သင်ကြားလေ့လာခြင်း မရှိသူကား၊ အန္ဓပုထုဇန်-သင်ကြားလေ့လာခြင်းရှိသူကား၊ကလျာဏ ပုထုဇန်ဟု ဟောကြားဆုံးမတော်မူသည်၊ လူဆိုဒါ- နာအောင်ဆိုမှ နာတတ်တယ်၊ ရှက်အောင်ပြောမှ ရှက်တက်တယ်၊ ကြောက်လန့်အောင် ဟောပြမှသာကြောက်လန့်တတ်သည်။ အချို့ကလဲ နာအောင်-ရှက်အောင် ကြောက် လန့်အောင် လူကြီးများကဖြစ်စေ မိဘများကဖြစ်စေ၊ ပညာရှိများကဖြစ်စေ၊ ဘယ်လိုပင် ဆိုဆုံးမပေမဲ့ မထိမဲ့မြင်ပြု၏၊ မကြားခြင်ရောင်-မနာခြင်ရောင်-ရူးသလိုလို-ပေါသလိုလို-စရိုက်ဖါသာနေတတ်၏ ထိုကဲ့သို့ နာရ ရှက်ရ ကြောက်လန့်ရမှန်း မသိသောသူကို ဘုရားရှင် ကိုယ်တော်တိုင် နာစရာ ရှက်စရာ ကြောက်လန့်စရာ ထင်ရှားစွာဖွင့်ထုတ်၍ဟောပြထားသော စကားရပ်မှာ အထက်က ဖေါ်ပြ ထားသော- အန္ဓပုထုဇန်နှင့်- ကလျာဏ ပုထုဇန် တို့ပေတည်း၊

လောကကြီးမှာ- မျက်ကန်းမျက်ကန်း ခေါ်ကြသည်မှာ ပကတိမျက်စိ၌ မျက်လုံးပျက်သူကိုသာ- မျက်စိကန်းဟုခေါ်ဆိုကြ၏- ဒိအကန်းကို-မျက်စိမြင်ကြသူတို့ကခေါ်ဆိုကြသည်- မျက်စိမြင်သူက- မမြင်သူကိုခေါ်ကြသော ထုံးစံရှိ၏-

ဘုရားစသော အရိယာသူတော်ကောင်းတို့ အသိဉာဏ်အရ အန္ဓ ပုထုဇန်ခေါ်- အကန်းပုထုဇန်ဆိုသည်မှာ ပကတိမျက်စိမြင်၍နေကြသောသူတို့ကိုပင် အကန်းအန္ဓဆိုသည် နာလေ ရှက်လေ ကြောက်လေ- ပုထုဇနဆိုဒါ

ပုထုက- ကိလေသာများခြင်း၊ ဇနက လူ၊ကိလေသာများသူကို ပုထုဇန်ဆို သည့် တဏှာများသူလဲဆိုဘော့ ကလျာဏပုထုဇန်ဆိုသည်မှာ- ကိလေသာ တဏှာနဲ့သူကိုဆိုသည့်- ကိလေသာတဏှာ ဘာကိုခေါ်ပါသလဲ- အလိုမ ပြည့်သောမိုးစိတ်ကို ကိလေသာခေါ် တဏှာမှတ်-

## ဘာ့ကြောင့်အကန်းအန္ဓဟု-ဟောတော်မူပါသလဲ

၁။ မျက်စိက- တရားအဆင်းကိုမမြင်
၂။ နားက- တရားအသံကိုမကြား
၃။ နှာခေါင်းက- တရားအနံ့ကိုမနံ
၄။ လျှာက- တရားအရသာကိုမစား
၅။ ကိုယ်က- တရားအတွေ့ကိုမထိ
၆။ စိတ်က- တရားအကြံကို-မသိ

ဒါ့ကြောင့်-မျက်ကန်း-နားကန်း-နှာခေါင်းကန်း-လျှာကန်း-ကိုယ်ကန်း- စိတ်ကန်း- ပေါင်း-အန္ဓကို ခြောက်ကန်းလို့ခေါ်၊ ဘယ်အပေါ် မှာ ကန်းဒါ လဲ မိမိ၏ ကိုယ်ခန္ဓာပေါ်မှာကန်းတယ်- မိမိ၏ ကိုယ်ခန္ဓာပေါ်မှာ- မှန်ဒါမ မြင် မှန်ဒါမကြား မှန်ဒါမနံ မှန်ဒါမလျက်မိ မှန်ဒါကိုမထိမိ မှန်ဒါကိုမကြံမိ ဒါ့ကြောင့် ပါဠိလိုအန္ဓ ဘာသာပြန်မှာ ခြောက်ကန်း-အန္ဓယောကျ်ား အန္ဓ မိန္မတို့ကိုခြောက်ကန်းထိး ခြောက်ကန်းမ၊ခေါ် ပါ-အစကျွတ်ကလဲခေါ်တယ် မျက်စိမရှိသို့၏- မွေးလာကတဲက အဆင်းဟူသမျှ နေလနက္ခတ်တို့ကို ဖြစ် စေ၊ ရေ မြေ သမုဒ္ဒရာကောင်းကင်ကိုဖြစ်စေ- အိမ်တွေကျောင်းတွေကိုဖြစ် စေ-ရုပ်ပွားစေတီစသောဘုရား- ဆွေမျိုးမိဘစသော ရုပ်သူရွှားသားတို့ကို မျက်စိဖြင့်မြင်ကြ၍- ဒါဒါ အကန်းစာရင်းသို့ ဝင်မဝင်စဉ်းစား-

ကျွဲနွား လယ်ယာကိုင်းကျွန်း ဥယျာဉ်မိမာန် တိုက်တာ ရွှေငွေစသည်တို့ကိုမြင်တယ် မင်း သူဌေး သူတော် သူမြတ်စသော ရဟန်းပုဏ္ဏားတို့ကိုလဲ မျက်စိဖြင့်မြင်တွေ့ကြရ၏။ အဲဒီအမြင် ဟာ အန္ဓအဖွဲ့ထဲက ဟုက်မဟုတ် တိုင်ပင်ကြ ဆွေးနွေးကြ အမှန်ကြမြင်ပါမှ အာလောက-

## ပါဠိသုံး စာစကားနှင့် တရားစစ်စစ်ကိုခွဲထား

၁။ မိမိ၏ကိုယ်ခန္ဓာကြီးကို အမှန်ကြမြင်စမ်းပါ မှန်ထောင်ကြည့်ကိုယ် လုံးပေါ်မှန်ထဲမှာကြည့် မျက်စိကိုပြူးကြည့် မှိတ်ကြည့်စွေကြည့်စောင်းကြည့် မျက်စပျစ်ကြည့် ယောဂီသေသေချာချာကြည့်ပါ အကန်းဘဝမှအကောင်

ဘ၀သို့ရောက်လာမည်- (တရားလို-ကိုယ်မှာရှာ တရားလိုတိ မိမိခန္ဓာသာ ကြည့် တရားကိုရှာ-ကိုယ့်ခန္ဓာ-) သူများရဲ့ခန္ဓာပေါ်၌ မစဉ်းစားနဲ့ မတွေးလေနဲ့ မှန်ထဲမှာ မိမိ၏ မျက်ခွက်ကို တကိုယ်လုံးကို မှန် ၂ ချပ် ၄ ချပ် ရှေ့နောက်ဝဲယာထား ကိုယ်လုံးပေါ်လာအောင် လှည့်ပတ် စောင်းမြောင်းကြည့်လေ။ အမှန်တွေကိုမြင်ရမယ်- မှန်ဒါမြင်မှအာလောက- ယခုဆရာရေးပြနေဒါဟာ- တရားရှာဒါမှတ်- တရားဆင်ခြင်ပုံမှတ်- တရားစဉ်းစားဒါမှတ်- တရားနာဒါလဲခေါ်တော့ တရားလိုက်နေတယ်လို့လဲခေါ် ခြင်ခေါ်မှန်ကြည့်ကြည့် ကြီးကြီးထဲမှာကြည့်လေ- တယောက်ထဲကြည့်စမ်းပါ-

မှန်ထဲမှာတဲ့တဲ့ကြည့် မျက်စိကမှန်ဒါမြင်၏ မှန်တဲ့အတိုင်းမြင်ရလို့(မှန်) ခေါ်သည့် ရှေးက ကြေးမှုံပြင်ခေါ်တယ်၊ ပါဠိလိုအာဒါသ- မျက်ခွံကိုလှန်ကြည့် မျက်လုံးကို ဟိုဘက်ဒီဘက်လှည့်လည်ကြည့် မှန်ထဲမှာမိမိမျက်စိနဲ့ မိမိမျက်စိကိုဘဲပြန်ကြည့် အမှန်တွေ့ရမယ်ယောဂီ- မျက်စိက-မျက်စိကိုသာမြင်အောင်ကြည့် မှန်ဒါတွေ မှန်ထဲက သိအောင် သက်သေခံမည် ယောဂီ-မိမိရဲ့ ကိုယ်ခန္ဓာကြီးဟာ ဘာကြီးလဲဆိုဒါ ဘာတုံးကြီးလဲဆိုဒါ ဘာကဖြစ်တယ်ဆိုဒါ ဘယ်ကလာတယ်ဆိုဒါ ဘယ်မှုအာဘိုးတန် မတန်ဆိုဒါကို ဉာဏ်စမင်အခြေမှ မှန်က သက်သေ ကြည့်ပါ အမှန်သိခြင်း မှန်ကိုသာကြည့် သို့မဟုတ်က မိမိ၏ ဥဏ္ဏောင်းတရသုံးကို- မှန်ကိုမကြည့်ပါဘဲနဲ့ မှန်ဒါတွေကို တကယ်မသိပါဘူး-

မျက်လုံး၌ အနည်းနည်းအဖုံဖုံကြည့်ပြီးနောက် ဆံပင်ဆံစပ်မှစ၍ လည်တိုင်အောက် ခြေရင်းအရောက် လက်ထိစိပ်၍ ကြည့်လေ- (ဝိပဿနာဘာဝနာ)ဘာခေါ်သလဲ ခန္ဓာကိုယ်မှာ အနုတုံးက အမှတ်အယူတွေ အသိတွေပယ်ပျောက်တယ် အရိယာတို့၏ လေ့လာသောနိသျည်းကို လေ့လာခြင်း ဉာဏ်ထွင်ခြင်း ကြံစည်ခြင်းကို ဝိပဿနာ ဘာဝနာ ဆိုသည်မှတ်လေ အနွနဲ့ကလျာဏ ခရီးလမ်း ၂-ခုကို နည်းလမ်းကျကျရေးနေတယ်(စာရွက်လှန်ပေမဲ့ ဖြေးဖြေးလှန်ပါ) မျက်လုံးတလုံး၌ အတွင်းပြင် အနေအစားကို နည်းမျိုးစုံးဆင်ခြင်ရှာဘွေ၍ တရားအမှန်ကိုမြင်အောင်ရှာသလို နားအပြင်အတွင်း နှာခေါင်းအပြင်အတွင်း လျှာ ပဇပ်အပြင်အတွင်းကိုလဲ နှံ့နှံ့နှံ့နှံ့စပ်စပ် မှန်ထဲမှာ မျက်စိနဲ့ဘဲကြည့်၍ရှာလေ မျက်စိမှိတ်မထားနဲ့ ဖွင့်ကြည့်။

ဆံပင်၏အဖျားအလယ်တို့ကိုမှန်မကြည့်သော်လဲမြင်ရ၏ ဆံပင်ခြေရင်းလက် ၄-သစ်ခန့်ကို မှန်ထဲကြည့် နဖူးပြင်၌ ပါးပြင်၌ မွေးညှင်းပင်တွေနှင့်မွေးညှင်းပေါက်အသေးကလေးတွေကိုကြည့် မျက်စိပြာလျှင် မျက်မှန်တတ်ကြည့် မှန်ဘီလူးနဲ့ကြည့် ရှိဒါကိုအမှန်အကျသိရမည်၊ စက္ခုဥဒပါဒ်မျက်စိ

ကိုဖွင့်ကြည့် ထင်ရှားစွာသိ အာလောကောဉဒပါဒိ ဟုတ်ထား မှန်ဒါတွေ ဘွင်းဘွင်းကြီး သိကြမည်မှတ်လေ မမှန်ဒါမြင် အန္ဓ မှန်ဒါမြင် ကလျာဏ ယောဂီ အန္ဓအဖြစ်နဲ့ မသေခြင်နဲ့ မိမိ၏ မျက်ခွက်၌ မျက်စိထဲ၌ နားထဲ၌ နှာခေါင်းထဲ၌ လျှာရှိပဇာပ်ထဲ၌ ဥကျောင်းထဲ၌ ဆံပင်ခြေရင်း၌ သွားကြား တွေ၌ သွားရင်း၌ လျှာဖျား လျှာအလယ် လျှာ၏အရင်းထဲ၌ လည်ချောင်း ထဲ၌ ဘယ်မျှအဘိုးထိုက်သော ပစ္စည်းစုတွေရှိတယ် ဘယ်လောက် အသုံး ကျတဲ့ ဝတ္ထုတွေရှိတယ် အဲဒီ ဝတ္ထုပစ္စည်းတွေဟာ ဘာ့ကြောင့်ဖြစ်တယ် ဘယ်ကလာတယ် ဘယ်သူလာထဲ့သလဲ ဘယ်သူလုပ်ထားလဲ ကောင်းကင် ကကျရောက်လာသလား စသည်ဖြင့် တိုင်ပင်စရာ မေးစရာ ဆွေးနွေးစရာ မလို ယောဂီ မှန်ထဲမှာ ဉာဏ်ခွဲရှာ၊

နံပါတ်-၁ မျက်စိကတရားအမှန်မမြင်ဒါကို မြင်အောင်အရိပ်အရောင်ပြ စက္ခုအာလောက တော်ပြီ-

နံပါတ်-၂ နားက'မိမိ၏အသံကိုသာနားထောင် မိမိအသံဆိုဒါ ဘာသံ တွေလဲ ပဇာပ်က ပြောသမျှအသံ သီချင်းဆိုသောအသံ ဆဲဆိုသောအသံ ကျူးသန်းရောင်းဝယ်ရေးပြောသောအသံ လက်ဝါး ၂ခုတီးတဲ့အသံ ဝမ်းထဲ ကမည်သောအသံ ဒိခန္ဓာကိုယ်တုံးက ထွက်ပေါ်သော အသံဟူသမျှကို နားထောင်စမ်းပါ တရားအမှန်ကိုသာကြားရမည်ယောဂီ ဟောဒိကိုယ်ခန္ဓာ ထဲက ထွက်တဲ့အသံသန့်သန့်ကိုသာ နားကကြားစေတို့ အရိပ်အရောင်ပြ သောတ-အာလောက တော်ပြီ-

နံပါတ်-၃ တရားရှာလျှင် တောထဲမှာမဟုတ် မိမိရဲ့ခန္ဓာမှာ တရားနာ သော် အမှန်တရားကိုဟောတတ်တဲ့ဆရာ့ထံမှာနာပြီး တွေးတော့ ဒိခန္ဓာမှာ သာတွေး (စိးပြင်မထွက်ရ)

မိမိ၏နှာခေါင်းက မိမိ၏နှာခေါင်းကထွက်သောအနံ့ကိုပင်ပြန်၍နမ်းပါ ရှူပါရှိုက်ပါ၊ သို့မဟုတ် ခေါင်းပိုင်းတပိုင်းရှိ ဆံပင်ကိုနမ်းပါ ထွက်သမျှ ချွေးတွေကို နမ်းကြည့်ပါ ဥကျောင်းတခုလုံး၌ရှိသော အသားဆိုင် အသား ခဲပုပ်သမျှကို ရှူရှိုက်၍ နမ်းရှုတ်၍စဉ်းစား ထိုအနံ့တွေထဲက တရားအနံ့ သန့်သန့်ကိုသာ နှာခေါင်းဝမှာ သက်သေခံသာမည်မလွဲ မျက်နှာနေ့စဉ်သစ် သော မျက်ခွက်မျက်စိ ခေပလုပ်အမြဲတန်း ကျင်းရဆေးရသော ပဇာပ်ခံ တွင်း နေ့စဉ် ပွတ်သတ်ဆေးကျော ချေးတွန်းရသော မျက်နှာ မျက်ခွက် တရော် ကင်ပွန်း ဆပ်ပြာစသည်တို့ဖြင့် ဖွတ်လျှော်ရသော ဥကျောင်းရှိ ဆံပင်တွေ မိမိ၏ ဥကျောင်းပိုင်း လည်တိုင်ရင်း အထိ ရှိသမျှ မပြတ်

ထွက်နေသော အနံ့သန့်သန့်ကိုသာ နှာခေါင်းမှာ-တရားအနံ့ နံစေတို့ အရိပ်အရောင်ပြ-ဃာနအာလောက-

နံပါတ်-၄ လျှာက စားလျက်သမျှ တရားအရသာတွေကို သိထိုက်၏ မိမိ၏လျှာက မိမိ၏ပဖဝ်တွင်းရှိသွားတွေကိုလျက်ကြည့်ပါ;စောင် ၂ ဘက် ကမပြတ်ကျဆင်းနေသော တံတွေးတွေကိုလျက်ကြည့်ပါ အာခေါင်ထဲက သက်ဆင်းတတ်သော ချွဲသလိပ်တို့ကို စားကြည့်၊ (စာဘတ်ကျယ်ကျယ် ဘတ်-လူ့ပြည့် ပြန်ဖြစ်တို့ ဆုတောင်းကြသလား) ကိုယ့်လျှာမှာ ရှိ သော လျှာချေးတို့ကို-လျက်ကြည့်စားကြည့်-တနည်းတကယ် မစားဘဲနဲ့ စဉ်းစား ကြည့်လိုကကြည့်၊ သဘောကျသူကိုလဲ ပြောပြ၊ ဥက္ကောင်းတခုလုံး ဥပရိ မကာယ-အထက်ပိုင်းကိုသာ ဆံဖျားက-လည်တိုင် ခြေရင်းအထိ၊ ဘယ် နေရာခဆို လျက်ကြည့်ပါ၊ ဆံပင်ကို နဖူးပြင်ကို မျက်လုံးနှာခေါင်း နားရွက် ပါးပြင် နှုပ်ခမ်း မေးစေ့ နားထင် လည်ပင်း တို့ကို စားဝါးကြည့်လျှင် မိမိ ရဲ့လျှာမှာ- တရားအရသာတွေကိုသာ သက်သေခံ ဖြစ်အောင် အရသာရှိ စေတို့ အရိပ်အရောင်ပြ-ဇိဝှာအာလောက-

နံပါတ်-၅ မိမိ၏ ကာယနှင့် မိမိ၏ တကိုယ်လုံးကို ထိကိုင် စမ်းသတ်ကြည့်ပါ၊ ဓမ္မဖော်ဋ္ဌဗ္ဗကို တွေ့ထိလိမ့်မည် ယောဂီ၊ ဆံပင်ကိုကိုင် ဆံဖျားက ဆံရင်းအထိ သေသေချာချာ ကြည့်ပါ၊ စဉ်းစားပါ၊ ဥက္ကောင်း ၏ နောက်ဘက်ကို မိမိလက်ဖြင့်ထိပါ ပွတ်သတ်ကြည့်ပါ၊ မျက်နှာ မျက် ခွက်ရှိ နားရွက်တွန့်လိမ်နေပုံအခြေကို လက်နဲ့စမ်းလို့ မကျေနပ်သော် မှန် ထဲမှာကြည့်၊ နားရွက်လက္ခဏာကို သိရမယ်၊ အတွင်းပြင် စမ်းသတ်နိုင်သ လောက် ကိုင်စမ်းကြည့်ပါ၊ အလုပ်ရှိလျှင်- ထလုပ် စာဘတ်လို့ ရောက်ဘဲ့ နေရာကိုမှတ်ထား) မျက်လုံးကို မျက်လုံး၏အတွင်း မျက်လုံး၏ အနေ အ စား-မျက်လုံး၌ရှိသော ကြိယာ မျိုးစုံတို့ကို လက်ဖြင့်ကိုင်ပါ၊ တွေး စမ်း ပါ ဘာပြုလို့ဆရာက ဒီလိုတရားအရှာခိုင်းပါသလဲ၊ ရှေးဘဝက- အင်မ တန် ဆည်းပူး၍ရသော-ပုညာဘိ သင်္ခါရ မျိုးစေ့ကြောင့်ရသောခန္ဓာကိုယ် မို့ တနည်း- မနုဿတ္တဘာဝဒုလ္လဘာ-အင်မတန်ဖြစ်ခဲ-ရခဲသော လူထူး ဘဝ ထူး-လူမြတ်ဘဝမြတ်မို့- ဒီပုံအရှာခိုင်းရတယ် ယောဂီ- သူများမေး- ဒီအ တိုင်းပြောပြ-

နှာခေါင်းရဲ့အပြင်-အတွင်း ရှိသမျှတွေကို ကိုင်စမ်းကြည့်၊ ဓမ္မ အတွေ့ အထိကို ကိုယ်တိုင်သိရမယ်၊ သူများထံမှာ တရားနာရခဒ်များပြီ၊ ဘယ် လို ဘဲများများ တရားကို ကိုယ်တွေ့ တွေ့မှကျေနပ်မယ်၊ယခုအာလောက ဒီပနီ ဆိုဒါ- ဘွင်းဘွင်း-ရှင်းရှင်း-လင်းလင်းကြီး နေမင်းကြီးကဲ့သို့ အရောင်ထိုး

ကြည့်လိုက်တော့ အဝိဇ္ဇာဆိုသော အမှောင် မျိုးစေ့တွေရဲ့ အ ကြောင်း လက်ဆုပ် လက်ချတ်ထဲမှာ ကိုင်မိရမယ်၊ အဝိဇ္ဇာမျိုးစေ့ကြောင့် ကုသလ သင်္ခါရ-ဒီကုသလသင်္ခါရကြောင့်-ယခုလက်ရှိ-ဝိညာဏ်လွှဲ့ဆောင်-ပဟာဒီ ခန္ဓာကောင်ကြီးကို ယခုဘဝမှာ မိအောင်ဖမ်းမယ် အာလောက-ဆိုသော နာမည်နှင့် ညီအောင် ထိပါ-ကိုင်ပါ၊ နေ့အခါမှာ ဖြစ်ဖြစ်၊ ညအခါမှာ ဖြစ် ဖြစ်၊ ထိဒါ ကိုင်ဒါဟာ မျက်စိနဲ့မဆိုင်-နေရောင်မီးရောင်နဲ့မစပ်၊ အာလော ကော ဥဒပါဒိ- ဓမ္မအတွေ့ဟူသမျှ ရှင်း အောင် မြင်ရ၏၊ မြင်ကြ ရ မယ် မှတ်ကြ-

ပဇေပ်အတွင်းကို အရင်ကလဲ နိုက်ဘူးကြပါတယ်၊ အရင်က နိုက်ဘူးကြ ဒါက-မိုးလင်း-မျက်နှာသစ်ရေပလုပ်ကျင်း- ဆားနဲ့-မီးသွေးနဲ့- သွားတိုက် ဆေးနဲ့-ပျာနဲ့- သပွတ်တန်နဲ့တိုက်လိုကတိုက်၊ သို့မဟုတ်-လက်နဲ့နိုက်- တ နည်း- အရိုးရှူးတဲ့အခါ အာခေါင်အထိ၊ လက်ညှိုးနဲ့ ထိုးနိုက်ဘူး၏၊ သွား ကြို့ သွားကြားမှာလဲ၊ ရူးဝင်နေသော ငါးရိုးစသည်တို့ကို ကိုင်စမ်းလျှက် ရှာတွေ့ဘူးသည်၊ ဒီလိုရှာဘူး ထိဘူးဒါကိုမလို၊ ယခုဆရာ အကိုင်ခိုင်း ဒါက ဓမ္မကို-လက်တွေ့ ကိုင်ဘူးအောင် ခိုင်းသည်မှတ်-

ပဇေပ်ကိုဟာ-အာခေါင်အာရင်းကို ဖြေးဖြေး ထိထိ စမ်းစမ်းကြည့်၊ ပါး စောင်.၂-ဘက်ကို လက်ဖို့လောက်သမျှ- ပွတ်သတ်ပြီး တွေးထိ- ထိနေဉ်- သွားတွေ ၃၂-ချောင်းဆိုဒါ ပြည့်မပြည့် ဒီသွားတွေရဲ့ လက္ခဏာကိုလဲစဉ်း စားထိ၊ ဘယ်အရွယ်က ဘယ်လို- ဘယ်အချိန်ကျတော့ဘယ်ပုံ- ဘာလုပ် ဘို့ ဒီသွားတွေဟာ ဘယ်ကပေါ်ပေါက်လာပြီး- တွေးခြင်သလို ဘယ်လို ဘဲတွေးတွေး ဓမ္မတွေတရေးရေးလက်ထဲ ထိဝင်လာရမယ် တရားရှာ ဂူထဲ မှာ တောထဲမှာ စာအုပ်ထဲမှာ ထင်ရတယ်၊ တရားဟာ ပဇေပ်ထဲမှာရှိတယ်၊ ဟောသူ့ရဲ့ ပဇေပ်ထဲမှာ မဟုတ်ဘူး၊ မိမိ၏ပဇေပ်ထဲမှာမှတ်- ပဇေပ်အတွင်း၌ မပြတ်ဆင်းနေသော တံတွေးတွေကို လက်ထဲ ထည့်ကြည့်၊ ဘယ် ဘက် လက်ဝါးမှာထည့် ညာဘက်လက်ညှိုးနဲ့ ထိမွှေ ရှာကြည့်၊ ကုသိုလ် သင်္ခါရ မျိုးစေ့ကိုရိပ်မိကြသည် သန္ဓေဝိညာဏ်နဲ့ မဟာမိတ်တွဲဘက်ဖြစ်သော ယခု ကျမ်းစာရေးသော ခန္ဓာ ယခုကျမ်းစာ ဘတ်နေသူ၏ ခန္ဓာ ပဇေပ်ထဲမှာ ရှိသမျှ လက္ခဏာ အရည်အခြင်း တွေကိုဘယ်မျှ တံဘိုးရှိပါသလဲ ဒီ ပဇေပ်ထဲက ပစ္စည်းတွေကို ဆရာပြောပြသည့် အတိုင်း လက်ဆုပ် လက် ကိုင်ထိစမ်း၍ ရှာဖတ်လျှင်-

ပုဂ္ဂလ သတ္တ ဇီဝ ဇာတိ ပုရိသ မဟုတ်-

ဒီအထိ သဘောပေါက်သွားအောင် ရေးဒါမဟုတ်သေးပါဘူး ယောဂီခန္ဓာကိုယ်၌ ခေါင်းပိုင်း ဥပရိမကာယ အထက်ဌာနကိုသာ စုံစမ်းရာတခုသတ်မှတ်ပြီး ခေတ်ပရမတ်တွေ ဖယ်ထား အပေါ်ယံမလားဘို့ ပဇဝ်အတွင်းဟ မပြတ်သွင်းသမျှ မပြတ်စားသောက်သမျှ ခန္ဓာကိုယ်ရဲ့ အာဟာရဌာနချုပ် လာသမျှ ဘာမှမဟုတ် သေသေချာချာ သဘာဝအပုတ်တွေဘဲလို့၊ ဒီထိအောင် မရေးပြသေးပါဘူး မိမိ၏ကာယနဲ့ မိမိ၏ဖေါ်မွဗ္ဗရုပ် ကိုသာ-စုံစမ်းရှာဖွေ စမ်းသတ်ခဲ့လျှင် ဓမ္မသန္နိသန္နိကိုသာ လက်ဆုပ်လက်ကိုင် အတွေ့အထိကိုသာ အရိပ်အရောင်ပြ ကာယ အာလောက-

နံပါတ် ၆-စိတ်ကကြီးသမျှတရားရယ်လို့ မသိကြ စိတ်ကတရား ဒါဘဲလို့ သိခြင်လျှင် ဘယ်မှာကြီးစည်ရမှာလဲ၊ဟောဒီခန္ဓာမှာသာ ကြီးပါ၊ ကိုယ့်စိတ်နဲ့ ကိုယ့်၏ ရုပ် ခန္ဓာမှာသာ အကြီးထုတ်စမ်းပါ တရားသိလုံးတွေ ပေါ်လာပါလိမ့်မယ်၊ ပြဆိုခဲ့သော ဥကျွောင်း ဥပရိမ ကာယ အထက်ပိုင်း အပေါ်၌ ကြီးစည်ပါ ကြီးစည်ဒါရယ် စုံစမ်းဒါရယ် ဝေဘန်ဒါရယ် စဉ်းစားဒါရယ် တရားရဘို့ မှတ်လေ၊ ဒါဝိပဿနာတရားရဘို့ ရေးတယ်ယောဂီ ဝိပဿနာ တရား ကို ရကြရာ၌ ဉာဏ် ၃ မျိုးရှိကြ၏ ထိုင်မှ ဝိပဿနာမထင်နဲ့၊

၁။ သစ္စဉာဏ် ရုပ် နဲ့ နာမ် အမှန်သိစ
၂။ ကိစ္စဉာဏ် ရုပ် နာမ်၌ လက္ခဏာတင်၍ သိဆဲ
၃။ ကတဉာဏ် အနတ္တသဘာဝသို့ ဆိုက်ရောက်သိပြီး

နံပါတ် ၁ ကို သညာသိမှတ်၊နံပါတ် ၂ ကို ဝိညာဏ်သိမှတ်၊ နံပါတ် ၃ ကို ပညာသိမှတ် တနည်း ၁ ကို သုတမယဉာဏ်၊ ၂ ကို စိန္တာမယဉာဏ် ၃ ကိုသာ ဘာဝနာမယဉာဏ် ဟူ၍ စိတ်ချယုံကြည်လေ ဘာဝနာမယဉာဏ်သို့ ယောဂီတိုင်း တရားပြဆရာတိုင်း ရောက်ခဲ့ဆိုက်ခဲ့၏ ဝိပဿနာတရား၌ ငါသည် ဘယ်ဉာဏ် ရပြီလဲသို့ ယခုစဉ်းစား ဘာဝနာ မယဉာဏ်ကို ရသောသူသည် ပစ္စည်းပေါများသော သူဌေးနှင့်တူ၏-ပစ္စည်း ပေါသော သူဌေးတို့သည်ကိုယ်တိုင်အပင်ပန်းခံ၍ မရှာရတော့ပေ ငွေငွေချင်း ရှာရေမည်သည် လူကအိပ်နေပေမဲ့ ငွေတွေကတိုးပွားပြီးနေသကဲ့သို့၊ကတဉာဏ်သို့ ဆိုက်ရောက်ပြီးသော ယောဂီရဲ့ ဉာဏ်မှာ သောကမီး ပူဇ ငြိမ်းစရာ တရားတွေ အလိုလိုတိုးပွါး၍နေလေ၏။မဝေဘန်မစဉ်းစား မကြီးစည်ဘဲနှင့် တရားကိုစောင့်ရှောက်ပါက တရားတော်က ပြန်၍ စောင့်၏၊ သုံး၍ ပြောဟော၍ ဝေဘန်၍၊ မကုန်မဆုံးနိုင်သော ဉာဏ်တို့သည်၊ ကြီးပွါးကျယ်ပြန့်

၍ လာတော့၏၊ ထိုယောဂီသည် ဘာဝနမယ ဉာဏ်သို့ ဆိုက်ပြီလို့ ဝမ်းမြောက်ကြ-ဒါမှ ဝိပဿနာဉာဏ် အာလောက-

တကျော့လိုက်စားတုန်းက မဆုံးနိုင်၊မကုန်နိုင်သလို ဓမ္မာအမြွက်တရားကို ရသူတို့၌၊ ဉာဏ်မကုန်တို့သတိပေးသည့် ယောဂီ၊ ဥက္ကောင်းပိုင်းကို တွေးကြည့်ကြစည့်ကြည့်ပါ ဒီခေါင်းရဲ့ အနေအစားဟာ ဘယ်လိုလဲ-ရှေ့ဘက် အလွှာကတော့ မျက်နှာပုံကို မြင်ရတယ်၊ချစ်စရာကြိုက်စရာ- မုံးစရာ မျိုးစုံ ဖြစ်နိုင်သော လက္ခဏာအင်္ဂါတွေပါရှိ၏။နောက်ဘက် နောက်စေ့ ဘက်ကို ကြည့်ပြန်တော့-ရှေ့မှန် နောက်မှန် ထားကြည့်-ဥက္ကောင်းရဲ့နောက်ဘက်၌ ရှေ့ဘက်ကဲ့သို့ မုံးစရာလဲ မပါ- ချင်ကြိုက်စရာ အင်္ဂါ လက္ခဏာလဲ မပါ-ဒီဆံပင်တွေပေါ်ပေါက်လာပုံအခြေကို ကြံစည်ပါ၊ ဆံပင်၏အရင်းအမြစ်ကိုစုံစမ်းပါ၊ ဦးကျောက်ထဲကဖြစ်လာသလားဘောန်-ဆံပင်တွေဟာဘာကဖြစ်ကြဒါလဲ၊ရှေ့ဘက်ကဲ့သို့၊ မျက်လုံး-နှာခေါင်း ဘာ့ကြောင့် မပါတယ် မသိ၊ ရှေ့ဘက်မှာ-မျက်စိ- ၂လုံး ပါလာပုံကိုတိုင်ပင် နှာခေါင်း ၂-ပေါက် ရှိပုံကို ဝေဘန်၊ နားရွက်နေပုံ နားရွက်၏တွန့်လိမ် ကွေးကောက်နေပုံ၊နား ပေါက်အတွင်းကျပုံ၊မျက်တောင်မွေးသည့် တိုမှန်း-ရှေမှန်း မသိရပုံ၊ မျက်တောင်မွေးရှည်လာလို့ ရိပ်ရဖြတ်ရမရှိ၊ စဉ်းစား မျက်ခုံးမွေး၏ပေါက်ပွါးပုံ-တွေးပါ၊မှန်ထဲကြည့်တွေးဒါ၊ဘသာ၍ တရားအသိတွေ ပေါ်လွင်တယ်။

ပဇ္ဇဝ် နှုတ်ခမ်းမွေးပေါက်ပုံ၊ ယောကျ်ားတိုင်းမပေါက် မိမ္မတိုင်းမှာ ယောကျ်ားတို့ကဲ့သို့ လက် ၂ သစ်ခန့်နှုတ်ခမ်းမွေးဘယ်လိုဘဲထားထား မဖြစ်နိုင်ပုံ၊ နှုတ်ခမ်း ၂ ဘက် အထက်နှုတ်ခမ်းမှာ မွေးညှင်းပေါက်၍ အောက် နှုတ်ခမ်းမှာ အထက်မှာပေါက်သော နှုတ်ခမ်းမွေးကြီးကဲ့သို့ များစွာမပေါက် နိုင်ပုံ၊မေးစေ့၌ အချို့မုဆိတ်မွေးတွေ တပြုံတခေါင်းကြီး ရင်ဘတ်သို့ထိ ရောက်တယ် အချို့မှာလဲ နဲနဲဘဲပေါက်တယ် တွေးတွေးကြံကြံ ယခုပြော နေဒါ တရားရတို့အကြံမှတ်ကြ ဒါအာလောက-

ပဇ္ဇဝ်အတွင်းမှာ-ဒီသွားတွေဟာ ဘာကဖြစ်တာလဲ- ဒီလျှာနေပုံဘယ်လို လဲ- ဒီသွားဖုံးထဲက ဒီသွားတွေဟာ ဟို- ရေကြည့်ရေမြှုပ်တုံးကပါလာသ လား စားဘို့ဝါးဘို့ ကြံဖန် ဖြစ်လာကြပါကလား ပါးစောင် ၂ ဘက်က စီးဆင်းနေသော တံတွေးအရည်တွေဟာ ဘယ်ကဖြစ်လာကြသလဲ-မျက်စိ ပေါက်ရယ်- နားပေါက်ရယ်- နှာခေါင်းပေါက်ရယ်- ပဇ္ဇဝ်ပေါက်ရယ်- ဒေါက်ရှောက် ဒီးယိုပေါက်တွေပါကလား၊ ဒီအပေါက်တွေဟာဘယ်သူလုပ် ထားပါလိမ့် ကြံပါ ပေါ်အောင်ကြံယောဂီ အကြံများလျှင် အမှန်တရားကို မြင်လာရမယ်-

## အကြံများမှ- အမှန်တရားရပုံ

လည်ပင်းနေပုံဟာ အရိုးလဲမရှိ အသားနဲ့အကြောချည်းပါကလား ထမင်း အစာအရေ မျို သောက်ချလျှင် ကျသွားစရာ လည်ချောင်းပေါက် လည်မျိုဝ ကျဉ်းကျဉ်းပါကလား လည်တိုင် လည်ပင်းကျတော့ ဘာ့ကြောင့်အရိုးမထဲ့တယ်မသိ ဒီဥကျောင်းထဲကိုခွဲရှာလျှင် ဘာတွေရှိမလဲ စသည်ဖြင့် ဇူတ္တိပုရိသပျောက်အောင်ရေးသွားဒါမဟုတ် စိတ်က ကြံတိုင်း တရားအမှန်တွေကို- သိဘို့ကိုသာအမြွက်မျှ သတိပေးချတယ်-

တရားရအောင်ကြံစည်ခြင်း သမ္ဗာသက်ပ္ပ မဂ္ဂင်ဆိုဒါ တခြားကိုထွက်၍ မကြံရပ၊ ပိုက်ဆံရဘို့ကြံလျှင် တခြားထွက် ခန္ဓာထဲမှာပိုက်ဆံမရှိ မိမ္ဗလိုခြင် ပါက တခြားမှာရှာပါ ဗိုခေါင်းထဲမှာမိမ္ဗမရှိ ယောကျ်ားလိုခြင်လျှင်လဲ မိမိ ခန္ဓာမှာဘပါး တခြားမှာရှာယူ ဒီလည်ချောင်းထဲမှာတော့ ယောကျ်ား အ ရှင်းမရှိဘူးဆိုဒါ အရိပ်အမြွက်မျှ သတိပေးလိုက်တယ်- စိတ်က ဒီကျမ်းစာ ရေးသူ စာဘတ်သူ၏ ဥကျောင်းတလုံး၏ လက္ခဏာတို့ကို စဉ်းစားဒါ ကြံ စည်ဒါဟာ တရားအစစ်အမှန်တွေဘဲလို့ အရှင်းမသိပါဘူး စိတ်ဟာ အာရုံ ကိုသာ ကြံဘတ် သိဘတ်တယ် တရားကိုတော့ကြံဖေါ် သိဖေါ် မရသဖြင့် ကြံစည်တိုင်း- ဓမ္မကိုသိစေဘို့ အရိပ်အရောင်ပြ-မန အာလောက-

၁။ စက္ခုအာလောက- မျက်စိထဲမှာ မြင်သောအလင်းတရား
၂။ သောတအာလောက- နားထဲမှာ ကြားသောအလင်းတရား
၃။ ဃာနအာလောက- နှာခေါင်းထဲမှာ နံသောအလင်းတရား
၄။ ဇိဝှာအာလောက- လျှာထဲမှာ ခံစားရသောအလင်းတရား
၅။ ကာယအာလောက- ကိုယ်ထဲမှာ တွေ့ရသောအလင်းတရား
၆။ မနအာလောက- စိတ်ထဲမှာ သိမြင်ရသောအလင်းတရား

တရားအစစ်ကိုရလျှင် မျက်စိက ရုပ်အဆင်းသန့်သန့်သာ သက်ဆိုင်တယ် လို့ သဘောကျ၊ နားက-အသံသက်သက်ကိုသာ ကြားရတယ်လို့သဘောကျ နှာခေါင်းက အနံ့တမျိုးထဲသာ ရှူရှိုက်ရတယ်လို့ သဘောကျ လျှာက- အ ရသာတနည်းထဲ ပါကလားလို့သဘောကျ- ကိုယ်ကာယက၊ ထိတွေ့မှု တခု သာရှိဒါဘဲလို့သဘောကျ- စိတ်ကသိသမျှ အာရုံအငွေ့ တပါးထဲဘဲလို့ သ ဘောကျ ယောဂီအာလောက အဖွင့်ဝင်မှတ်လေ- မမှောင်တော့ဘူး မမိုက် တော့ဘူး လူမှောင် ယောကျ်ားမှောင် မိမ္ဗမှောင် အယူမှောင် အပူ မှောင် အပယ်မှောင် ဇာတိမှောင်တို့မှ လွတ်မြောက်ပြီး အလင်း ထွက်ပေါက်သို့ ရောက်ပြီမှတ်-

## နာမ်အရေးပေါ် အစည်းအဝေး

နာမ်ဆိုဒါဘာလဲ အာရမ္မဏ ဝိဇာနန လက္ခဏာရှိလို့ နာမ်ခေါ်တယ်-လို ရင်းအတိုချုံး တလုံးထဲမှတ် အာရုံကိုသိတတ်သောကြောင့်နာမ် ညွတ်တတ်သောကြောင့်နာမ် ကြံစည်တွေးတောတတ်သောကြောင့် နာမ် စိတ်ပေါင်း ၈၉- တနည်း- ၁၂၁-ပါး- စေတသိက်ပေါင်း ၅၂-ပါး- အားလုံးရော လိုက် နာမ်-တေ-ပညာသ-ဟု-ဥပဒေမှာပြထားတယ်-(တေ-၃) ပညာသ ၅၀- စိတ်နဲ့ စေတသိက်နာမည်တော့ ချားနားတယ်- ယှဉ်တွဲလျှက်နေတယ် ယောဂီ-အကုသိုလ်အကုသိုလ်ချင်း ကုသိုလ်ကုသိုလ်ချင်း ယှဉ်တွဲ၍နေတယ် အချို့ကလဲ- အကုသိုလ်ဘက်လဲပါတယ်- ကုသိုလ်ဘက်လဲလိုက်တဲ့ စေတ သိက်တွေလဲရှိတယ်- မီးနှင့် မီးရောင် ဥပမာအတိုင်း မီးကားစိတ် မီး၏အ ရောင်ကားစေတသိက်- နေနှင့် နေရောင် ဥပမာအတိုင်း နေကိုစိတ်မှတ်- နေ၏အရောင် တလက်လက်ပေါ်ထွက်နေသည်ကို- စေတသိက်မှတ်လေ- အိပ်ပျော်နေသူနှင့်စိတ်နဲ့တူတယ်- နိုးလာလို့စကားမျိုးစုံပြောတယ်- အလုပ် မျိုးစုံလုပ်တယ်- အကြံမျိုးစုံကြံတယ်- အဲဒါလို အိပ်ပျော်ရာမှ နိုးလာသူနှင့် စေတသိက်နဲ့တူတယ်မှတ်-(စာဘတ်ထာပြတ်သားအောင်လေးလေးဘတ်)

မချတ်မထစ် အသုံးမချသေးသော သွေးပြီးသား ဓါးနဲ့စိတ်နဲ့တူ၏- ချတ် ခြင်း၊ထစ်ခြင်း၊အသုံးချဆဲဓါးနဲ့ စေတသိက်နဲ့တူ၏- တနည်း ဖွဲ့ပကတိ အတိုင်း-စိန် ကျောက် ပကတိအတိုင်းနှင့်- စိတ်နှင့် တူတယ်=ထိုရွှေနှင့်စိန် ကို ကျောက်ကို ပန်းထိမ်မှာ လက်စွပ် သို့မဟုတ် လက်ကောက် သို့မဟုတ် နားကပ် သို့မဟုတ် ဆွဲကြိုး ဆံထိုး ဆံညှပ် ရွှေဘီး ကျောက်ဘီး စိန်ဘီး- လက်ပတ်ကြိုး- စသည်ဖြင့် ပြုလုပ်၍ထားခြင်း၊ ဝတ်ဆင်၍ပြခြင်းနှင့် စေ တသိက်နှင့်တူတယ်- (စိတ်နဲ့စေတသိက်မျိုးမတူ-ခွဲမရ)

**စိတ်သတ်သတ် အရောင် မထွက်ဘတ်**

**စေတသိက်နှင့်တွဲဘက်မှ အရောင်ထွက်တယ်**

**စိတ်သတ်သတ်-ကောင်းမကောင်း—အကျိုးကိုမပေး တတ်ဘူးမှတ်—**

**စေတသိက်တို့နှင့် တွဲဘက်မှ ကု= အကု—အကျိုးကို ပေးတတ်တယ်မှတ်လိုက်—**

ဒါ့ကြောင့်-စေတသိက် ၅၂-ပါး အစည်းအဝေးပွဲ၌ စိတ်-တခုယုတ်-၉၀ နှင့် အကျယ် ၁၂၁ ပါးတို့လဲ ပါကြတယ်လို့ သိထားဘို့ ကြို့တင်သတိပေးလိုက်သည်၊ စေတသိက် ၅၂-ပါး ရှိသည့်အနက်၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံးနှင့် ပကိဏ်းစေတသိက် ၆-လုံး၊ ပေါင်း ၁၃-လုံးကို အညသမာန်းအမည်ရပြန်တယ်၊ ဘာ့ကြောင့်- ဒီ ၁၃-လုံးတို့သည်၊ အကုသိုလ်စိတ်ဖြစ်တိုင်း ပါကြရတယ် ကုသိုလ်စိတ်ဖြစ်တိုင်းလဲ ပါကြရတယ်၊ ဒါ့ကြောင့် (ကောင်းမကောင်း ၂-စခမ်း-နေရာတိုင်းပါတဲ့ အညသမာန်း) လို့ ခေါ် ဆိုကြ၏။

အကုသိုလ်စေတသိက် ၁၄-လုံးတို့သည် အကုသိုစိတ် ၁၂ ခု တို့ ဖြစ်ပေါ် တိုင်း ဆိုင်ရာဆိုင်ရာယှဉ်တွဲလျှက်ပါကြရ၏-သောဘဏ စေတသိက် ၂၅-လုံးတို့သည် ကုသိုလ်စိတ်။ ၂၁-ခုတို့ဖြစ်ပေါ်ကြတိုင်း ဆိုင်ရာဆိုင်ရာ ပူးတွဲပါဝင်၍ အသုံးတော် ခံကြရကုန်၏ ရုပ်အဋ္ဌပိသတို့ကဲ့သို့ တစခမ်း သတ်သတ်သွားသော အဗျာဂတ သဘောမျိုး မဟုတ်ဘူး ယောဂီ- နာမ်တော ပညာသ ခေါ်- တနည်း- စေတသိက် ၅၂-ပါးတို့မှာ ကုသလဓမ္မမျိုး အကုသလ ဓမ္မမျိုး ၂-မျိုးလဲပါရတယ်၊ တခါ-ကောင်းကျိုး မကောင်းကျိုး ဆိုသရွေ့ ဘာကျိုးကိုမှ မပေးသော- အဗျာဂတ သဘောမျိုးလဲ ရှိရပြန်တယ်၊ ဒါ့ကြောင့်-စေတသိက် ၅၂-ပါးတို့၏ အရေးပေါ် အစည်းအဝေးမှာ ၂-မျိုးခွဲ၍ မှတ်ကြရာ၏-

**အညသမာန်းစေတသိက်၊၁၃ လုံးတို့နှင့် အကုသိုလ်စေတသိက် ၁၄ လုံးတို့က အကုသလဓမ္မ သင်္ကာယဒိဋ္ဌိ တဖွဲ့ဖြစ်တယ်။**

**အညသမာန်း ၁၃ လုံးတို့နှင့် သောဘဏ စေတသိက် ၂၅ လုံးတို့က ကုသလဓမ္မသင်္ကာယဒိဋ္ဌိ တဖွဲ့ဖြစ်တယ်။**

(အထူးသတိပြုစရာမှာ) နာမ်ဆိုရာ၌-လောကုတ္တရာစိတ် ၈-လုံးနှင့် သက်ဆိုင်သော စေတသိက်စုတို့သည် ဤသက္ကာယဒိဋ္ဌိအဖွဲ့၌ အရှင်းမပါကြသည်ကို သိကြစေလို၏၊ ပရိယတ္တိ စည်းချဉ်းဥပဒေအရ သတိပေးလိုက်သည် ပရိယတ်ကို မသင်ဘူးသော လူပြိန်းယောဂီတို့ သိဘို့ရာမှာ အနုဗ္ဗလက္ခဏာကို ကုတဥာဏ်အထိ၊ တနည်း- ပဟာနပရိညာအထိ- သိမိုင်ထားသော ယောဂီတို့သည် သက္ကာယဒိဋ္ဌိအဖွဲ့ဝင် မဟုတ်ကြောင်း သိစေလိုက်သည်၊ အနွှမာလတို့၏ အဖွဲ့သာဖြစ်၏၊ အကုသိုလ်စိတ် အကုသိုလ်စေတသိက် အညသမာန်း စေ တ

သိက် ၁၃-တနည်း- လောကီကုသိုလ် ၁၇-ခု၊ သောဘဏစေတသိက် ၂၅၊ အညသမာန်း ၁၃ ခုတို့သည်သာ သက္ကာယဒိဋ္ဌိအမွှာင်ဖြစ်ကြကုန်၏။ အကုသိုလ်ပြုမည်ကြံလျှင် တလှခန့်က သို့မဟုတ် ၇ ရက်ခန့်က ကြိုတင်၍ အကုသလဓမ္မ အရေးပေါ် အစည်းအဝေးပွဲ ပြုလုပ်ကြရှတယ်။ (ဘာ့ကြောင့် မကောင်းကျိုး ခိုင်လုံအောင်လို့)

| | |
|---|---|
| ၁။ ဥက္ကဋ္ဌ | မောဟစေတသိက် |
| ၂။ ဒု-ဥက္ကဋ္ဌ | မနသိကာရစေတသိက် |
| ၃။ အတွင်းရေးမှူး | ဒိဋ္ဌိစေတသိက် |
| ၄။ ဒု-အတွင်းရေးမှူး | ဝေဒနာစေတသိက် |
| ၅။ အထွေထွေအတွင်းရေးမှူးချုပ် | စေတနာစေတသိက် |
| ၆။ ငွေထိမ်း | ဇီဝိတိန္ဒြေ စေတသိက် |
| ၇။ ဒု-ငွေထိမ်း | ဝိရိယ စေတသိက် |
| ၈။ စာရင်းစစ် | သညာ စေတသိက် |

၉။ ကော်မိတီလူကြီးမှာ ဖဿ-ဧကဂ္ဂတာ-ဝိတက်-ပီတိ-အဟိရိက အနောတ္တပ္ပ-လောဘ-မာန-ဒေါသ- ဝိစိကိစ္ဆာ-ဆယ်ယောက် မှတ်-ကျန်စေတသိက်-ဝိစာရ- အဓိမောက္ခ-ဆန္ဒ-ဥဒ္ဓစ္စ-ဣဿာ- မစ္ဆရိယ-ကုက္ကုစ္စ-ထိန-မိဒ္ဓ- ၉-ခုတို့ကို အဖွဲ့ဝင်ဟူ၍မှတ်ကြ-

## အကုသလဓမ္မ အရေးပေါ်အစည်းဝေးပွဲ

### ၁။ ဥက္ကဋ္ဌမောဟကိုပင်-သဘာပတိတင်မြှောက်ကြ၍မိန့်ခွန်းပြောပြီ

သံသရာလောကကြီးမှာ ရေသောက်မြစ်ဆိုဒါ ကျုပ်အစစ်- ကျုပ်၏ နာမည်ကို မျိုးစုံဘွဲ့ပေးကြ၍- အဝိဇ္ဇာခေါ်တယ်-အဝိဇ္ဇာသဝလဲဟုတ်တယ် အဝိဇ္ဇောဃဆိုတယ်- အဝိဇ္ဇာယောဂလဲမှန်၏-အဝိဇ္ဇာနီဝရဏဆိုဒါလဲကျုပ် ပါဘဲ- အဝိဇ္ဇာနုသယ အမည်လဲဟုတ်၏- အဝိဇ္ဇာသံယောဇဉ်ဟူ၍-သုတ္တံ နည်း အဘိဓမ္မာနည်း- ၂- မျိုး- ၂-မည် ဘွဲ့ထူးကိုလဲခံယူရတယ်- မောဟ ကိလေသာလို့သုံးကြပေမဲ့ ကျုပ်တကိုယ်ထဲပါဘဲ- မောဟကို-ရေလဲမျိုးစုံ နဲ့လွှဲပြောင်းသုံးနှုံးပြီး- အကုသိုလ်ဆေးတွေကို သောက်စားနေကြတယ်လို့ ၄တ်လိုက်-

ဝိပဿနာ ယထာဘူတဉာဏ်ကို လင်းပြအရာလုပ်ချင်ပေမဲ့ ပရိယတ် စီးမျဉ်းကို ကျကျ နန မတတ်လျှင် အတိဒ္ဓိ ဖြစ်ဘတ်၏မွှေအန္တရာယ်ခေါ် ဘေးမျိုးစုံတွေ့ ရမည် သတိပြု၊ ဝိပဿနာဉာဏ်ကို သဲလွန်စမျှ ရလျှင် မိမိ၏ခန္ဓာမှာပင် ဆင်ခြင် သုံးသတ်နေလျှင် လွန်စွာအကျိုးကြီးလှ၏၊ဆရာတဆူ တဂုဏ်ယူလိုပြီး နိဗ္ဗာန်လမ်း

> ပြုလုပ်ကြသူတို့သည် ပရိယတ်စည်းမျဉ်းဥပဒေကို တကယ်နားမလည်သဖြင့် မသေခင်မှာလဲ ကြက်သရေမျိုးစုံ ယုတ်ရမည်၊ သေပြန်သော်လဲ ငရဲစသော အပါယ် ၄ ပါးသို့ နစ်မြုပ်ရမည် ဆရာ၏တပည့်ထဲမှာပင် ပရိယတ်စည်းမျဉ်းကို မလေ့လာမကျက်မှတ် မှုမထားဘဲ ဆရာလုပ်၍ တဗိုလ်တဂိုဏ်းတဖွဲ့နဲ့ နေသူတွေများစွာ ရှိသည် ဆရာသည် ပရိယတ်နှင့်ညီသော ကျမ်းစာတွေကို ထုတ်တယ် ဓမ္မကထိက လက်မှတ်တွေကို စည်းမျဉ်းဥပဒေအတိုင်း ပေးသင့်သူကိုပေးဘယ် ၇-ရက်စဉ်ဟောရာမှာလဲ ဥပဒေအရ ဟောပြတယ် ထိုင်ဝိုင်းဟောပြရာ၌လဲ သီလ ဘောက်ပြားဘို့ အရှင်းမပါ ပရိယတ်ကိုမပယ် သင်္ကန်းကိုမပယ် ဥဒ္ဒိဿစေတီဘုရားကိုမပယ် သည့်အတိုင်းမှန်ခဲ့သော် ဆရာဖြန့်နေသော သာသနာစစ် တရားတော်သည် နေမင်းကြီး ထွက်ပေါ်၍သာသလို ယခုခေတ်ကာလ၌ လူတိုင်း ရှင်တိုင်းတို့၏ မျက်စိမှာ အလင်းရောင် ကြေပါစေသတည်း- (အာဒိစ္စ အာလောက)

အဲဒါလို ရုပ်သမ္ဘာလောကကို ဥက္ကဋ္ဌ မောဟာရဲ့နိုင်ငံမှတ် ဘယ်လူဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါမဆို ရဟန္တာနဲ့ ဘုရားကလွဲရင် ကျုပ်ရဲ့ လက်အောက်က မလွတ်သေးဘူးမှတ် ယခုအကုသိုလ် ပြုမည့်ဆဲဆဲမှာ ကျုပ် မပါလျှင် မဖြစ် အပါယ်လေးပါးသို့ ရောက်ချင်လျှင်ကျုပ်ဆီမှာ ခရီးဆောင်လက်မှတ်ယူရမယ် ဒုစရိုက်ဆယ်ပါးကိုမပြုဖြစ် ပြုဖြစ်အောင်အလင်းရောင် ပျောက်ပြီး-အမှောင်ဓါတ်မှိုင်းတိုက်လိုက်ထာ ကျုပ်၊ဘုရား-တရား-သံဃာ ဆိုသော ရတနာအရောင်တွေကို ပယ်ဖျောက်တတ်တာကျုပ် လူ့ဘုံ နတ်ဘုံဗြဟ္မာဘုံ မရောက်နိုင်အောင် ကန့်ကွက်ပိတ်ပင်ထားဒါ ကျုပ်- ဟောဒီ ခန္ဓာကိုယ်ကြီးကို မွေးလိုက်သေလိုက် ဆက်ခါဆက်ခါ အဖြစ်ဟူသမျှ အဖြစ်မှုလဟာ ကျုပ်ပါဘဲ- ယခုအစည်းအဝေးသို့ ရောက်လာကြသော လူကြီးများသိဘို့ရာ ဥက္ကဋ္ဌ သဘာပတိနဲ့ တူအောင် ကန္တာရန်စပြီး ရှေးဦးစွာ ရာဇသံပြလိုက်သည် ကဲ-အလှဲ့ကြပြောကြ-

## ၂။ ဒု-ဥက္ကဋ္ဌ မနသိကာရစေတသိက်

ကျုပ်ကတော့- အညသမာန်းနယ်က- လူကြီးတယောက်ဖြစ်လာတယ်- ဒီလူတွေဟာ သတ်ဘို့ ခိုးဘို့ မတရားပြုလုပ်ဘို့ဟူသမျှ ကျုပ်မပါဘဲမဖြစ်နိုင် မအိပ်မနေ သတ်ဘို့ ခိုးဘို့ ဓါးမြတိုက်ဘို့နှလုံးသွင်းကြရမယ်- သူပုန်ထဘို့ အာဏာလုဘို့-သူ၏ သက်ရှိ သက်မဲ့စည်းစိမ်တို့ကို ဖျက်ဆီးပြစ်ဘို့စွဲစွဲမြဲမြဲ ကြံစည်နှလုံးသွင်းဘို့ရာအရေးပေါ် အစည်းအဝေးမှာ ကမ္ဘာပထမြောက်အောင် အပါယ်လေးပါးသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဖြောင့်တန်းစွာ ရောက်ရအောင်ဘေးကနေပြီး စောင့်ရှောက်ထာ ကျုပ်အလုပ် ဖြစ်ကြောင်း သိစေချင်ပါတယ်-

## ၃။ အတွင်းရေးမှူး ဒိဋ္ဌိစေတသိက်

ကျုပ်အလှဲ့ကျလာပြီနားထောင်ကြပါ စကားပြောခြင်းကိုသည်းခံကြပါ ဒိဋ္ဌိ-ဆိုဒါ- အခေါ်တွေများတယ်- မိစ္ဆာဒိဋ္ဌိ- သက္ကာယဒိဋ္ဌိ- အတ္တဒိဋ္ဌိ- သဿတဒိဋ္ဌိ- ဥစ္ဆေဒဒိဋ္ဌိ- အကုသိုလ်မဂ္ဂင်ဘက်က နာမည်မျိုးစုံရှိတယ်- ကုသိုလ်မဂ္ဂင်ဘက်ကတော့- သမ္မာဒိဋ္ဌိ-ဟာ- လောကီ- လောကုတ်-ဟူ၍ ၂ မျိုးရှိပြန်တယ်- အဲဒီတော့- လူပြိန်းတွေ ထွေးရှုပ်ထာမဆိုထားနဲ့ လူပါးတွေမှာဘဲ သပွတ်အူနဲ့စာဘူးတောင်းဖြစ်နေဘိ- (စာရွက်လှန်လျှင်မရပ်စေနဲ့) ဒိဋ္ဌိဆိုဒါအယူ- မိစ္ဆာကရှေ့ကနေလျှင်အမှား- မိစ္ဆာဒိဋ္ဌိ အမှားအယူ- တနည်း သမ္မာကရှေ့ကနေလျှင်အမှန်- အဖြောင့်- အကောင်း- တွဲသော် သမ္မာဒိဋ္ဌိ- အမှန်အယူဒီလိုဖြစ်တယ်- ယခုအကုသလဖွဲ့မှာ- အတွင်းရေးမှူးလုပ်ထာက- ဒိဋ္ဌိဆိုသော်လဲ အယူတွင်မမှတ်နဲ့- အယူမှားဟူ၍သိထား- အကုသိုလ်ဘက်ကမှားမှား- ကုသိုလ်ပြုရာမှာဘဲ မှားမှား-ဒိဋ္ဌိ မှတ်လိုက်-ဒိဋ္ဌိကို ရေလဲအမျိုးမျိုးနဲ့သုံး၍ခေါ် ဆိုပေမဲ့-ဒိဋ္ဌိဟာ ဒိဋ္ဌိပါဘဲ- အမှားအမှန်ကို စဉ်းစားနေရင် အချိန်ကုန်မယ်ယောဂီ-

ယခု အကုသိုလ်ပြုခါနီး- အခရေးမှာ- ကျုပ်က လှုံ့ဆော်ပေးရတယ်- မကောင်းပေမဲ့ ကောင်းတယ်ထင်ရအောင်- မဟုတ်ပေမဲ့- ဟုတ်တယ်လို့ ထင်မှားရအောင်- မမှန်သော်လဲ- အမှန်ထင်နေအောင်- အမြဲတစေ·တိုက်တွန်းနှိုးဆော်လျှက်- မျက်ခြေမပြတ် ကြည့်နေရတယ်-

သက္ကာယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိနာမ သဂ္ဂံ-ဥပနေတုံ-သမညာနာမ
နတ္ထိ-ကေဝလံ နိရယမေဝ-နိရုဇ္ဈာပေတီတိ-ဝုတ္တံ-

သက္ကာယဒိဋ္ဌိံ- ကု အကု ၂ စခမ်းသွားသူတို့ကို- လမ်းမှားအောင် သတင်းပေးထူးလှသော- အတွင်းရေးမှူး ဗိုလ်ဒိဋ္ဌိကို- ဥပါဒါယ-ကောင်းမကောင်း ၂ ခု-အကြောင်းပြုကြရ၍- ဒိဋ္ဌိနာမ-အယူမှားခြင်းမည်သည်-သဂ္ဂံ-လူချပ်နတ်ပြည်သို့- ဥပနေတုံ- ရောက်အောင် ပို့ဆောင်ခြင်းငှါ- သမညာ နာမ-စွမ်းနိုင်ခြင်းမည်သည်- နတ္ထိ-မရှိ၊ ကေဝလံ-နိရယမေဝ- စင်စစ်ငရဲ၌သာလျှင်- နိရုဇ္ဈာပေတိ-နစ်မြုပ်စေတတ်၏- ဣတိ- ဤသို့-ဝုတ္တံ-ဘုရားဟောတော်မူ၏- တိုတိုပြောရလျှင် အပါယ်လေးပါးသိုသျှင် ရှုပ်တယ် ငရဲကြီး ရှစ်ထပ်သို့- ချောက်အောင်ဘကယ်တမ်းပို့ခနေဒါ ကျုပ် ကိစ္စဘဲသို့ ပြောပြလိုက်သည်-

## ၄။ ဒုအတွင်းရေးမှူး ဝေဒနာ စေတသိက်

အာရုံကာမဂုဏ်တို့ကို- မခံစားဘဲ ဘယ်သတ္တဝါမှ-မနေနိုင်- သတ္တဝါဖြစ်အောင်-လူဖြစ်အောင် ကျုပ်ကစီမံရတယ်-အကုသိုလ်ကို-ရဲရဲရက်ရက်ပြုနိုင်ဒါ ကျုပ်ပါလို့မှတ်- လိမ်တယ်-အရက်သောက်တယ်- သူများမယားကိုတိတ်တိတ်ခိုး၍ပေါင်းသင်းတယ်-သူများတွေရဲ့လင်ယောက်ျားကို ဘယ်သူမှ- မမိခ- မသိခအောင် အချစ်စခန်းဖွင့်၍-ဆက်ဆံရေး လုပ်ကြတယ်-ဒါဘာလဲ ဝေဒနာ-ဝေဒနာ ခံစားခြင်းခံစားမှု-ဆဲဒီလို အဒ္ဓဗာလယောက်ျား-အဒ္ဓဗာလမိန္မတို့က- အကြံများပြီး အာရုံကာမဂုဏ်မျိုးစုံတို့ကို- ခံစားခြင်း-မော်ကြွားပျော်ပါးခြင်း- လောကဖိမ်ဖြစ်အောင်- ကျုပ်ကအားပေးနေပါတယ်- ဒီလိုအမြဲတမ်းအားပေးတဲ့ဘက်က- အရေးပေါ်တိုင်းပေါ်တိုင်း-မဆုတ်မဆိုင်းကြည့်ရှုလျှက်နေပါတယ်- ဒါ့ကြောင့်- မသေခင်- သေမှာစာရင်းပေးဘူးတဲ့- ဝေဒနာအတွင်းရေးမှူးက- ဒုစရိုက်ပွါးစီးတို့- တိုက်တွန်းလျှက် ဖြစ်ပါကြောင်း- ပြောပြလိုက်သည်-

## ၅။ အထွေထွေ အတွင်းရေးမှူးချုပ် စေတနာစေတသိက်

ဘယ်သူက ဘာတွေဘဲပြောပြော စေတနာမပါဘဲ- အားမသန်ပါဘူး-ထက်သက်သန်သန်- နိုးဆော်တိုက်တွန်း နေရပါတယ်- ဘာတွေကို-စေတနာက- မနေသာဘဲ- အားပေးနေရပါသလဲ- (စာဘတ်ကျယ်ကျယ်ဘတ်) တရွာလုံးမီးရှို့ဘို့- ဘုရားတွေဖြိုဖျက်ဘို့- အိမ်တွေကျောင်းတွေ ဖျက်ဆီးဘို့ ကျွဲတွေနွားတွေကို- သတ်စားဘို့- သူများရဲ့သမီး မယားတို့ကို-မေထုန် ပြုဘို့ သူများရဲ့သားနဲ့လင်တို့ကို-မေထုန်ပျော်ကြူးဘို့-ဓါးမြတိုက်ဘို့- လူပြန်ပေး-နွားပြန်ပေး- လှေပြန်ပေး- လှဲပြန်ပေး မော်တော်ကား ပြန်ပေး လုပ်လို့-ကိုယ့်လင် ကိုယ်သတ်ဘို့- ကိုယ့်မယား- ကိုယ်သတ်ဘို့- ကိုယ့်သားသမီး ကိုယ်သတ်ဘို့- ကိုယ့်မိဘ ကိုယ်သတ်ဘို့-ဘယ်သူတွေဘဲသေသေ- ကိုယ်ကမင်းလုပ်ဘို့-ဘယ်သူတွေဘဲမွဲမွဲ-ကိုယ်ကသူဌေးဖြစ်ဘို့-တိုက်တွန်း အားပေးစက်မပြတ်လယ်နေဒါ-စေတနာပေါ့- စေတနာ မှတ်လိုက်ကြ- ရာထူးရဘို့ လာဘ်များများစားဘို့ ပိုက်ဆံဖွေခွင့်ရဘို့ အိမ်တွေ ကျောင်း တွေ တိုက်တွေ-အဆောက်အဦးမျိုးစုံတွေရဘို့-ကြိုးစားရတယ်-မယား များစွာရဘို့-လင်းများစွာရဘို့-တရွာလုံးအုပ်ဘို့-တနယ်လုံးစီးဘို့- တမြို့လုံးနိုင်ဘို့-တခရိုင်လုံး-ချုပ်ကိုင်ဘို့-တပြည်လုံးမှာ အုပ်ချုပ်ဘို့- အပြည့်ပြည့်ကို- ပိုင်ဆိုင်ဘို့ အာရုံခံအကျိုးမျှော်ပြီးအမြဲတမ်းနှိုးဆော်နေတဲ့(နိဗ္ဗာန်ဆော်မဟုတ်)

ငရဲဆော် ကျုပ်အစစ်ဖြစ်ကြောင်း-အားလုံးရိပ်မိအောင်-အကျသိုထ် အဖွဲ့ဝင်ထဲက- နေရာတကာမှာထိပ်- စေတနာစေတသိက် သတင်းရေးကျူးတို့ အလုပ်နဲ့-ဒီမလေ-အတွင်းရေးမှူးချုပ်က အစီရင်ခံလိုက်ပါတယ်။

## ၆- ငွေထိန်းဇီဝိတိန္ဒြေစေတသိက်

လောကကြီးမှာ-လူအပေါင်းကို ပြည့်ရှင်မင်းက အုပ်ချုပ်သလို ဇစိုးရတွေက စောင့်ထိန်းထားသလို နာမ်အပေါင်းတွေကို စောင့်ရှောက် ထားကျုပ်ပါ့ဘဲ၊ နာမ်တလုံးတလုံး၌ ဥပါဒ်-ဠီ-ဘင် ၃-လုံး-၃-လုံး ဆက် ခါ ဆက်ခါ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း စောင့်ရှောက်နေရတယ်၊ လက် ဖြစ် တတွက်၌ ကုဋေ့တသိန်းခန့် ဖြစ်ပေါ်ကြသော နာမ်တွေကို တလုံးစီတချစီ အမှန်ဘဲလို့ မသိရအောင် တပါးစီ တခြားစီဘဲလို့ မတွေးနိုင်အောင် တွေး ဆင်ခြင်လို့ မဖြစ်နိုင်အောင် ကျုပ်က ဖန်တီးထားတယ်မှတ်၊ နာမ်အပေါင်း တို့၏ အသက်ကို ဇီဝိတိန္ဒြေ ခေါ်တယ်။

ဇီဝိတ ဣန္ဒြေ
အသက် စောင့်ထိန်းခြင်း

အသက်ကို စောင့်ထိန်းနေဒါ ကျုပ်ပါ့ဘဲ- ဘာသက်လဲ နာမ် သက်- နာမ်သက်-နာမ်မှာအသက်ရှိတယ်ဆိုဒါ အောက်တန်းစားများ မသိနိုင်ပါ၊ ပဋိသန္ဓေ တည့်စကထဲက ပါလာသော နာမ်ဟာ- ယခုအထိ-တနည်း စုတိ စိတ်အထိ၊ တလုံးထဲထင်ရအောင် ခြားဖြတ်မမြင်အောင် ကျုပ်က စောင့် ရှောက်နေရတယ် ငွေများကို ငွေထိန်းလူကြီးက-ထိန်းသိမ်း ထားဘိ သ ကဲ့သို့ နာမ်အပေါင်းတို့ကို အစိုးရသော ဇီဝိတိန္ဒြေဟာ-အကျသိုလ်ကံအထ မြောက်တို့ဘက်က အားပေး ကူညီနေကြောင်း အများသိစေဘို့ ပြော ပြ လိုက်ရသည်။

## ၇-ဒုငွေထိန်း-ဝီရိယစေတသိက်

အိမ်အုိ-ကျောင်းအိုများကို ကောင်းလိုက-မပြိုမယိုင်အောင် နဂိုခိုင်သလို တောင့်တင်းအောင် သန်စွမ်းအောင် ထောက်ပန့်ဒါ တနည်း-ကျားကန်ဒါ ထိန်းသိမ်းထားဒါမျိုး-ထိုနည်းတူစွာ မိမိနှင့် ယှဉ်တော်ယှဉ်ဘက် ဖြစ်သော သမ္ပယုတ်တရားတို့ကို အမြဲတမ်း အားပေး ထောက်ပန့်သော တာဝန် ကို ကျုပ်ကယူတယ်- အကုသိုလ် တချချပြုတော့မယ်ကြံရင်-လုပ်သား လုပ်ဟဲ့ သတ်လိုက်ဟဲ့-သေအောင်သတ်ဟဲ့- ခိုးဟဲ့-ချတ်ဟဲ့ စသည်ဖြင့် အထူး ဂရု

ဝိုက်ပြီး လုံးပန်းနေဒါ ကျုပ်ပါဘဲ၊ မိစ္ဆာ ဝါယာမ မဂ္ဂင်ဘွဲ့လဲ ရပါတယ်၊ အပါယ်လေးပါးသို့ရောက်အောင် ဆွဲချနေဒါ-ဆွဲယူနေဒါ-ဆွဲဆောင်နေဒါ ဟာ အားလုံးသိကြဘို့ ဝိရိယက-တင်ပြ အစီရင်ခံလိုက်သည်။

## ဂ-စာရင်း၊စစ်-သညာစေတသိက်

ထီးမှာ-ခရိုင်ချုပ်-တိုင်းပြည်မှာ-ရှင်ဘုရင်အုပ်သလို- သညာပါမှ ဖြစ်မယ်လို့ယူကြ -ငွေစာရင်းများကို မမှားမယွင်းအောင် စစ်ဆေးတတ်သလို အတွက်အချက်တတ်သော သူကဲ့သို့- ကာမဂုဏ် ငါးပါးကို လိုက်စားတဲ့ နေရာမှာ- အမှတ်သညာထားမှသာ ကျကျနနလိုက်စားနိုင်ကြတယ်၊ ဒါက အဆင်းကောင်း-ဒါကတော့ အသံကောင်း-အနံ့ကောင်း အရသာကောင်း အတွေ့ကောင်းမှတ်၍- ဒီနေရာတော့ ကောင်းတယ်၊ ဒီနေရာက မကောင်းဘူး၊ မှတ်ထာကျုပ်ပေါ့၊ တဏှာလိုက်စားသောအခါ၊ ဒီအိမ်- ဒီတိုက်- ဒီကျောင်းမျိုးနဲ့နေမှ ဖိမ်ရှိတယ်၊ ဒီလို အိမ်စုတ်- တိုက်စုတ်- ကျောင်းစုတ်တွေနဲ့ နေရဒါဟာ အောက်တန်းကျတယ်လို့ မှတ်သားထားဒါ၊ သညာပါဘဲ၊ တနည်း-ဒီလူကိုတော့ သတ်ပြစ်မှ-ဒီအဖွဲ့ကိုတော့ ဖျက်ပြစ်နိုင်မှ ဒီအိမ်တွေ ဒီကျောင်းတွေကိုတော့ မီးရှို့ပြစ်မှ ငါ့အမျိုးငါ့အဖွဲ့သား- ငါ့ပါတီကိုတော့ ချန်လှပ်ထားမယ် စသည်ဖြင့် အကုသိုလ်ပြုခါနီး၌ ခွဲခြား သတ်မှတ်ချက် ပြုလုပ်ရမဲ့တာဝန်က ကျုပ်တယောက်ထဲသာ ရှိတယ်မှတ်-သဗ္ဗာယ ဒိဋ္ဌိ အကုသလခမ္မအဖွဲ့ထဲမှာ-(စာဘတ်မလေးနဲ့-မမြန်နဲ့) သညာ မပါလျှင် အဖွဲ့မဖြစ်-သညာသည် နေရာတကာမှာ စာရင်းကိုင် အင်းကိုင် အရာရှိ တယောက်မှတ်ကြ၊ ဒီလင်-ဒီမသားတော့ သင့်ရဲ့-ဒီလင်နဲ့- ဒီမယားနဲ့တော့ မဖြစ်ဘူးစသည်ဖြင့် တဏှာဟုန်များဘို့ကာမဂုဏ်ငါးပါးကို- လိုက်စားပြီး ဒုစရိုက်ကံမျိုးစုံတို့ကို အမှတ်တရ၊ လုပ်တတ်ကိုင်တတ်ထာဟာ သညာစေတသိက်သည်သာ အရေးအကြီးဆုံးဘဲလို့ အတွေးမလိုအောင် ယခုအစည်းအဝေးမှာ ထင်ရှားအောင် အရေးဆိုလိုက်သည်။

## ကော်မတီလူကြီး၊-၉-ယောက်

၁။ (ဖဿစေတသိက်က) အကုသိုလ်ဖြစ်လို့ ကျုပ်က-စစ်ဦးကနေပြီး ကုသိုလ်တွေကို တိုက်ဖျက်လာခဲ့ဘယ်၊ စက္ခုသမ္ဖဿဇာဝေဒနာ အစ၊ အာရုံခြောက်ပါးမှာ ခြောက်ဖဿ-ဒါစစ်ဗိုလ် ၆-ယောက်မှတ်ပါ၊၆-ယောက် ဆိုသော်လဲ-ရုံးထိုင်တဲ့နေရာမှာသာ သင့်သလို ရုံးထိုင်သွားရဘယ်- တရား

သူကြီးကတော့- ဖဿဆိုဒါကျုပ်တယောက်ပါဘဲ-စက္ခုပသာဒနဲ့ ရူပါရုံနဲ့ မထိဘဲ မနေနိုင်- ထိပြီဆိုလျှင် စက္ခုဝိညာဏ်စိတ်ပေါ်ရမယ်၊ ဒီသုံးပါး ပြည့်စုံလျှင် ကျုပ်အလှဲ့ပေါ့- (တိဏ္ဏံ သင်္ဂတိဖဿော)ဒါကြောင့် ငရဲကြီး ၅စ်ထပ်သို့ပို့ဆောင်ရေးမှူးဟာ- ဘသူလဲ ဖဿစေတသိက်ပါကလား-လို့ ဤအာလောက ဒီပနီ အသံလွှင့်ရုံကြီးကနေပြီး လူတွေ နတ်တွေ ဗြဟ္မာတွေ မကြားရအောင် တိတ်တိတ်ပုံး အသံတိုးတိုးကလေးလွှင့် လိုက်ပါတယ်- (ဝက်အူရှော့ထားတယ်)

၂။ ဇေတနာ စေတသိက်ကတာဝန်ရှိသလောက်ပြောပြရမှာဘဲမိတ္တာ ထဲမှာ သမာဓိမင်္ဂဘွဲ့ထူးလဲ ကျုပ်ရတယ်-အကုသိုလ် ဖြစ်အောင်လုပ်ကြ မယ်ဆိုလျှင် တကယ်တည်ကြည်မှုဖြစ်တယ်- အင်းသူကြီးလုပ်ရင်လဲ တည် တည့် တန့်တန့် မဆိုးလုပ်ရင်လဲမဘောက်မပြန်- ဓါးမြသူပုန်လုပ်ပြီးစားဘို့ သားမယားကျွေးဘို့မှာလဲ ကျကျနနမှုဖြစ်မယ်-မင်းအစိုးရ လုပ်ပြီးအသက် မွေးမယ်ဆိုရင်လဲ ငါ့လင်နဲ့ ငါ့သားမယား ချမ်းသာလျှင်ပြီးဒါဘဲ ဘသူဘာ ဖြစ်သွားသွား ငါဘုရင် ငါထင်သလိုလုပ်မှာဘဲလို့ ရက်စက်မှ မင်းဖြစ် ဆိုဒါလို နောက်မဆုတ်တန်း တာရှည်အောင်မတရားလုပ်မှာဘဲလို့ စိတ်ကို ခိုင်မြဲစွာထားခြင်း ယခုဘဝဒီကိုယ်နဲ့စံမယ်- ဟိုဘဝကျတော့ ဟိုကိုယ်က ခံလိပ်မယ်လို့ မသောခင် ပျော်ပါးမော်ကြွားပြီး- ဝဝစား ဝဝသွားမယ်လို့- စိတ်နှလုံးဒုံးဒုံးချလိုက်ထာ ဇေတနာစေတသိက်၏ အလုပ်ကိစ္စဘဲလို့- သိ စေရခြင်းပါဘဲ-

၃။ ဝိတက် စေတသိက်-တရားအစစ်ကို တွေးလို့ရှာလို့ မပေါ်နိုင်အောင် ကျုပ်က လှဲ့စားထားတယ် ယခု အကုသိုလ် အစည်းအဝေးပွဲမှူးကြီးစည် မှုများအောင် ကျုပ်ကဘဲနှိုးဆော်ရမယ်-(အာနာပါနနဲ့ ကျုပ်နဲ့ ကမ္ဘာရန်) လူတယောက် အရိယာမဖြစ်အောင် ကျုပ်ကမျက်ကြောမပြတ် ကြည့်နေ တယ်မှတ်ကြ- ဈာန်သမာပါတ် မရအောင် ဈာန်လျှောကျအောင် အထက် တန်းကအောက်တန်းပြန်ရောက်အောင် ညအခါအိပ်မပျော်နိုင်အောင်အာရုံ တွေကို တခုပြီးတခု တခုမပြီးခင်၂ ခု ၃ ခု လိုက်စားပြီး ထပ်ဆပ်ပြီးလိုက် စားဘို့ကြံ ကြံဆဲမှာပင် စိတ်မျိုးစုံဖြစ်ဘို့တာဝန်ယူပါတယ်- တနည်းဥပုသ် စောင့်ရင်း ဘုရားရှိခိုးရင်း စာကျက်ရင်း စာတက်ရင်း စာချရင်း တရားနာ ရင်း တရားဟောရင်း ကာမစိတ်တွေဖြစ်ဘို့ ရာဂစိတ်တွေထကြွဘို့ အကြံ မျိုးစုံထုတ်တတ်လို့မိတ္တာအဖွဲ့ထဲမှာ သင်္ကပ္ပမင်္ဂဆိုဒါ နာမည်သာကျွဲတယ် ဝိတက် စေတသိက်ပါဘဲဆိုဒါ ယခုအာလောကဒီပနီကျမ်းမှ အတိအလင်း ခပ်ပြောင်ပြောင် ရဲရဲကြီး ဖွင့်ချလိုက်ရပါတယ်-

၄။ ပီတိ စေတသိက်၏အဆို အာရုံလိုက်စားတဲ့နေရာမှာ သဘောကျတယ် ကျေနပ်တယ် ဟန်ကျဘိ အကောင်းဆုံး အကြိုက်ဆုံး အနှစ်သက်ဆုံး ဆဲဒါလိုစိတ်တွေဖြစ်လာပြီဆိုလျှင် ဩော် အာလောကထဲက ပီတိဆိုဒါဘဲလို့သိထားကြစမ်းပါ-(စဉ်းစားဘတ်တွေးဘတ်ခန္ဓာနဲ့ဟတ်)အဘိဓမ္မာသဂြိုဟ်သင်ဘူးတဲ့ယောဂီဖြစ်စေ လူပြိန်းဘဲဖြစ်စေ စေတသိက် (၅၂-)လုံးတို့ရဲ့ သဘောလက္ခဏာကို ဒီအာလောကဒီပနီ ကျမ်းထဲမှာ သိမြင်ရပါပေတယ်လို့ ဝမ်းသာကြတော့) ဟောဒီခန္ဓာကိုယ်ကြီးထဲမှာလေ ဉပမာပြောပြမယ် ဘိုင်စကုတ် အရိပ်ပြပွဲကောင်းကောင်းကို အာရုံခံနေတယ်ဆိုပါတော့ ဒီဇာတ်လိုက်မင်းသားကို သဘောကျထားတဲ့စိတ် ဒီဇာတ်လိုက်မင်းသွီးကို နှစ်သက်ထားတဲ့စိတ် ဆဲဒါလို အပေါယ်ခရီးစရိတ်တွေ ရနိုင်ဆောင်းနိုင်ဒါ ပီတိရဲ့လက်ချက်ပေါ့ ဒီအိမ် ဒီတိုက် ဒီကျောင်း ဒီမော်တော်ကား စသော-အသုံးအဆောင်တို့ကိုနှစ်ချိုက်တဲ့စိတ် ဝမ်းသာတဲ့စိတ်ဖြစ်ခဲ့သော် ပီတိဟာပါဝင်နေဘိလို့ တထစ်ကျမှတ်ပါ(ပီတိဖြစ်ပါမှ အငိစိနစ်ခါကျကြတို့ အန္တဗာလ ယောက်ျားမိန္မတွေ မသိရအောင် ကျုပ်က ဆောင်ရွက်နေကြောင်း အဆိုတင်လိုက်ပါတယ်-

၅။ အပတိရိက စေတသိက်အလွဲ့ အကုသိုလ်ပြုတဲ့နေရာမှာလေ ဘယ်သူ့ကိုမှ မရှက်ဘူးမှတ်လိုက် ဘာပြုလို့မရှက်သလဲ ကိုယ့်ခန္ဓာ ကိုယ်မွေးကိုယ့်သားမယား ကိုယ်ကျွေးကြဒါဘဲ လိမ်ကျွေးမယ် ခိုးကျွေးမယ် ရိုက်မယ် သတ်မယ် ခိုးမယ် မီးနဲ့ရှို့မယ် ပြောင်လုပ်ပြမယ် မိုက်တဲ့နေရာမှာ ၂ ယောက်မထားဘူး ကာမလိုက်စားလျှင်လဲ ဘယ်လိုပင် ကဲ့ရဲ့စေကာမူ မရှက်တန်းလုပ်ပြမယ် ထောင်ကျကျ တန်းကျကျ ရွာထဲ ရပ်ထဲ မြို့ထဲပြည့်ထဲမှာ နိုင်ငံကျော်အောင် သားစဉ်မြေးဆက် အမွေခံဖြစ်အောင် မသေခင်လုပ်ပြသွားမယ်ဘာတွေလမ်းပြသွားမှာလဲ အလေလိုက်ပြသွားမယ် မြင်းလောင်းစားပြမယ် ဖဲရိုက်စားပြမယ် ခါးပိုက်နှိုက်စားပြသွားမယ် ယောက်ျား ချိုးလုပ်ပြသွားမယ် ပြည့်တန်ဆာ မိန္မအလုပ်မျိုးနဲ့ အသက်မွေးပြမယ်ဒါမှပိုက်ဆံအရလွယ်မယ် ပင်ပန်းကြမ်းတမ်းတဲ့ဒီအလုပ်ကိုတော့ ဘယ်တော့မှလုပ်မစားတော့ဘူး-

## ငရဲမကလို့ ငနိုဘဲကျကျ

ဒီဘဝမှာ ငါ့လင်ငါ့မယား ငါ့သွီးသားတို့နှင့် ပျော်ပျော်ပါးပါး စားသောက်နေပြီး သေသွားလဲပြီးတာဘဲ အသံကုန်ဟစ်ဆဲမယ် လူကြီး လူကောင်းရှေ့မှာ ဆဲ,တိုင်းပြမယ် အညစ်အယုတ်တွေကို ပဇင်က တတွတ်

တွက်ထွက်ပြမယ် အရက်မရှိတဲ့ဘက်က တဏ္ဍာသိုလ်သင်တန်းဖွင့်မယ် ဟော့ လို့-ယခုပစ္စုပ္ပန်မျက်မြင်ဘဝမှာ ဒုစရိုက် ပြုမိကတဲ့အထဲမှာ အမည်သိကြရ အောင်(အဟိရိက)ဆိုဒါ ဟောဒီအကောင်ဘဲလို့ အာလောကဟာစိတ်တိုင်က နေပြီး အရေးပေါ်လို့ အရေးဆိုလိုက်ပါတယ်ဗျ-

## ၆–အနောတ္တပ္ပ စေတသိက်ပြောဘီ

တချို့ကပြောကြတယ် နောင်ဘဝမှာ အပါယ်လေးပါးသို့ကျရောက် မှာစိုးရိမ်ရတယ်လို့ ပြောဆိုပြီးတွေးကြတယ် မကြောက်နိုင်မလန့်နိုင်ပါဘူး ဘာဖြစ်လို့ နောင်ငရဲကျမှာ ဘယ်သူသိမှာလဲ ကျခြင်လဲကျ ကာမေသုမိစ္ဆာ စာရကိုပြုကျင့်ရမှာဘဲယခုဘဝမှာ စည်းစိမ်ခံစားရလျှင်ပြီးဒါဘဲ နောင်ခါ လာနောင်ခါချေးပေါ့ အဟိရိကကော်မတီက ပြောသွားတယ် ယခုပစ္စုပ္ပန် ဘဝမှာ ဘယ်သူ့ကိုမှ အရေးမဘာက် အရှက်မထားဘူးတဲ့ ကျုပ်ကတော့ ယခုဘဝမှာတော့ သူများမြင်မှာစိုးတယ် ရှက်တယ် ဒါဟာယ်တာပြောတယ် နောင်ဘဝ အတွက်ကိုတော့ မလန့်ပါဘူး ကာမေသု ပြုကျင့်ဒါကို သူများ မြင်မှာသာရှက်တယ် ဘယ်သူမှမသိရအောင် ပြုလုပ်မယ် ပိုက်ဆံရှာမယ် အာရုံလိုက်စားမယ် ခိုးသော် သတ်သော် သူများမသိရအောင် တိတ်တိတ် ခိုးယူမယ် ချောင်းမြောင်းပြီးအသေသတ်မယ် ဒါတွဲ့တဲ့ပြောဒါမှတ်- ဒါ ကြောင့်နောက်ဘဝအတွက်ကြောက်မှု့ထိပ်မှုလန့်မှုကိုအရေးမဘာက်အများ သိမှာကို ယခုဘဝမှာ ရှက်ကြောက်လန့်ထိပ်တတ်သောကြောင့် အဟိရိကနဲ့ အနောတ္တပ္ပတို့ စေတသိက် ၂ လုံးတို့ ရှုပ်ထွေးပြီးနေမှာစိုးရိမ်သဖြင့် ဒီအာ လောကတရားခွင်မှာရှင်းရှင်းကြီး-အစီရင်ခံလိုက်ပါတယ်ဗျ -

## ၇- လောဘစေတသိက် သဘာပတိဟောင်း ပြောတော့မယ်

နားထောင်ကြ (လုဗ္ဘတိတိလောဘော) လိုခြင်ဒါလောဘ လိုခြင်ဆို ဒါတဏှာသဲခေါ်တယ် ရာဂလဲဟုတ်၏ ကျုပ်ကလဲ သံသရာလောကကြီး တ ခွင်လုံးမှာ ဒုဂ္ဂတိမျိုးစေ့လဲကျုပ် သုဂတိမျိုးစေ့လဲမှန်တယ် ခန္ဓာသစ်ပင် တွေ သန်စွမ်းနေသမျှ ကျုပ်ကဘဲ ရေသောက်မြစ်အမည်နဲ့ အားပေးထား ပါတယ် ဥပမာ အရုပ်မျိုးစုံထုကတ် ရေးတတ်သော ပန်းပုဆရာ ပန်းချီ ဆရာများနဲ့ တူပါတယ် ဒီသဏ္ဍာယဒိဋ္ဌိဖြစ်တို့ အကုသိုလ် အဖွဲ့မှာတော့ လောဘအမည်နဲ့ ဆောင်ရွက်ပါတယ်- ကာမ ရူပ အရူပကုသိုလ်ပြုကြတဲ့ အဖွဲ့ထဲမှာတော့ (တဏှာနူသယ) အမည်နဲ့သူလျှိုအဖြစ် ပါဝင်ဆောင်ရွက် နေပါတယ်။

ယောဂီ ကျမ်းစာရေးဒါယောဂီဘို့
ထင်ပေါ်အောင်ရေးဒါ ခန္ဓာနဲ့ဟုပ်ပါ
စီးပြင်မထွက်ပါနဲ့ ဘယ်တရားကိုနာနာ
ဘယ်ဝိပဿနာကျမ်းစာကိုဘဲ ဘတ်ဘတ်
စဉ်းစားဘတ် တွေးဘတ် နားလည်မှ ကိုယ့်ဘို့

ကျုပ်ပန်းပုဆရာက ခွေးရုပ်ထုတတ်တယ် ကျွဲရုပ် နွားရုပ် ဆင်ရုပ် မြင်းရုပ် ဆိတ်ရုပ် သိုးရုပ် ကြွက်ရုပ် ဝက်ရုပ် ပိုးကောင် လောက်ကောင် သန်းကောင် ဖြုတ်ကောင် အသူရကာယ်ကောင်အမျိုးမျိုး ထုလုပ်ပြီးရောင်းစားတတ်တယ် ကျုပ်တို့လိုလူတွေကဘဲ ဝယ်ယူအသုံးပြုကြရတယ် သိဋ္ဌိုဝ်းငရဲကောင် ကာလသုတ်ငရဲသား သံဃာတငရဲသူစသောငရဲကြီးငရဲငယ်တို့၌ ကျရောက်ခံစားနေကြသော အပါယ်လေးဘုံ ဒုဂ္ဂတိသတ္တဝါမျိုးစုံတို့ဘဲ ကျုပ်ကဘဲထုလုပ်ပြီး- ထုလုပ်ဆဲထုလုပ်ရမှာတွေ အားကြီးပါဘဲ။

ကျုပ်-ပန်းပု တဏှာဆရာကြီးက- လူရုပ်လဲထုတတ်ပါတယ်၊(စာရွက်ကိုဒေါင့်က ဖြည်းဖြည်းလှန်) မိန္မရုပ်- ယောကျ်ားရုပ်ပုံ အမျိုးမျိုး ခွဲပြီးထုတတ်တယ်၊ ဥဘတောဗျည်းခေါ် အင်္ဂါ ၂-ခုပါသောအရုပ် အင်္ဂါ-အရှင်းမပါထင်ရသော နပုံးပဏ္ဍုတ်ရုပ်- ထုလဲထုတတ် ရောင်းလဲရောင်းနေ ပါတယ်၊ ဝယ်သူရှိလျှင်-ရောင်းမယ်၊ ရောင်းသူရှိလျှင်-ဝယ်မယ်၊ နတ်သားရုပ်-နတ်သမီးရုပ်စုံ လိုချင်ရင် ရမယ်၊ ဗြဟ္မာရုပ်မျိုးစုံ- ဈာန်သမာပတ် နှင့်ကောင်းကင်ကို ပြန်သန်းသွားလာနေသော- ရသေ့ရဟန်းတို့ ရုပ်ပုံတို့ကိုလဲ ထုဘတ်ပါတယ်၊ တရာ-တထောင် ဖန်ဆင်းတတ်တဲ့- တံခိုး အရှင်တွေကိုလဲ ကျုပ်ထုဒါ-ကျုပ်ရေးဒါတွေမှတ်ပါ၊ အကုသလအဖွဲ့- ကုသလအဖွဲ့၊ ဒီ-၂-ဖွဲ့မှာ အမည်ပြောင်းလွဲပြီး၊ဒုစရိုက်ပြုဖြစ်ဘို့-သဒ္ဒါရကုသိုလ်လုပ် ဖြစ်ဘို့ တနည်း-ဥပါဒါန်ဖြစ်ဘို့-ကျုပ်က-ခန္ဓာကိုယ်မဏ္ဍိုမ-မှာနချုပ်ကနေပြီး၊ စောင့်ရှောက်လျက်ပါ-လွန်ခဲ့သောနှစ်တွေက-ကျုပ်ဟာ-နာယကလဲလုပ်ခဲ့ဘူးပါတယ်၊ သဘာပတိလဲဖြစ်ဘူးပါတယ်-ချယ်ယာမင်လဲဖြစ်ခဲ့ပါတယ်၊ အဖွဲ့ချုပ် ပထမဥက္ကဋ္ဌဟောင်းလဲ-ကျုပ်ပါဘဲ၊ ယခုမှ-အဖွဲ့ သား တွေ အပေါ် ညီစေဘို့-ကော်မတီ အနေနှင့် ဝါဒဖြန့်လိုက်ပါတယ်။ မရှင်းပြန်ဘတ်ကြ လူသိပြီး-အာလောက-

## ၈- မာနစေတသိက်-သမတဟောင်းထပြီ

ယခုတော့ကော်မတီဘဝကနေပြီးပြောရမှာဘဲ ကော်မတီဘဝက ပြောရတဲ့စကားကို-လူလေးစားခဲတယ်၊ ဘာ့ကြောင့်-ကော်မတီဆိုဒါ အောက်

တန်းစားလူကြီးတွေဘဲလို့ အများက အမှတ်ထားကြတယ်။ဒီလိုမမှတ်မယူသင့်၊ ပညာဉာဏ် အရည်အချင်းလဲရှိရမယ်၊ ပြည်သူကြိုက်အောင်- ကြည်ညို့အောင်လဲပြောပြတတ်ရမယ်၊ နေထိုင်ပြရမယ် ပြောတဲ့စကားနဲ့ အလုပ်နဲ့တသားထဲဖြစ်စေရမယ် ဘာလူ ညာလူကြီးဆိုဒါကအခွင့်အခါသင့်သလို ဆောင်ရွက်သွားကြရတယ်။

## မညတိ တေနာတိ မာနော

ဧတေန-ထိုစေတသိက်နာမ်ဖြင့်၊ မညတိ- ငါမှသာဗိုလ်စစ် ငါမှသာ ပညာရှိအစစ်ဟူ၍ ထင်မှတ်တတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်-မာနော-မာန မည်သတဲ့-တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ်၊ဒီ-၃ ယောက်ဟာ သုံးဆဲ့တဘုံ မှာ ခြယ်လယ်နေတယ်ဆိုဒါသိကြစမ်းပါ (မာန)မရှိလျှင်-လူမယ် လူကျော် ရှင်မယ်- ရှင်ကြော်မဖြစ်ဘူး၊ အပေါ်ယ်လေးပါးရောက်အောင် ဗိုလ်လုပ်ပြီး ခိုင်းနေဒါလဲ မာန-သုဂတိဘဝမှာ သူဌေးဖြစ်တို့ မင်းဖြစ်တို့၊ ရှင်ဘုရင်ဖြစ်တို့ စိတ်သွေး မြင့်မြောက်နေဒါလဲ- မာန၊ ကုန်ကုန်ပြောလိုက်မယ် တရားကောင်းရတို့ဘက်မှာလဲသူထက်ငါ သာအောင်ဟဲ့လို့စိတ်ကြီးဝင်နေဒါလဲ မာန(မာနစိတ်တိုင်းအပေါ်ယ်လေးပါးသို့ချည်း ရောက်တယ်မယူကြနဲ့အုန်း) သို့သော်-ယခုအကုသိုလ်ဖြစ်ပွားတို့ စစ်တိုက်တို့၊ သူပုန်ထတို့၊ တိုင်းပြည်လုတို့၊သူ့စည်းစိမ်တွေကိုငါအကုန်ရတို့-သူ့လင်ကိုငါခိုးယူတို့-သူ့မိုင်မယားကို ငါခိုးယူခံစားတို့- ဒီကဲ့သို့ အထက်တန်းကျကျ စိတ်ကိုအောက်မချဘဲပြုလုပ်ရတို့ရာ-ကျုပ်ကဘဲ-လေးလေးနက်နက်တာဝန်ယူပါတယ်-ဗြိုးပါဘီ။

## ၉ ဒေါသစေတသိက်အတွင်းရေးမှူးပြောပုံ

(ဒေါသောအတ္ထံ-နဇာနာတိ)ဒေါသစိတ် ပေါ်ပေါက်လာရင် နောင်ကို ဘယ်လို ဒုက္ခဖြစ်မယ်လို့-အရှင်းမသိ- အကြောင်းကြောင့် အကျိုးကိုလုံးဝ မသိ-အပေါ်ယ် ၄ ပါးသို့ဆွဲချလုပ်နေဒါကျုပ်ပါဘဲ၊ ဒုစရိုက် ပြုမိကတဲ့ နေရာမှာ-ဒေါသရှေ့ဆောင်မှသာ လိုရင်းစစ်ပွဲကိုတိုက်နိုင်ပါတယ်၊သတ်ခဲ့ယ် ဆဲမယ် သူတပါးတို့၏ အသက်ခန္ဓာ ပျက်စီးအောင် လုပ်ကြံခဲ့ယ်၊ သံသရာ လောကကိုတည်ဆောက်ဖန်တည်းရာမှာ ဒေါသလဲ-ဇာရေးပ အရာရောက် ထာဘဲလို့-မှတ်တမ်းကြီးကြီးတင်ထိုက်ကြောင်းကိုပြောင်ပြောင်ဘဲ ပြော-ပြ ရပါတယ်။

## ၁၀ ဝိစိကိစ္ဆာစေတသိက်နာယကဟောင်း ခုမှ ထတယ်နားထောင်

ယောက်ျားမိုက် မိမ္မရူးတို့ကို- အနုဘဝက-မတက်နိုင် မထနိုင်အောင် ကျုပ်ကတားဆီးထားတယ်၊ ဘုရား-တရား-သံဃာ- ရတနာသုံးပါးကိုရင်း သိလသိက္ခာကိုရင်း၊ သံသရာ၏ အစကိုရင်း အလယ်ကိုရင်း အဆုံးကိုရင်း အကြောင်းနဲ့ပြုလို့ အကျိုးအဆက်ဆက် ဒုက္ခမျိုးစုံတွေ့ကြုံရတယ် ဆိုသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ- ၁၂- ရပ်ကိုရင်း သို့လောသို့လော တွေးတောယုံမှား စရာ မသက်ာစရာ သဗ္ဗတ်အရှုပြစ်အောင် ကျုပ်၏ လက်ထဲမှာ မှတ်လိုက်- တိုတိုပြောမယ် သောတာပန်မဖြစ်အောင် ကျုပ်က ပိတ်ပင်ထားတယ်သို့ သိကြစမ်းပါ- အပါယ်ခရိုင်ဗွာနချုပ်ကြီးမှာ ကျုပ်ပဲ ခရိုင်မှူးခေါ် တယ်- မောဟရဲ့ လက်ကိုင်ဒုတ်ဟာ ကျုပ်ပဲ ဒါ့ကြောင့် အကုသလမွေအဖွဲ့ထဲမှာ ရဘနာအစစ်ကိုမတွေ့ရအောင် ဒိဋ္ဌိပေါက် ဂိတ်ဝ က စိတ်ချပြီးစောင့်ကြည့် နေဒါ ဝိစိကိစ္ဆာဘဲဆိုဒါ အသုံးမှားဘဲ ကြိုးဝါးပြလိုက်ပါတယ်-

### ကော်မတီလူကြီး ဆယ်ယောက်တို့၏ မိန့်ခွန်းပြီးပြီ

### အဖွဲ့သား -၉-ယောက်တို့က တလှဲစီ အဆိုတင်ပုံ

၁။ (ဝိစာရစေတသိက်) အကုသိုလ်မကောင်းမှုကို ပြုခါနီးမှာ အရမ်း ကာယော မွေတောရမ်းခလုပ် ရှုးစမ်းမေးမြန်းပြီးမှ အချိုးကျကျ လုပ်တို့ တာဝန်ဘက်က ဆောင်ရွက်ပါဘယ်-

၂။ (အဓိမောက္ခစေတသိက်) ဒိကာမရက်ကို လိုက်စားတော့မယ်ဆို ရင်လဲ သတ်သတ်ရပ်ရပ်-လိုက်စားတို့ ဆုံးဖြတ်ထားပါတယ် ဒိမိမ္မကိုယူတို့ ဒိယောက်ျားကိုပေါင်းသင်းတို့ ဒိလူကိုသတ်လျှင် ဒိပစ္စည်းကိုခိုးရလျှင် မိုင်မိုင် နိုင်နိုင် အချိန်ကိုရင်း နေ့ရက်ကိုရင်း လက်နက်ကိုရင်း စိတ်ကိုရင်းဆုံးဖြတ် တဲ့ဘက်ကဆိုရင် အဓိမောက္ခဘဲလို့ သိကြတို့ပါဘဲ-

၃။ (ဆန္ဒစေတသိက်) လိုလားနေဒါ လိုခြင်နေဒါ လိုခြင်စိတ်ပေါ်စ နှစ်သက်စိတ်ဖြစ်စ ရှေးဦးစွာ လောဘရဲ့ ကိုယ်စားဆိုကြပါစို့ လိုခြင်စိတ် အငယ်စားဘဲ ထားပါတော့ယောဂီ- ပရမတ္ထသဘာဝတို့ကို မပေါ်ပေါ် အောင်ရေးပြဒါမလွယ်ဘူး စဉ်းစားယူကြ ( ပြုလိုကာ မတ္တသာ ) ဒါရှေး စကား ဆန္ဒရဲ့ ဘာသာပြန်မှတ် ဆန္ဒကို ယခုခေတ်သုံး စကားနဲ့ ပြောလျှင် ဘာလဲ တဏှာအစ ဆန္ဒဟူ၍မှတ်- ဥပမာ ကြိုက်သောအားရုံကို တွေ့မြင်စ နှစ်သက်ခြင်းကို ဆန္ဒမှတ် ရှုးရှုးစိုက်စိုက် အာရုံယူလာလျှင် တဏှာမှတ်-

မပြောက်နိုင်အောင် ပျောက်လို့မရအောင် ထိုအကြိုက်အားရုံသို့ ခဏခဏ ပြန်ရောက်နေသောစိတ်ကို ဥပါဒါန်မှတ်လေ-

| ၁ | ၂ | ၃ |
|---|---|---|
| ဆန္ဒ | တဏှာ | ဥပါဒါန် |
| လိုချင်စ | လိုချင်ဆဲ | လိုချင်စွဲ |

ဆန္ဒမပါလျှင် အကုသိုလ်အဖွဲ့ မဝင်ပါးတော့ဘူး ဆန္ဒကို ကုသိုလ်ဘက် အကုသိုလ်ဘက် လိုသလိုကက်ကသုံးနိုင်ကြောင်း ယခုအကုသိုလ် အဖွဲ့ထဲမှာလဲ လောဘရဲ့ အထွင်းနေသက်တော်စောင့်ဖြစ်ကြောင်း ဖော်ပြအံ့စိရင်ခံလိုက်ပါသည်-

၄။ (ဥဒ္ဒစ္စ-စေတသိက်) ပရိယတ်ဥပဒေအရမှာတော့ ကျုပ်ဟာ အပါယ်-၄-ပါးသို့ ပဋိသန္ဓေနေအောင် မလုပ်တတ်ဘူးလို့ ပြဋ္ဌာန်းချက်ရှိပါတယ်- ဒါပေမဲ့ ကြပ်ကြပ်စဉ်းစားကြစမ်းပါ(အာဏာပါနု ကမ္မဋ္ဌာန်း)ကို လေ့လာနှလုံးသွင်းသောအခါ သမာဓိမရအောင် ကျုပ်ကဆောင်ရွက်နေပါတယ်- ကမ္မဋ္ဌာန်းထိုင်ဝါသနာပါတဲ့ယောဂီကို ကျုပ်ကဆိပ်မုံးဒါ အလုပ်ခွင်ဝင်လာတဲ့ယောဂီကိုလေ စိတ်ချူး စိတ်လေ စိတ်လွင့် စိတ်ပြန့်စေတို့ ကျုပ်ချည်း ပြုပြင်နေတယ်လို့မှတ်ကြ-

## သမာဓိရလိုက ကျုပ်ကိုပွဲတင်ကြ
## ဥဒ္ဒစ္စက ယောဂီတွေမသိအောင်ပြောနေတယ်

စိတ်၏တုံလှုပ်ပြန့်လွင့်ခြင်းဟာလူမဟုတ်ဘူး ကျုပ်-ကျုပ် အကုသိုလ်စိတ် ၁၂-ခုထဲက ဥဒ္ဒစ္စ စေတနာ ၁-ခုကို ကြည့်ဖယ်ထားပြီး- ကျန်တဲ့အကုသိုလ်စိတ်-၁၁-လုံးတို့နှင့် ယှဉ်ကြသောစေတနာ ၁၁ ပါးတို့ကသာ အပါယ်ကို ကျရောက် သန္ဓေတည်စေနိုင်ဘယ်လို့ ဥပဒေကတိုက်ရိုက်ဆိုပါလေတော့ တဘက်ဘက်ကနေပြီး အပါယ်စာရင်းအတွင်းဝင်မဟုတ်သော်လဲ အပြင်ပကနေပြီး အပါယ်သို့ဆိုက်ဆိုက် မြိုက်မြိုက်ပို့ဆောင်နိုင်သော လူကြီးတွေနဲ့ပေါင်းထားပါတယ် လူကြီးတွေက ဘယ်သူတွေလဲ(မောဟ- အဟိရိက- အနောတ္တပ္ပ-ဥဒ္ဒစ္စ)အဲဒီလို-၄ ယောက်တဖွဲ့တွင် ပါဝင်ပြီးဖြစ်သောကြောင့်- အလုံးစုံသော အကုသိုလ်စိတ် ၁၂-ခုတို့နှင့်- ထင်ရှားစွာ ဆက်ဆံပြီးဖြစ်သည်- ဒါကြောင့် အပါယ် လေးပါးသို့ တိုက်ရိုက် သန္ဓေ မပို့နိုင်သော်လဲ အဟုတ် စစ်ပြ လျှင် (ဥဒ္ဒစ္စလဲ) အတွင်းအားပေးသမား တယောက်ပါကလားလို့ သိစေအပ်ပါတယ်၊

၅-(ဏ္ဍာသာစေတသိက်)မလိုခြင်းမရှုစိမ့်ခြင်း အံတကြိတ်ကြိတ် မျက်စောင်းတထိုးထိုး ပြုံးရူစောင်းမြောင်းတယ်ဆိုဒ ါ ကျုပ်ကိစ္စပါဘဲ-ဘာသာပြန်မှာ သူများပစ္စည်းရွှေငွေချမ်းသာဒ ါကိုမလိုခြင်း သူများအဆင်းလှဒါအာသံကောင်းဒါ မင်းဖြစ်ထာ ရဟန်းတံခိုးကြီးဖြစ်ထာ စာတတ်ထာ တရားဟောကောင်းဒါ ကျမ်းဂန်အမှန်တို့ကို ရေးသားတတ်ထာကို မနာလိုခြင်းမုံးတည်းခြင်း နှလုံးမသာယာခြင်းတို့ကို ကျုပ်က များများကြီး တာဝန်ယူပါတယ်။

၆-(မစ္ဆရိယစေတသိက်) ကိုယ့်ပစ္စည်းကို မလှူရက် မပေးရက် နှမျောစုံမက်ခြင်းသို ဝှက်သိမ်းဆည်းခြင်း မိမိပင်မစားရက်မဝတ်ရက် အဆင်းရဲခံခြင်းမိမိ၏အိမ်သားများကို သူတပါးဘို့က ရပ်ရေးရွာရေး၌ဆောင်ရွက်မှုအစုစုတို့ကို လာ၍ခေါ်လျှင် မကြိုက်နိုင်ခြင်း စိတ်ထဲက ညှိညှင်ခြင်းစိတ်၏ဆင်းရဲခြင်း မိမိ၏မယားမိမိ၏လင်သားသွီးတပည့်တို့ကိုအများလူတွေနှင့်ပေါင်းသင်း ဆက်ဆံ သင့်မြတ်ရေးတို့ကိုပင် မလိုလားခြင်း (ရှေးစကားဝန်တိုခြင်း ) ဒါကြောင့် ဒေါသများစေရန် ကျုပ်ကဘဲ ဦးစီး ခေါင်းဆောင်လုပ်၍ တိုက်တွန်းနေရကြောင်းကို လုပ်ငန်းနှင့်တကွ အဆိုတင်သွင်းသွားသည်။

၇-(ကုက္ကုစ္စစေတသိက်)-ကျုပ်ထမ်းဆောင်ရတဲ့ အလုပ်က ၂-လုပ်ဗျ-ခက်ထာဘဲ ရှေ့တိုးလဲသံပုံးနဲ့ နောက်ဆုတ်လဲသံပုံးနဲ့ရေးထမ်းကုလားပြောဒ ါလို ပရိသတ်အပေါ် ရှင်းပြရမှာဘဲ- ပြုခဲ့ဘူးသော အကုသိုလ်တို့ကို ငါလုပ်မိဒ ါမှားလေစွ-ဟ-နောင်တ-တဖန် ပူပန်ခြင်း- ဥပမာငွေ ၁၀၀၀-ကိုသူခိုးယူသွားဘိဒ်လိုတွေးပြန်တယ်-သူခိုးမယူခင်ကချောင်းဆောက်လှူဘို့စိတ်အပေါ်သား မလှူမိဒါ မှားလေခြင်းဟဲ့မှားလေခြင်း ထိုကဲ့သို့ (ခွတုပ်-ပူပန်ခြင်း)ကို ကုက္ကုစ္စခေါ်တယ်မှတ်- ထိုကဲ့သို့ဖြစ်မှဖြစ်ရလေခြင်းမှားလေစွ-မှားလေခြင်း ယခုမှာဘဲ အတွေးရတော့ဘယ် စသည်ဖြင့် အကုသိုတ်စိတ်တရေးရေး တနုံ့နုံ့ပေါ်ဘို့ရာ ကျုပ်အလုပ်ပါဘဲ-

၈-(ထိနစေတသိက်)-ကျုပ်ဘို့ကတော့ အဖွဲ့သားမှန်ပါရဲ့ မထင်ရှားပါဘူး-ဘာပြုလို့မထင်ရှားသလဲဆိုရင် သူများတွေက ထထဆိုမှထရတယ်ထိုင်ထိုင်ဆိုမှ ထိုင်ရတယ် သူများတိုက်တွန်းခြင်းနှင့်တကွ တွဲဘက်နေရလို့ မထင်ရှားပါ-အကုသိုတ်ပြုခိုက်မှာ စိတ်၏ပြေ့ခြင်း ရေ့ရဲခြင်း အလုပ်ဘက်က ထမ်းဆောင်ရပါတယ်။

၉။ (မိဒ္ဓစေတသိက်)စေဘသိက်ထဲမှာ ကျုပ်တို့ကို ဘယ်ပညာရှိကမှ-မရှာဘွေမစုံစမ်းဘူး- (အာလောကစုံထောက်) ရောက်လာမှ ကျုပ်တို့ရဲ့

အကြောင်း ဘွားဘွားကြီးပေါ်ပါတော့တယ်-ကျုပ်အလုပ်က စေတသိက်၏မခန့်ခြင်း ဒါရှေးသုံးစကားမှတ် ရှေးသုံးစကားကိုယခုခေတ်၌နားမလယ်မသိမပေါ်ကြလျှင် ပောသူရော နာသူရော(ဘူးလုံးနားထွေး) ပောသူကသဗ္ဗတ်အုရှ နာသူက စာဘူးတောင်းမှတ်လေ-ထိန-နဲ့ မိဒ္ဓ ရှင်းပြမယ်-

ထိန မိဒ္ဓ

## စိတ်အားသေးငယ်ခြင်း-စေတသိက်အားသေးငယ်ခြင်း

စိတ်ဟုသုံးသော်လဲ စေတသိက်မှတ်စိတ်နဲ့စေတသိက်ကို ခွဲခွာ၍မရမှတ်သဘောဖြင့်သာဝေဘန်နိုင်သည်-ဒါ့ကြောင့် အကုသလခမ္မအဖွဲ့ထဲမှာ ဘိန်းစား ၂-ယောက်အနေဖြင့် ဆောင်ရွက်နေပါတယ်-ဘာသာပြန်မှာ အိပ်ငိုက်စိတ်ပေါ်လာစကို ထိန-ခဏခဏ ထပ်ခါထပ်ခါ ပေါ်လာ သည်ကို မိဒ္ဓမှတ်-မောဟအသေးစားဘဲမှတ်တော့-ဒီရက်သောက်သူတို့ကဲ့သို့ထိနနဲ့မိဒ္ဓစေတသိက် ၂-ပါးတို့က ရဲဆေးတင်သလို မှိုင်းတိုက်ပေးသဖြင့် သတ်ရဲချတ်ရဲသည်-မိုက်ခနဲရိပ်ခနဲ ဖြစ်ပေါ်လာသောစိတ်အပေါ် နဲ့ အလေးကိုပင် ထိန နဲ့မိဒ္ဓ ဖြစ်ကြောင်းကို ယခု စည်းဝေးပွဲမှာ တဲ့လျှက်ရှင်းပြ လိုက် ပါကြောင်း။

ဤကား-အကုသလဓမ္မ အဖွဲ့ပြီး၏။

## ကုသလဓမ္မ-အရေးပေါ်နာမ်စည်းဝေးပွဲ

အညသမာန်း ၁၃-လုံးတို့သည် ကုသလဓမ္မ အစည်းအဝေး၌ ပြောဆိုခွင့်ကို မရေးတော့ပြီ၊ သောဘဏသာဓါရဏစေတသိက် ၁၉-လုံး ဝိရတိစေတသိက်၃-လုံး အပ္ပမညာစေတသိက် ၂-လုံး ပညိန္ဒြေစေတသိက် ၁ လုံး ပေါင်း သောဘဏစေသိက် ၂၅-လုံးတို့၏ အစည်းအဝေး ပွဲကိုသာ ရေးမည်၊ စာဘတ်ရှင်းရှင်းဘတ်ပါ

၁။ ဉက္ကဋ္ဌ ပညိန္ဒြေစေတသိက်
၂။ ဒုဉက္ကဋ္ဌ သဒ္ဓါစေတသိက်
၃။ အတွင်းရေးမှူး ဟိရီ စေတသိက်
၄။ ဒု အတွင်းရေးမှူး ဩတ္တပ္ပ စေတသိက်
၅။ အတွင်းရေးမှူးချုပ် သမ္မာအာဇီဝ စေတသိက်
၆။ ငွေထိန်း အဒေါသ စေတသိက်
၇။ ဒု ငွေထိန်း ကရုဏာ စေတသိက်
၈။ စာရင်းစစ် သတိ စေတသိက်

အလောဘ-တတြမဇ္ဈတ္တတာ-သမ္မာဝါစာ-သမ္မာကမ္မန္တ-မုဒိတာ- ဤ စေတသိက် ၅-လုံးတို့ကို ကော်မတီလူကြီး အမှတ်ပြုပါ-ကျန်သော-စေတသိက် ၁၂-လုံးကို အဖွဲ့ဝင် သာမန်အသင်းသားတွေဟု သိထားကြပါ၊ကာယ ပဿဒ္ဓိ စိတ္တပဿဒ္ဓိ-ကာယလဟုတာ စိတ္တလဟုတာ-ကာ ယ မု ဒု တာ စိတ္တ မုဒုတာ-ကာယကမ္မညတာ-စိတ္တကမ္မညတာ-ကာယပါဂုညတာ- စိတ္တပါဂုညတာ-ကာယုဇုဂတာ- စိတ္တုဇုဂတာ-တို့ဟူ၍ ခွဲခြားပြီးမှတ်လိုက်။

၁။ ဥက္ကဋ္ဌ ပညိန္ဒြေ၏မိန့်ခွန်း- ကုသိုလ် ကောင်း မှု ပြုတဲ့ အခါ မှာ ဉာဏသမ္ပယုတ်ဖြစ်ဖို့ အရေးကြီးတယ်- ဉာဏဝိပ္ပယုတ် ကုသိုလ်မျိုး ဟာ ယုတ်နိမ့်သော အကျိုးကိုပေးတတ်တယ်၊ ကျုပ်တို့ဟာ-ကုသိုလ်လုပ်တိုင်း မပါဝင်နိုင်ပါ၊ ဘာပြုလို့ အောက်တန်းစားအဋ္ဌယောက်ျား-အဋ္ဌမိမ္မတို့ ပြုလုပ်ကြသော ကုသိုလ်ဆိုဒါ ပညိန္ဒြေ အရှင်းမပါဘူးမှတ်ကြ- (စာဘတ်လျှင် သိအောင်ဘတ်ပါ) အသံကျယ်ကျယ်ဘတ်ပြပါ- အိမ်သားတွေ နားလယ်တို့ ကျယ်ကျယ်ဘတ်စေခိုင်းသည်၊ ဉာဏသမ္ပယုတ်မှာလဲ ၂-မျိုး ရှိတယ်၊ လောကီစိတ်မှာယှဉ်တဲ့ဉာဏ်-လောကုတ္တရာမှာ ယှဉ်တဲ့ဉာဏ်- ဒီလို-၂စားရှိသေးတယ်၊လောကီဖြစ်သော-ကာမာဝစရကုသိုလ်ပြုခြင်းရူပါဝစရ ကုသိုလ်ပြုခြင်း-အရူပါဝစရကုသိုလ်ပြုခြင်း ထို၃-မျိုးသောကုသိုလ်တို့၌ ယှဉ်သော ပညိန္ဒြေဆိုဒါလဲ ကျုပ်ပါဘဲ၊ဉာဏ်ဆိုပေမဲ့ အပါယ် လွတ်သော ဉာဏ်မဟုတ်၊ လူကောင်း-နတ်ကောင်း- ဗြဟ္မာကောင်း ဖြစ်စေဖို့ ကုသိုလ်ပြုလုပ်တဲ့အခါမှာ- ရက်ရက်ရောရော ကျွေးမွေးလှူဒါန်းခြင်း- စေတနာ- ၃-တန်ပြတ်ခြင်း- လူမင်း-နတ်မင်းတို့၏ စည်းစိမ်ချမ်းသာကို မျှော်လင့်တောင့်တခြင်း၊ ဒီဒါနကောင်းမှု၊ ဒီသီလကောင်းမှုတို့ကြောင့် အပါယ် မလားရအောင် စေတနာထက်သန်စွာဖြင့် ပြုလုပ်စေခိုင်းတို့ တာဝန် က ကျုပ်ကဘဲ-မမှားရအောင် စောင့်ရှောက်ပါတယ်၊ သံသရာ၌ ကြဉ်လည် ရပေမဲ့ အသက်ရှည်ခြင်း အဆင်းလှခြင်းစသော-ကောင်းကျိုး ချမ်းသာတို့နှင့် ပြည့်စုံအောင်- (မုဏ္ဍစာဂီ တံထွေးပေါက်ကို ထွေးစွန့်ပြစ် 'သကဲ့သို့ စင်ကြယ်သော ဝဋ္ဋုပဒ္ဒည်းတို့ဖြင့် အသိအလိမ္မာ ရှေ့သွားပြီး- ကုသိုလ်ပြုတတ်တို့ကျုပ်ကဘဲ-ဦးစီးခေါင်းဆောင်နေကြောင်း မိန့်ခွန်းပြောဆိုသည်။

၂။ ဒု ဥက္ကဋ္ဌ သဒ္ဓါစေတသိက်၏မိန့်ခွန်း- သဒ္ဓါစေတသိက်ကို သာမန်လူတို့နားမလယ်ပါဘူး၊တချို့လဲစေတနာနဲ့-သဒ္ဓါမကွဲကြဘူး၊ အာလောက ဒီပနီက-ရှင်းလင်းအောင် ရေးသွားမယ်၊ သဒ္ဓါဆိုဒါ- ယုံကြည်ခြင်းကို ဆိုတယ်= ဘယ်လိုယုံကြည်သလဲ- ဒီကုသိုလ်ကိုလုပ်ရင် ဒီကဲ့သို့ ကောင်းကျိုးကိုခံစားရမယ်လို့ တထစ်ကြယုံကြည်ခြင်းကို သဒ္ဓါခေါ်တယ်-ဒါနရှင်

သီလရှင်- ဘာဝနာ အရှင်တို့ကို ကုသိုလ် ပြုလုပ်တိုင်း ပြုတိုင်း ကောင်းမှု နောက်ဘဝကိုဖယ်ထား၊ ယခုမသေခင်ဘဝမှာပင်-ဒိဋ္ဌဓမ္မဝေဒနိယ အကျိုးကို လက်ငင်းခံစားရမယ်၊ နောင်နိဗ္ဗာန် မရမီအတွင်း ဖြစ်လေရာ လူဘဝ နတ်ဘဝတို့၌ ကောင်းကောင်းကျိုးသုခ-လိုတိုင်းရမယ်လို့ ယုံကြည်ခြင်း ဖြစ်တို့၊ ယခုအစည်းအဝေးပွဲမှာ မိမိ၏တာဝန်ကို ပြောပြလိုက်သည်၊

၃။ အတွင်းရေးမှူး- ဟိရိ-စေတသိက် အလှူ ကုသိုလ် ပြုရဲ အောင် ကျုပ်၏ ကိစ္စ-ဒါန သီလ-ဘာဝနာတို့ကို ဘယ်သူကဘဲ မလိုသည်ဖြစ်စေ-လုပ်ရဲလှူရဲပေးကမ်းရဲတို့ ရှက်ခြင်း ကြောက်ခြင်းမရှိ၊ အကုသိုလ် ပြုရမှာကိုသာ အင်မတန် ရှက်တယ်ကြောက်တယ်-ဒါကြောင့်-ပညာကြီးယအဖွဲ့ထဲမှာ ကျုပ်ဟာ အတွင်းရေးမှူးအဖြစ်ကနေပြီးဆောင်ရွက်နေပါကြောင်း။

၄၊ ဒုအတွင်းရေးမှူး-ဩတ္တပ္ပစေတသိက်- တွေးတယ် နေ့စဉ်-ငါတော့ သေလျှင် ငရဲကျမှာကြောက်လှချည့် ခွေးမ ဗိုက်ထဲဝင်ရမှာလန့်လှချည့် ငတ်မွတ်ခေါင်းပါး တနေ့လုံးစားသောက်ပေမဲ့-အတ်နဖါးအပေါက်ခန့်ရှိသော ပဇ်ပေါက်ထဲကို ထမင်းအစာ အာဟာရတွေလဲ မဝင်နိုင်- ရေတွေလဲ မဝင်နိုင်- သေလဲမသေနိုင်သော-ပြိတ္တာကြီးဖြစ်ရမှာ တွေးပြီး ကြောက်လွန်းလို့ နေ့အခါမှာတော့ စည်းစိမ် ချမ်းသာခံစားရတယ်၊ ညနေ-နေ ဝင် လျှင် ငရဲမီးထဲ၌ တညလုံး ငိုသံအော်သံမစဲ ဒုက္ခခံရသော အသူရကာယ်ဖြစ်ရမှာကိုလဲ ထိပ်လန့်လွန်းလို့ ကုသိုလ်အဖွဲ့ထဲမှာ သောဘဏ သာဓါရဏ- တဆဲ့ကိုးထဲမှာ ကျုပ်ဟာ တကယ်ဝတ်ကြေစွာ ဆောင်ရွက်စီမံနေတဲ့-ဒုအတွင်း ရေးမှူး ဖြစ်တယ်၊ ကျုပ်တို့-(ဟိရိနှဲ့-ဩတ္တပ္ပကို-နတ်များ အမြဲထမ်း စောင့်ရှောက် ထိန်းသိမ်းအပ်သော သီလချုပ် တရားဖြစ်လို့ (ဒေဝဓမ္မ) တရား ၂-ပါးလို့ ရှေးပညာရှိများခေါ်ဆိုလေ့ရှိတယ် မှတ်ကြ၊ ယခုပစ္စက္ခမှာ အကုသိုလ်ပြုတို့ ရှက်ကြောက်ထာ ဟိရိ- နောက်ဘဝ အတွက် အပါယ်ကျမှာကို ထိပ်လန့်ဒါ ဩတ္တပ္ပ-ဟူ၍ အာလောကဒီပနီက-ဥပဒေနဲ့အညီ လင်းပြလိုက်တယ်၊ ဒါကြောင့်-ကုသလဓမ္မအဖွဲ့ထဲမှာ ကျုပ်တို့ ၂-ယောက်ဟာ အရေးပါ အရာရောက်ကြောင်း လူပြိန်းတွေရော-ပညာရှိတယ် ထင်မှတ်နေသော သူတို့အား သိသိသာသာကြီး အသိဉာဏ်မလွတ်ရအောင်(ဩတ္တပ္ပရဲ့သတ္တိကို ဖေါ်ပြလိုက်ကြောင်း။

၅။ အတွင်းရေးမှူးချုပ်-သမ္မာအာဇီဝစေတသိက်- ကောင်းစွာ အသက်မွေးကြရမယ်၊ သတ်လို့ခိုးလို့ပိုက်ဆံမရှာရ-သူ့ပုန်သပြီး ပစ္စည်းနဲ့ လူတွေကို မယူရ-မဖမ်းရ-မြည့်တံဆာမ အလုပ်နဲ့-ငွေမရှာရ- မြည့်တံဆာမ တွေကို ရဆောင်းပြီး ဦးစီး ခေါင်းဆောင်လုပ်၍ အသက်မွေးတို့ မလုပ် ရ

ဘာလုပ်စားရမှာလဲ၊ ထိမ်သည့်စဥ်းလဲခြင်းကင်း၍ ဈေးရောင်းစား- လယ်လုပ်စား ကိုင်းလုပ်စား ကုန်းအလုပ် ယာခင်းအလုပ် ပဲ့ရိုးသစ်ခေါင်းရွက်အလုပ်နဲ့ ထမင်းတလုပ်ကို ရှာစားကြစမ်းပါ၊ လင်သားသွီးစားဘို့ မယားနဲ့ ယောကျ်ား ဆွေမျိုးတွေစားဘို့ အနှုတယောက်ထဲက ငရဲကျဘို့ ထာဝန်မယူဖြစ်ဘို့ သတိအမြဲပေးဒါ- ကျုပ်ဗျာဘုပ်- သမ္မာအာဇီဝရယ်- လုမှားမယ်၊ ဒါကြောင့်-ကုသိုလ်ပြုကြတဲ့အခါမှာ သက်မွေးစင်ကြယ်သော အလုပ်နဲ့ ရသော ဝတ္ထုည်းဖြစ်မှသာ အကျိုးပေးသန့်ရှင်းကြမယ်၊ အကျိုး ပေး သန့်ရှင်းမှ လူဖြစ်တဲ့အခါ နတ်ဖြစ်တဲ့အခါမှာမပူပင်ရ မတောင်းတ မကြောင့်ကြရသော ကာမဂုဏ်စည်းစိမ်ချမ်းသာတို့ကို ခံစားရအောင် ကုသိုလ် ရှင်တို့ကို ကြိုတင်၍တိုက်တွန်းနေဒါ ကျုပ်ပါဘဲ၊

အဆိုကလဲ ထိမ်သည်လှဲပြားပြီးရသောပိုက်ဆံတွေဘို့နှင့် သားမယားလင်ယောကျ်ားတို့ကို ရှာဘွေလုံးပန်း၍ထမင်းစသောအဝတ်တန်ဆာတို့ကို ကျွေးမွေးဆင်ယင်ကြ၍- ထိုကဲ့သို့ မိစ္ဆာဇီဝ-ဖြစ်ရအောင် လှူတဲ့အခါ- မိစ္ဆာဇီဝဝတ္ထုငွေမပါရအောင် (သမ္မာအာဇီဝဒဗ္ဗယလဒ္ဓ)ဖြစ်စေရန်တိုက်တွန်းနေပါတယ်- မုဆိုးတံငါလုပ်၍ရှာဘွေခြင်းမဖြစ်စေရန် လာဘ်လာဘတို့ကို မင်းဂုဏ် အထက်တန်းဂုဏ်တို့ဖြင့် ခြောက်လှန့်၍ အသက်မွေးဘို့ ထိုမဘာရားငြိမ်းခြောက်၍ရသော ဝတ္ထုပစ္စည်းတို့နှင့် ကုသိုလ်ကောင်းမှုမပြုကြဘို့ကျုပ်စောင့်ရှောက်ပါတယ်-ကျုပ်ဟာ လောကီမင်္ဂလသမ္မာအာဇီဝအဖြစ်နှင့် စားသောက်မှုအတွက် ရှာဘွေရာ၌ဖြစ်စေ ကုသိုလ်ကောင်းမှုပြုရဆည်းဘူးသောအခါ၌ဖြစ်စေ၊ မင်္ဂလဆိုတဲ့အတိုင်း လူမင်းနတ်မင်း၊ ဗြဟ္မာမင်းဖြစ်ကြစေဘို့ နေရာတကာကစိုးအုပ် အတွင်းရေးမှူးချုပ်အဖြစ်ဆောင်ရွက် စောင့်ထိန်းနေကြောင်းကို- ရှင်းတမ်းထုတ်လိုက်ပါတယ်-

## ၆-ငွေထိန်း၊ အဓောသစေတသိက်

ကုသလ မွှအဖွဲ့ထဲဝင်တယ်ဆိုဒါ လူတိုင်းသန့်ရှင်းခဲပါတယ်-ကျောင်းဆောက်ခြင်းဇရပ်ဆောက်ခြင်း၊ ပေးလှူကြတယ်-ရှင်ပြုခြင်း ရဟန်းပဥ္စင်းခံခြင်း ကထိန်ခင်းခြင်း- ဘုရားပုထိုးစေတီတို့ကို- တည့်ထားကိုးကွယ်ခြင်း ကုသိုလ်ကောင်းမှုအစုရုတို့ကို ဆည်းဘူးကြသော ပုဂ္ဂိုလ်တိုင်းမှာ ဓေါသဖြံရသော ဒါနမဖြစ်စေရန် ကာကွယ်ရေးလုပ်ထား ကျုပ်ပါဘဲ အတိုချုပ်ပြောလိုက်မယ် စာချပုဂ္ဂိုလ်ကြီး တရားဟောပုဂ္ဂိုလ်ကြီး ကျမ်းပြုပုဂ္ဂိုလ်ကြီး အလုပ်နှင့် လောကမှာ အထက်တန်းဂုဏ် ကြီးကြီးကျယ်ကျယ် လုပ်ကြတဲ့သူတွေ သတိထားဘို့ဘာလဲ (မိတ်မဆိုးပါနဲ့ မိတ်ကြမ်းမဖြစ်စေနဲ့ နှပ်

ပဇ္ဇဝ်က သူများနားမခံသာမချမ်းသာသော မေတ္တာကင်းမဲ့သောစကားကို မပြောပါနဲ့ မပြောဖြစ်ဘို့ ဒေါသစိတ်မဖြစ်ဘို့ ကျုပ်ကဘဲ စောင့်ရှောက်ပါတယ်) အချို့လဲကမ္မဋ္ဌာန်းပြဆရာသက်နီးဝတ်နဲ့ နေကြသူတွေ ဆရာကြီးကိုယ်တွေ့ ကိုယ်တိုင်ကြား ဘေးကလူအများရှေ့တွင်ယုတ်မာသော ယုတ်ညစ်သော အသုံးစကားတွေကို ပြောပြတယ် ဒေါသစိတ်ပြင်းထန်စွာဖြင့် မင်းတို့က ငါ့ဆီဘာလုပ်လာရသလဲ ငါ့ကိုဘယ်လိုဘုန်းကြီး ထင်သလဲလို့ ကြိမ်းမောင်းပြီး မျက်စောင်းထိုးပြီးပြောတယ်-ထိုပုဂ္ဂိုလ်ရဲ့ တကာတကာမတွေ ရှေ့တွင် အပြစ်ကိုလဲပြောမပြဘဲနဲ့ ဒေါသလွှန်ကဲသော စိတ်ဖြစ်နေဒါကိုတွေ့ရတယ် ဒီလို ယုတ်ညစ်ယုတ်မာသော အသုံးစကားကိုပြောထေ့ဖြစ်သော ကမ္မဋ္ဌာန်းပြ သက်နီးဝတ်ဆရာနှင့် ဒေါသကြမ်းတမ်းသော ကမ္မဋ္ဌာန်းပြ သက်နီးဝတ်ဆရာတို့သည် ဒေါသမဖြစ်ဘို့ရာ မေတ္တာသမထကို အားထုတ်သင့်သည်-

စာဘတ်လျှောင်စဉ်းစားဘတ်ကြ မေတ္တာသမထကို နည်းလမ်းဖြောင့်စွာ-ဆရာကောင်းထံက အားမထုတ်ခဲ့သဖြင့် တနည်း ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်ကို မရှိသေသဖြင့် ဒေါသစိတ်အခိုးမသေဘူး၊ ဒီလိုနိဗ္ဗာန်လမ်းပြ ဆရာတွေဟာ၊မိမိတို့က တကဲ့နိဗ္ဗာန် လမ်းပြဆရာ တဆူ-တဂုဏ်တဂိုဏ်းယူပြီး ဟိတ်ဟန်လုပ်သော်လဲ ဆရာကြီးကိုယ်တိုင် တွေ့မြင်ရ ကြားရသဖြင့် (သမထ တရားကိုပြတယ်-ဝိပဿနာတရားကိုဘဲ ပြတယ်)ဆိုသော်လဲ တပည့်များကို မပြမီ- မိမိကိုယ်တိုင်က- ရှေးဦးစွာမေတ္တာသမထကို အသက်ဘယ်မျှကြီးကြီး အားထုတ်စေသတည်း။

နှုပ်ပဇ္ဇဝ်က- ဆဲသောကြမ်းတမ်းသော အသုံးစကားတို့ဖြင့် ပြောဆိုခြင်းသည် ထိုပုဂ္ဂိုလ်၏ တကာတကာမများ ဆရာ၏နောက်လိုက် တပည့်များရှေ့တွင်ဖြစ်သည်-

ဒေါသစိတ်ပြင်းထန်သော စကားကြမ်းနှင့် လူရုပ်ပြဆိုးသော မျက်နှာထားဖြင့် ပြောဆိုခြင်းကို ထိုပုဂ္ဂိုလ်၏ တကာ တကာမတွေရှေ့နှင့် ဆရာ၏နောက်ပါ တပည့်များရှေ့တွင်ဖြစ်သည်။

ကုသိုလ်ကောင်းမှုပြုရာ၌ မေတ္တာ သမထကို တတ်စွမ်းသလောက် ပွါးများလေ့လာကြရမယ် ပုဒ်ပြတ်မှတ်- ဘာကြောင့်-ဒေါသစိတ် တွန့်တိုစိတ် ဆုတ်နစ်စိတ် မုံ့စိတ် မလိုစိတ် စိတ်ပျက်စိတ် မရှုစိမ့်စိတ်တွေ မပေါ်မလာရအောင်(မေ္ဃသဘောအရေ-အခ ဒေါသက) ငွေထိန်း ဥပမာနဲ့ တရားရှင် ကုသိုလ်ရှင်ဒါနရှင် သီလရှင် သမာဓိရှင် ပညာရှင်တို့၏ စိတ်ကို ချစ်စရာမွေ ဖြစ်အောင် မေတ္တာသမထကိုအားထုတ်ကြပါ စောင့်ရှောက် ထိန်းသိမ်းကြပါလို့ မဂ်ဖိုလ်နိဗ္ဗာန်လိုခြင်သူတို့အား ကြိုတင်၍ သတိပေး လိုက်ပါတယ် မရှင်းပြန်ဘတ်။

## ၇–၃စဥ္စထိန်း ကရုဏာ စေတသိက်

ကုသလဓမ္မအရေးပေါ် စည်းဝေးပွဲသို့ တက်ရောက်လာကြတဲ့အထဲမှာ သဗ္ဗိုဟ် အသိဓမ္မာ တင်သူတွေလဲ ပါကြမယ်၊ ဓမ္မာစရိယတွေ ပထမ ကျော်တွေ အဂ္ဂမဟာပဏ္ဍိတတွေလဲ ပါကြမယ် ထင်တယ်၊ ပညာ ရှိများ ရှေ့မှာ လူပြိန်းများ နားရှင်းသွားအောင် ယနေ့ယခုအချိန် ပြောရေးဆိုခွင့်မှာ (ကရုဏာ)ရဲ့အလှဲ့ရောက်နေပြီ၊ သည်းခံ၍ နားထောင်ကြပါ။

ကုသိုလ်ကောင်းမှုကို ပြုလုပ်တိုင်း ကရုဏာပါတယ်လို့မထင်ကြနဲ့-ပေးကမ်းသူ ဒါန်းဒါယ်နှင့်ရဲ့ မနှမျောသို့ ရက်ရက်စက်စက်လှူရဲ ဒါယ်နှင့်ရဲ့ သဒ္ဓါဝါ နဲ့ဘသယ်တို့ကို ဖြင့်နာ သနားခဲ့တယ်မှတ်- (ကိုယ့်ကိုယ်ကိုယ်တွေးနော်) အာလောက ဗိပနီဆိုဒါ နာမ်အကြောင်းတွေကိုတလုံးစီ အဓိပ္ပါယ်ကို ရှင်းရှင်းကြီး သိရအောင် ရေးမယ်- ရုပ်အကြောင်းတွေကိုလဲ လင်းလင်း မြင်အောင် တခုစီထပ်ပါးစီ လူပြိန်းအတွက်ရော ပညာရှိ-ချီးကျူး ဝမ်းမြောက်စရာရော ရေးလိုက်မယ်၊ ဆက်ပြောမယ်-အဒ္ဓဗ္ဗါလ တို့ရဲ့ ကုသိုလ်ပြုသော အခမ်းအနား၌ ကရုဏာပါချင်မှ ပါမယ် ဆိုဒါတော့ ထားလိုက်ပါ- ငါ ထတ်ထယ် ငါထိမ်မာတယ် ငါပညာရှိဘဲ ကျွမ်း တတ် ပုဂ္ဂိုလ်ဘဲ ဂိုဏ်းဗုဝ် ဂိုဏ်းချုပ်ဘဲ နိုင်ငံကျော် ဓမ္မကထိကဘဲ ကမ္မဋ္ဌာန်း အလုပ်ပေးဆရာ တဆူဘဲလို့ မဂ်ထန်း ဖိုလ်ထန်း နိဗ္ဗာန်တန်း အဆရောက် ပို့ဆောင် နေကြသော ရဟန်းရှင်လူတို့ပင် သဒ္ဓါဝါတို့ကို ကရုဏာ စေတသိက် ဖြစ်ဘို့ခက်ပါတယ် ကြပ်ကြပ်တိုင်ပင်ကြစမ်းပါ။

**သောဘဏသာဓာရဏ စေတသိက်၊ သောဘဏ စိတ်တွေနှင့် အားလုံးဆက်ဆံခွင့်ရတယ်၊**

**သောဘဏစေတသိက်ထဲက သောဘဏစိတ်တွေ ဖြစ်တိုင်းဖြစ်တိုင်း ပါချင်မှပါမယ်။**

ဒီအချက်ခက်တယ် ခက်ထာ အဘိဓမ္မာ-ရှင်းမှာ အာလောက ပုထုဇန် နှင့်သမ္မာ ကုသိုလ်ကောင်းမှု ပြုမည်ကြံစည်ကြသျှင် ကျုဝ်ကသတိ ပေးချင်ပါတယ်၊ ကရုဏာကို ခေါ်ထားပြီး တိုင်ပင် စမ်းပါလို့ ကျုဝ် ပြော ချင်တယ်၊ဘာ့ကြောင့်-အလှူကြီးလှူကြသူတို့၏ ဓမ္မဘာကျွေးမွေး လှူဒါန်းပုံဟာ ဗိုလ် ဖြစ်နေတယ်- နာမည်ကြီးတဲ့ ဘုန်းကြီးကိုသာ ပင့်ချင်တယ်- ဒုက္ခိတ

ဘုန်းကြီးကို စာရင်းမသွင်း ကရုဏာကဘေးဖယ်နေရတယ် ဟုတ်ကလား- ယောဂီချင်းဗိုင်းဖွဲ့ တိုင်ပင်ကြပါ- တရားဟောကောင်းတဲ့ ဘုန်းကြီး စာတတ်တဲ့ဘုန်းကြီး အဓိုးရမင်းတို့က အလေးပြုတဲ့ဘုန်းကြီး ရဟန္တာလို့ ရမ်းသမုတ်ခံရတဲ့ ဘုန်းကြီးကိုသာ ပင့်တယ်- ကျောင်းတွေ သင်္ကန်းတွေ ဆွမ်းတွေ ဆေးမျိုးစုံတွေ လှူသူများကြတယ်-ရလိုက်တဲ့ ဝတ္ထုပစ္စည်းတွေ (တောင်ပုံရာပုံ) ရှိတယ်- ဆွေတွေ မျိုး တွေကို ထောက် ပန့် နိုင် တယ်- ကျောင်းတွေကိုလဲ ဥာဏ်ရှိသလောက် အသုံးချပြစ်နိုင်တယ်- (ငတ်မွတ်ခေါင်းပါး-ဆွမ်းစားခြင်းချို့ငဲ့မှု-အဝတ်သင်္ကန်းချို့ငဲ့မှု- ကျောင်းအိပ်ရာနေရာချို့ငဲ့မှု-ဘုန်းတော်ကြီး ဒုက္ခသည်တို့ကို သတိမရ-အဲဒီလို အလှူရှင်တွေရဲ့ စိတ်ဖြစ်ခိုက်မှာ- ကရုဏာက အလိုက်သိစွာ ချောင်ခြားထဲမှာ ကပ်နေရတယ်-စာဘတ်သူ(ကဒါမိ-နဲ့-နာနာ)နားလယ်ရဲ့လား-မလယ်ရင်ဓမ္မာစရိယာတွေ ချခေတ်မှာ ပေါတယ်-မေးမြန်းကြည့်ပါ၊

## ကရုဏာအောင်းသော ဒါနပွဲကြီး

အလှူပွဲတို့၌-ဘုန်းတော်ယာစကာ ဈေးခေါ် ခေတ်သုံးမှာ သူတောင်းစား-အရပ်သား လူဆင်းရဲ-ကူလီဝန်ထမ်း-ကျောပွဲ-နေပူခံ-အိုးတလုံး- ဖျာတချပ်-အဝတ်အထည် အစုပ်အပြဲနဲ့ အပေါက်-မျက်နှာငယ်သူ-ထိုလိုလူမျိုးအောက်တန်းစားတွေကို သနားကြင်နာတဲ့စိတ် အလှူရှင်တိုင်းဖြစ်ပါဘူး၊ ဒုက္ခိတသတ္တဝါတို့ကို အရေးစိုက်ခဲပါတယ်၊ ပေးကမ်းစွန့်ကြဲပြန်သော်လဲ စေတနာ ကောင်းကောင်းနဲ့ ကျွေးမွေးခြင်းရှိခဲပါတယ်- ဆဲခြင်း- ဆိုခြင်း အော်ငေါက်ခြင်း-အရေးမလုပ်ခြင်း=လှည့်မကြည့်ခြင်း-တရားနာမဘိတ်ကြားခြင်း ပွဲနေ ပွဲထိုင်တို့ကိုတော့(ထည့်မတွေးပါနဲ့)အဲဒီလိုသနားကြင်နာမှု ကုသိုလ်ပြုတဲ့အခါမှာ၊မရှိမှန်းသိလျှင်ဘဲ တော်ရာသင့်ရာကနေပြီး(ကရုဏာစေတသိက်)က ဩဝါဒ်-ဒါလောက ဒါဟာ လောကကြီးရဲ့ထုံးစံပါကလားလို့-ရင်နှိပ်ပြီး မျက်ရည်ကျမိပါတယ်-နိဗ္ဗာန်ကို တကယ်တမ်း လိုချင်တဲ့ အလှူရှင်တွေကိုတော့- တခါတရံသတိပေးပြီး- ဒါနရှင်ကြီးရေ- ကရုဏာကို ပထမဦးစွာ လက်ပါးစေ လုပ်စမ်းပါ၊ လက်ကိုင်ဒုတ် လုပ်ကြစမ်းပါလို့ သတိပေးအားကြီးတော့ ဒါနရှင်များကလဲ-ဟာဟုတ်သားဘဲ၊ ဗြဟ္မ ဝိဟာရအဖွဲ့ဝင်-အပ္ပမညာဂုဏ်ထူးဆောင်ကရုဏာဆိုဒါ-အတိုင်းမသိသောဒုက္ခိတဝေဘောယျတို့ကို ကြင်နာသနားခြင်းရှိမှသာ-သူတော်ကောင်း လက္ခဏာ ဆိုတယ်-ဒီလိုတွေးလုံးပေါ်ပြီးတချို့အလှူမြတ်ကို ပေးလှူတတ်သူ ကုသိုလ်

အဗုဒ္ဓကို ဖြူလှစ်ထင်သူတို့က ကရုဏာကို အားနာ ပါးနာနဲ့ ခေါ် အားကြီး လို့ ဝင်ခွင့်ရတဲ့အခါ ဝင်၍ ချက်ဆောင်ရပြန်ပါဘဲ၊

| | |
|---|---|
| ကရုဏာ | မုဒိတာ |
| ဆင်းရဲသူကိုသနားပါ | ပြည့်စုံသူကိုဝမ်းသာပါ |

ဓါ့ကြောင့်-မုဒိတာရဲ့အထွက်ပါ-ကုသိုလ်ဖြူရှုံးတဲ့ အလှူ့ တကာ တို့ကို ကရုဏာက- ယောဒ္ဓ အာလောကဒ္ဓပနီ ဆော်ဩင့်ရုံကြီးပေါ်ကနေပြီး-အစွမ်း ကုန် ဟစ်အော်လိုက်ပါသည်၊

ဂ၊ စာရင်းစစ်-သတိစေတသိက်- ကုသိုလ်ပြုတတ်ဘို့ စာရင်းဆင်း နိုင်မနိုင် သတိရှိကြရမယ်- ငွေနှင့်ပတ်သက်လာရင် စာရင်း လုပ် နည်း မ သိလျှင် ဘယ်အဖွဲ့မှ မကြီးပွါးနိုင်ဘူး ထိုနည်းအတူ ကုသိုလ်ကောင်းမှုတို့ ကို မသေခင်က ကြိုးစားရှာဖွေ ဆည်းပူးထားကြသော လုပ်ငန်းကြီးမှာ- ကျူဝံက အင်မတန် အရေးယူပါတယ်၊ ရတနာသုံးပါးကို မမေ့ဘို့ သေ ခြင်းတရားကို အစဉ်နှလုံးသွင်းဘို့ ပြုလုပ်ပြီးသော ကုသိုလ်တို့ကို ထပ်ခါ ထင်ခါ ပရစေတနာဖြင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်ဘို့ကို သတိ ပေး ထား ပါတယ်- ကျူဝံဟာ သမ္မာသတိ မဂ္ဂင်ဆိုသော ဂုဏ်ထူးဆောင် အဖွဲ့ဝင် လဲဟုတ်ပါတယ် ထပည့် ထကာ တကာမ အလှူပေးသူဒါနရှင်တို့ အပေါ် ၌သာ-နှိုးဆော်ရသည် မဟုတ်-တပည့်ဘကာတကာမတို့က- မြောက်တိုင်း မြောက် ကြသော လူဆရာ ရဟန်း ဆရာတို့ကိုပင် အထူး မမေ့ဘို့ တိုက် တွန်းဝါဘယ်- သေကြမယ်အမှန် တရားရှာကြဘို့ တရားမှန်မှန်ကို ဟောပြ ကြဘို့ ကျမ်းဂန်ဥပဒေနှင့် ကိုက်ညီသောတရားကိုသာ သွန်သင် ဆုမ္မဘို့ (ငါမှုတ္တိ) ခေတ် ၁၃၁ဂ-ခု-နှစ်သစ်သို့ ဝင်ရောက်လာကပြီ- (သတိတမန်) ဆို သော စကားကိုမမေ့ကြဘို့ (တချို့ပုထုဇန် အခွတို့၏ အသုံးစကား) ကျူဝံတို့တော့ အရွယ်ငယ်ပါသေးတယ်- အဘတို့အမေတို့ ဦးကြီးဘကြီး တို့ အရွယ်တွေကသာ တရားရှာကြပါကဲ့ ဒိအယူ ဒိအသုံးစကားကို အာ လောကဒ္ဓပနီကရှုံ့ချတယ် ဝိုင်းပယ်လိုက်ပြီပုန်ပြတ်မှတ်-

ကြီးသူငယ်သူ ဆင်းရဲသူချမ်းသာသူ မင်းဖြစ်သူ ရဟန်းဖြစ်သူ ဘယ်လူဘယ်နတ် ဘယ်ဗြဟ္မာ မဆို မရှောင်—မေ-ဘဝိသတိ နေ့စဉ်ညစဉ် သတိရကြဘို့ ခေတ်ထူးခေတ်မြတ်ဖြစ်သော ဝိမုတ္တိ ခေတ်သို့ရောက်နေပြီ ဘုရားပွင့်တဲ့ခေတ်သစ်မှတ်လိုက် တရားစစ်စစ် ဝိပဿနာသန့်သန့်ရှာသူ ငင်ဆေးသူ အရိယာဖြစ်ကြသူ ရဟန္တာဉာဏ်ကိုရကြသူတို့၏ အချိန်အခွင့်အခါခေတ်ကို ဝိမုတ္တိ ယုဂခေတ်လို့ဆိုဏ်။

ဒါ့ကြောင့် ယခုလူ့ပြည်ကြီးမှာ- တနည်းမြန်မာပြည်ကြီးမှာ တနည်း-ဗုဒ္ဓဘာသာလူမျိုးတွေထဲမှာ အနတ္တတရားအထိ ကြိုးစားအားထုတ်ကြစေဘို့ ကုသလ ဓမ္မအဖွဲ့က တိုက်တွန်းပါတယ်-ဘယ်လူဟာ ဘယ်မိန္မဟာ ဘယ်ယောကျ်ားဟာ ဘယ်မင်း ဘယ်သူဌေး ဘယ်ရှင် ဘယ်ရဟန်းတို့သည် တရားရကြပါရဲ့လား စာရင်းစစ်တယ်-တရားရှာကြပါရဲ့လားလို့စာရင်း လုပ်ကြည့်တယ်-တရားစစ်စစ်မှန်မှန်နဲ့ သာသနာပြုတတ်ကြပါရဲ့လားလို့ သတိပဋ္ဌာန် ပါဠိတော်နှင့် အဋ္ဌကထာ ဥပဒေ ၂ ရပ်စလုံး ပရိယတ် စည်းမျဉ်းကျကျ-စာသဘောပြပြီး-ဟောဒီအာလောကဒီပနီကနေပြီး အရိယာစခမ်း ကပိအခြေမဆိတ်ရအောင် သတိစေတသိက်ကအကြောင်း စုံဘင်ပြသွားပါသည်- (စာအုပ်ချ နားဘတ် ဆေးလိပ်သောက်)

## ကောင်မတီ အာလောဘ စေတသိက်ပြောပုံ

၁၈။ အဋ္ဌပုထုဇန်တွေကို ကုသိုလ်ပြုတဲ့အခါ ဋ္ဌိဟိတ်သင္ခေဘဝမှ တိဟိတ်ညာဏ်တွေရကြစေဘို့အလောဘက ရှေ့နောက် ဝဲယာခြံရံ၍ စောင့်ရှောက်ပါတယ်-ဒါနစသော ကုသိုလ်ကောင်းမှုကို အားထုတ်ကြတဲ့အခါတိုင်းမှာ လောဘရှေ့နောက်ဝဲယာ မပါရအောင် ကျုပ်ကအလွှရှင်တို့ရဲ့သက်တော်စောင့်အဖြစ်နဲ့-စောင့်ထိန်းနေတယ်ဆိုဒါ အဘိုချုပ်ရှင်းပြပါတယ်-

၂။ (တတြမဇ္ဈတ္တတာ စေတသိက်)ဒိပါဠိစကားရဲ့ ဘာသာပြန်ဘာလဲ လိုနေရာ၌ အမှုမဲ့နေသော အဖြစ်ဘဖြစ် စိတ်တမျိုးဟုဆိုလိုသည် ဥပေက္ခာ လို့လဲသုံးကြတယ်-လစ်လျူရှုလို့လဲရေးစကားဖြင့်သုံးနှုံးကြ၏- ဖါသိဖါသာ နေတတ်သော စိတ်တမျိုးမှတ်ပါ-ကြက်သေသေနေခြင်း အမှတ်မထား ဂရုမစိုက် အရေးမပြု ဟိုဘက်လဲမပါ ဒီဘက်လဲမလိုက် ကြားကလင်ပြီး ကြည့်ရှုနေသဖြင့် (လစ်လျူ) လို့ခေါ်တယ်-လစ်ရှုလဲအတူတူပါဘဲ သတိလစ်တယ်ဆိုလဲမလွဲပါဘူး- ကျုပ်က ကုသိုလ်ရှင်တို့၏ အလုပ်ကိစ္စ အဖွဲ့ထဲမှာ-ဧကဂ္ဂတာခေါ် သမာဓိရဲ့ ကိုယ်စားအဖြစ် - မှန်မှန်ဆောင်ရွက်နေပါတယ် ဒီအလှူပွဲကြီးကို ဘိတ်ကြားစာတော့ ရိုက်နှိပ်ပြီးဝေငှလိုက်ထားဘဲ လာချင်လဲလာကြ မလာချင်တဲ့သူကနေကြ ဆွန်းကြီးရဟန်းကိုတော့ ထုံးစံအတိုင်း အလှူပွဲကြီးသို့ ကြွလာဘို့ရာ ရိုသေစွာပင့်လိုက်ထားဘဲ-ကိုယ်တိုင်ကြွချင်လဲ ကြွ ခန်းနေ ဦးပဥ္စင်းကို ထဲ့ချင်လဲ ထဲ့လိုက်-သို့မဟုတ် ကျောင်းထိုင်ဆရာ တော်ကြီးရဲ့ ကိုယ်စားလယ် ကိုရင်သာ ခကောယ်ကလေးကို လွှတ်လိုက-လွှတ်လိုက် အရေးမစိုက် ဒါ ကျုပ်စိတ် ကျုပ်ပြောနေတယ်- စာနှေးနှေး ရှင်းရှင်းဘတ်- ။ပိုင်းဖွဲ့ပြော-ဆွေးနွေး-တိုင်ပင်-

ကျောင်းဆောက်ပြီးလှူတယ် ခေစက်ချပြစ်လိုက် ချေဖြစ်လဲနေ ဖြစ်သလိုဘဲ ရဟန်းထကာပြုလုပ်တယ်- ဥပသမ္ပဒကံ- ဆထမြောက်အောင်-ချီးမြှောက်လိုက်ချင်ပြီးဒါဘဲ ဝမ်းသာဝမ်းနဲ့မရှိ လူ့ပြည် နတ်ပြည် ဆုတောင်းဘို့မလို ရဟန်းခံပြီးသည့်နောက် ဒီရဟန်းက လူထွက်လဲစိတ်မဆိုးဝမ်းမနဲ့ လူမထွက်ဘဲနဲ့ တိုက်တာကြီးကြီးအဆောက်အဦမျိုးရုံ တန်ခိုး ဂုဏ်တွေနဲ့ ပြည့်စုံပါပေတယ်လို့ တပြည်လုံးဘို့က ချီးမွမ်းထောမနာပြုသံတွေကို နားဝမှာ ကြားရပေမဲ့ ဘွင်မကြွဘူး-ဝမ်းသာအားရလဲမဖြစ် ဆယ်ခါလူထွက်-ဆယ်ခါပြန် သင်္ကန်းဝတ် ထင်သလိုနေ ကျုပ်တို့ရဲ့စိတ်က၊ ဝါ-စေတသိက်ကဘောက်စာတိုင်ကဲ့သို့ လေလာတိုင်း မယိမ်းမယိုင် သမာဓိရဲ့ကိုယ်စား ဥပေက္ခာ စေတသိက်ဘဝကနေပြီး- တတြမဇ္ဈတ္တတာ-ဘွဲ့လူးတမျိုး ပြောင်းရပါတယ်၊ သောဘဏအဖွဲ့ဝင်အဖြစ် ကုသိုလ်စစ်စစ်ဖြစ်ဘို့ကူညီလျှက်နေကြောင်း တက်ရောက် လာကြသော ပရိသတ်တို့ ရှေ့တွင်ထင်လင်းစွာ ထင်ပြဆက်သွင်းသွားကြောင်း၊

၃၊ (ကောမဘဲ သမ္မာ ဝါစာ စေတသိက်)တစခမ်းထပြီး-ဆိုင်ရာ ဆိုင်ရာ ပြောသွားလိုက်ကြဒါ-ကိုယ့်အလှဲ့ ယခုမှဘဲ ကျုပ်ပါတော့တယ်-မပြောစပြီး-ခဘီး မသည်-မချည်ဘတ်လဲ-မမြဲ-မခဲလဲ ခင်းမဖြစ်-ဆိုဒါလို ပြောရအုန်းမှာဘဲ၊ ဒီမှာပြောရမဲ့ စကားက ခပ်တိုဘိုပါဘဲ၊ အခွဲ့ပါလတို့ရဲ့ အလေ့မှာ-နေ့ရော ညရော အိပ်ပျော်သောအခါမှဘပါး၊မိစ္ဆာဝါစာမဂ္ဂင်ခနီးကိုချည်းရှောက်နေကြဘယ် ဘယ်လိုလဲ၊ကာမဂုဏ်စကားတွေကိုသာပြောပြီးအချိန်ကို ဖြုံးတည်းဖြစ်ကြ၍ မိမိ ကိုယ် မိမိတွေးဘို့ကိုသမ္မာဝါစာက သတိပေးနေပါတယ်၊ သားသမီးစားဘို့-ငါနဲ့ငါ့မယား-ငါ့လင်စားဘို့ စသောအာရုံစကား-ကာမစကား-တဏှာစကား- ဒေါသစကား- ဇာတသစကားမနောရိယစကားဘို့ကို နံနက်မိုးလင်းကစပြီး နေကုန်သော်လဲ စကားပြောလို့မပြီး၊ ညအခါကျမှ သဘောတူသူတို့နှင့် ပွဲစကား ဇာတ်စကား ဘိုင်စကုတ်စကား မြင်းစကား ကျွဲနွားစကား (သွီးသားနှင့် စီးပွါး ရိုးစား) စကားတွေ သတ်ဘို့ ခိုးဘို့ လိမ်ဘို့ အာချုံလိုက်စားဘို့ အဲဒီစကားမျိုးတွေကိုမိစ္ဆာဝါစာခေါ်ဘယ် ဒါမျိုးတွေကို ပြောဆိုလာခဲ့ရဒါ ဘဝပေါင်းများသွပြီရက်လ- နှစ်ပေါင်းမှာ ပြောမပြနိုင်-လောကဒ္ဓ လူဖြစ်လာကြရသော် စားသောက်နေထိုင်မှုစသည့်ဘို့ကို မပြောရဘူးလား ပြောရမယ်-နဲ့နဲ့ပြော လိုရင်းပြော ခပ်တိုဘိုပြော နားထောင်သူပြင်းအောင်ဘာ့ကြောင့် ပြောပြောနေရဒါလဲ စဉ်းစား- (စာရွက်ခေါင်းက-ဖြေးဖြေးလှန်)

တွေးလဲတွေးစမ်းပါ-ငါ့မှာ တရားရဘို့ စကားတလုံးမှမပါဘဲနဲ့ ဘာစကားတွေနဲ့ အချိန်ကုန်ပါလိမ့်စသည်ဖြင့် တွေးမှပေါ့ယောဂီ-သူများရိုက်တိုင်းမရိုက်လေနဲ့အကုသိုလ်မဖြစ်သောစကား တရားရဘို့စကား တနည်းတရားစကား ရတနာ ၃ ပါးတို့နှင့်စပ်ယှဉ်သောစကားတို့ကို ပြောဆိုဖြစ်တောင် သမ္မာဒိဋ္ဌိမဂ္ဂင်အဖွဲ့ဝင် သမ္မာဝါစာက မြန်မာဘာသာနှင့် သေခါနီးပြီအပိုစကားတွေပြောဆိုဘို့ရှာ တော်ဘီလို့ဖြတ် ကော်မတီတခင်းရပ်ပါပြီ-

## ၄- ကော်မတီ သမ္မာကမ္မန္တ စေတသိက်အချက်

နံနက်မိုးလင်းတိုင်းအလုပ်လုပ်ကြရတယ်-မိစ္ဆာအလုပ်နဲ့ သမ္မာအလုပ်ကို ရွေးကြစမ်းပါ-ကိုယ်ကာယနဲ့ ပတ်သက်သမျှ အလုပ်စခမ်းတွေကို အဟုတ်တန်းတွေးကြည့် မိစ္ဆာကမ္မန္တဆိုဒါ မှားသောအလုပ်မှတ်- ဒုစရိုက်ဆယ်ပါးကိုပြုသူ တနည်း ကောင်းကျိုးခံစားခွင့်မပါသော လုပ်ငန်းဟူသမျှတနည်းမိမိ၏ခန္ဓာကိုယ်ကြီးအတွက်နှင့် အိမ်သားတို့၏စားဘို့နေဘို့စသောအကုသိုလ်မကင်းသော အလုပ်မျိုးစုံတို့ကို မိစ္ဆာကမ္မန္တ မဂ္ဂင်လို့ဆိုတယ်ငါးပါးသီလမပျက်သော လူ့ဝတ်တို့၏မနေနိုင်သောလုပ်ငန်းတို့ကို လုပ်ဖြစ်ဘို့ ရှင်ရဟန်းတို့အတွက် ၂၂၇ ပါးတို့တွင် အရေးကြီးသောသီလသိက္ခာကို မထိခိုက်သော မကင်းနိုင်သော အလုပ်တို့ကိုလဲ လုပ်ဘို့ ဝိရတ္တိယုဂအချိန်အခါသို့ တိုင်ရောက်ကြောင်း မြန်စွာညာ်ရအောင် သမ္မာကမ္မန္တကတိုက်တွန်း နှိုးဆော်လိုက်ပါကြောင်း-

## ၅- ကော်မတီ—မုဒိတာ စေတသိက်အခင်း

ချမ်းသာသော ပုဂ္ဂိုလ်တွေကို မြင်လျှင် မလိုမုန်းတီးစိတ်မဖြစ်စေဘဲအားရဝမ်းသာသောစိတ်ဖြစ်ဘို့- ကြော် တော်ကြပါပေတယ် ဆုတောင်းပြည့်ကြပါပေတယ်- ဆွေကောင်း မျိုးကောင်း စည်းစိမ်ကောင်းတွေနှင့်မင်း မင်းကတော် သူဌေး သူဌေးကတော်အဖြစ် ကျန်းမာလျက်ပစ္စည်းဥစ္စာလို တ-ရ ဆိုသလို ချမ်းသာကြပါပေတယ်လို့-ဒီလိုကုသိုလ်စိတ်နှင့်ယှဉ်တွဲသော မုဒိတာ စေတသိက်ဖြစ်ဘို့ကို သူတော်ကောင်းတို့အား အထူးသတိပေးပါတယ်-ဗြဟ္မ ဝိဟာရအဖွဲ့မှာလဲ ဤနည်းအတိုင်း ကူညီဆောင်ရွက်ခဲ့ပါတယ်-အပ္ပမညာအမည်နှင့်လဲ သူတော်ကောင်းဖြစ်စေဘို့ နှိုးဆော်ပါတယ်-သောဘဏနာမည်နှင့်လဲကုသိုလ်ရှင်အပေါင်းတို့အား ကာမာဝစရကုသိုလ်ကိုဘဲပြုသည့်ဖြစ်စေ ဈာန်အဘိညာဏ် သမာပတ်တို့နှင့်သက်ဆိုင်

သော ရူပ အရူပ ကုသိုလ်ကိုဘဲပြုသည်ဖြစ်စေ-တခါတခန်မှာ အခွင့်သာသလိုကူညီ၍ဆောင်ရွက်နေပါကြောင်း အစီရင်ခံစာတင်ပြလိုက်ပါသည်-

## ကော်မတီ ၅ ယောက်-မိန့်ခွန်း၊ ပြီး၏

## အဖွဲ့ဝင်-၁၂ ယောက်ရှင်းတမ်း

၁၊ ကာယပဿဒ္ဓိ စေတသိက်ပြောပြီ စေတသိက်ငြိမ်ငြိမ်းခြင်း- စိတ္တပဿဒ္ဓိ စိတ်ငြိမ်ငြိမ်းခြင်း-အဲဒါလို အဘိဓမ္မာသင်္ဂြိုဟ် ဗားကရာမှန်း- ဋီကာကျော်ဖွင့်ဆိုသည့်အတိုင်း အနက်ပေးထားတယ်- ကျုပ်တို့ ၁၂-ယောက်ဟာရုံဘဲ ၆-ချုံ့ပါတယ်-ပိဋကတ်သုံးပုံပါဠိတော်များရှိသည့်အနက် အဘိဓမ္မာ ပိဋကတ်ပါဠိတော်၏ အကျဉ်းသဘောပ အဖွင့်ကျမ်းကို အရှင်အနုရုဒ္ဓါ သီဟိုဠ်ဆရာရေးသည့် အဘိဓမ္မတ္ထသင်္ဂဟပါဠိ ခေါ် (သင်္ဂြိုဟ်)အဲဒီကျမ်းမှာကျုပ်တို့ပါလာပါတယ်၊သောဘဏ သာဓာရဏစေတသိက် အဖွဲ့ထဲမှာ အလုပ်ထိုင်ရပါတယ်-အခြား စေတသိက်များကဲ့သို့ မထင်ရှားရပါ- နိုင်ငံမကျော်ရပါ-သောဘဏစိတ်ပေါင်း-၅၉-ပါး၌- ယှဉ်ဘဲ့ရသောကြောင့်- ကျုပ်တို့ကိုလဲ သောဘဏ သာဓါရဏ စေတသိက်လို့ အမည်ပေးထားပါတယ်- ဒါပေမဲ့ ကျော်စောထင်ရှားခြင်း အမည်ကို မရခဲ့ပါ- ယခု အာလောကဒီပနီ လက်ထက်မှာ-ဘွင်းဘွင်းကြီး- တိုင်းသိ ပြည်သိ ကြော်ငြာပါမယ်-

## တိုင်းသိ ပြည်သိ ကြော်ငြာမယ်

လောကီမှာ- ဘီအေအောင်တယ်- မင်းကြီးဖြစ်တယ်- စာတတ် ပထမကျော်ရှိတယ်- အဂ္ဂမဟာပဏ္ဍိတဘွဲ့ရတွေ- ထောင်သောင်းမက ရှိကြတယ်- သိန်းသန်း ကုဋေချမ်းသာသော သူဋ္ဌေးကြီးတွေရှိတယ်- တိုင်းသိ ပြည်သိ- ကျော်ကြားထင်ရှားဘို့နာမည်ကို-ရချင်မှ ရတယ်- ထိုနည်းတူစွာ စေတသိက်ပေါင်း-၅၂-သုံးရှိသည့်-စေတသိက်တိုင်း နာမည်ကြီးဟုတ်ချင်မှဟုတ်တယ်- သို့ပေမဲ့- တာဝန်ထမ်းဆောင်ရဒါမှာတော့- သူများထက်ပို၍ ပင်ပန်းတယ်-ဟု၍ အသုံးဝင်ဘဲ့ စေတသိက်လဲရှိပါတယ်-

## ကျုပ်တို့ ၁၂–ယောက်ဟာ ကဒါစိ–နာနာ–မဟုတ်ဘူး

ယခု ကုသလဓမ္မအဖွဲ့ထဲမှာ- ကျုပ်တို့ဟာ- ဘာလူကြီးထဲကမှ မဟုတ်ပါ- သာမန်အဖွဲ့သားအဖြစ်ကကူညီရပါတယ်- ပင်ပန်းစရာရှိတော့-ကျုပ်

တို့ ၁၂-ယောက်ဟာ-ကဒေါ်စိ- နာနာမဟုတ်- နိယတအလုပ်ကြီးကို-မနား မနေဆောင်ရွက်ရပါတယ်-ဘယ့်နှယ်စဉ်းစားလဲကြည့်ကြစမ်းပါ-အဘိဓမ္မာ ဆရာတို့ရဲ့- စာချတန်း ဓမ္မာစရိယတို့ရဲ့-ဒီအချက်မှာ- ပရိယတ် ပဋိပတ်- စွယ်စုံ မဟုတ်သူတို့နားမလယ်ပါဘူး-စွယ်စုံပညာရှိ- သို့မဟုတ်- နာမရူပ ပရိစ္ဆေဒဉာဏ်ကို-ပိုင်ပိုင်ရဘယ်ဆိုတဲ့ ယောဂီတွေကို-မေးစမ်းချင်တယ်- ကာယပဿဒ္ဓိ-နာမ်နဲ့-စိတ္တပဿဒ္ဓိနာမ်-၂ မျိုးကို- ယောဂီစိုင်းမှာရှင်းပြပါ လို့- အာလောကဒီပနီက- မေးခွန်းထုတ်ပါတယ်- ကာယပဿဒ္ဓိစေတ သိက်က ၁၂- ယောက်တို့၏ တာဝန်ကိုပါ ယူ၍- ကိုယ်စားလယ်အဖြစ်- ယခုကသိလ်ပြုခါနီး အရေးပေါ်စည်းဝေးပွဲမှာ- တင်ပြအသုံးတော် ခံပါ တယ်-စေတသိက်-ဆိုပြီး-စိတ်လိုလို- စေတသိက်လိုလို- ရှေးအနက်ပေးရိုး အတိုင်း လူကြီးများ စဉ်းစားဘို့ ရှင်းပြပါတယ် ကျုပ်တို့မှာ တခါမှ ဥက္ကဋ္ဌလဲမလုပ်တတ်ပါ- အတွင်းရေးမှူးလဲမဖြစ်ခဲ့- ငွေထိန်းဆိုဒါတော့ ဝေးရော- စာရင်းစစ်အရာရှိခန့်ဘို့ရာ ဘယ်သူကမှ အရေး မလုပ်ကြပါ- သဘာပတိဆိုတော့ ဘယ်ကမ္ဘာမှ ဖြစ်မှာမဟုတ်- ဒါကြောင့်ကျုပ်တို့- ၁၂-ယောက်ဟာ- စေတသိက်တော့- ဧကနိဗ္ဗဒ္ဓအစစ်- ကျမ်းသစ္စာဆို၍- ပြောစရာမလို-ပိဋကတ် သင်ဘူးသူတိုင်းသိကြ၏-အနဲဆုံးသင်္ဂြိုဟ်ကျမ်းက လေးမျှကိုပင်သင်ကြားဘူးသူများလဲ ကျုပ်တို့ရဲ့နာမည်တွေကို- နှုပ်ပဇာ်ထဲ ကမပြတ်ရွတ်ဆိုရပါတယ်-ဒါပေမဲ့သတိမမူတော့-စေတသိက်မျက်နှာငယ် တွေ-ဘယ်သူကမှ-ဒါလောက်အရေးစိုက်ပြီးတော့-ဒီ-စေတသိက် ၁၂-လုံး ၏ အဓိပ္ပါယ်ဟာဘာလဲလို့-မတွေးဒါ မစဉ်းစားဒါ-မတိုင်ပင်ဒါ-မပြော တတ်သလောက်-

## အာလောကရှုံးက-စစ်ပြီ

| | | |
|---|---|---|
| ၁။ | ကာယပဿဒ္ဓိ<br>စေတသိက်ငြိမ်းခြင်း | စိတ္တပဿဒ္ဓိ<br>စိတ်ငြိမ်းခြင်း |
| ၂။ | ကာယလဟုတာ<br>စေတသိက်လျှင်ခြင်း | စိတ္တလဟုတာ<br>စိတ်လျှင်ခြင်း |
| ၃။ | ကာယမုဒုတာ<br>စေတသိက်နူးညံ့ခြင်း | စိတ္တမုဒုတာ<br>စိတ်နူးညံ့ခြင်း |
| ၄။ | ကာယ ကမ္မညတာ<br>စေတသိက်အမှုအဖြစ် | စိတ္တ ကမ္မညတာ<br>စိတ် အမှုအဖြစ် |

| | | |
|---|---|---|
| ၅။ | ကာယပါဂုညတာ<br>စေတသိက်လေ့လာခြင်း | စိတ္တပါဂုညတာ<br>စိတ်၏လေ့လာခြင်း |
| ၆။ | ကာယုဇုဂတာ<br>စေတသိက်ဖြောင့်ခြင်း | စိတ္တုဇုဂတာ<br>စိတ်ဖြောင့်ခြင်း |

ပရိယာတ်တတ်မြောက်သူ ပညာရှိများနှင့်- နာမ်ရုပ်ကို ခိုးကဲ့သို့ လယ်အောင်မွေ့နှိုင်ခြင်း- သုံးသတ်ဆင်ခြင်နေခြင်း- ဝိပဿနာ ယောဂီတို့ပါ၊ တနည်း-ပရိယတ်ပဋိပတ်စွယ်စုံ ပညာရှင်တို့ပါ တနည်း-ပရိယတ်တတ်ပြီး ပဋိပတ် ပြည့်စုံသည့်ပြင်- အရိယာ ဥာဏ်ကို ကျပ်ပြည့်ရပြီ- ထင်လုံးမှတ်လုံးရှိသော ပညာရှိကြီးတို့ စေတနာစဉ်းစားစရာ တွေးကြံနိုင်စရာ အချိုးကျကျလည်ပတ်အောင် သိမြင်နိုင်ကြစေရန် ကျမ်းဂန် ဥပဒေအရ ရှေးက-အနက်ပေးပုံကို တိုင်းသိပြည်သိ ကြေညာ လိုက်သည့် အာလောက စစ်ရုံးက စစ်ဆေးနေပြီ။

## တစ္ဆေးပေါ်ခါ-တစ္ဆေးမြဲခါ—တစ္ဆေးအားထုတ်ကြခါ ထင်တိုင်း အချုပ်မလုပ်ကြဘို့ ဝိမုတ္တိယုဂစော် မေးမယ်

၁။ စေတသိက်က ဘယ်လိုငြိမ်းသလဲ-စိတ်ကဘယ်ပုံငြိမ်းပါသလဲ၊

၂။ စေတသိက် ပေါ့လျှင်ပုံနဲ့- စိတ်၏ပေါ့လျှင်ပုံ ခြားနားပြပါ။

၃။ စေတသိက် နူးညံ့နည်း-စိတ်နူးညံ့နည်း- နှိုင်းယှဉ်ပြစမ်းပါ။

၄။ စေတသိက်၏အမှုန်- ကောင်းသောဖြစ်ပုံနဲ့- စိတ်၏အမှုန် ကောင်းသော အဖြင်ကို ပရိသာတ်ထဲမှာ-ပြောပြပါ။

၅။ စေတသိက်တို့၏- လေ့လာကြပုံတွေနဲ့- စိတ်၏ လေ့လာ ပုံကိုလဲ မရှုပ်မထွေးဘဲ ရှင်းရှင်းသရုပ်ခွဲပြပါ-ချစော်မှာ မညာနဲ့။

၆။ စေတသိက်တို့၏ ဖြောင့်စွာဖြစ်ခြင်း လက္ခဏာနှင့် စိတ်၏ ဖြောင့်စွာ ဖြစ်ပုံလက္ခဏာကို ပရိသာတ် ပညာရှိတိုင်းမှာ မဝါးဘဲ မပြားဘဲ-သူများနားယောင်အောင်-မလှဲ့ပတ်ဘဲ ဘွင်းဘွင်းပြောပြ ပါလို့- (ကာယပဿဒ္ဓိ စေတသိက်)သာမန်အဖွဲ့သားက- အာလောက ရုံးဘောင်မှာ စစ်ဆေးဘို့-လျှောက်ထားနေပါပြီ။

## တွေးပါ-ကြံပါ-စဉ်းစားပါ-
## မေးမြန်းပါ-လျှောက်ပါ-မာနလျှော့ပါ-

ကာယပဿဒ္ဓိက ကုသလစေတ္တအစည်းအဝေးပွဲမှာ အားလုံးစေတသိက် လူကြီးတွေရဲ့ရှေ့မှာ ယခု ၁၃၁၀ ခုနှစ်ကစ၍ အနာဂါတ်သာသနာ၌ ပရိယတ်ကိုလဲ အပေါ်စား မသင်ကြားကြဘို့ ပဋိပတ်ကိုလဲ အများသတ္တဝါတွေနစ်နာအောင် မဖြစ်စေဘို့ စေ်ဆေးမေးမြန်း စုံစမ်းတတ်ဘို့ သူများကိုမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကို အောက်တန်းမကျ တရားအမှန်ရအောင် တင်ပြပုံ စာကိုဆက်ဘတ်ချင်ပေမဲ့ စာအုပ်ချ အလုပ်ထလုပ်ပါအုန်း၊

## ကာယပဿဒ္ဓိက-ပြောင်ဖွင့်ချပြီ

ကျုပ်တို့ရဲ့ ကုသလစေတ္တအဖွဲ့ထဲမှာ-နာမည်ကြီးတွေ-ထင်ပေါ်ကျော်စော သူတွေ လူသိများတဲ့ လူကြီးတွေကို ယနေ့အစည်းအဝေးပွဲမှာ (ဝိပဿနာ တရားသတင်းရေးကို ထောက်လှမ်းသူတို့၏) ရှေ့မှာ-ပြောပြပါမယ်။ နားထောင်ကြပါ။

ဖဿ-ဝေဒနာ-သညာ-စေတနာ- ဧကဂ္ဂတာ-ဇီဝိတိန္ဒြေ-မနသိကာရ-ဝိတက်ဝိစာရ-အဓိမောက္ခ-ဝီရိယ-ပီတိ-ဆန္ဒ-မောဟ- အဟိရိက-အနောတ္တပ္ပဥဒ္ဓစ္စ-လောဘ-ဒေါသ-ဒိဋ္ဌိ-မာန-ထိန-မိဒ္ဓ-ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ- ဝိစိကိစ္ဆာ- ပေါင်း အညသမာန်း စေတသိက် ၁၃-လုံး အကုသိုလ် စေတသိက က ၁၄-အားလုံး- နာမည်ကြီးတွေပါဘဲ (ကုသလအဖွဲ့ထဲက) သဒ္ဓါ သတိ-ဟိရိ-ဩတ္တပ္ပ-အလောဘ အဒေါသ- ပညိန္ဒြေ- ကရုဏာ- မုဒိတာ- သမ္မာဝါစာ-သမ္မာကမ္မန္တ-သမ္မာအာဇီဝ-အဲဒီ-၁၂-လုံးကိုလူသိများပါတယ်။

## တကြမဏ္ဍတ္တတာ-နာမည်ကိုလူသိနဲတယ်

အဲဒါလို-ရုံး တော်က ပေါ်ထုတ် စစ်ဆေးမယ်ဆိုလျှင်- ကျုပ်တို့ ၁၂-ယောက်ဟာ နေရာတကာ ကုသိုလ်ပြုတိုင်းလဲ ပါရသေးရဲ့- မထင်ပေါ် မကျော်စော-ဘာ့ကြောင့် စေတသိက် အမည်လဲ ရတယ်ဆို၏၊စေတသိက်၏ ငြိမ်းခြင်းစိတ်၏ငြိမ်းခြင်း-အဲဒီလိုအနက်ပေးထားတော့-စေတသိက် ဖြစ်ပါလျက် ဘာကြောင့် စိတ်၏ငြိမ်းခြင်းလဲ စသည်ဖြင့် တကယ်တန်း နာမ် တရား-ရုပ်တရားတို့ကို အားထုတ်သူတို့မှာ စဉ်းစားဘို့ ရှုပ်ထွေး နေကြောင်း ပြတ်ပြတ်ရှင်းရှင်း စေတသိက် နာမည်ဖြစ်ပါလျက် မထင်ပေါ် မကျော်စော ခြင်းကို တင်ပြပါတယ်၊ ကုသလစေတ္တအဖွဲ့ထဲမှာ- လောကီ ကုသိုလ်စိတ်ပြုတိုင်းပါဝင်ကြရ၏- လောကုတ္တရာ မဂ်စိတ်ဖိုလ်စိတ်တို့မှာ ကျုပ်တို့၁၂-

ယောက်မပါမဖြစ်၊မိမိတို့ရဲ့နာမည်တွေကို၊တလုံးစီတလုံးစီ-အရိယာပညာ ရှိများက မေးသော်- ရှိပြီးနာမည် အတိုင်း ဆိုလျှင် စာတတ်သူတွေတော့ သိခြင်သိပါ လိမ့်မယ်- ဝိပဿနာ ယောဂီရှင်တို့ထဲကလဲ- ၁၂ ယောက်၏ အမိပ္ပါယ်ကို သိခြင်လဲ သိကြမှာဘဲအသိဉာဏ်ပေး ဆရာတွေ- အလုပ်ပေး ဆရာတွေလဲ သိတဲ့လူကတော့သိမှာပါဘဲ ဒါပေမဲ့- နောက်သား· နောင်လာ လူပြိန်းများတို့အတွက် ကျုပ် ကာယ ပဿဒ္ဓိက-ကျန်- ၁၁-ယောက်တို့ရဲ့ ကိုယ်စား- အဆိုများတင်သွင်းရပါကြောင်း၊ ကိုင်းအတော်မေ့သွားတယ် ပြီးပါပြီ။

## ပဋိစ္စသမုပ္ပါဒ် သဘာဝပတိအဓိဆုံးသတ်ပြဒီဂါဒ

ယခု ကုသလဓမ္မ-အရေးပေါ် စည်းဝေးပွဲမှာ-ကာယပဿဒ္ဓိစေတသိက် ၏အဆိုတင်ချက်ကို ရှင်းပြမည်၊ နာမည်ရဏ် လူသိများပုံ- လူသိနဲပုံတို့ကို ရှင်းပြသွားဒါ မှန်ပါတယ်၊ သောဘဏသာဓါရဏ ၁၉-လုံးထဲမှာ တတြ မဇ္ဈတ္တတာကိုတော့ ဗြဟ္မဝိဟာရ အဖွဲ့ထဲမှာ ဥပေက္ခာလို့ အမည်ရဏ်ထူး ပြောင်းပြီးဆောင်ရွက်ရပါတယ်၊ ဥပေက္ခာ နာမည်ကိုသာသိကြ၏၊ တတြ မဇ္ဈတ္တတာ-နာမည်ကို မသိတဲ့လူငယ်- စာတတ်သူတို့ပင် အသုံးအနှုံးနဲ့ရုံ မ ဟုတ်၊အရှင်းခေါ် ဆိုခြင်း မရှိကြပါ၊ စာထဲမှာတွေ့လို့သာ သိကြရတယ်- ပဇဝ်က သုံးတော့ဖြင့် ဥပေက္ခာကိုသာ ပြောဆိုလေ့ ရှိကြတယ်- ယခု ရောက်လာကြသော ပရိသတ်တွေဟာ- ကုသလအဖွဲ့သားတွေလဲ အကုန် ပါကြတယ်၊ အစည်းဝေးပွဲကို သတင်း ထောက်လှမ်း စုံးစမ်းနေကြသော သတင်းသွင့်ဆရာတွေလဲ တက်ရောက်ကြတယ် ကျုပ်ရှင်းပြမယ်။ ခေတ္တ နားစိုက်ကြစမ်းပါ။

တရားဆိုဒါ-ဆယ်ပါးရှိပါတယ်၊ ဆယ်ပါးရှိဒါကို သိထားကြပါ၊ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန် ၁၊ ပရိယတ် ၁၊ ပေါင်း ဆယ်ပါး၊ တနည်း- တရားဟာ- ၉-ပါးရှိတယ်၊ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်-၁၊ ပေါင်း လောကုတ္တရာ- တရား ၉-ပါးရှိပြန်တယ်- ဒါလို ဥပဒေက- ပြဋ္ဌာန်းထား ပါတယ်-ကာယပဿဒ္ဓိစေတသိက် ခေါင်းဆောင်၏အဆိုကိုဖြေရှင်းဘို့ရာ မလွယ်ပါ- ဘာကြောင့် ပရိယတ်နည်း-ပဋိပတ်နည်း ဒီလို ရှိထားပါတယ်၊ ပရိယတ်နည်းအရမှာ ဘာလဲ နာမ် (နာမ်ဘယ်မျှလဲ) စေတသိက်ပေါင်း ၅၂-စိတ် ၈၉-ကိုတပါး၊ စေတသိက် ၅၂-ကို ၅၂-ထား၊ ပေါင်း ၅၃- ဒီလို စည်းမျဉ်းဟာ မူလဥပဒေရင်းမှ- မူထိဥပဒေမျိုးရုံ အသေးစိပ်ခွဲ ပြ

ထားပါတယ်၊ ဒါ့ကြောင့် စိတ်နဲ့စေတသိက် နာမ်မျိုးဟာ တရားနဲ့ တွေးသော် စိတ်သတ်သတ် စဉ်းစားကြရပါတယ်၊ စေတသိက်ကိုလဲ ခွဲပြီး တွေးရပါတယ်၊ ၂-ပါးလုံး ပေါင်းပြီး ဝေဘန်ထိုက်ထာလဲပါတယ်၊ထိုကဲ့သို့ မူလဥပဒေရင်းမှ· အဆင့်ဆင့် ခွဲ၍ခွဲ၍ ပြဋ္ဌာန်းချက် မူလ်နည်းတွေ ရှိနေသဖြင့်၊ ကာယပဿဒ္ဓိ-စေတသိက်၏ ငြိမ်းချမ်းခြင်း၊ စိတ္တပဿဒ္ဓိ-စိတ်၏ငြိမ်းခြင်း ယခုလို ဗါးကရာ ဆရာတော်၏ အနက်ပြန်ဆိုခြင်းဖြစ်ပါတယ်။

(ကာယောတိ စေတ္တ ဝေဒနာဒိခန္ဓတ္တယဿ ဂဟဏံ)ဣတ္တ- ဤအခမ်း၌၊ ကာယောတိ-ကာယဟူသည်ကား၊ ဝေဒနာဒိခန္ဓတ္တယံ· ဝေဒနာစသော ခန္ဓာ သုံးပါးလုံး၏၊ ဂဟဏံ-ယူနိုင်သော အဓိပ္ပါယ်ပေတည်း။

ဘာသာပြန်မှာ- ဝေဒနာ-သညာ-သင်္ခါရ-ထိုစေတသိက် ၃-ပါးကို၊ ကာယမှတ်လေ၊ သင်္ခါရကို-စေတသိက် ၅၀-ကောက်ပါ၊ ဒါ့ကြောင့် ကာယပဿဒ္ဓိ-စေတသိက်၏ ငြိမ်းချမ်းခြင်း ခံစားမှု၏ ငြိမ်းခြင်းမှတ်လေ-

(စိတ္တပဿဒ္ဓိအာဒိဟိ စိတ္တဿဝ ပဿဒ္ဓိအာဒိဘာဝေါ ဟောတိ) စိတ္တပဿဒ္ဓိအာဒိဟိ-စိတ္တပဿဒ္ဓိ စသည့်တို့သည်၊စိတ္တဿဝ-စိတ်၏သာလျှင်၊ ပဿဒ္ဓိအာဒိဘာဝေါ ငြိမ်းချမ်းခြင်းစသော အဖြစ်သည်၊ ဟောတိ-ဖြစ်၏၊ ဘာသာပြန်မှာ·စိတ်၏ ငြိမ်းချမ်းခြင်းဆိုဒါ ဝိညာဏက္ခန္ဓာကိုသာမှတ်-

| | |
|---|---|
| ကာယပဿဒ္ဓိ | စိတ္တပဿဒ္ဓိ |
| ခန္ဓာသုံးပါး၏ ငြိမ်းခြင်း | ဝိညာဏက္ခန္ဓာ၏ငြိမ်းခြင်း |

ကုသိုလ်ပြုဆဲမှာ-နာမ်ခန္ဓာ ၄-ပါးလုံး ငြိမ်းခြင်း-ငြိမ်သက် နေခြင်းကို ဆို၏၊ တနည်း-ကာယဆိုဒါ- ရုပ်အပေါင်းကိုလဲ ယူနိုင်၏၊ ဒါပရိယတ်ကို ရှင်းနေတယ် ယောဂီ-သမာဓိကို ဆိုသည်မဟုတ်၊ ဤကား- ဋီကာကျော် ပါဠိအရ၊ဗားကရာဆရာတော်၏ အနက်ပြန်ဆိုပုံကို ရှင်းပြချက်ပေတည်း။

## ဝေဒနာခေါင်းဆောင် စေတသိက်
## စိတ်ခေါင်းဆောင် စေတသိက်

ဝေဒနက္ခန္ဓာဦးစီးခြင်း-သညက္ခန္ဓာဦးစီးခြင်း-စေတနာခေါ် သင်္ခါရက္ခန္ဓာ ဦးစီးခြင်းတို့ကို ကာယမှတ်လေ၊ ဝိညာဏက္ခန္ဓာ ဦးစီးခြင်းကို -စိတ္တမှတ်လေ၊ ပြဆိုခဲ့သော နာမ်စည်းဝေးပွဲ၌ အကုသိုလ်အဖွဲ့ ကုသိုလ်အဖွဲ့ဟူ၍ခွဲခြား၍ စည်းဝေး လိုက်သည်၊ ထို ၂-ဖွဲ့လုံးသည် ပုထုဇန် သတ္တဝါ တို့၏ အဇ္ဈတ္တသန္တာန်မှာ အတွင်းငုတ်လျှက် အမြစ်မပြတ်ဖြစ်လျှက် ချုပ် ပျောက် လျှက်ရှိနှင့်နေ၏၊ထိုနာမ်ပေါင်း(တေပညာသ)၅၃-ပါးလုံးကို ခန္ဓာဖွဲ့သော်

ခန္ဓာ ၄-ပါးရှိ၏၊ ဝေဒနက္ခန္ဓာ သညာက္ခန္ဓာ-သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ နာမ်ခန္ဓာ ၄-ပါးတို့သာ ဖြစ်ကြကုန်၏၊ ထိုခန္ဓာ ၄-ပါးတွင် အဆိုရှင် ကာယပသာဒ္ဒ ၁၂-ယောက်တွဲ ခေါင်းဆောင်ကြီးများလဲ ပါဝင်ပြီး ဖြစ်၏၊ အဲဒီနာမ်ခန္ဓာ (ကြီး-၄-ကြီး စည်းဝေးပွဲမှာ) မောဟလဲ နာမည်မပေါ်ပါ၊ ဖဿလဲ မကျော်စောပါ၊ သဒ္ဒါတို့ သတိတို့လဲ မထင်ရှားတော့ပါဘူး၊ ဘာ့ကြောင့်-ပရိယတ်ခေါ် သာသနာ လျှောခါး ပထမအထစ်မှ ပဋိပတ်သာသနာ ဒုတိယ-လျှောခါးအထစ်သို့ ရောက်ကြသဖြင့် ဟိုအခါကထင်ပေါ်သော နာမည်တွေလဲ မထင်မပေါ်- ပဋိပတ် စင်တော်က မကောက်သဖြင့်- အဆိုတင်သွင်းသော ကာယပသာဒ္ဒ စေတသိက်ကလဲ- ကျေနပ်ထိုက်ပါတယ်- ဘာဖြုလို့ ကျေနပ်သင့်ပါသလဲ-

ဖဿလို့ နာမည်ကျော်လဲ ပညတ်မရှိ  
ဝေဒနာလို့ နာမည်ထင်ရှားလဲပညတ်မရှိ  
သညာလို့ လူသိများတဲ့နာမည်လဲပညတ်မရှိ  
စေတနာလို့ ကျော်စောတဲ့နာမည်လဲပညတ်မရှိ  
မောဟလို့ အသုံးများတဲ့နာမည်လဲပညတ်မရှိ  
ဒိဋ္ဌိလို့ ခေါ်ဝေါ်သူများတဲ့နာမည်ကိုလဲပညတ်မရှိ  
သဒ္ဒါလို့ ပြောဆိုခြင်းနာမည်လဲပညတ်မရှိ  
သတိလို့ အသုံးများခြင်းနာမည်လဲပညတ်မရှိ  
ဟိရိလို့ ဒေဝဓမ္မဟုနာမည်တွက်ပေမဲ့ပညတ်မရှိ  
ဩတ္တပ္ပ ဒေဝဓမ္မနာမည်မှန်၍ပညတ်မရှိ  
အလောဘ ပဋ္ဌာန်းဟေတုပစ္စည်းနာမည်ပညတ်မရှိ  
အဒေါသ ပဋ္ဌာန်းဟေတုပစ္စည်းနာမည်ပညတ်မရှိ  
ကာယပသာဒ္ဒ စေတသိက်ဘုရင့်၏ ငြိမ်းခြင်းနာမည်ပညတ်မရှိ  
စိတ္တပ္ပသဒ္ဒ စိတ်၏ငြိမ်းခြင်းနာမည်ပညတ်မရှိ

မန္တလေးမြို့- ဆရာပုရဲ့ရုပ်သေးစင်ထဲက- လုလင်တော် ၂ ယောက်ကို ယခုမှသတိရတယ်- ဘောင်းသူက- ကျောက်မီး အထောင်း ခံရသူက စန္ဒရော်- ပုစ္ဆာမေးတမ်း- မေးလို့ မဖြေနိုင် က အထောင်းခံရမယ်- လုလင်တော်ကျောက်မီးက- ငါမေးတာ မင်းမဖြေနိုင်ဘူးလား- မဖြေနိုင်- ဒါဖြင့် လာခဲ့ ဘောင်းမယ်ဆိုပြီး- ခေါင်းငုံ့စေခိုင်းပြီး- ကျောကို ထောင်းတယ်- စန္ဒရော်က- ထောင်းပေမဲ့ ရယ်နေတယ်- ဒီသို မလေးမစား နေရမလား

ဆိုပြီး- ကျောက်မီးက- စန္ဒရော်ကိုထပ်ပြီးထောင်းတယ်-စန္ဒရော်က- ထပ်ထောင်းလေရယ်လေ ငါထောင်းနေဒါ- မင်းမနာဘူးလားမေးတယ်-ဘာပြုလို့ နာရမှာလဲ- မနာလျှင်- ဒုတ်ပီးဆေး ဒါးပီးဆေးများ ထိုးသားလို့ထား မေးတယ်- တခါမှမထိုး- ဒါဖြင့်ဘာပြုလို့မနာသလဲမှန်မှန်ပြော- (ရမနေ့သားခြင်းဘဲ)ဘာနာမလဲစန္ဒရော်ကဒီလိုပြောလိုက်တော့ ပွဲကြည့်ပရိသာတ်ဝေါကနဲ- ဝိုင်းရယ်ကြတယ်-

## ဟုတ်သားဘဲ-အရုပ်တွေထုလုပ်ထာ ရမနေ့သားကို-လုပ်ထာဘဲ သစ်သားရုပ်ခြင်းထောင်းဒါ ဘာနာမှာလဲ

ထိုနည်းအတူ- ဘယ်စိတ်၏နာမည်- ဘယ်စေတသိက်၏ နာမည်ဆိုသမျှ အရှင်းမရှိ- ဘာရှိသလဲ (သဘာဝ)ဘဲရှိတယ်- မှတ်ကြစမ်းပါလို့ သဘာပတိက ကျေနပ်အောင်ဖြန်ဖြေပါတယ်- ဘယ်စေတသိက်က နာမည်ကိုလူသိတယ်- ဂုဏ်ရှိတယ်- အဆိုတင်သွင်းသော- ကာယပသဒ္ဒိ-အစရှိသော- ၁၂-ယောက်တို့၏နာမည်တွေကိုတော့-လူသိနတ်သိ-ဒါကြောင့်-ဇ ဖွဲ့ထဲမှာ ဂုဏ်ငယ်တယ်-ဒီကဲ့သို့အယူမရှိပါနဲ့- ဘယ်စေတသိက်မဆို အားလုံးရမနေ့သားချည်းဘဲဆိုတဲ့ ဥပမာ နာစရာမလို မျက်နှာငယ်စရာမဟုတ် အမည်နာမ ပညတ်တွေကိုဖြုတ် ပရမတ္ထသရုပ် သဘာဝချည်းဖြစ်ကြောင်း ပဋိပတ်မှတခင့် ပဋိဝေဓရောက်ဘို့သာ အရေးဖြစ်ပါတယ် (စာဘတ်ရှင်းအောင်ဘတ်ပါ) ဒီဖသ ဒီသဒ္ဒါတို့က နာမည်ကြီးတယ်-ကာယလဟုတာ စိတ္တလဟုတာတို့ကတော့ နာမည်မထင်ရှား ဒီလိုသာနာမည်တွေရှိနေကြရင်တော့ (ပရိယတ္တိအောက်ဆုံးလွှာခါး အထက်မှ ဒုတိယအထက် ဘယ်တော့ခါမှရောက်မှာမဟုဘ်တော့ဘူးလို့ (ပညိန္ဒြေသဘာပတိက) စာသိရှင့် နာမည်ကို အရေးမယူထိုက်ကြောင်း နိဂုံးသတ်စကားဖြင့် မိန့်ကြားသွားကြောင်း-

### အကုသလ ကုသလဓမ္မ-နာမ်အစည်းဝေးပွဲ၌ မှတ်တမ်းစဉ်အတိုချုပ်။

စေတသိက် ၅၂-လုံးကို အကျဉ်း ချုံးသော် ဝေဒနာ စေတသိက်ကို ဝေဒနက္ခန္ဓာမှတ်၊ သညာစေတသိက်ကို သညက္ခန္ဓာမှတ်၊ ဝေဒနာသညာမှ-ကြွင်းသော စေတသိက် ၅၀-ကို သင်္ခါရက္ခန္ဓာမှတ်၊ စိတ်ပေါင်း ၈၉-ပါး၊ တနည်း ၁၂၁-ပါးကို ဝိညာဏက္ခန္ဓာမှတ်၊အဲဒီခန္ဓာ ၄-ပါးအဖွဲ့ကို ပုဂ္ဂလ

သတ္တ-ဇီဝ-ပုရိသ-ဇူဠဋ္ဌိ-အစွဲရှိ၍၊ ငါ သူဘပါ; ယောက်ကျား- မိမ္ဘ ထင်မှတ်ကြ၍၊ ဤကား-၊

၁။ ဝေဒနံ အတ္တတော သမနုပဿတိ
၂။ သညံ အတ္တတော သမနုပဿတိ
၃။ သင်္ခါရေ အတ္တတော သမနုပဿတိ
၄။ ဝိညာဏံ အတ္တတော သမနုပဿတိ-ဟူ၍မှတ်

## ရုပ်အဋ္ဌဝိသ-အာလောက၊

အာလောက ပါဠိကို ဘာသာပြန်သော် (ကြည့်ခြင်း-မြင်ခြင်း-အလင်း) ၃မျိုးမှာ်ထားကြ-ဘာကိုမဆို ကြည့်လျှင် မြင်ရမှ မြင်ရသော် အလင်းရှိ၍ ကြည့်လိုတိုင်း မမြင်ကြဒါဟာ အလင်းမဟုတ်လို့ အလင်းရောင်ကိုမရလို့ ဆိုလို၏ တနည်း ဘာစာကိုဘဲကြည့်ကြည့် မျက်စိနဲ့တော့မြင်တယ်ထား မိမိကြည့်တဲ့ကျမ်းစာက ရှင်းအောင်လင်းအောင်ရေးပြထားလျှင် ကြည့်လိုတိုင်းမြင်ကြရမည်၊ သို့မဟုတ်က ကြည့်တိုင်းမမြင်ကြရဒါ မရှင်းမလင်းသောကျမ်းစာတို့နှင့် တွေ့နေသည်ဆိုလို၏ ဒီလိုဆိုလျှင် ရှင်းလင်းသောကျမ်းစာကို ကြည့်လျှင်ကော ပုဂ္ဂိုလ်တိုင်း မြင်ကြရဲ့လားလို့ ပြန်မေးခွန်းထုတ်လျှင် မျက်စိကန်းလျှင် ပွဲလျှင်ပြာလျှင် မမြင်မသဲကွဲမှတ်ပါ-မျက်စိကြည်လင်တိုင်းကော မြင်ကြပမလားလို့တဆင့်တက်၍မေးလျှင် ခလေးမျက်စိပင်ဖြစ်သော် လဲမြင်နိုင်ပါ၏ အချုပ်မှာ အလင်းရောင်မှာ ကြည့်လျှင်မြင်မယ် မှောင်ထဲမှာ ကြည့်လျှင်မမြင်ဘူး-လင်းတဲ့ကျမ်းစာကိုကြည့်ကြ ဒါမှအာလောက မလင်းတဲ့ကျမ်းစာ မလင်းတဲ့တရားနှာ ဘယ်တော့မှ အလင်းသို့မရောက်တွေးလေ

## အာလောကောတိ အတ္တပစ္စက္ခေ ပညာလောကောတိ ဝေဒိတဗ္ဗော၊

(အာလောကောတိ)အာလောကဟူသည်ကား- အတ္တပစ္စက္ခေ-မိမိ၏ ငါးပါးသောခန္ဓာ၌၊ပညာလောကော ပညာရောင်အလင်းဖြင့် ထုပ်ခြင်းထွင်းအောင် ကြည့်၍မြင်နိုင်ခြင်းကို၊ ဝေဒိတဗ္ဗော-သိအပ်၏) မိမိ၏ ကိုယ်ခန္ဓာ၌ ပညာရောင်ဖြင့် သိကြမြင်ကြခြင်းကို)ပါဠိလိုအာလောကမှတ်ကြ-မိမိကလဲ ပညာအခံရှိရမယ် ဟောတဲ့ဘုရား ရေးသော ကျမ်းစာတွေကလဲ ရှင်းရှင်းလင်းလင်းရေးမှသာ တရားနှာသူ တရားစာဘတ်သူတို့ ပညာရောင်အလင်းကို ရနိုင်ကြမည် (ဆရာရေးသော ကျမ်းစာများကို သေသေချာချာဖတ်

မိမိ၏ခန္ဓာနှင့်ဟပ်)စည်းပြင်မထွက်နဲ့ ထွက်ရင်အမှောင်မထွက် အလင်း အာလောက ဒီပနီရဲ့ မွေးကျေးဖူးကိုသိကြမယ် ချီးကျူးရမယ် ဝမ်းသာရမယ် အပါယ်လွတ်ကြရမယ် သန္ဓေမဆက်သောပညာကို ရရမယ်-နောက်ဘဝနှ သွေးဗိုက်မှာမနေရဲဘို့ မဝင်ရဲဘို့ မဖြစ်ရဲဘို့ ဆုမတောင်းရဲဘို့ ဆုတောင်း တွေကိုစာရင်းဖျက်ဘို့အလင်းရောင်တွေကိုရကြမယ် ဘယ်မှာကြည့်ရမှာလဲ ဟောဒီကျမ်းစာရေးတဲ့၊ခန္ဓာမှာကြည့်ကြ မြင်ကြ ယောဂီရဲ့တာဝန်မှာတော့ ကိုယ်ခန္ဓာကိုယ့်ဉာဏ်ရှာပြီးကြည့်လေ မြင်စေဆရာကမြင်အောင်ရေးမည် တကယ်လိုလိုလားလားနှင့် ကြည့်ပါ ရှေးဦးစွာ သံဝေဂမြင်အောင်အလင်း ရောင်ပြမည်၊

## ခန္ဓာသံဝေဂ-အာလောက

ယောဂီစဉ်းစားဘတ်-ဒီခန္ဓာကြီးဟာ- ရှေးဘဝက ကုသိုလ်ကံထောက် ပင့်လို့ ဒီဘဝသို့ရောက်လာတယ်လို့ ယူချင်ယူပါ(ဆရာသိဒါက-အမိက မွေးဒါ) တနည်း- ရှေးရှေးသော ဘဝထိုထိုက ဆုတောင်းခဲ့လို့ ယခုလို ဘုန်းကြီး ရဟန်း ဖြစ်ရတယ်-မင်းဖြစ်ရတယ်-သူဌေးဖြစ်ရတယ်-ဓမ္မကထိ က ဖြစ်ရတယ်- တရားပြဆရာ ဖြစ်ရတယ်-ကလေးလူကြီး- ယောကျ်ား မိမ္မတို့ဖြစ်လာရတယ်လို့ ပြောကြတဲ့အတိုင်း မှတ်ထားတဲ့အတိုင်း ယူကြ ပါ။(ဆရာကြည့်လို့မြင်ဒါက မိခင်၏သွေးဗိုက်-သားအိမ်ထွင်းက ဖြစ် ပေါ် လာဒါ- တနည်း-ယခုလို လူချောလူလှ-မိမ္မချော-မိမ္မလှ-ဝဝဖိုင့်ဖိုင့်- သေး သေး-သွယ်သွယ်-လုံးကြီးပေါက်လှ-လုံးကြီးပေါက်ထွား- အသားဖြူ- နီ- နက်-မဲပြာ-စသော လူမျိုးစုံတို့ဟာ ရှေးအခါက- ကုသိုလ်ကောင်းမှု ပြုကြ သောခါ- စေတနာအလိုက် ကံပို့ဆောင်ရာအတိုင်း ကံစီမံလို့ သူတို့ရဲ့ ကံ ကြောင့် ဖြစ်ကြတယ်လို့ ပြောသံဟောသံ- ကြားဘူးတိုင်း ကိုယ်တိုင် မသိ ပါဘဲ မမြင်ပါဘဲ အမှတ်သညာဖြင့် ယူကြပါ- (ဆရာသည် မျက်စိနဲ့ မြင် တဲ့အတိုင်း ကြည့်ရတဲ့အတိုင်း ဒီဗ္ဗသိမြင်ရဒါ အင်မတန် ယုတ်ညှစ်သော မှာနချုပ်ကဖြစ်ထာ)

ဒီခန္ဓာဟာ-မိခင်က မွေးဖွားပြီးလျှင် အချင်းကြိုးတွေ ချည် နှောင် လျှက် အချင်းခွက်နဲ့ကြိုးဆက်တယ် ကလေးရဲ့ချက်နဲ့ ရေဒီယိုခွတ်ဆက်ထားသလို ထွက်လာရပုံ ဖြစ်နေရပုံ ဒီလူကောင်ဟာ သွေးရဲရဲအညှီအပုတ်မျိုးစုံမကြည့် ရဲစရာ မကိုင့်ရဲဘို့ မမြင်ရဲဘို့ ဒီသုဂတိဘဝကြီးရဲ့ ကောင်းကျိုးဟာ ဘယ် လို ကောင်းကျိုး လဲလို့ ဟိုအရင်ဘဝက လုပ်ဘူး ခဲ့ကြသော ကောင်း မှု ကောင်းတဲ့ အမှုကြောင့် ဖြစ်လာဒါဘဲလို့ ယူချင်လဲယူကြပါ- ဆရာကြည့်

လို-လင်းလင်း- ထင်ရှားစွာ သိမြင်ထားဒါက အချင်းကြိုးတွေ သွေးညှိ သွေးပုတ်တွေနှင့် ဒလိန်းထိုးပြီး ဖြစ်ချင်တိုင်း ပစ္စလက်ခပ်ဖြစ်ပြီး ထွက် ကျလာဒါက(ဆရာ၏ခန္ဓာဟာ-ဆရာ့အမိက မွေးဒါ)အဲဒါ အာလောကမှတ်-

ရေကြည် ၇-ရက်က စ မမွေး မဖွားမီ အတွင်းကို ရေးဒါမဟုတ်၊ ဘာ့ကြောင့် မမွေးမဖွားမီ မရေးသလဲ၊လူမြင်နိုင်း(ကြည့်လို့ မမြင်ရ)ဒါကြောင့် အာလောက အချက်တို့ ကွင်း ကွင်းကွက်ကွက် ပေါ်အောင် မွေးဖွားစ လူ့ဘုံ၌ လူမင်း လူသူမွေးတို့၏ စည်းစိမ်ရှင် ဖြစ်ဘို့ရာ ပထမ မူလ ဒီခန္ဓာပေါ်ထွက်စ ဌာနချုပ်ကိုသာ ရေးပြလိုက်သည် ဒါဇာတိ အစ-အာလောက၊

သောခါနိုး၌- မရဏာသန္ဒ အာလောက ဆိုဒါ မွေးစ ကလေးဟာ မိဘ ၂-ပါးတို့၏ သွေးက သုတ်သွေးရည် ကြည်ကြည်က စ၍ (ကလေး အစ-သွေးက) အဲဒီသွေး ရေကြည်တွေကို သွေးမှုန့်တွေ ထပ်ထပ် လောင်း ပြီး အတုံးအခဲက တဖြည်းဖြည်း ဖြစ်လာတယ်လို့ ဗုဒ္ဓအာလောက၏ မိန့်ခွန်းတော်အရ- ဆရာက-သညာအာလောက အနေဖြင့် ယုံကြည်၍ တဆင့်ရေးလိုက်သည်၊ အမိဝမ်းတွင်း၌ ဖြစ်ပျက်မှု- အစုစုတို့ကို ဗုဒ္ဓ အာ လောက ဝိသယမှတ်-အဲဒါလိုသွေးပေါင်းစုကြောင့် ကလေးကောင်းမှု ကြီးပွါး-ကြီးထွား မီးဖွား၍ လာရတယ်၊ကလေးဟာ သွေးတုံး အစစ် အရိုးနဲ့ခြေသည်းလက်သည်း ဆံပင်တွေရော သွေးပါတဲ့(ယောဂီ ဆရာ ရေးသောကျမ်းစာများကို ဘတ်လျှင် တွေးပါကြပါ-စဉ်းစားပါလို့)စာအုပ်တိုင်းမှာ မှာကြားလေ့ရှိ၏၊ယခုဒီအာလောက ဒီပနီမှာ-ကြာကြာကြီး မစဉ်းစားနဲ့နော်- စဉ်းစားလွန်သော်-ဝိုက်တတ်တယ်-အိပ်ပျော်တတ်တယ်၊ ဘာ့ကြောင့်ကြာကြာ မစဉ်းစားရသလဲ- အာလောက ဆိုဒါ(ရှင်းရှင်း- ဘွင်းဘွင်း- လင်းလင်း) ရေးပြထားလို့မှတ်-

သောခါနိုးတော့ သွေးဆုတ်တယ်၊စတုန်းက-သွေးကစလို့ အဲဒီသွေးတွေ ပြန်ဆုတ်ကုန်ဘီ- လူရောင်ဆောင်ဒါသွေး ယောကျ်ားရောင်- မိမ္မ ရောင်ဆောင်ဒါသွေး-အရောင် ဆောင်လို့ မျက် လှဲ့ပြလို့ တဋ္ဌာနတခမ်း အားရလေတော့-သွေးတွေပြန်၍- ဆုံးရှုံးချုပ်ပျောက်ကြရတယ်၊ သောခါနိုး အာလောကကို ကြည့်လို့ မြင်ဘူးကြသားဘဲ၊ မွေးဖွါးစနဲ့-ဌဲဆိုက်နေဆဲအခါ-ဒီ ၂-ချက်ဖြစ်သော ဇာတိအာလောကနဲ့- မရဏာ အာ လောကကို မြင် ကြလျှင် ဒီ ၂-ခုကြားမှာ မင်္ဂလာဆောင်တယ်၊အိမ်ထောင်ပြုတယ် ပေါင်းသင်းဆက်ဆံကြတယ် ချစ်ကြ ကွဲကြ ကွာကြသေကြ မျိုးစုံအပူတွေကို ရှာ ကြဝယ်ကြ ရောင်းကြသော အပူကုန်သည်ကြီးတွေ အပူကုန်ကို ကုန်ပူကိုဝယ်ယူကြသော လက်ကား လက်လီ ဖေါက်သည်အပူသမ္မားတို့၏ အာလောက

ကိုရေးပြတ္တိမလို(ဓာတ်နဲ့-မရဏ) ၂-ပြည်ထောင်တို့၏ စပ်ကြား ခြားနေ အာလောကကို တွေး၍ဆင်ခြင်၍ မြင်အောင်ကြည့်ကြ။

ဤကား=ခန္ဓာသံဝေဂ=အာလောကအခန်းပြီးပြီ။

## ခန္ဓာရူပ အာလောက

ပရိယတ်နှင့်အညီ ပဋိပတ္တိအာလောကကိုရေးမည် ဘယ်သူ့ဘဲရေးရေး ဟောဟော နားမလယ်ဘဲ တရေးမရပါဘူး- ရုပ်-၂၈-ပါးရှိသည့် အနက် ယောကျ်ားမှာ ဣတ္ထိဘာဝရုပ်ကိုနှုပ်-၂၇-ပါးရ၏ မိန္မမှာ ပုရိသဘာဝရုပ် ကိုနှုပ်-၂၇-ပါးရ၏ တွေးယူ ခွဲယူ ပရိယတ်အရ တိုင်ပင်ယူ ပဋိပတ်အရ ဆင်ခြင်ယူ တိတိပြတ်ပြတ်ယူမှ ပဋိဝေဓ အာလောက-

၁။ ။ပထဝီ- ခိုင်မာခြင်း-နူးညံ့ခြင်းသဘော။
၂။ ။အာပေါ- အဖွဲ့စည်းလုံးခြင်း-အဖွဲ့ပျက်ခြင်းသဘော။
၃။ ။တေဇော- အပူအခိုးဖြစ်ခြင်း-အအေးအခိုးဖြစ်ခြင်းသဘော။
၄။ ။ဝါယော- တည့်တန့်ပေးခြင်း-လှုံ့ဆော်ပေးခြင်းသဘော။

အခြေခံဖြစ်လို့မဟာ ထင်ရှားစွာဖြစ်လို့ဘူတ မဟာဘူတ်လေးပါးခေါ် ဘူတ ရုပ်လဲခေါ် ဓါတ်ကြီးလေးပါးလို့လဲသိထား ဒီခန္ဓာမှာ လေးပါးလုံးရှိ တယ် ယောဂီ-

၁။ ။စက္ခု- မျက်စိ-အကြည်ရုပ်။
၂။ ။သောတ- နား-အကြည်ရုပ်။
၃။ ။ဃာန- နှာခေါင်း-အကြည်ရုပ်။
၄။ ။ဇိဝှါ- လျှာ-အကြည်ရုပ်။
၅။ ။ကာယ- တကိုယ်လုံး-အကြည်ရုပ်။

ဘာပြုလို့အကြည်ခေါ်သလဲ အာရုံ ကျရောက်လျှင် နာဝ်ကဆိုနိုင်သော ဒွါနတွေဖြစ်လို့ အကြည်ခေါ်သည် ဥပမာ မိမိ၏မျက်နှာ၌ မှဲ့-ဝက်ခြံ-ပွေး- ညှင်း-တင်းတိတ် စသည်တို့ကိုမြင်လိုသော် မှန်မှာကြည့်ရတယ် ပျဉ်ပြားကို ကြည့်လို့မမြင်ရ မှန်သည် အကြည်ဓါတ်ဖြစ်တယ် ကြည်ကြည် လင်လင် ဝတ္ထုပစ္စည်းဖြစ်သည် ပျဉ်ပြား-သံပြား-အုတ်ပြားတို့ကိုထောင်၍ ရှေ့တဲ့တဲ့က ထားကြည့် မမြင်ရ အကြည်ဝတ္ထုမဟုတ်-

၁။ ။အဆင်းကို-ကြည့်လိုက-မြင်နိုင်သောရုပ်။
၂။ ။အသံကို-ထောင်လိုက-ကြားနိုင်သောရုပ်။

၃။ ။အနံ့ကို-နမ်းလိုက-နံနိုင်သောရုပ်။
၄။ ။အရသာကို-စားလိုက-လျက်နိုင်သောရုပ်။
၅။ ။အတွေ့ကို-ထိလိုက-ထိမှန်းသိနိုင်သောရုပ်။

ငါးဒွါရကို အကြည်ရုပ်ဆိုသည့် ကိုယ်ကာယ အကြည်မှာ ဆံပင်နှင့် ခြေသည်းလက်သည်းအ လွန်ထူထပ်သောခြေဘဝါးခြေဖနောင့်တို့မှတပါး အရေပါး အခြေနှုတ်ကို အကြည်ရုပ်စုမှတ်လေ- ပါဠိလိုပသာဒခေါ်တယ် ပသာဒရုပ်ငါးပါးဟာ ဒိဓဠ္ဌာမှာရှိတယ်-

၁။ ။ရူပ-အဆင်းရုပ်။
၂။ ။သဒ္ဒ-အသံရုပ်။
၃။ ။ဂန္ဓ-အနံ့ရုပ်။
၄။ ။ရသ-အစာရုပ်။
၅။ ။ဖေါဋ္ဌဗ္ဗ-အတွေ့ရုပ်။

အခြားသူကဖြစ်စေ မိမိကိုယ်တိုင်ကဖြစ်စေ မျက်စိနှင့်ကြည့်သော် မြင်နိုင်သောအဆင်းရုပ် နားဖြင့်နားထောင်သော် ထွက်လာသောအသံရုပ် နှာခေါင်းဖြင့်ရှူနန်းသော် နံလာသောအနံ့ရုပ် လျှာဖြင့်လျက်သော် စားလို့ရသောအရသာရုပ် ကာယဖြင့်ကာယကိုထိလာသော် တွေ့နိုင်သော အတွေ့ရုပ် ထို ၅-မျိုးကို အာရုံယူစရာ အာရုံခံစရာ အာရုံပြုစရာဖြစ်ခြင်းကြောင့် ဂေါစရရုပ်မှတ် ( ဂေါစရ-အာရုံ ) ဒိဓဠ္ဌာမှာ ငါးမျိုးစလုံး ရှိတာချည်းဘဲ ပထဝီ-တေဇော-ဝါယော သုံးပါးကို ဖေါဋ္ဌဗ္ဗရုပ်ဆိုသည်-

၁။ ။ဣတ္ထိဘာဝ-မိန္မဖြစ်တို့ရုပ်။
၂။ ။ပုရိသဘာဝ-ယောကျာ်းဖြစ်တို့ရုပ်။

ဣတ္ထိဘာဝရုပ်ဆိုဒါ ဘယ်မှာတည်သလဲ တကိုယ်လုံးမှာ ပျံ့နှံ့၍ တည်သည် ပုရိသဘာဝရုပ်လဲနည်းတူပင်မှတ်လေ မိန္မဖြစ်တို့ဆိုသည့်မှာ တကိုယ်လုံးကိုမှတ်ပါ အသားအရည်နူးညံ့ခြင်း လက်ခြေအင်္ဂါတို့သည့် ပြေ့ပြောင်းသေးသွယ်ခြင်း အားနည်းခြင်း အသံသေးငယ်ခြင်း အသွားအလာ အနေအထိုင် နှေးခြင်း လေးခြင်း သာယာခြင်း၊များသောအားဖြင့် ယဉ်ကျေးခြင်း အမူအရာတို့ကို သိပါ၊ယောကျာ်း ဖြစ်တို့ဆိုသည့်မှာ တကိုယ်လုံး မှတ်ပါ၊ အသား အရည် များသောအားဖြင့် တောင့်တင်း ကြမ်းတမ်းခြင်း- အား ခွန်ဗလပြည့်ဖြိုးခြင်း=အသွားအလာ အနေအထိုင်တို့၌ ဆတ်လတ် သွက် လက်ခြင်း-ပေါ့ပါးလျှင်မြန်ခြင်း- ဥက္ကောင်းလက်ခြေမှစ၍ တင်းမာ ခိုင်ခန့်ခြင်း အမူအရာတို့ကိုသိပါ။

ဇာတိရုပ်ကလာပ်နှင့်-ပုရိသဘာဝရုပ်ကို အစ္ဆဗာလတို့-ယှဉ်ပုံမယှဉ်နဲ့ မဟုတ်ဘူး၊ တနေရာထဲမှတ်နဲ့၊ ထကိုယ်လုံး တကောင်လုံး တသည့်လုံး ဆံဖျားကစ ခြေဖျားအဆုံးထိ လက္ခဏာကြီးယာ အမူအရာအသွင် အပြင်တို့ကို ယှဉ်ကြ- (သဏ္ဍာန ပညတ်နဲ့ ရုပ်မနေနဲ့) ဘာဝရုပ် ၂-ခုကား ပရမတ်-ပုံ အသွင်ကား ပညတ်မှတ်လေ-ခွဲယူ၊ ဇာတိဘော ပုမ္ဘောလဲခေါ်ကြသည် ဒါလဲ ဒီခန္ဓာမှာ ရှိတယ်၊

## ၁။ ဟဒယဝတ္ထုနှလုံးသားရုပ်

နှလုံးသားရုပ်သည် တသီးတခြားဖြစ်သည် စိတ်ခေါ်နာမ်တရားဖြစ်တည်ရာဖြစ်ရာ ချုပ်ပျောက်ရာ ဌာနချုပ်မှတ်ကြ- ထိုနှလုံးသားရုပ် သဘော မပါလျှင် သတ္တဝါ မဖြစ်နိုင်- ဒါလဲဒီခန္ဓာမှာဘဲ ရှိတယ်၊

## ၁။ ဇီဝိတ အစောင့်ရုပ်

ရုပ်အားလုံးတို့ကို ထိန်းသိမ်းခြင်း-အုပ်ချုပ်ခြင်း- စောင့်ဆည်း ခြင်းကို ရုပ်သက်ခေါ် ဇီဝိတိန္ဒြေခေါ် အစောင့်ရုပ်ခေါ် တကိုယ် လုံးမှာ တည် နေသည့် ဇီဝိတရုပ်မပါလျှင် သတ္တဝါမဖြစ်နိုင်-ဒါလဲ ဒီခန္ဓာမှာဘဲ ရှိတယ်-

## း။ အာဟာရ အဆောင်ရုပ်

သတ္တဝါတို့မှာ-အာဟာရက ဆောင်ယူနေသည်- အစာ အာဟာရတို့ကို စားသောက်တိုင်း တိုးပွါးခြင်း အဆီ ဖြစ်ခြင်း အားပြည့်ခြင်း အခြားရုပ်အပေါင်းတို့ကို ခိုင်မာသန်စွမ်းအောင် သယ်ယူပို့ဆောင်နေသဖြင့်- အဆောင်ရုပ်ဟု ဆိုသည် ဒါလဲ ဒီခန္ဓာမှာပါဘဲ၊

(သတိပြုဘို့) ဖေါ်ပြခဲ့ရုပ်ဆိုဒါ-ပထဝီ-တေဇော-ဝါယော မဟာဘုတ် ၃-ပါးကို ခေါ်သဖြင့် ဂေါစရရုပ် ၅-ပါးနှင့် ဖေါ်ပြရုပ် ၁-ခုနှုတ်လိုက် ဂေါစရရုပ် ၄-ပါးမှတ်လေ၊ မဟာဘုတ်- ၄-ပါးထဲက အာပေါ ဓာတ် ၁-ပါးယူ၊ရုပ်ပေါင်း ၂၈-ကို ရေတွက်သော် ပိုနေမှာကြောင့် သတိပြုဘို့-

ဘူတရုပ်က ၄၊ ပသာဒရုပ် ၅၊ ဂေါစရရုပ်က ၄၊ ဘာဝရုပ်က ၂၊ ဟဒယရုပ်က ၁၊ ဇီဝိတရုပ်က ၁၊ အာဟာရရုပ်က ၁၊ ပေါင်း ၁၈-ပါးကို အောက်ပါ သဘောအစ မိပ္ပါယ်ဖြင့်- သိထားကြပါ-

၁။ သူ့သဘောနဲ့သူ တခြားစီရအစ်သောကြောင့်- သဘာဝရုပ်၊
၂၊ အနိဋ္ဌ- စသော လက္ခဏာ တို့နှင့် တကွ ဖြစ်သောကြောင့် သလက္ခဏရုပ်၊
၃၊ ကံစိတ်ဥတု အာဟာရတို့ဖြင့် ပြုပြင်အပ် ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်၊
၄။ သိတ-ဥဏှဒက်ချက်·ဘောက်ပြန်တတ်သောကြောင့် ရူပရုပ်၊
၅၊ အရိယာဖြစ်လိုသူတို့ ဆင်ခြင်သုံးသတ် အပ် သော ကြောင့်- သမ္မသနရုပ်၊

ပြဆိုခဲ့သော ၁၈·ပါးတို့ကို နာမည် ငါးမျိုးဖြင့် ခေါ်ဆိုနိုင်၏အခေါ်များ သည့်မှာ နိပ္ဖန္နရုပ်-တဆဲ့ရှစ်ပါးခေါ်ကြ၏၊

---

## ၁။ အာကာသ အကြားအပေါက်ရုပ်

အာကာသ ဓာတ်ခေါ်တယ်- ပရိစ္ဆေဒရုပ်လဲ့ခေါ် ကြ၏၊ ကလာပ် တို့ကို ပိုင်းခြားခြင်း သဘောကို အာကာသ ဓာတ်မှတ်- ပရိစ္ဆေဒ ရုပ် မှတ်- ဥပမာ-သစ်တုံးတခုကို ခွဲစိတ်လို့ရဒါမှာ အာကာသရှိလို့ အစိပ်စိပ် အမွှာ မွှာ ဖြစ်နိုင်သည်၊ တမှုန့်စီဖြစ်ဖြစ်သွားဒါ အာကာသကြောင့် မည် သည့် ရုပ်အဆိုင်အခဲမှာမဆို ရုပ်အစုတိုင်းမှာ အာကာသရှိတယ်မှတ်- ရုပ်တမှုန့် ကို အဋ္ဌကလာပ်ခေါ်တယ်- ရုပ်ရှစ်မျိုးရှိ၏ ဘယ်မျှပင်သော မြူမှုန့်တမှုန့်မှာ ပင် ရုပ်-၈-မျိုး၊ ထိုရုပ် ၈-မျိုးကို ခွဲစိတ်လို့ရလျှင် ရုပ် ၈-မျိုးစီ မှတ်လေ၊ သက်မဲ့ ရုပ်မှန်သမျှ သက်ရှိရုပ်မှန်သမျှ အာကာသရှိသည်ချည်းပင်၊

ခန္ဓာကိုယ်မှာ-အာကာသဓာတ်ကို ဒီလို အာလောကဥာဏ်သွင်းကြည့်က မြင်ရပါတယ်၊ ထင်းနေတယ် လင်းနေပါတယ် ယောဂီတို့ (စာ ဘတ်ထား ဘာပြုလို့ တိုးတိုးဘတ်ရသလဲ၊ဆဲတော့ အသံကျယ်တယ်)မျက်စိ ၂ ပေါက် နား ၂ပေါက် နှာခေါင်း ၂ပေါက် လျှာပဇပ် ၁ ပေါက် ကိုယ်က ၂-ပေါက် ပေါင်းခွါရ ၉-ပေါက်ကိုအာကာသ ဓာတ်မှတ်-ပရိစ္ဆေဒ ရုပ်လဲမှတ်လိုက်၊ တနည်း-မွေးညှင်းပေါက်တွေကို အာကာသဓာတ်ဆိုဘယ်၊ တနည်း-မိမိ သိနိုင် မြင်နိုင်တွေ့နိုင်သော အပေါက်ကြီး အပေါက်ငယ်- မိမိမသိနိုင် မ ကြည့်နိုင် မမြင်နိုင် မတွေ့နိုင်သော အပေါက်ကြီး အပေါက်အသေး အ ငယ်တွေကို အာကာသဓာတ်မှတ်- ဆံပင်ဆံလုံးမှာပင် အပေါက် တွေ ရှိ တယ်- လက်သည်း ခြေသည်းမှာပင် အပေါက်တွေရှိတယ်- မျက် တောင် မွေး-မျက်ခုံးမွေး-မွေးညှင်း အမွေးတွေမှာပင် အပေါက်တွေရှိတယ်- သွား

တချောင်းထဲမှာပင် အပေါက်တွေပါတယ်- တနည်း– အပေါက် ကြီးရဲ့ဘေး ၂-ဘက်တွေမှာဝင် အပေါက်ငယ်တွေ မျိုးစုံပါတယ်- ဒီနေရာမှာတော့ အပေါက်မရှိတော့ဘူးလို့ ထင်တဲ့နေရာမှာပင် အပေါက်တွေ အနန္တရှိတယ်- (ပြောချင်ဒါက-ရေးချင်ဒါက) ဒိဋ္ဌာအတုံးကြီးဟာ(ဂင်းပိတ်) မဟုတ်-အပေါက်တွေ မွနေတယ် ယောဂီ- ပိုးတွေ လေးက်တွေ ချကောင်တွေ-ဝင်ကြထွက်ကြသော လမ်းကြီး-လမ်းကျယ်- လမ်းငယ်- လမ်းမ ဖြစ်တယ်၊ (ချတောင်ပို့ကြီးမှတ်)ယာရ ရေးပြလိုက်သော အပေါက် အာကာသတွေဟာ ဒိဋ္ဌာမှာပါဘဲ၊

## ဝိညတ် သိစေခြင်းရုပ်

ကာယဝိညတ်- ကိုယ်ကာယဖြင့်-အမှုအရာကို- သိစေခြင်း၊ ဝစီဝိညတ်နှုပ်ပဓစ်ဖြင့် အမှုအရာကို သိစေခြင်း ကိုယ်ကာယဖြင့် လှုပ်ရှားရွေ့ပြောင်းသွားလာ နေထိုင်သော အမှုအရာတို့ကို မြင်၍ သိစေ တတ်သော ကြောင့် ကာယဝိညတ် ရုပ်ဆိုတယ် နှုပ်ပဓစ်ဖြင့် ပြောဆိုမည့်တမ်း ရွတ်ဘတ်လေ့လာ ပွါးများ ဆဲဆိုခြင်းစသော အမှုအရာတို့ကိုမြင်၍ သိစေ တတ် သော ကြောင့် ဝစီဝိညတ်ရုပ် ဆိုတယ်- ဒိဝိညတ်ရုပ် ၂-ခုလဲ ဒိဋ္ဌာမှာဘဲ-

## ဝိကာရ - ဖေါက်ပြန်သောရုပ်

၁။ ရူပဿလဟုတာ ရုပ်၏ပေါ့ပါးခြင်း၊
၂။ ရူပဿမုဒုတာ ရုပ်၏နူးညံ့ခြင်း၊
၃။ ရူပဿကမ္မညတာ ရုပ်၏ ကြမ်းတမ်းခြင်း၊

ခန္ဓာကိုယ်ရုပ်တုံးကြီးသည်- ပေါ့ခြင်းလျှင်မြန်ခြင်းရုပ်တမျိုး၊ သိမ်မွေ့ခြင်းနူးညံ့ခြင်းရုပ်တမျိုး ခက်ထန်ခြင်း ကြမ်းတန်းခြင်းရုပ်တမျိုး-ထိုကဲ့သို့အစဉ်တစိုက် ဘောက်ပြန်ချွတ်ယွင်းနေသော ဝိကာရရုပ် ၃-မျိုးတို့သည်၊ ဒိဋ္ဌာမှာပါဘဲ၊

## လက္ခဏ = မှတ်ကြောင်းရုပ်

၁။ ဥပစယ - ပွါးများလာခြင်းသဘော၊
၂။ သန္တတိ - ဆက်ခါဆက်ခါဖြစ်ခြင်းသဘော၊
၃။ ဇရတာ - ညှိုးငယ်သိမ်ဖျင်း-ဆွေးမြည့်ခြင်းသဘော၊
၄။ အနိစ္စတာ -တလစဝ်ပျက်ပျက်နေခြင်းသဘော၊

(သတိပြုဘို့) ဥပစယကို-ဥပါဒ်ခဏကောက်ပါ၊ သန္တတိနှင့်ဇရတာကို ဌီခဏကောက်ပါ၊ အနိစ္စတာကို- ဘင်ခဏမျှကောက်ယူပါ။ လက္ခဏာရုပ် ၄-မျိုးသည် စင်စစ်မှာ ရုပ်၏ဥပါဒ်-ရုပ်၏ဌီ-ရုပ်၏ဘင် တို့ဟူ၍ သဘောကျလေ- ဒိဋ္ဌာရုပ်အစုတွေသည် ဖြစ်စ-ဖြစ်ဆဲ-ပျက်ဆဲ-ဝါ-ဖြစ်ရုပ်-တည်ရုပ်-ပျက်ရုပ်တို့သာတည်း၊ဝါ- အနိစ္စပန်းတိုင်သို့-ပြေးဝင်နေကြသော ရုပ်အစုတို့သာတည်း လက္ခဏာရုပ် ၄ ပါးဆိုဒါလဲ ဒိဋ္ဌာမှာပါဘဲ။

## မြန်ရှင်းမယ် = မရှုပ်တမ်း

မဟာဘုတ်- ဓါတ်ကြီး-၄-ပါး။
ပသာဒရုပ်- အကြည်ဓါတ်-၅-ပါး၊
ဂေါစရရုပ်- ဂေါစရရုပ်-၄-ပါး။
ဈတ္တိဘောပုဒ္ဓောသော်- ဘာဝရုပ်-၂-ပါး၊
ဟာဒယဝတ္ထု- နှလုံးသားရုပ်-၁-ပါး။
ဇီဝိတိန္ဒြေ- အစောင့်ရုပ်-၁-ပါး၊
အာဟာရ- အားပေးအဆောင်ရုပ်-၁-ပါး။

## နိပ္ဖန္နရုပ်-၁၈-ပါး

အာကာသဓါတ်- အကြားအပေါက်ရုပ်-၁-ပါး၊
ဝိညတ်- ကိုယ်ဖြင့်-နှုတ်ပစပ်ဖြင့် သိစေတတ်သောရုပ်-၂-ပါး။
ဝိကာရ-ချွတ်ယွင်းပေါက်ပြန်တတ်သောရုပ်-၃-ပါး။
လက္ခဏာ- ရုပ်တို့ကို- အမြဲမှတ်တမ်းတင်တတ်သောရုပ် ၄-ပါး၊

## အနိပ္ဖန္နရုပ် ၁၀—ပါး

အဲဒီရုပ်- ၂၈-ပါးကို ဈတ္တိပုရိသ စွဲထားသော သတ္တာသမိဗ္ဗိဇဏ်ချက်ကြောင့် သံသရာမွေးသောာမထွက်-အပါယ် ၄-ပါးရောက်ကြောင်း-လမ်းကြောင်းဖြောင့်လှသည်- သံဝေ ရှိကြစေ- မပါးမနပ်လျှင် အပါယ်သူ-အပါယ်သားဖြစ်မည်။ ပါးနပ်လျှင်- ရုပ်သူရုပ်သား အမှန်သာ ဖြစ်ကြမည်။ တိုင်ပင်ကြ၊

ရုပ်အဋ္ဌဝိသမရိယာတ် ၅င်းတမ်းပြီး၏။

## ပရိယတ်နဲ့ ပဋိပတ်-ကွဲကြရဲ့လား

ပဋိပတ်နည်းအရမှာ မဟာဘုတ်-၄-ပါး လိုရင်းမှတ်၊ တနည်း- မဟာဘုတ်-၄ ပါးနှင့်- အာကာသဓါတ်-၁-ပါးသာလိုရင်းမှတ်၊ လိုရင်းဆိုဒါ- အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်- ဤ ၃-ချက်ဖြင့် ဝေဘန်ရမယ်- စဉ်းစားရမယ်- သုံးသပ် ဆင်ခြင်ကြရမယ်၊ ထိုရုပ်-၅-ပါးတို့ကို ဆင်ခြင်သော် ကျန်ရုပ်-၂၃-ပါးတို့သည် အတွင်းဝင်ပြီးဖြစ်၏၊

ပရိယတ်နည်းအရမှာ-နိပ္ဖန္နရုပ် ၁၈-ပါးလုံးကိုတပါးစီတပါးစီ၌ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက် ဤ ၃-ချက်ဖြင့် ဝေဘန်ရမယ်-ဆင်ခြင်သုံးသပ်ကြရမယ်၊

အနိပ္ဖန္နရုပ်အပေါ အဝင်ဖြစ်သော (အာကာသဓာတ်) တပါးကို အနိစ္စဟူ၍၊ ဒုက္ခဟူ၍၊ အနတ္တဟူ၍-သုံးသပ် ဆင်ခြင်ထိုက်သော သမ္မသနရုပ် မဟုတ်- ဘာ့ကြောင့်ဟာလာဟင်းလင်းသက်သက် အပေါက်သက်သက်ဖြစ်လို့- လက္ခဏာ-၃-ချက်ဖြင့် ဝေဘန်စရာမလို- ဒီလိုဆိုလျှင် ဓါတ်ကြီး-၄-ပါးရယ်၊ အာကာသဓာတ်-၁-ပါးရယ်၊ ဝိညာဏဓာတ်-၁-ပါးရယ် ပေါင်း ဓါတ်-၆-ပါးကို ဝိပဿနာ ဘာဝနာ ပညာစခန်းဖြင့် ဆင်ခြင် သုံးသပ်ကြရမယ်သို့(အရှင်မဟာဗုဒ္ဓဃောသမထေရ်က)ဝိဘင်းပါဠိတော် အဖွင့်ဖြစ်သော သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ဖေါ် ပြထားပါသလဲ-မေးသူရှိသော် ဒီလိုဖြေပါ၊

သက်ရှိခေါ်-ပုဂ္ဂိုလ်သတ္တဝါတို့၌-အဋ္ဌကလာပ်ကို ကျဉ်းလျှင် ဓါတ်ကြီး ၄-ပါးဖြစ်သည်၊

ဒီခန္ဓာရုပ်အရမှာ ရုပ်ကလာပ်တို့ကို တခုစီ တဋ္ဌာနစီ တကွက်စီတသီးတခြားစီပိုင်းခြားပိုင်းခြားပြီး အရှင်းမဆက်မစပ်ဘဲလဲမဟုတ် ဆက်စပ်ထားလဲ်ရှိ၏ ခြားလှပ်ထားပုံလဲ ရှိ၏ ဒီကဲ့သို့ရုပ်တွေနဲ့ မရောမဖြစ်ပါဝင်နေသဖြင့် အာကာသဓါတ်ကိုပါ ဆင်ခြင်ရာ၌ပါ၏ အာကာသအပေါက်ဟာအနိစ္စဟုမဆင်ခြင်နဲ့ အာကာသအပေါက်သက်သက်ကို ဒုက္ခဟူ၍မတွေးလေနဲ့ အာကာသအပေါက်သန့်သန့်ကို အလိုမလိုက်ဟူ၍ အစိုးမရဟူ၍ အတိုးအမ မဟုတ်ဟူ၍ စဉ်းစားစရာမဟုတ်သဖြင့် အနိပ္ဖန္နရုပ်ဟု ကျမ်းဂန်ဥပဒေကဆိုးဖြတ်ပြီးပြီ အသမ္မသနရုပ်ဖြစ်၏ ခန္ဓာအာကာသဓါတ်သည် ပုဂ္ဂလသတ္တဇီဝထင်လုံးရှိကြသော အဇ္ဈတ္တလယောကျ်ားနဲ့ အဇ္ဈတ္တလမိန်းမှာ သီးသန့်ခြားနား ၍ မမြင်နိုင် မမြင်အပ် မမြင်တတ် ထိုကဲ့သို့ မသိ မမြင် တတ် သော အဇ္ဈတ္တလ ဥမ္မတ္တကတို့အတွက် ဤနေရာက ဇာတ္တိပုဂ္ဂလမဟုတ် အာကာသ

အပေါက်သက်သက် ဤဩကာသနကား ပုရိသပုဂ္ဂိုလ်မဖြစ် အာကာသ အပေါက် စစ်စစ်တထစ်ကျသိမြင်စေခြင်းငှါ (သမ္မောဟဝိနောဒနီအဋ္ဌကထာ) ဥပဒေအရ ဝိပဿနာယာဉ်သို့တင်ကြရမယ်လို့ ဆုံးဖြတ်ထားသည့်မှတ်လေ-

## ထင်ရှားရှိသော ပရမတ္ထရုပ်မှန်သမျှ

ရုပ်အနိစ္စံ-ရုပ်ဒုက္ခံ-ရုပ်အနတ္တံ ဆင်ခြင်ရမည်-
ရုပ်အနိစ္စံ၌ အာကာသဓါတ် တပါးတည်းပါဝင်လေ၏
ရုပ်ဒုက္ခံ၌ အာကာသဓါတ် တပါးတည်းပါဝင်လေ၏
ရုပ်အနတ္တံ၌ အာကာသဓါတ် တပါးတည်း ပါဝင်လေ၏
ထိုကဲ့သို့- တပါတည်းပါဝင်နိုင်ကြသောကြောင့်- ၂၈-ပါးသော ရုပ်တို့ကို ပင်-အနိစ္စ ဒုက္ခ အနတ္တဖြစ်သော လက္ခဏာမျိုးတို့ကိုသာ မှတ်သင့်၏-

---

# ရုပ်အဋ္ဌဝိသ – အရေးပေါ်အစည်းအဝေးပွဲ

ရုပ်-၂၈-ပါးတို့သည် ကျယ်ပြန့်သော ဩကာသချုပ်ခန်းမဆောင်၌-အဆောတလျှင်အရေးတကြီးစည်းဝေးပွဲပြုလုပ်ကြသည်-ဘယ်အခါမှာလုပ်ပါသလဲ လောက၌- အိမ်ထောင်မင်္ဂလာပွဲပြုလုပ်သောနေ့ရက်မတိုင်မရောက်မီ တလ ခန့်ကကြိုတင်၍ပြုလုပ်ပါသည်-ယောကျ်ားကလေးနဲ့မိန်းကလေး ၂-ယောက်တို့သည် ၂-ဘက်သဘောတူထိမ်းမြားလက်ထပ်ခြင်း ၂-ဦးသဘောတူချစ်ကြိုက်ပြီး မိဘ ၂-ဘက်မသိကြပါဘဲ ခိုးယူထွက်ပြေးလို့ပေါင်းသင်းနေထိုင်ခြင်း ထိုကိစ္စများမတိုင်မီ စည်းဝေးကြရိုးထုံးစံမှတ် ( ဣတ္ထိနဲ့ပုရိသ ) ဃရာဝါသပြုမည်အကြံရှိလျှင် တလခန့်က သို့မဟုတ် ၇-ရက်ကအရေးကြီးသောအချက်ကိုမြင်သဖြင့်အရေးပေါ်အစည်းအဝေးဖွင့်လိုက်သည် စာဘတ်လျှင် မိမိ၏ခန္ဓာနဲ့ဟပ် ကိုယ်တွေ့ဘတ်-

| | |
|---|---|
| ၁။ နာယကလူကြီး | အာကာသဓါတ် |
| ၂။ ပထမဥက္ကဋ္ဌ | အာပေါဓါတ် |
| ၃။ ဒုဥက္ကဋ္ဌ | ပထဝီဓါတ် |
| ၄။ အတွင်းရေးမှူး | ဣတ္ထိဘာဝရုပ် |
| ၅။ တွဲဘက်အတွင်းရေးမှူး | ပုရိသဘာဝရုပ် |
| ၆။ အထွေထွေအတွင်းရေးမှူးချုပ် | ဇီဝိတရုပ် |

၇။ ဘဏ္ဍာထိန်းလူကြီး အာဟာရရုပ်
၈။ တွဲဘက်ငွေထိန်း ဟာဒယဝတ္ထုရုပ်
၉။ စာရင်းစစ်လူကြီး အနိစ္စတာရုပ်

ကော်မတီလူကြီးများမှာစက္ခု သောတ ဃာန ဇိဝှါ ကာယ-ပသာဒရုပ် ၅-ပါး- ရူပ သဒ္ဒ ဂန္ဓ ရသ ဂေါစရရုပ် ၄-ပါး ဝိညတ်ရုပ် ၂-ပါး၀ိကာရရုပ် ၃- ပါး ဥပစယ သန္တတိ ဇရတာ လက္ခဏာရုပ် ၃-ပါး တေ ဇော ဝါယော မဟာဘုတ် ၂-ပါး ပေါင်း ၁၉-ပါးတို့ဖြစ်သည် (နာယကလူကြီး အာကာသဓါတ်ကိုပင် သဘာပတိတင်မြှောက်ကြ၏)

## သဘာပတိအာကာသမိန့်ခွန်း

ယခုအစည်းအဝေးသည် အဆောတလျင်စီမံခဲ့သော အရေးပေါ်အစည်း အဝေခေါ်တယ် လူကြီးများ ညီညာဖျဖျ စုံညီစွာတက်ရောက်လာကြတယ် ဆိုဒါ အင်မတန်မှ ဝမ်းသာပါတယ် ကျုပ်၏တာဝန်မှာ ရှေးဦးစွာ သတိ ပေးရတ္တိပါဘဲ လောက လောကဆိုဒါ ဘာကိုလောကခေါ်ပါသလဲ သက် ရှိသတ္တဝါတို့နှင့်တကွ တွဲဘက်ဖြစ်သော တောတောင်ရေမြေစသောသက် မဲ့အရာဝတ္ထုတို့ကိုခေါ်တယ်-ထိုသက်ရှိသက်မဲ့ ၂-မျိုးလုံးဖြစ်ပျက်တဲ့သဘော တရားကိုလဲ လောကခေါ်ပါတယ် ဆိုချင်ဒါက သတ္တဝါကို လောကလို့ဆို လိုပါတယ် သတ္တဝါတွေဖြစ်ထာလဲလောက သတ္တဝါတွေ ပျက်ထာလဲ လော က ဆဲဒီတော့ဖြစ်လို့သာပျက်ကြဒါဘဲ ပျက်စေတို့ဖြစ်ပေးကြရဒါပါဘဲတွေး ကြည့်လျှင် ပျက်ဘို့ကိုတော့ထူးပြီးမကြံစည်ရပါဘူး သတ္တဝါတကောင်ဖြစ် ဘို့လူတယောက်ဖြစ်မြောက်ဘို့ယောကျာ်းကလေးတယောက်ဖွါးမြင်ဘို့မိန်း ကလေးတယောက် အနာရောဂါ ရှင်းရှင်းနဲ့-မွေးဖွါးလာဘို့ကို အင်မတန်မှ ကြိုးစားရပေလိမ့်မယ်- လူသတ္တဝါတွေ သေအောင် ပျက်အောင် မလုပ် ကောင်းမကြံစည်ကောင်းဘူး-လူပဋိသန္ဓေနေဖြစ်ဘို့ သန္ဓေနေဖြစ်ဘို့ သန္ဓေ တည်လာသော် မပျက်မကျဘို့ အမိဝမ်းတွင်းမှာ- အနာရောဂါ ကင်းရှင်း ဘို့ မိခင်ရော-ကလေးပါ ကျမ်းမာချမ်းသာစွာဖွါးမြင်ဘို့ကိုကျုပ်ဘို့ အဖွဲ့ ကြီးက သူ့ဌာနနဲ့ သူ-ဆိုင်ရာဆိုင်ရာ တာဝန်ယူကြရမယ်။

မွေးဖွါးလာသော်လဲ-တဖြည်းဖြည်း ကြီးလာအောင် ထွား ကျိုင်း လာ အောင် အနာရောဂါမစွဲမကပ်ဘဲ အသက်ရှည်အောင် လှလှပပ-ဖြစ်အောင် မျက်စိ-နား-နှာ ကိုယ်အင်္ဂါစသည်တို့ မပျက်မစီးရအောင် လုံးပန်းကြရ ပေ ထိမ့်မယ်- ၁၅-၁၆-နှစ် အရွယ်သို့ ရောက်လာပြန်တော့လဲ မြင်သူအားလုံး

တို့က ချစ်ချစ်ခင်ခင် ဖြစ်တို့ကို တိုက်တွန်းကြရ လိမ့်မယ် စသည်ဖြင့် အားလုံးတို့၏ တာဝန်ဝတ္တရားကို သတိပေးစကား ပြောကြားပြီပါပြီ၊ ကျုပ်ဟာ ရှပ် ၂၈-ပါးထဲမှာတော့- အာကာသဓာတ် ခေါ်ပါတယ်- ဒီအဖွဲ့မှာ ဘေးကနေပြီး စောင့်ရှောက်တို့ပါဘဲ၊ အစည်းအဝေးပွဲတိုင်း ကျုပ် မလိုက်ပါဘူး- ဘာပြုလို့ နာယက ဆရာဖြစ်လို့ ယခုအရေးပေါ် အစည်းအဝေး ပွဲ၌ ကျုပ်ကိုဘဲ သဘာပတိ- တင်မြှောက်ကြသဖြင့် အင်္ဂါနှင့်ညီစွာ သတိ ပေးစကား-ပထမ ပြောကြားခြင်းပါဘဲ-

သဘာပတိ-ရဲ့ ဘာသာပြန်ဘာလဲ၊ သဘာ-ဆိုဒါအဖွဲ့၊ တနည်း-ပွဲ—တနည်း— သဘင် တနည်း—အစည်းအလုံး၊ တနည်း—လူစု-လူဝေးဆိုသည်၊ပတိ— ဆိုဒါက အရှင် (သဘာပတိ) ဒီအဖွဲ့မှာ ဒီလူဟာ လူကြီး အရှင် သခင်မှတ်လေ—

(သဘာသင်းရဲ့တာဝန်) ဒီခန္ဓာရုပ်အစုအပေါင်းထဲမှာ၊ကျုပ်ကတူးမြောင်းဖေါက်တို့ ကိစ္စ- တောင်ပို့လုပ်တို့ကိစ္စ-ဥကြောင်း၌ အပေါက်-မျိုးစုံ လုပ်တို့ကိစ္စ၊ ကိုယ်ကာယ အလယ်၌ ဝမ်းခေါင်းလုပ်တို့ အူအတွင်းမှာ အဆီ တွေ ဝင်စရာ အပေါက်လုပ်တို့ကိစ္စ အရိုး၏အတွင်းထဲ၌ ချဉ်ဆီခေါ်- အရိအရွဲ တွေ ဝင်စရာထုတ်ချင်းပေါက်အလုပ်ကိစ္စ- အသားကြွှအသားကြားဖြစ်ရန် ကိစ္စ-တခုနဲ့တခု မရောယှက်တို့ ကိစ္စ၊ အစာမျိုတို့ ရေဝင်တို့ အစာထွက်တို့ အရည်ထွက်တို့- ချွေးထွက်တို့- သွေးထွက်တို့- နှပ်ထွက်ပေါက် မျက်ချေးထွက်ပေါက် နဖါချေး ထွက်စရာ အ ပေါက်စကားပြောတို့ အပေါက် ဆံပင်ထွက်တို့ အပေါက် လက် ၅-ချောင်း တချောင်းစီ ခြားနားတို့ ကိစ္စ (တရားလိုချင်လို့စာဘတ်- မိမိခန္ဓာမှာဟာပ်- နားဘတ်စာအုပ်ချ ဆေး လိပ် သောက်ပြီးစဉ်းစား)အာကာသဓာတ် သဘာပတိရဲ့ မိန့်ခွန်း မဆုံးသေးဘူး၊

ခြေချောင်းတဘက် ၅-ချောင်းစီ ခြားနားတို့အလုပ် ခြေသည်း လက်သည်းနှင့် အသားဆိုင်နဲ့ တွဲလဲတွဲ-ခွဲလဲခွဲထားတို့ ပဇပ်ပေါက်က မျိုးစုံဝင်တယ်၊ မျိုးစုံထွက်တို့ကိစ္စ လက်တန် ၂-ဘက် ခြေထောက် ၂-ချောင်းဖြစ်တို့ ခြားနားခြင်းကိစ္စ၊ ဒီခန္ဓာရုပ်စုတို့ကို သူ့ဌာနနဲ့သူ- သူ့နေရာနဲ့သူ၊ တခြားစီဖြစ်အောင် အပိုင်း အခြားလုပ်မှု-ရင်ကွက် တကွက်စီလုပ်မှု အမည်နာမ-တမျိုးစီခေါ်စရာ သူ့အခန်းနံပါတ်နဲ့သူ-မရှုပ်ရအောင် မတွဲရအောင် မပိတ်ရအောင် မဆို့ရအောင် အပေါက်ကြီး အပေါက်ငယ် မျက် စိ ဖြင့် မြင်ရတဲ့အပေါက် မမြင်နိုင်တဲ့ အပေါက် လက်ဖြင့် ထိကိုင်စမ်းသပ်လို့ တွေ့နိုင်တဲ့အပေါက် မထိမတွေ့နိုင်သော အပေါက် ဆံဖျားက စ ခြေဖျားတိုင်အောင် အပေါက်တွေဖြစ်တို့ ကျုပ်တာဝန် သန္ဓေတည်စကထဲက ဂရုစိုက်ပြီး ဝင်စရာ ထွက်စရာ အဆင်သင့်ဖြစ်တို့ အပေါက်ဖေါက်ထွင်းတို့တာဝန်

ကကျုပ်အပေါက်မျိုးစုံဖြစ်ဘို့ထက်နက်မျိုးစုံဆောင်ထားပြီးရေလာမြောင်း ပေးဆိုသလို ဖျော်သဘော်များ သွားနိုင်စရာ မြစ်ကြီးမြစ်ငယ်- ချောင်းကြီး ချောင်းငယ်- အသွယ်သွယ်တို့ကို အမိဝမ်းထွင်းမှာထဲက အပေါက်ဖြစ်ဘို့ ကျုပ်အလုပ်ဖြစ်ပါတယ်- (အပေါက်မပေါ်-လူမဖြစ်)

အမိရဲ့ဝမ်းတွင်းမှ ထွက်လာပြန်တော့လဲ နားရွက်ကို နားဂတ်- နား ဆွေးပန်ဆင်ဘို့အပေါက်ပေါက်ရခြင်း- ဆေးနီ ဆေးနက်- ထိုးကွင်း- မှင်ကြောင်စသည်ဖြင့် စုတ်နဲ့ထိုးပေါက်ပေးရခြင်း-ကုလားလူမျိုးဖြစ်သော် နှာခေါင်းနားရွက်တို့၌ အပေါက်များစွာပေါက်လုပ်ပေးရခြင်း-ချင်းလူမျိုး ဖြစ်သော်- မျက်ခွက်မျက်နှာ၌- စုတ်တန်နှင့်-ပါးရဲမှင်ရောင်ထိုးပေါက်ပေး ရခြင်း-လူနာလူမမာတို့ကို မြန်မာဆေးဆရာတို့က ကြေးစုတ်တံနဲ့ဆေးထိုး ခြင်း-ဆရာဝန်ဆေးဆရာတို့ကလဲအတ်အမျိုးမျိုးတို့ဖြင့်- အင်ဂျက်ရှင်းဆေး ထိုးပေးခြင်း-စသော-ဒိဋ္ဌခန္ဓာရုပ်တုံး၌- အပေါက်ပေါက်ရန် အလုပ်ကိစ္စဟူ သမျှ-ကျုပ်ကဘဲတာဝန်ယူဘို့-ကံထရိုက်ဆွဲထားသည့်ကိုရောက်လာသော လူကြီးများသိစေဘို့- ပြောပြလိုက်သည်- ကျုပ်က-ထိုကဲ့သို့ မစိမံဘဲ မပြု လုပ်ဘဲ လစ်လျူရှုနေလျှင်- အပေါက်အရှင်းမပေါ်ဘဲ(ဂင်းပိတ်) ဇာတ္တိပုရိသ မဖြစ်နိုင်(အာကာသ သဘာပတိ- မိန့်ခွန်းပြီးပြီ)

## ပထမဥက္ကဋ္ဌ-အာပေါဓါတ်

လူဖြစ်ဘို့ကို- ယောကျ်ားတယောက်ဖြစ်စေဘို့- မိမ္မတယောက်ထင်ရှား အောင်ဖြစ်လာဘို့ကိုကျုပ်ကဒီလိုတာဝန်ထမ်းပါတယ်-ရုပ်အစုစုတို့ကို ဖရို ဖရဲ မပြိုမကွဲရအောင်စည်းစည်းလုံးလုံးဖြစ်အောင်-ကျုပ်ရဲ့အလုပ်-တနည်း ဒိဋ္ဌခန္ဓာရုပ်တုံးကြီးကို- သွေး- နှပ် - သလိပ် - တံထွေး - ချွေး - ကျင်ကြီး ကျင်ငယ်- ပြည်- အစေး- မျက်ရည် - ဆီကြည် - သည်းခြေ - အပူ အငွေ- အခိုး အငွေ့တို့ - သွားဘို့ ဆင်းဘို့ - ထွက်ဘို့ ယိုစီးဘို့- တာဝန်ကြီးကိုလဲ ကျုပ်အလုပ်ပါဘဲ- တနည်း- ဒိရုပ်ခန္ဓာကြီးကို- ချွေးမထွက်အောင်-သွေး လေတို့ကို-မယိုမထွက်ရအောင်- ပိတ်ဆို့ဖိညှပ်ထားဒါကလဲ ကျုပ်ပါဘဲ ဒီကဲ့သို့တာဝန်မယူဘဲ ဇာတ္တိပုရိသဘယ်ခါမှ မဖြစ်နိုင်ကြောင်းကို- အစီ ရင်ခံပါတယ်-

## ဒုဥက္ကဋ္ဌ-ပထဝီဓါတ်

ဇာတ္တိပုရိသဖြစ်စေဘို့-ကျုပ်၏တာဝန်မှာ-အသားအရည်-ချောမွတ်ခြင်း သိမ်မွေ့နူးညံ့ခြင်း- ပြေ့ပြောင်းခြင်း- ဧသံသာယာခြင်း- ကိုယ်လက်ကြံ့

နိုင်ခြင်း- တောင့်တင်းမာကြောခြင်း- ကြံ့ယာဟူသမျှကို- နေ့စဉ်ဘဲဆောင်ရွက်နေပါတယ်- ထိုကဲ့သို့- မဆောင်ရွက်ပါက- ဇာတ္တိပုရိသ- ဘယ်တော့မှ မဖြစ်နိုင်ကြောင်းကို- ထင်ရှားအောင်ပြောပြရပါတယ်၊

## အတွင်းရေးမှူး-ဇာတ္တိဘာဝရုပ်

ရုပ်အရအပေါင်း-၂၆-ပါးကို- မိမ္မရုပ်လုံးပေါ်အောင်ကျုပ်ကစီမံနေဒါအသင့်ပါဘဲ- ယခု အရေးပေါ် အစည်းအဝေးကျင်းပရာ၌- တာဝန်ရှိသလောက်- ထမ်းဆောင်ဘို့ ကိစ္စရှိကြသည့်အတိုင်း- ကိုယ့်ကိစ္စကိုယ်မမေ့တမ်း သတိရဘို့လိုကြပါတယ်- အိမ်ထောင်မင်္ဂလာပွဲ မတိုင်မရောက်မီကကြိုဘင်၍- ဂရုစိုက်ဘို့ရာမှာ- ကျုပ်၏ ခင်ပွန်းဖြစ်သူ လင်ယောကျ်ားက- မိမ္မအယူအစွဲ မပျောက်နိုင်အောင်- ငါပိုင်မိမ္မအစစ်- တထစ်ချအမှတ်ပြုရလေအောင်- ဆံပင်မှာလဲ မိမ္မလက္ခဏာရှိပါတယ်- ဥကျောင်း လက်ခြေ- စသော ထကိုယ်လုံးကို- မိမ္မထင်ရအောင် နေရာတကာတိုင်း အနှံ့အပြားကျုပ်က- ဝါဒဖြန့်ဖြူးထားပါတယ်-

မျက်လုံးမျက်ခုံး- နှာတံ နားရွက်- နှုတ်ခမ်း-ပဇပ်မှအစ- မျက်နှာနေပုံလည်တိုင်နေပုံ- ပခုံး- ရှောပုံ- တင်ဆုံကားပုံ- ခြေလက်သေးသွယ်ပုံ- အားခွန်ဗလရော့နဲ့ပုံ- အသွားအလာအနေအထိုင်- နူးညံ့ခြင်း- နွေးခြင်း- စကားပြောဆိုရာ၌-အချွဲအပြစ်အမူအရာရှိခြင်း- သနားအောင် ချစ်အောင်ပြောတတ်ခြင်း- စသော- လက္ခဏာတို့ကို- တာဝန်ကျေအောင်-အတွင်းကျကျအတွင်းကြိတ်ဆောင်ရွက်တတ်လို့ အတွင်းရေးမှူးအဖြစ်နဲ့- မပျက်မကွက်ဆောင်ရွက်သွားပါ့မယ်-

## တွဲဘက်အတွင်းရေးမှူး ပုရိသဘာဝရုပ်

အရေးပေါ်လာလျှင် အရေးလုပ်ရလိမ့်မယ်-အရေးကြုံလျှင် ယောကျ်ားပုံထင်ရှားရမယ်-ဒါကျုပ်ကိစ္စ-ယောကျ်ားပုံဆိုဒါ ပညတ်လားလို့မေးစရာရှိတယ်- အေးလေဟုဘ်ဘယ်- ကျုပ်ကိုမြင်ကြတဲ့မိမ္မတွေ- ကျုပ်နဲ့ပေါင်းသင်းဆက်ဆံမဲ့မိမ္မက ယောကျ်ားအစစ်ထင်ရမယ်- (ထင်ဒါပညတ်) ကျုပ်ကတော့- ပရမတ္ထသဘာဝပါဘဲ- ဆံဖျားက- စ-ခြေဖျားတိုင်အောင်ဘဲ- အနှံ့အပြား- ဒါယောကျ်ား- ဒါလဲယောကျ်ား- ဒီနေရာလဲယောကျ်ား- ဟောဒီဟာလဲ ယောကျ်ား- ဒီခေါင်းဟာ ယောကျ်ားခေါင်းအစစ်- ဟောဒီလက်ချောင်းခြေချောင်းတွေဟာလဲ ကေန်ယောကျ်ားအမှန်- ဟောဒီရင်ပတ်

သား ကျောသား ခြေသလုံးနေပုံ-ပေါင်သားမာကြောပုံ- လက်ဘဝါး ခြေဘဝါး- ကြွမ်းတမ်းပုံ- ကြီးပုံ- တကိုယ်လုံးသိမ်းကြုံးပြီး- ( ယောကျ်ားရုပ်လုံး) ပေါ်လာအောင် ဟောဒီကိုယ်ကာယထဲမှာ- ပုရိသဘာဝ ရုပ်အနေဖြင့်- ဝါဒဖြန့်ချိထားပါတယ်- မြင်လိုက်ရင်ဘဲ- ဟောယောကျ်ားဘဲလို့- ပဇ္စပ်ကဖွင့်မပြောရဘဲ- အပွေးမြင် အပင်သိ-အသွေးမြင်အသွင်သိ-ကွက်ကွက် ကွင်းကွင်း ထင်ရှားအောင် ဖန်ဆင်းပြဘို့က ကျုပ်ကိစ္စ- မြင်ဒါယောကျ်ား အဆင်း- ကြားဒါလဲယောကျ်ားအသံ- နမ်းဒါလဲယောကျ်ားအနံ့-လျှက်သော်ယောကျ်ားရဲ့အရသာ- တွေ့ထိတာလဲ ယောကျ်ားအတွေ့ စိတ်ထဲကသတ်သတ် အာရုံပြုပြန်တော့လဲ- ငကန်ယောကျ်ားအစစ်ဟူ၍သိထားရအောင် လုပ်ဘို့ အတွင်းရေးမှူး ဣတ္ထိဘာဝရုပ်နှင့်အတူ အကူအညီဆောင်ရွက်ဘို့ရာ ကျုပ်ကိစ္စပါဘဲ-ဒါ့ကြောင့်-ဟောဒီလောကကြီးမှာလေ လူတွေ-ယောကျ်ားမိမ္မတွေ- ထင်ထင်ရှားရှားဖြစ်ဘို့ မျက်စိအမြင်မမှားဘို့- အိမ်ထောင်မင်္ဂလာပြု- ထင်မယားမဖြစ်ခင်က- တယောက်နဲ့တယောက်- မ ဘောက်ပြားလေအောင်မမှောက်မှားရလေအောင်- ယောကျ်ားဆိုဒါ-ဒါမှ ဟုတ်တယ်လို့-(ဘာဝရုပ်) အမည်ခံ-(ဣတ္ထိနဲ့-မခွဲရက် စာရင်းပေးဘူးလို့) ဒီမလေ- ကွဲဘက်အတွင်းရေးမှူးရဲ့ တာဝန်ဒါပါဘဲ-

## ပရိယတ်ဥပဒေအရမှတ်ချက်

| | | |
|---|---|---|
| ၁။ | ဣတ္ထိလိင် | မိမ္မအင်္ဂါအစိတ်အပိုင်း |
| ၂။ | ဣတ္ထိနိမိတ္တ | မိမ္မအမှတ်လက္ခဏာအကြောင်း |
| ၃။ | ဣတ္ထိကုတ္တ | မိမ္မအမူအရာ အသွင်အပြင် |
| ၄။ | ဣတ္ထိအာကပ္ပ | မိမ္မ၏ဝါသနာအလေ့ |
| ၁။ | ပုရိသလိင် | ယောကျ်ားအင်္ဂါအစိတ်အပိုင်း |
| ၂။ | ပုရိသနိမိတ္တ | ယောကျ်ားအမှတ်သက္ခဏာအကြောင်း |
| ၃။ | ပုရိသကုတ္တ | ယောကျ်ားအမူအရာအသွင်အပြင် |
| ၄။ | ပုရိသအာကပ္ပ | ယောကျ်ား၏ဝါသနာအလေ့ |

## အထွေထွေအတွင်းရေးမှူးချုပ်ဇီဝိတရုပ်

မင်္ဂလာဆောင်ကိစ္စအတွက်· အရေးပေါ်လာသဖြင့်-စည်းဝေးကြရဒါဘဲ ရုပ်အပေါင်းကို- လူ့ရုပ်လုပ်ပြဘို့- ယောကျ်ားရုပ်- မိမ္မရုပ် အရှင်ထင်ရအောင် လုပ်ပြဘို့ ဒရဝမ်ဆိုလဲ ကျုပ်ပဲ တံခါးမှူးခေါ်လဲကျုပ်ပဲ ဂိတ်စောင့်

ဆိုလဲကျူပ်ပဲ သက်တော်စောင့်ခေါ်ကြဒါလဲ ကျူပ်ပါဘဲ ရုပ်တွေမပျက် အောင်-ကာကွယ်ရေးဗိုလ်လဲကျူပ်ဘဲ၊ (ဇီဝိတိန္ဒြေ)ဆိုသော ဘွဲ့ထူးကိုဘယ် ရုပ်မှ မရနိုင်ပါ-ဒီသဏ္ဍာယဒိုဋ္ဌိ အဖွဲ့ထဲမှာ ကျူပ်တယောက်နောက်ဆုတ် မယ်ဆိုရင် အကုန်လုံးအားပျက်မယ်-ယောက်ျားအဖွဲ့အစည်းအလုံးမိန်းမအဖွဲ့ အစည်းအလုံး ပျက်စီးကြရမယ်၊ ဒီလိုလဲ မဖြစ်ရအောင် အမြဲတမ်း တကိုယ်လုံး အတွက် တာဝန်ယူပါတယ်- ( ဖြေးဖြေးလေးသေးဘတ်)

ယခု မင်္ဂလာပွဲ မတိုင်မီက ကြိုတင်ပြီး ပြုလုပ်တဲ့ပွဲမှာ ကျူပ်ကခေါင်း ရှောင်နေမယ်ဆိုရင် ဒီမင်္ဂလာ အခမ်းအနား ကြီးဟာ ပျက်စီးသွားမယ်- သဏ္ဍာယဒိုဋ္ဌိအဖွဲ့ဝင်ယောက်ျားမိန်းမတွေလဲ အားငယ်သွားမယ် (ဇီဝိတိန္ဒြေ) ဆိုသောဘွဲ့ထူးဟာ ရုပ်ပေါ်မှာအဆင့်အတန်း မြင့်တက်လာသော ဘွဲ့ထူး ဆိုရမယ် (မူလက ရုပ်၊ နောက်ရုပ်ဇီဝိတ-နောက် ဇီဝိတိန္ဒြေ-နောက်ဇီဝိတ နဝကဆတ္တ ဒီလို ဂုဏ်ထူးအမျိုးမျိုး တက်လမ်းတွေ အများကြီးရှိပါသေး တယ် ဇီဝိတ- နဝကဆတ္တ ဘွဲ့ထူးကိုတော့ ဒီလူ့ဘဝမှာမရနိုင်ပါ ဒီလို ယောက်ျားမိန်းမဘဝနဲ့ ဒီဘွဲ့ထူးဂုဏ်ထူးမျိုးနဲ့ မတန်ပါ၊အသည္ညသတ်ပြဟ္မာ ဖြစ်မှသာ- ရနိုင်တဲ့ ဘွဲ့ထူးဂုဏ်ထူးဖြစ်တယ်- ဒီလူ့ဘဝမှာတော့ ၁-ရုပ်၊ ၂-ရုပ်ဇီဝိတ၊ ၃-ရုပ်ဇီဝိတိန္ဒြေ၊ ဒီလို-သုံးစားအမည်ရပါတယ်-

၁။ ရုပ်-အပူအအေတို့ကြောင့် ချွတ်ယွင်းနေတယ်

၂။ ရုပ်ဇီဝိတ- ချွတ်ယွင်းပေမဲ့- အနွမသိအောင် အသက်သွင်းပေး တယ်-လှုရှင်ထင်အောင်-အားဆက်ပေးတယ်

၃။ ရုပ်ဇီဝိတိန္ဒြေ-ဘောက်ပြန်ချွတ်ယွင်းလို့ အသက်သွင်းပေးထား ပေမဲ့-တည်တည်ဘန့်တန့် ဣန္ဒြေသမာဓိရှိရှိနှင့်-ထိန်းသိမ်းအုပ်ချုပ်စောင့် ရှောက်နေရတယ်၊ ဒါကျူပ်အလုပ်။

ဒါ့ကြောင့်- ခေါ်ချင်သလိုမျိုး ခေါ်နိုင်ပါတယ်။ ဒီခန္ဓာရုပ် အစု အ ပေါင်းတွေ- တစုစီ တစုစီ မပျက်ရအောင် ပျက်သော်လဲ- လူမသိရလေ အောင်၊ ဒီမိန်းမထင်မှတ်ဘားသော ရုပ်အစုတွေကိုလဲ- မယို မစီး မထွက် မကျအောင် စောင့်ရှောက်ပါတယ်- အကယ်၍ မိန်းမဟု အသိ အမှတ်ပြုထား သော၊ ဣတ္ထိဘာဝရုပ်တွေဟာ ယိုစီးထွက်ကျစေခါမူ၊ အန္တဗာလယောက် ကျားတွေ-မသိမမြင်ရအောင် နံနံကလေးမှ- မရိပ်စားမိရအောင် တနည်း- ယောက်ျားလို့ အသိအမှတ်ကိုယ်ပိုင်စာချုပ်-ခိုင်မာအောင် ချုပ်လုပ်ထား သော-ပုရိသဘာဝရုပ်အပေါင်းတွေက နဂိုအတိုင်းမဟုတ်မူ၍ အိမ်ထောင် ကျစ-ကတော့-အရွယ်ဟာ ၁၅-နှစ်၊ ၁၆-နှစ် အလွန်ဆုံးအသက် ၂၀-၂၅

နှစ်ဆိုပါတော့-တဖြေးဖြေး-ဆွေးရင့်ပြီး၊ အရွယ်ကြီးကြီးပြီးပျက်စီးလာဒါမှန်ရဲ့၊ သေရက်သေဘက်သို့-နိုးစပ်နိုးကပ်လာဒါတော့ ဟုတ်၏- ဒါပေမဲ့-ယောကျ်ားအမှတ်ရုပ်တို့ကို (အဋ္ဌဗာလမိဋ္ဌတွေ)က၊ ပျက်မှန်း အိုမှန်း-ရင့်ရော်မှန်းမသိရအောင် မမြင်နိုင်အောင်-သေရက်သေဘက်သို့-နိုးစပ်နိုးကပ်ပြီးလာဒါကိုလဲ-သတိမထားဖြစ်အောင်-ကျုပ်စောင့်ထိန်းပမယ်။

ဒါ့ကြောင့် (ရုတ္တိဘာဝ·ပုရိသဘာဝ) ဒိဘာဝရုပ် ၂·ခုတို့၏ နိမိတ်ရွေ့နေဒါကို-အရိပ်အငွေ့မျှ မပေါ် အောင်လူကြီးဆိုလဲ ကျုပ်ပါဘဲ အုပ်ထိမ်းမှုးဆိုလဲမှန်တယ် မြို့ပိုင်၊ နယ်ပိုင်၊ တိုင်းပိုင်၊ ပြည်ပိုင်၊ လင်ပိုင် မယားပိုင်ငါပိုင်၊ ခန္ဓာပိုင်(အရေးရှိဆဲမှာ-သာ၍ပိုင်သဖြင့်)အရေးပိုင်ဆိုလဲ ကျုပ် အစစ်၊ ဝန်ကြီးတတိုင်းကြီး-မှူးကြီးမတ်ကြီးဆိုလဲ ဟုတ်ပေ့- ဒိရုပ် ၂၇ ပါးတို့အပေါ်မှာ ဩဇာပေး စစ်ဗိုလ်လဲမှန်ပါပေ့- ဆရာကြီးတဆူ-စောင့်ရှောက်သူလဲ ခလွဲပါဘူး- မင်းက ဒီနေရာမှာနေ၊ မင်းကတော့ ပျက်ထာမှန်ရဲ့ ဒါပေမဲ့ မင်းကပျက်တဲ့ နေရာကို-သည်းခံပြီးတော့ အစားထိုး ပေးပါ၊ဖြေ့ပေးပါစသည်ဖြင့် အစစ ဆိုဆုမ္မတတ်သော တရားပြဆရာ-တရားဟောဓမ္မကထိကနဲ့လဲတူတယ်-အရေးပေါ် တိုင်း၊အရေးရှိတိုင်း ကျုပ်မပါ မဖြစ်သို့အတွက် မပြတ်ပျက်နေသော ရုပ်ဘို့၏ (အခြေအနေစာရင်းကူးနိုင်လို့ အထွေထွေအတွင်းရေးမှူးပိုင်သဖြင့်၊ လင်ပိုင် မယားပိုင်- အပိုင်လုပ်ကြတို့-ခရိုင်ချုပ်က နေပြီး-ကိုင်ရဒါကျုပ်ပေါ့-

## ဘဏ္ဍာထိန်းလူကြီးအဟာရရုပ်

အဖွဲ့ အဖွဲ့ဆိုဒါ ဘယ်အဖွဲ့ဘဲဖြစ်ဖြစ် ငွေမရှိမဖြစ် လောကကြီးမှာလေဘသူကဘာတွေဘဲပြောပြော ကြွားကြွားမော်မော် ငွေမရှိလျှင် အလကားလူမှတ် (စာဘတ်ရင် ဉာဏ်သွင်းဘတ်) ငွေရှိမှသာ အရာခပ်သိမ်း ပြီး စီးအောင်မြင်နိုင်တယ်မှတ်ကြ-ပဒေသာပင် ဆိုဒါ ငွေကိုဆိုတယ်မှတ်-ငွေမရှိတဲ့လူဟာ မင်းအစိုးရ ဖြစ်ပေမဲ့ စိတ်ဆင်းရဲရမယ်- မျက်နှာ ငယ်ရမယ်--ပိုက်ဆံရှိတဲ့ ခနှစ်ရဲ့ အောက်တန်းကျ ရမယ်မှတ်-- လူမွဲ လူပြာ လူစုတ်လူနုံ့ လူအ လူနူ လူရာမဝင်မှတ်လေ- ငွေမရှိတဲ့လူ ငွေမရှိတဲ့မိန္မ ငွေမရှိတဲ့ယောကျ်ား ငွေမွဲတဲ့ အိမ်သား ရွာသား မြို့သား ငွေမပြည့် စုံသော တိုင်းပြည်သည် ဘယ်တော့မှ မချမ်းသာဘူးမှတ်- ကပ်သုံးပါး ဆိုက်ရောက် ရမည်မလွဲ တိုင်ပင်ဘတ်စမ်းပါ-

## ဝိနည်းသိက္ခာပုဒ်နှင့်ညီကြသော ရဟန်းများသာငွေမလို

လောကမှာ လူဖြစ်တဲ့ အခါမှာ(ငွေမရှိ သူဇ္ဇါဝန်ထမ်းမှတ်) တိရစ္ဆာန်ဘဝ- ပြိတ္တာဘဝ- အသူရကာယ်ဘဝ- ငရဲသူငရဲသားတို့ရဲ့ဘဝ- နတ်ဘဝ ဗြဟ္မာဘဝ-ရှင်ကောင်း ရဟန်းကောင်းတို့ ဘဝမှာ ငွေမလို ငွေနဲ့မဆိုင် ငွေကိုအရေးမိုက်စရာမဟုတ်- လူ့ဘုံ လူ့ဘဝ လူမှန်လျှင် ငွေရှိရမယ်-ငွေရှာရမယ်-ငွေကိုစုဆောင်းရမယ်-ငွေကိုချွေတာသုံးစွဲကြရမယ်-ငွေကိုအလေးပြု၍ မရှာမဖွေ မစုမဆောင်းသောသူသည် ခိုးမယ်၊ တိုက်မယ်၊ သတ်မယ်၊ လိမ်မယ်၊ လာဘ်စားမယ်၊ အလေလိုက်မယ်၊ လောင်းတန်းကစားဝိုင်းမျိုးစုံလိုက်မယ်။(၁-ဣတ္ထိဓုတ္တ၊ ၂-ပုရိသဓုတ္တ၊ ၃-အက္ခဓုတ္တ၊ ၄-သုရာဓုတ္တ) အဲဒီ ၄-နံပါတ်အဖွဲ့ဝင်ဖြစ်ရမည် ဧကန်-ငွေအရေးအကြီးဆုံး။

ထိုနည်းတူစွာ-သတ္တဝါတိုင်းမှာ-လူတိုင်းမှာ ဘာအရေးကြီးသလဲ၊ အာဟာရ-ဘာသာပြန်(အစာ)တနည်း-ပင့်ဆောင်ခြင်းတနည်း၊ အားတိုးဆေးတနည်း၊ မျိုးသွင်းဘို့ တနည်း၊ ထမင်း ထမင်းစားသောက်ဘွယ်ဟူသမျှ အာဟာရ မှတ်လေ (ကဗဠီကာရအာဟာရ)ကိုရေးသည်၊(ကဗဠိ-အဆုပ်အခဲ) (အာဟာရ ရုပ်အားပေးအစာ) ဟောဒီကျမ်းစာ ရေးတယ်ဆိုတဲ့ လူခေါ် စရာရုပ်တွေထဲမှာ ကျုပ်ပါတယ် အာဟာရ ရုပ်ဆိုဒါကျုပ်-

## ဖိုးစာ-လောင်မီး ကျင်ကြီးကျင်ငယ် ရှိဘွယ်သွေးသား ငါးပါးအစာ အားမှာအဘို့ ၄ ဘို့ ပျောက်ပျက် နေ့စဉ်ဆက် ကြီးသျှော်ဒုက္ခ အာဟာရ မှုချ ငါးခန္ဓာ

ရုပ်ထဲမှာဆိုလျှင်-ကျုပ်က- ဗိုလ်ချုပ်အစစ် ဖြစ်ပါတယ်၊ ဘာကြောင့် အာဟာရမစားလျှင်- မစားမသောက်နိုင်လျှင်- မကျန်းမမာလျှင်- ဖျားနာလျှင်- ဒီအရေးပေါ် မင်္ဂလာပွဲကြီးဟာ- ပျက်စီးသွားရမယ်- သက္ကာယ ဒိဋ္ဌိအဖွဲ့ကြီးဟာ-ဝါ-လူဖြစ်ဘို့ရုပ်ဗုတ္တွေဟာ ဝါ-ယောက်ျားမိန်းမထင်ရအောင် ရုပ်အပေါင်းတို့ မရော့ရ- မဆုတ်ရလေအောင် ကျုပ်ကအားပေးလျက်ပါ မပြိုမကွဲ ·ဖရိုဖရဲ မဖြစ်ရအောင် မပျက်မချွတ်ယွင်းရအောင် ကျုပ်က ဘဲ ထောက်ပံ့ထားပါတယ်- အကယ်၍-ဒီရုပ်တွေဟာ ခဏခဏပျက်စေခါမူ၊ ပျက်မှန်းမသိဘို့ ကျုပ်ရဲ့အရေး- မကျန်းမမာသော်- ကျန်းမာ လာ အောင် ကျုပ်ကဘဲ-သွေးဆောင်ပြီး အာဟာရရုပ်ဖြစ်ဘို့ အဆီအနှစ်ရှိသော ဩဇာ

ခတ်များသော သစ်ဘီးသစ်ဥ-သစ်ရွက်သစ်သီး-ကျက်ဌက်စသော အစာ ကောင်းတို့ကို စားစေနိုင်းပါတယ်-သေမယ်အထိ ဖြစ်နေသော ရုပ်တွေကို လဲ ဩဇာအားသွင်းပေးဒါလဲ ကျုပ်အလုပ်- ဟိုအမိဝမ်းတွင်းမှာ ကတဲ က- သန္ဓေတည်ခါစ-သတ္တာဟ-အတွင်းမှာပင် မိခင်စားသမျှ-ဩဇာခတ် ဆီ တွေဟာ-ဝမ်းထဲက-ရေကြည်ရုပ်တွေကိုပင် အထောက်အပန့် ပေးနေ ပါတယ် ဒါ့ကြောင့်-

## သတ္တာဟ ယာပနတော ၇-ရက်အတွင်း
## အာဟာရရုပ်မျှတခြင်းကြောင့်

ဒီသားကောင်ဟာ-ကြီးထွားလာရတယ်-ပဌာန်းကျမ်းမှာလဲ အာဟာရ ဆိုဒါ- ၂၄-ပစ္စည်း လောကရေးထွင်လဲ ပါဝင်ပြီးဖြစ်ပါတယ်- အာဟာရ ကလဲ ယာခုမဂ်လာ လက်ထပ်ပွဲ အထမြောက် အောင်မြင်အောင် ကြိုတင် ၍ အကူအညီအဖြစ် သတိမလစ်တို့ရာ များများကြီး တာဝန်ယူပါတယ်ဗျား။

## တွဲဘက်ငွေထိန်းဟဒယ ဝတ္ထုရုပ်

အရင်းစစ်တော့-အမြစ်ဟာမြေကြီးထဲမှာ ယာခုဝိမုတ္တိယုဂခေတ်-ဆိုဒါ ဘာသာပြန်မှာ-မှန်ဒါပြောဆိုခွင့် မှန်ဒါရေးသားခွင့်-ခန္ဓာဒုက္ခမှ-လွတ်ငြိမ်း ချမ်းသာခွင့် တရားကိုဟောနိုင်ရမယ်- ပြောနိုင်ရမယ်- ဒါ့ကြောင့် ဝိမုတ္တိ ယုဂခေတ် ခေါ်တယ်မှတ်- ကွေ့ချောင်ပြီး စေ့လယ်ကြောင်ပတ် သွယ်ဝိုင်း နေဘို့မလို တဲ့တဲ့ပြောရရင် ဒီလူဖြစ်ထား- ကလလ ရေကြည်အခြေ တည် စ-က။

ဂဗ္ဘသေယျက သတ္တာနံပန-ကာယဘာဝ ဝတ္ထုဒသက သင်္ဂါတာနိ တီဏိ ဒသကာနိ ပါတု ဘဝန္တိ-

ပန-လူကောင်ဖြစ်ပြ၊ သန္ဓေတည်စကို ဆိုပေအံ့- ဂဗ္ဘသေယျကသတ္တာ နံ-အမိဝမ်းဗိုက်၌ အိပ်၍နေရသော သတ္တဝါတို့အား၊ ကာယဘာဝ ဝတ္ထု ဒသက သင်္ဂါတာနိ-ကာယ-ဘာဝ-ဝတ္ထုဟု ဒသက ခေါ် ဆိုအပ်ကုန်သော၊ တီဏိဒသကာနိ- သုံးမျိုးသော ဒသက တို့သည်၊ ပါတုဘဝန္တိ- ထင်ရှား ဖြစ်ကုန်၏။

ထိုဒသက- ၃-ခုတို့သည် ရေကြည်တည်စကတဲက- ပါလာကြကုန်၏၊ ပြောလိုဒါက-ဟဒယဝတ္ထုရုပ်ဟာ-နာမ်ဝိညာဏ်မှီတွယ်ဘို့ရာ ရေသောက် မြစ်ပမာ-ငွေထိန်းသူနဲ့မချား- နာမ်မျိုးစုံတို့၏ မှီတွယ်စရာတာဝန်ခံ- အ

ခြေတည့်စ ကတဲက ထမ်းဆောင်လာခဲ့ပါတယ်- သန္ဓေစိတ်၏ ကိုယ်စား ဖြစ်သော ယခုအထိ စိတ်တွေ ဖြစ်တိုင်းဖြစ်တိုင်းမှာလဲ ကျုပ်မှာသာ အရင်း ခံဘူပါဘယ်-စက္ခုဝိညာဏ်စိတ်သောတဝိညာဏ်စိတ်-ဃာနဝိညာဏ်စိတ် ဇိဝှာဝိညာဏ်စိတ်- ကာယဝိညာဏ်စိတ်- ထိုငါးမျိုးတို့သည် စက္ခု ဝတ္ထု စသော ဝတ္ထုရုပ်ငါးပါးတို့ကို မှီတွယ်၍ ဖြစ်ကြပါတယ်၊ ဒါလဲအခြေခံ တရား လိုက်ရှာမယ်ဆိုလျှင် ဟာဒယ ဝတ္ထုရုပ်ခေါ် နှလုံးသား နှလုံးသွေးမရှိ မပါလျှင် ဝိညာဏ်စိတ် ငါးမျိုးတို့လဲ မဖြစ်နိုင်ပါဘူး- ပြောချင်ဒါက ယောကျ်ား-မိမ္မအသင်ခံ အမာခံခန္ဓာရုပ်ထဲမှာ ကျုပ်ဟာ အတွင်းရေး အကျဆုံးဖြစ်ပါတယ်၊ ရုပ် ၂၈-ခုထဲမှာ တွဲဘက်ငွေထိန်း ဥပမာကဲ့သို့တွဲဘက် သက်စောင့် ရုပ်လဲ ဆိုနိုင် ပါတယ်၊ ယခုအရေးပေါ် မင်္ဂလာပွဲ မလုပ်မီ ကျင်းပသော အစည်းဝေးပွဲမှာ ကြိုဘင်၍ ဂရုစိုက်ရမှာ ကျုပ်၏ အရေးက ဘာလဲ- သွေးကောင်းဘို့ သွေးမှန်ဘို့ သွေးအား တိုးအောင် စိမံဘို့ ကျုပ် အလုပ် သွေးညီ ညွတ်ဘို့ နှလုံးသွေးအကျမှန်မှသာ စိတ်ကောင်းစိတ်ကြည် ဖြစ်မယ်-သို့မဟုတ်က-စိတ်လေစိတ်လွင့် စိတ်ရူးစိတ်နောက်ဖြစ်တတ်တယ်၊ တယောက်နဲ့ တယောက် အကြင်လင်မယားဘဝမှာ ချစ်ခင် ကျင့်နာသော (စိတ် ကောင်း နှလုံးကောင်း) ဆိုဒါ ဟာဒယဝတ္ထုရုပ်နှလုံးသား-နှလုံးသွေး ကောင်းမှသာ စိတ်ကောင်းစိတ်ကြည်နိုင်တယ်-ဟာဒယ ဝတ္ထုရုပ်ဟာဇီဝိတ ရုပ်နှင့် တန်းတူလိုက်၍ တွဲဘက်အဖြစ်-မသေမခြင်း-ဆောင်ရွက်ရတဲ့ အကြောင်းကို ရောက်လာကြသော ရုပ်အပေါင်း တို့က- ဩဘာ- ဟာဒယဝတ္ထု ရုပ်လဲ-သက္ကာယ ဒိဋ္ဌိအဖွဲ့ကြီးထဲမှာ သံသရာကို- မနားတမ်းလျှောက်သွား ပေါက်ဖွားနေကြတဲ့ ယောကျ်ားနဲ့မိမ္မတို့အပေါ်မှာ (ကာယရယ်-ဘာဝရယ် ဟာဒယရယ်) အသုံးအကျဆုံး အရေးအပါဆုံးဘဲလို့ သိစေ လိုပါတယ်- (ကာယကလဲ-ယောကျ်ားကာယ-မိမ္မကာယ)ဖြစ်ဘို့ ဟာဒယကလဲ-ယောက်ကျား ပာဒယ-မိမ္မဟာဒယံ အသုံးမထွေးကြစေဘဲ-နှလုံးသွေးကျပုံကို ခွဲခြား ထားပါတယ်-(စာဘတ်ဘျယ်ဘျယ်ဘတ်) ဒါကြောင့်-သန္ဓေတည်ဆဲ အစ ကတဲက-ဟာဒယတို့လျက် ပါနေပါတယ်လို့ ကိုယ့်တာဝန်ရှိသမျှ- အစီရင် ခံပါတယ်။

## ကော်မတီလူကြီး—စက္ခုပသာဒရုပ်

ဥပဒေနဲ့ပြောမှ လူလေးစားမယ်၊ ယုံကြည်မယ်၊ စကားတတ်တိုင်း ပြောသော်လဲ ပညာရှိအလယ်မှာ စည်းမျဉ်းပရိယာတ် ဥပဒေမတတ်လျှင် ရှက်ဖွယ် ဖြစ်တယ်- အဆင်းကို မြင်ဘို့ရာ ကျုပ်ကအရင်းခံဘဲ-(စက္ခုပသာဒ)မျက်

စိအကြည့်ရုပ် အရေးပေါ်လာလျှင် မျက်စိက ကြည့်လျှင် မမြင်ရ- ကိုင်း ဒီလိုဆိုလျှင် မျက်စိဟာ ခန္ဓာကိုယ်မှာ အသုံးအဝင်ဆုံး အမြစ်မူလ ဖြစ်လို့ စက္ခုသောတ-စသည်ဖြင့် ထိပ်ဦးကထား၍ဘုရားဟောရတယ်- ရေကြည် ရေမြှုတ် သွေးခဲ-သားတစ်-အဖုငါးတက်-ဘယ်လိုဘဲ ထွက်ထွက် မျက် စိ ရုပ် မပါခက်တယ်- လောကကြီးမှာလေ- မျက်စိကန်းတဲ့လူဟာ လူ ဖြစ် ကျိုး အရှုံးဆုံးမှတ်လိုက်- ဘောင်မှန်း မြောက်မှန်း- အရှေ့မှန်း အနောက် မှန်းမသိ အမိဝမ်းတွင်းကတဲက စက္ခုပသာဒရုပ်မပါလျှင် ရုပ်ပြစ်ရှစ်ပါး အပါအဝင်ဖြစ်တယ်၊ မိမိ၏လက်ခြေအသားအရေမှစ၍ အမိအဘ တို့ကို လဲ မမြင်ရ၊ ဘုရားသက်တော် ထင်ရှားကိုလဲ မဖူးမမြင်ရ၊ ရုပ်ပွါး စေတီ ဘုရားတို့ကိုလဲ မမြင်ရ၊ ကျုပ်ဟာ-အမိဝမ်းတွင်းကတဲက ဒိကာယဒသက ကလာပ်ပေါ်မှာ လိုက်ပါဆောင်ရွက်လျှက် နေပါတယ်-မမွေးမဖွါး ခင်က ဘဲ ပါလာကြောင်း ဥပဒေမှာ-

တတော ပရံ-ပဝတ္တိကာလေ-ကမေန
စက္ခုဒသကာ ဒိနိစ-ပဝတ္တန္တိ-

တတောပရံ- ထိုခက်မငါးဖြာ- သံကေသာတို့၏ နောက်မှ၊ ပဝတ္တိကာ လေ- ပဝတ္တိအခါ၌၊ ဝါ-ဖြစ်ပေါ်သင့်ချိန်၌၊ စက္ခုဒသကာ ဒိနိစ-စက္ခု နှင့် တကွ- ဇီဝိတအဋ္ဌကလာပ်- ပေါင်းရုပ်ဆယ်ခု စသည်တို့သည် ပဂတ္တန္တိ- ဖြစ်ပေါ်ကြကုန်၏- ဟူ၍- အထောက်အထားပြ၍- စက္ခုပသာဒရုပ်က အ စီရင်ခံစာ တင်သွင်းသွားတယ်-

## ကော်မတီလူကြီး သောတပသာဒရုပ်

ယခုကျင်းပရသောအစည်းဝေးပွဲကအရေးပေါ် အခွင့်အခါမှာစည်းဝေး ကြရတယ်- ကျုပ်တာဝန်ရှိဒါက- ဒီမင်္ဂလာပွဲမှာ-တယောက်နဲ့တယောက် ပြောကြဲဆိုကြတဲ့ အသံတွေကို အတိအလင်းကြားရအောင် နားရှင်းဘို့ဖြစ် တယ်-သောတပသာဒ နားအကြည့်မပါလျှင်- ဘိသိက်မြှောက်တဲ့ဆရာက ဘာကို ပြောသွား တယ်-ဘယ်လိုဆုမွှသွားတယ်-ခန်းဝင် ပစ္စည်းတွေကလဲ ဘာတွေ ဘာတွေပါတယ်-ဆိုဒါကိုမကြားရပါ-ဒါကြောင့်-ယခုကြုံတင် ၍ သတိပေးစည်းဝေးပွဲမှာ မင်္ဂလာကိစ္စနဲ့- ပတ်သက်ပြီး ပြောကြဆိုကြ သော စကားသံတွေကို ကြည်ကြည် လင်လင်- ရှင်းရှင်း-လင်းလင်း- ကြား စေဘို့ ဂရုစိုက်ပြီး ကြိုးစားပမယ်လို့-တာဝန်ယူကြောင်း-

## ကော်မတီလူကြီး-ဃာနပသာဒရှစ်

နေရာတိုင်း ပြောမယ်ဆိုရင်-သူ့အလုပ်နဲ့သူ အုပ်ချုပ်သူ ထိန်းသိမ်းသူ ရှိမှဖြစ်တယ် နှမ်းတစေ့နဲ့ ဆီမဖြစ်နိုင် ကိုယ်စီကိုင- တာဝန်ကျေအောင် ထမ်းဆောင်ကြရတယ် လောကကြီးမှာ- လူ၏အင်္ဂါတခု မပြည့် မစုံလျှင် အင်မတန်ရှက်စရာဖြစ်ပါတယ်- ဂန္ဓာရုံ-နှင့် ပတ်သက်လာသော် ဃာနပသာဒ၏ အလုပ်ဖြစ်တယ်၊ ကာမဂုဏ်အာရုံ လိုက်စားကြရသော သတ္တဝါတို့မှာ- အာရုံခံစားခြင်းသည်ပင် လိုရင်းအာဟာရဖြစ်တယ်- ဒါ့ကြောင့် သတ္တဝါတို့၏ အင်အားတပါးထဲမှာ ဃာနပသာဒခေါ်-နှာခေါင်းအကြည်ရုပ်သည် အရေးပေါ်အစည်းဝေးပွဲမှာ- ကျုပ်လဲ အင်မတန် အရာရောက်ပါတယ်လို့ အရေးဆိုလိုက်ပါသည်။

## ကော်မတီလူကြီး-ဇိဝှါပသာဒရှစ်

လျှာအကြည်ရုပ်၏ပြောဆိုချက် ဒီလို- မင်္ဂလာ လက်ထပ်ပွဲ လုပ်ခါမှ- ကျုပ်၏အရေးမဟုတ်ပါ နေ့စဉ်နေ့တိုင်း- ကျုပ်၏ အလုပ်တာဝန်ကြီးဖြစ်ပါတယ်-ယခုကဲ့သို့ စောစောကကြို့တင်ပြီး အရေးပေါ် အစည်းဝေးဖွင့်ရခြင်းမှာ ကျုပ်အတွက်အရာမှာတော့ အဆန်းမဟုတ်-ဘာ့ကြောင့်- ဒီလျှာရုပ်အကြည်မှ မရှိမပါကဲ့သော်-ဘယ်မှာအစာအဟာရစားသောက်လို့- ရနိုင်မှာလဲ့-နေ့တိုင်းစားသောက်တိုင်း-ဇိဝှါပသာဒ အလုပ် အကြည်ရုပ်၏တာဝန်ကြီးကို အမြဲတစေ-ထမ်းဆောင်၍နေရသဖြင့် မင်္ဂလာဆောင် အခမ်းအနားခွဲ- ကြွရောက်လာကြသော ပွဲနေပွဲထိုင်လူကြီးများကို-စားသောက်ဖွယ်မျိုးစုံတို့ဖြင့် ဧည့်ခံကျွေးမွေးရခြင်း (မောင်မယ်-၂ ဦး)တို့၏ ကြည်နူးချစ်ကြည်ရေး၌ ရသာအားရုံအလုံးစုံတို့ကို ကျကျနန အရသာရှိမရှိသိရအောင် အကြည်လာသမျှ ဇိဝှါပသာဒရုပ်၏- အလုပ်ဖြစ်ကြောင်းကို တင်ပြလိုက်ပါသည်။

## ကော်မတီလူကြီး ကာယပသာဒရုပ်

ဖေါဋ္ဌဗ္ဗာရုံမှန်သမျှ-ဟောဒီကာယပသာဒရုပ်၏ အလုပ်ဖြစ်တယ် ကာယအကြည့်မဟုတ်လျှင် ဘာမှအတည်လုပ်၍မရ ကာယဆိုဒါ- ကိုယ်ခံခါတ်မှာ- ကြီးကျယ်သောဌာနချုပ်ဖြစ်တယ် ယခုကဲ့သို့ အရေးပေါ် အစည်းအဝေးမှာ ခန္ဓာကိုယ်ရုပ်ကြီးဟာ- အင်မတန်မှ ကျန်းမာဘို့လိုတယ် ယခုအခါမှ သိမ်မွေ့နူးညံ့မှုဖြစ်ရအောင်- ကြိုးစားရတယ် ဒီကာယကြီးမှာ-

ပွေးညှင်း- တင်းတိပ်- ခရုသင်း- ဝဲယားနာစသော ရောဂါဝေဒနာ ထုံနာကျင်နာကိုယ်တချမ်းသေ- ဒူလာပါဒရက်ယောင်ခြင်း ဖေါခြင်းစသော အနာရောဂါတို့ဖြစ်ပေါ်နေခဲ့သော် အရေးပေါ်တဲ့ အချိန်မှာ-အသုံး မဝင်နိုင်ပါ-စက္ကူ-သောတ-ဃာန-ဇိဝှါ-၄ ဒွာန-ပသာဒဆိုဒါလဲ-ကာယပေါ်မှာ မှီခိုကြရပါတယ်ကာယရုပ်ကကျန်းမာကြည်လင်မှသာ ပြင်ပဖြစ်သော-အာရုံကာမဂုဏ်ငါးပါးတို့ကို-ထိထိခိုက်ခိုက်-လိုက်စားနိုင်ကြရမယ်ဒါကြောင့် အိမ်ထောင်ကိစ္စ ၂ ဒွာနအရှုပ်မှာ ကာယရုပ်သည် အရေးပါ အရာဝင်ကြောင်း သိစေလိုက်သည် (ကိုယ်ကာယ-ကိုယ်တွေးကြ)

---

## ကော်မတီ ရူပရုပ်

ဒီအချက်မှာ- ဝဏ္ဏခေါ်-ရုပ်ဆင်း သဏ္ဍာန်လှလှပပဖြစ်စေရမယ် မလှလှအောင်ပြုပြင်ရမဲ့ အချက်ကောင်းဖြစ်တယ် ဒိဋ္ဌာရုပ် အပေါင်းထဲမှာ ဝဏ္ဏရုပ်ဟာအရေးအပါဆုံးဖြစ်ပါတယ် ဣတ္ထိဝဏ္ဏသည် ပုရိသ၏ဟာဒယ၌ ပုရိသ၏ဝဏ္ဏသည် ဣတ္ထိ၏ ဟာဒယ၌ စွဲလမ်းသွားအောင် ဖန်ဆင်းပြရမယ် ဒိဋ္ဌာတခုလုံးမှာ အဆင်းရုပ်သည် အခြေခံဖြစ်တယ် ယခုလို အိမ်ထောင်မင်္ဂလာမပြုမီ အရေးပေါ် အစည်းဝေးပွဲမှာ ယောကျ်ားကလေးရဲ့ စက္ခုပသာဒရုပ်၌ မိန္ဒကလေး၏ ဝဏ္ဏရုပ် ကွက်ကွက် ကွင်းကွင်းမြင်စေဘို့ တနည်း မိန္ဒကလေးရဲ့ စက္ခုပသာဒ၌ ယောကျ်ားကလေး၏ ဝဏ္ဏရုပ် ကွက်ကွက်ကွင်းကွင်း မြင်စေဘို့ရာ လူ့ဘဝအလုပ်၌ ရူပရုပ်သည်သာ အရေးကြီးကြောင်း တင်ပြပါတယ်။- (စဉ်းလဲစဉ်းစားကြ)

## ကော်မတီ သဒ္ဒရုပ်

ဥပဒေ လက်လွတ် ပြောရလျှင် အများ မကြည်ညို မလေးစားဘူး- အင်္ဂုတ္တိုရ်ပါဠိတော်မှာ ထင်ရှားစွာ ဘုရားဟောထားပါတယ်။ ယောကျ်ားတို့၏ အသံကို မိန္ဒမျှား၏နားမှာ - အဝင် ချိုတယ်။ မိန္ဒတို့၏ အသံသည်-ယောကျ်ားများ၏နား၌ သာယာတယ်ဆိုတာ သိကြမှာဘဲ ရုပ်ခြင်း ထိခိုက်လို့ ပေါ်ပေါက်လာသောအသံပေမဲ့ သူတထူးရဲ့နားတွေမှာ နားထောင်လို့ မငြီးအောင် ပြောတတ်ဆိုတတ်ရမယ် တယောက်နဲ့တယောက် ချစ်ကြည်ရေးအဆိုအခြေပြုလုပ်တဲ့အခါမှာ သာယာနာပျော်ဘွယ်ဖြစ်အောင် အရေးပေါ်အစည်းအဝေး၌သဒ္ဒရဲ့အရေးဟာ လိုရင်းအချုပ်တခုဖြစ်ကြောင်းအစီရင်ခံပါတယ်-(လိုရင်းတိုတိုဘဲ ပြောပြပါတယ်)

## ကော်မတီ ဂန္ထရုပ်

မသန့်သော အနံ့တို့ကို သုတ်သင် ဆေးကျောပြီး အလွန် နှစ်သက်လာအောင် ကိုယ်၏အနံ့တို့ကို ဖြစ်စေတို့ အချက်ပေါ်လာပြီ ရေမွှေး-ပေါင်ဒါ-နံ့သာဆီ သနပ်ခါးစသော အမွှေးအနံ့တို့ကို သင်းပျံ့ကြိုင်လှိုင်စွာ ပြုပြင်ရမှာက ကျုပ်အလုပ်အစစ်ပါဘဲ အများတကာတို့၏ နှာခေါင်း၌ မခံသာသောအနံ့ မဖြစ်စေရ မိမိအား ချစ်ခင်နှစ်သက်လာအောင် မခွဲနိုင်မခွါရက်ရာသတ်ပန်ဆက်ဆံခြင်းစိတ် ပေါ်လာအောင် လမ်းပြဘို့အလုပ်က ဂန္ထရုပ်၏ တာဝန်ဖြစ်ကြောင်း ပြောပြရပါတယ်-(စာကျယ်ကျယ်ဘတ်)

## ကော်မတီ ရ သ ရုပ်

ဒိခဲ့ဒမှာ ရသရုပ်ကို လူတိုင်းသိတ္တိကြပ်တယ် ရ သ ရုပ်ကို သိတ္တိရာမှာ ဇိဝှါ ပသာဒ၏ အလုပ်လဲ ဟုတ်တယ် ဟဒယ ဝတ္ထုရုပ်၏ အလုပ် ဆိုလဲ ဟုတ်တယ် ဘာ့ကြောင့် ကာမဂုဏ်ငါးပါး၌ ပါဝင်သော ကာမ ရသ ကို စွဲလမ်းသွားဘို့ရာ ရ သ ရုပ်၏တာဝန်ဝတ္တရားဖြစ်၏၊ တယ်ယဉ်ပါကလား တယ်ကောင်းပါကလားလို့စိတ်နှလုံး၌ထိခိုက်စူးယှာသွားအောင် ရ သ ရုပ်က အားပေးလျှက်ဖြစ်ကြောင်း အရေးပေါ်အစည်းအဝေးပွဲမှာ အားလုံးစိတ်ချရအောင်ဲ့အဆိုတင်လိုက်ပါတယ်-(ဒိအချက်-နက်တယ်)

## ကော်မတီ ဝိညတ်ရုပ်

သူများတွေက ကိုယ့်အခန်းနဲ့ ကိုယ် ဆိုင်ရာဆိုင်ရာ ပြောသွားကြတော့ မပြောမဖြစ် မပြောလဲမသိ ပြောရမှာဘဲ ရုပ်ပေါင်း ၂၈-ပါး အစည်းအလုံး သတ္တာယဒိဋ္ဌိအဖွဲ့ကြီးဆိုဒါလဲ ကမ္ဘာပေါ်မှာ နာမည်ကြီးတယ် ဘာ့ကြောင့် နာမည်ကြီးပါသလဲ သတ္တဝါတယောက် ဖြစ်ဘို့ရာ စိမံအုပ်ချုပ်တတ်တယ် သတ္တဝါများစွာ ဖျံ့ပွါးအောင်လဲ လုပ်တတ်တယ် ပောဒိခန္ဓာကြီးကို သတ္တဝါမျိုးစုံဖြစ်ဘို့ ဖန်တီးတတ်တယ် ဒါ့ကြောင့် ရုပ် ၂၈-ပါး သတ္တာယဒိဋ္ဌိအဖွဲ့ကို သာမန်ဉာဏ်မျိုးနဲ့ ဖြိုဖျက်လို့ မရနိုင် ဘုရားဉာဏ် ရဟန္တာဉာဏ် အနာဂါမိဉာဏ် သကဒါဂါမိဉာဏ် သောတာပန် ဉာဏ်မျိုး တို့နဲ့သာ ဖြိုဖျက်ပြီး မှိုလ် မင်္ဂသို့ကူးမြောက်နိုင်တယ် အန္ဓဗာလယောကျ်ား အန္ဓဗာလမိန္မတို့ကို အကောင်အထည် ရုပ်လုံးပေါ်အောင် ရုပ် ၂၈-ပါးတို့က ပေါင်းရုံး၍ မျက်လှဲ့ပြနေခြင်းဖြစ်တယ်ရုပ် ၂၈-ပါးထဲမှာ ကာယတကိုယ်လုံးက လှုပ်ရှားမှုဟာ ကာယဝိဉာတ်ပါဘဲ အရေးပေါ် မင်္ဂလာဆောင်ကြမဲ့

ဖာခမ်းအနားမှာ ကိုယ်လက် ကြံ့ခိုင်ရေးမှာ ကျုပ်ကဆောင်ရွက်မယ် သွားမှု-လာမှု အနေအထိုင်စသော လှုပ်ရှားမှု ဟူသမျှ ကာယဝိညတ်၏ အလုပ်ပါဘဲ။

ပြောမှု ဆိုမှု နှုတ်အမူအရာ ဆိုသမျှ ဝစီဝိညတ်၏ အလုပ် ဖြစ်ပါတယ် ယောကျ်ားကလေးကလဲ အနေအထိုင် အပြုအမူ ကျစ်လစ်ဖို့ မိန်းကလေးကလဲ ချိုချိုသာသာ ပြောဆိုဖို့ တယောက်နဲ့တယောက် သင့်မြတ်အောင် ဆက်ဆံကြဖို့ရာ ရူပနိကာယ်ဆိုသော ကာယဝိညတ် သဒ္ဒနိကာယ်ဆိုသော ဝစီဝိညတ်တို့၏အလုပ်တာဝန်ဖြစ်သည့်ကို အရေးပေါ် အစည်းအဝေးပွဲမှာ အလွှဲ့ကျ အဆိုတင်သွင်းပါကြောင်း။

## ကော်မတီ ဝိကာရရုပ်

ဇုတ္တိ ပုရိသ-ဖြစ်သော-သတ္တဝါယဇ်ဒွီ အဖွဲ့ကြီးမှာ-ကျုပ်တို့ ဝိကာရရုပ်မပါလျှင် ဘယ်တော့မှမဖြစ်နိုင်ကြောင်းကို တပါးစီတပါးစီတင်သွင်းသွားမည့်ဖြစ်ကြောင်း။

၁-ရူပဿလဟုတာ-က-ဒီလိုပြောတယ် ခန္ဓာတကိုယ်လုံး၌-ရုပ်၏-လျှင်မြန်သွက်လက်ပေါ့ပါးခြင်းမှာ ကျုပ်ကဘဲအစစ တာဝန်ယူမယ်။

၂-ရူပဿမုဒုတာ-က-ဒီလိုပြောတယ် ခန္ဓာတကိုယ်လုံး၌ရုပ်၏ အတွေ့အထိ ပြေပြစ်ခြင်း ချောမွတ်ခြင်း နူးညံ့ခြင်း တယောက်နဲ့တယောက်ချစ်ခင်နှစ်သက်လာအောင် ဆောင်ရွက်ဖို့အလုပ်မှာ ကျုပ်ကဘဲ အစစတာဝန်ခံပါတယ်။

၃-ရူပဿ ကမ္မညတာ-က-ဒီလိုပြောတယ် ခန္ဓာတကိုယ်လုံး၌ တောင့်တင်းခြင်း ခိုင်မာခြင်း ခန့်ခန့်ညားညား ဖြစ်စေဖို့ဘက်က ကျုပ်ကဘဲအစစ တာဝန်ထမ်းပါတယ်။ စသည်ဖြင့် သူ့တာဝန်နှင့်သူ တမျိုးစီ တဖုံစီ ပြောင်းလွဲပြီး အရေးပေါ်စည်းဝေးပွဲမှာအထူးပိုရှိ၍အလုပ်တာဝန်ကြေပွန်အောင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း စုံရာတို့ရှေ့တွင် အတိအလင်းအလွှဲ့ကျ ပြောဆိုတင်သွင်းသွားကြသည်။

## ကော်မတီ လက္ခဏရုပ်

၁-ဥပစယအဆို-ဒီခန္ဓာကိုယ်ကြီးပွားအောင်ဝပြိုးအောင်အလုံးအထည်ထွားကြိုင်းအောင် ကျုပ်အလုပ်ဖြစ်တယ်-

၂- သန္တတိ -အဆို- ယောဒီ ခန္ဓာ ကိုယ် ရုပ် တုံး ကြီးကို မိန်းတွေကယောကျ်ားထင်ရအောင် ယောကျ်ားများကလဲ မိန်းထင်ရလေအောင် အ

ဆက်မပြတ်ရအောင်တရစ်စိတရစ်စိဖြစ်ပျက်နေမှုန်းကိုမသိမမြင်နိုင်အောင် အဟုတ်မက်စရာရစ်ဆက်ခါလုပ်လုပ်နေဒါကျုပ်ပါဘဲ။

၃-ဇရတာအဆို-အရေးပေါ်အစည်းအဝေးပွဲဆိုဒါခါတိုင်းလဲမလုပ်ပါဘူး အင်မတန်အရေးကြီးလွှန်းတဲ့အခါမျိုးမှာသာ ပြုလုပ်ခြင်းဖြစ်ပါတယ် ယခုမင်္ဂလာဆောင်ခေါ် ထိမ်းမြားဘို့အချိန်အရွယ်ရောက်အောင် လူပျိုလူ ရွယ်ဖြစ်ဘို့ အပျိုအရွယ်ရောက်ဘို့ ရစ်တို့ကိုတဖြည်းဖြည်း ရင့်ရော်အောင် ၁၀ နှစ် ၁၂ နှစ်အရွယ်မှ ၁၅ နှစ် ၁၆ နှစ်အရွယ်သို့ မရောက်ရောက်အောင် ဆွဲဆောင်နေဒါကျုပ်ပါဘဲ- စသည်ဖြင့် တလဲစီ သူ့မှတ်တမ်းသူ သူ့မှတ် ချက်နဲ့သူ(လက္ခဏာ)ရစ်-၃ပါးတို့က သင်္ခါယမိဋ္ဌိအဖွဲ့ထဲမှာ အတွင်းကျ ကျ ဆောင်ရွက်ပေးနေကြောင်းကို အစီရင်ခံစာ တင်သွင်းသွားကြတယ်-

---

## ကော်မတီတေဇော

အာရောဂျံ ပရမံ လာဘံ-အာရောဂျ-ရောဂါဝေဒနာ ကင်းရခြင်းသည်၊ ပရမံ - မွန်မြတ်လှသော၊ လာဘံ-လာဘ်မျိုးစုံ ရခြင်းပေတည်း - သီတေန ပိရပ္ပတိ-အဝေါတ်ကြောင့်လဲဟောဒီရစ်ဘောက်ပြန်တယ်-ဥဏှေန ပိရပ္ပတိ-အပူခါတ်ကြောင့်လဲ ဟောဒီရစ်ဘောက်ပြန်တယ် ဘောက်ပြန်တယ်ဆိုဒါ ဘာလဲ လူနေမကောင်းဒါ မကျန်းမမာဖြစ်ထာခေါ်တယ် အဲဒီတော့ယခု မင်္ဂလာပွဲနီးလို့အရေးပေါ်အစည်းအဝေးပွဲမှာကျုပ်အရေးဆိုရမှာကကျန်း မာဘို့-ဥတုညီမျှဘို့-စားမှု-သွားမှု-နေမှုထိုင်မှု-အိပ်မှုမှစ၍မကျန်းမမာမဖြစ် ရအောင်ယောကျ်ားကလေးရော- မိန်းမကလေးရော တင့်တင့်တယ်တယ်- ဖွယ်ဖွယ်ရာရာဖြစ်အောင်-နေထိုင် စားသောက် ကောင်းအောင် လှလှပပ- ဝဝဖြိုးဖြိုးဖြစ်အောင် လူရေးလှဘို့-အပူအမျှော့ဘို့-တာဝန်ယူကြောင်းကို အ တိုချုပ်-ရှင်းပြရပါတယ်။

## ကော်မတီ-ဝါယော

မိမိဘို့ စွမ်းနိုင်တဲ့ဘက်က - အသီးအသီး ထမ်းဆောင် ကြရဒါဘဲ ဒီအတ္တဒိဋ္ဌိ အဖွဲ့ကြီးမှာ ငါသူတပါး ယောကျ်ား-မိန္မ- ပုဂ္ဂလ သတ္တ-ဇီဝ ဒါလိုထင်ရှားစေဘို့ရာမှာ-ဝါယောတို့ကရှေ့ဆောင်ဖြစ်ပါတယ်၊သိတဲ့ ပါး တဲ့ လူတွေကတော့- သိကြ ပါးကြမှာဘဲ၊ မသိ မပါးကြတဲ့ လူတွေကလဲ အနန္တ ဆိုဒါလဲ ဟုတ်ပါတယ်၊ ယခုတွင်က အဆိုရှင်တွေ အဆိုတင်သွား ကြဒါ- ကျုပ်ကြားရတယ်- ကာယ ဝိညတ်နဲ့ဝစီဝိညတ် ညီအစ်ကို ကော်

မတိ ၂-ယောက် ပြောသွားတဲ့ စကားထဲမှ အမှုမဲ့ အမှတ်မဲ့- နား ထောင်နေကြတဲ့ ရုပ်အပေါက်တို့ကတော့- ဒီညီအစ်ကို ၂-ယောက်၏ စကား ဟာ တယ်ဟုတ်ပါကလားလို့- ထင်ကြပေမယ်- ထင်လဲထင်ထိုက်ပါတယ်- တချက်စဉ်းစားကြည့်တို့က (စာဘတ်မလောနဲ့ မမြန်နဲ့-အလုပ်ရှိရင်-စာ အုပ်ကို ရောက်တဲ့နေရာကို မှတ်ထားပြီးချထားပါအုန်း)

၁။ ကိုယ်လှုပ်ရှားဒါ-ကာယဝိညတ်ရုပ်လား- ဝါယောဓာတ်လား။
၂။ နှုပ်လှုပ်ရှားဒါ-ဝစီဝိညတ်ရုပ်လား-ဝါယောဓာတ်လား။

အဲဒီ ၂-ချက်စဉ်းစားဘို့ အရေးကြီးပါတယ်- ဝိပဿနာ တရားကို သိတယ်- လေ့လာတယ်- ဟောပြောတယ်- ပွါးများတယ်-ဉာဏ်ရတယ် ဆိုပေမဲ့ ဉာဏ်ဟာ-သုတဉာဏ်လား-စိန္တာဉာဏ်လား- ဘာဝနာဉာဏ်လား- မိမိကိုယ်မိမိ ခွဲခြားပြီးသိတတ်ဘို့ စဉ်းစားတတ်ဘို့လိုပြန်တယ် ဘာ့ကြောင့် ကာယဝိညတ်ရုပ်နဲ့ ဝါယောနဲ့ ထွေးရှုပ်နေတဲ့အသိဟာ-သောတာပန် ဝေးရော-ကလျာဏပုထုဇန်တောင် ဖြစ်ဘို့ခက်ပါတယ်-ဒါဘာ့ကြောင့်လဲ(ဆရာဆရာ-ဆရာ)ဆရာ ကောင်း လိုသနေ၁်- ဝါယောက ကော်မတီက ဆရာကောင်းတွေ့ရင်တွေ့ မတွေ့လျှင် ဝါယောကို ကာယဝိညတ် ထင်ရမယ်-ဝစီဝိညတ်ကိုလဲ ဝါယောနဲ့ ထွေးရှုပ်နေရမယ်ဧကန်- တချို့ နိဗ္ဗာန်လမ်းပြဆရာ လုပ်တယ်- ပရိယတ်က-ဘာတလုံးမှ ကျကျနန မတတ် ခက်ထာဘဲ (ပရိယတ်ဂုဏ်ထက်သာဒါက-သက်နီးဂုဏ် သက်နီး-သက်နီး) အန္ဓ ဗါလတို့က-သက်နီးဝတ်လျှင် တရားရှိပြီထင်ကြတယ်-တရားရပြီထင်တတ်တယ်-စာတတ်တယ် မှတ်ရတယ် သက်နီးနှင့် ဟန်ပါလျှင် ရဟန္တာ ထင်ကြရတယ်- သက်နီးဝတ်တိုင်း သက်နီးနဲ့နေတိုင်း စာတတ်ချင်မှ တတ်မယ်- တရားရှိချင်မှ ရှိမယ်- တရားရချင်မှရမယ်-ရဟန္တာဟန်ဆောင်နေပေမဲ့ ဟုတ်ချင်မှ ဟုတ်မယ်-ကြပ်ကြပ်စောနကြ ယောဂီတို့ -နားထောင် ဝါယော၏ အလုပ်ကိစ္စကို ပြောပြမယ်-သွားတယ်-ရပ်တယ်-ထိုင်တယ်-ထတယ် ကုန်းတယ်-ကွတယ်-ကော့တယ်-လှန်တယ်-လျှောင်းတယ်-ပြုံးတယ်-မျက်စပြစ်တယ်-မျက်ခုံးချီတယ်- လက်လှုပ်-ကိုယ်လှုပ်-ခါးညွှတ်- ခြေဆန့်လက်ဆန့် ခေါင်းခါ၊ခေါင်းငုံ့၊ထမ်းခြင်း၊ရွက်ခြင်း၊ဆဲဆိုခြင်း၊စကားပြောခြင်း၊ တရားဟောခြင်း၊ဂါထာရွတ်ခြင်း၊လေသံမှုပြောခြင်း၊ဘုရားရှိခိုးဆိုခြင်း၊စာအံခြင်း လက်အုပ်ချီခြင်း ကျမ်းစာရေးခြင်း သီချင်းဆိုခြင်း ငိုကြွေးခြင်း ချစ်စကား ပုံးစကားပြောခြင်း ပွေ့ဘက်ခြင်း လူးလှိမ့်ခြင်း ပက်လက်လှန်ခြင်း မှောက်ရက်နေခြင်း ဂွမ်းပြစ်ခြင်း လက်ခုပ်တီးခြင်း လက်ယပ်ခေါ်ခြင်း မေးငေါ့

ခြင်း မေးထိုးခြင်း ကိုယ်ကာယနဲ့နှုပ်ဝစိတွေ လှုပ်ရှားတိုင်း-တနည်းမလှုပ်ဘဲ ခိုင်မာ တည်တန့်နေတိုင်း ဘယ်သူမှမဟုတ် ဝါယောကကျုပ်-လှုပ်လှုပ် မလှုပ်မလှုပ်-ကျုပ်ပါဘဲလို့ အရေးပေါ် အစည်းအဝေးပွဲကြီးမှ အလွဲ့ မကျေသေးလို့သာ ဥက္ကဋ္ဌ=အတွင်းရေးမှူး ရာထူးတိုက်ကို မရပေမဲ့ အောက်ဆုံးတန်း အပေါ်အမည် အခြေဖြင့် ဝါယောက- ကော်မတီအနေနှင့် စကားရိပ် ပေးသွားပါတယ်-

ဝိညာတ်ဗွေးနှင့်-ဝါယော-စဉ်းစားခမ်း။

---

## စာရင်းစစ်-အနိစ္စတာရုပ်

လောကကြီးမှာ ငွေအရေးကြီးတယ်- ငွေဝင်ငွေထွက်ကို နားလည်မှ အရနဲ့အကုန်ကိုနားမလည်ရင်-ဒီလူဟာအောက်တန်းအယုတ်ဆုံးဖြစ်ရမယ် မိမိ၏တိုင်းပြည်မှာ ဖြစ်စေ တနည်း-မိမိနဲ့ သက်ဆိုင်သော လုပ်ငန်းမှာဖြစ်စေ မိမိ၏နေအိမ်မှာဖြစ်စေ ငွေဝင်ဒါဘယ်မျှ-ငွေကုန်ဒါ ဘယ်လောက်ဆိုဒါကို စာရင်းတွက်တတ်ဘို့ အရေးကြီးသလို- လူတယောက်ဖြစ်ဘို့ အဏ္ဍဇဗြဟ္မအဖွဲ့ ယောက်ျားတယောက် ကျကျနန အသက်ရှင်ဘို့ သဏ္ဍာယဗြဟ္မ အဖွဲ့ မိန်းမတယောက် အင်္ဂါပြည့်ပြည့်စုံစုံ ဖြစ်လာရဘို့ မိန္ဒာဗြဟ္မအဖွဲ့ ဖွဲ့တယ်ဆိုဒါဟာလဲ ဘယ်အဖွဲ့မဆို ငွေအင်အားရှိမှ အရာခပ်သိမ်းကို ထမြောက်အောင် ဆောင်ရွက်နိုင်ကြမယ်- ငွေအင်အားရှိပြန်သော်လဲ- အရ နဲ့ အကုန်တွက်တတ် စစ်ဘတ်ဘို့ လိုဒါမျိုး- ဒီသဏ္ဍာယဗြဟ္မ အဖွဲ့ကြီးမှာလဲ ဘယ်ရုပ်ဟာ ဝင်လာတယ်- ဘယ်ရုပ်ကတော့ ထွက်သွားတယ်ဆိုဒါ မျက်ခြေမပြတ်စောင့်ကြည့်နေဒါကျုပ်-

### စာရင်းစစ်အရာရှိခန့်တာခ-အနိစ္စတာရုပ်

တာ-တလုံးထူးတယ်- အနိစ္စရုပ်နာမည် မဆိုပါဘဲ ဘာ့ကြောင့် အနိစ္စတာ-လို့ နာမည်တက်ပါသလဲ၊ ယခုချက်ခြင်းစဉ်းစားကြပါ စုံစမ်းကြပါ- မေးမြန်းစစ်ဆေးကြပါ၊ ရုပ်တခု၏ အနိစ္စကို ဆိုသည်မဟုတ်၊ ရုပ်အပေါင်း၏ အနိစ္စအဖြစ်ကို ဆိုလိုသောကြောင့် တာ-တလုံးတိုးတယ်၊ ပြန်ရှင်းအုန်းမယ် (အနိစ္စသဘာဝေါ) အနိစ္စဘာ-အနိစ္စသာ- မမြဲခြင်း၏၊ဘာဝေါ-အဖြစ်တည်း။ အနိစ္စတာ- မမြဲခြင်း၏အဖြစ် - ဘာသာပြန်မှာ ပြဆိုခဲ့သောရုပ်တွေ တနည်း-ယခုကျမ်းစာရေးနေသော ရုပ်တုံးကြီးဟာ မမြဲသောအဖြစ်ဆိုလို၏- (ဖြစ်သော်လဲ-မမြဲသော အဖြစ်မှတ်)

ကျုပ်ပြောလိုဒါက-ရှေ့က တလှဲ့စီ သူ့ကိစ္စနဲ့ သူဆိုင်ရာဆိုင်ရာ တွေကို ယခုအရေးပေါ် မင်္ဂလာပွဲမှာ မမေ့တန်း ဆောင်ရွက်ဘို့ကို ကြိုတင်၍ အစည်းအဝေးပွဲ လုပ်တယ်ဆိုပါတော့ လုပ်ပါလုပ်ကြပါ- ဒီလိုမှ- အိမ်ဆောင် မင်္ဂလာပြုစ ရက်နေ့မှာ သက်ဆိုင်ရာအလုပ်ကိစ္စအတွက် အမှုထမ်း မကြေပြွန်ကြလျှင် လောကကြီးမှာ ဘယ်လို့ပြည့်ရယ်လို့ ခေါ်ဆိုနိုင်မှာလဲ- စဉ်းစားကြပါ- အာကာသဓာတ်ဖြစ်သော နာယကကြီးကလဲ ဒီမင်္ဂလာပွဲမှာ ယောကျ်ားကလေးနှင့် မိန္မကလေးတို့၏ လက်ထပ်မင်္ဂလာ ပွဲထိုင်သို့ ရောက်လာ အားပေး ကြသော- ဘိသိက် မြှောက် တတ်တဲ့ ဆရာမှ စ၍ ယောကျ်ားကလေးဘက်-မိန္မကလေးဘက် ၂-ဘက်စလုံး ရောက်ရှိလာကြသော ပရိသာတ်တွေကို ပုဂ္ဂလအလုံးပေါ်အောင်- ရုပ္ပဂုဏ် မြင်ရအောင် ပုရိသဂုဏ်လဲ မညှိုးငယ်ရအောင် အသီးသီးဆောင်ရွက်ကြခဲ့ ပသာဒရုပ် ၅-ပါးတို့ ဘူတရုပ် ၄-ပါးတို့ ဘာဝရုပ်စသည်တို့က အထူးတလည် ဂရုစိုက်ပြီး သတိမူနေကြဒါကိုလဲ ဝမ်းသာပါတယ်-အားရပါတယ်- သို့သော် ကျုပ်၏ ကိစ္စကဘာလဲ-လက္ခဏာရုပ်အမည်ခံထားတယ်- ကျုပ်၏ မိတ်ဆွေ ၃-ယောက်-ဥပစယရယ်- သန္တတိရယ်- ဇရတာရယ်- အနိစ္စရုပ်တို့နှင့် တကွ- ဒီမင်္ဂလာပွဲမှာ ပါဝင်အသုံးတော် ခံရမယ်- မင်္ဂလာပွဲမှာ ကျုပ်တို့ ပါတယ်ဆိုဒါ အန္ဓဗာလတို့ သိခဲ့ပါတယ်- မင်္ဂလာရှင်ဖြစ်သော ယောကျ်ားကလေးနဲ့ မိန္မကလေး ၂-ယောက်ကလဲမသိ- မိဘ ၂-ဘက်စလုံးကလဲ သိတ္တိကြဝ်ပါတယ်- လက္ခဏာရုပ် ၄-ခုဟာ အရေးပေါ် အစည်း အဝေး မှာ ဃရာဝါသ အခမ်းမှာ သတိမလစ်တို့ စည်းဝေး တယ် ဆိုဒါကို ဘိ သိက်မြှောက်တဲ့ ဆရာလဲမသိပါဘူး- မင်္ဂလာပွဲကို လိုက်ပါဆောင်ရွက်ကြသော မင်းတွေ-သူဌေးတွေ- အမျိုးရန်တွေ- လူမျိုးရန်တွေ မသိနိုင်ဘူး- အသက် ၄၀-၅၀-၆၀-၇၀ ရှိကြသော လူကြီးတွေကကော- လက္ခဏာရုပ်တို့ဟာ ဒီလက်ထပ်ပွဲမှာ ဘယ်သို့ဘယ်ပုံ ဆောင်ရွက်တယ် ဆိုဒါလဲ သိတ္တိကြဝ်ပါတယ်-

## အာလောကဒီပနီကိုကြည့်ဘူးသူ၊ အနန္တဉာဏ်ကိုရပြီးသူ အရိယာအထက်တန်းတို့ကတော့ သတိမူကြလျှင် သိခြင်းလဲသိကြမယ်။

ရုပ်ဖြစ်လျှင်-ပျက်ဘို့ ကျုပ်လုပ်ရမယ်-ရုပ်တိုးပွါးလျှင်- ဆုတ်ယုတ် ဘို့ ကျုပ်အလုပ်- ပထဝီခေါ် ကျန်းမာ တောင့်တင်းလာရင် မကျန်းမာအောင်

လုပ်တို့ ကျုပ်အလှဲ့(စာရွက် ဖြည်းဖြည်းလှန်-တံတွေးမဆွတ်နဲ့)ကိုယ် အမူ အရာ ဟန်ပြ နှုတ်အမူအရာ အပြအပြစ်-ဒီလိုဝိညတ်ရုပ်တို့က သတ္တိကိုပြကြ လျှင် လက်ခြေ မလှုပ်ရှားနိုင်အောင် စကားထင်သလို မပြောနိုင်အောင်- ဒါကျုပ်မှတတ်နိုင်ဒါ-(စာရင်းစစ် ခန့်တယ်ဆိုဒါ) လှုဝင်လှုထွက်-ရုပ် ဝင် ရုပ်ထွက်ကို ဘေးက စောင့်ကြည့်နေတယ် ယောဂီတို့- ဇူတ္တိ ဘာဝရုပ် နှင့် ပုရိသဘာဝရုပ် တို့က- ဝဏ္ဏ- သဒ္ဒ- ဂန္ဓ- ရသ- ဖေါဋ္ဌဗ္ဗတို့ နှင့်တွဲ၍ အာရုံ ခံ ဂေါစရရုပ်တို့ကို အ ဖေါ် သဟဲ ပြုကြရတယ်- ပြုပေစေ - ဘယ် လို ဘဲ- လှလှ ပပ ဖြစ်အောင် စိမ်ပေမဲ့- အဲဒီခြားထဲက ကျုပ်က အမြတ်နီးပါ တယ်- သွေးအားတိုးလျှင်-သွေးဆုတ်တို့-သွေးခမ်းချောက်တို့ တာဝနက- ကျုပ်၏ ရာထူးမှတ်ပါ၊ အန္တဗာလတို့က၊အသက် ရှည်အောင်လုပ်တယ်၊ ရုပ် ဇီဝိတိန္ဒြေကလဲ- ရုပ်အပေါင်းတို့ကို- ထိန်းသိမ်း စောင့်ရှောက်ရတယ်၊ ကျုပ် အနိဋ္ဌတာကလဲ အခြား ရုပ်တွေကိုကော- ရုပ်စောင့် ရုပ်ကို ကော ပျက်တဲ့အထဲထဲ့ရမယ်၊ ဘယ်ရုပ်၏မျက်နှာကိုမှ မထောက်ထာ ကျုပ်အ လုပ်အန္တဗာလတို့ကို-စက္ခုပသာဒအတွက်-မကြည်မလင် ရှိခဲ့သော်-မျက်စိ ကုဆရာ-မြန်မာဆရာ-လူမျိုးခြားဆရာ-ဆရာဝန်ကြီးတွေသို့ မေးမြန်းခြင်း ဆေးထိုးခြင်း- ဆေးကုသခြင်း- ဆေးမျက်မှန် တတ်ကြခြင်း လုပ်နိုင်သ ထောက် မျက်စိရောဂါပျောက်အောင် လုပ်ကြသော်လဲ- (စက္ခုပသာဒက လဲ အနိဋ္ဌတာ၏) လက်ထဲမှာဖြစ်တယ်- မျက်စိမှုံတို့- မွဲတို့-ကန်းတို့ ကျုပ် လုပ်ရမယ်၊ ဒီမင်္ဂလာဆောင်ကြတဲ့- ယောကျ်ားကလေး- မိန္ဓကလေး ၂- ယောက်တို့၏ ချွတ်ယွင်းချက်ကို- ပျက်စီးချက်ကို-ကွဲတို့ကို- မကျန်းမမာ ဖြစ်တို့ကို- သေတို့အထိ- ကျုပ်ကိစ္စဖြစ်တယ်။

ဒီရုပ်တွေထဲက ဝင်ပေါက်မှာ- ဥပစယကို အစောင့်ခိုင်းထားတယ်-ဝင် လာသောလမ်းလယ်မှာ(သန္တတိနဲ့-ဇရတာ)ကို ကာကွယ်ရေးတပ်သားအ ဖြစ် ချထားတယ်- အစွန်ဆုံးထွက်ပေါက်(ဂိတ်ဝမှာ အနိဋ္ဌတာ)မိုလ်ကြီးက လက်နက်မျိုးစုံနဲ့ ချိန်ရွယ်လျှက် နေတယ်- ဒီရုပ်အရကြီးထဲမှာ (လက္ခဏာ- အမည်ခံ- ကော်မတီ- ၃-ယောက်နှင့်) စာရင်းစစ်အမည်ခံ- ၁-ယောက်- ပေါင်း ၄-ယောက်တို့ကလဲ အဖွဲ့ကြီးလဲစိစိကားကား ဖြစ်ရအောင်- တိတ် တိုက်ပုံး ခိုဝင်စောင့်ရှောက်ရတယ်- ဖြစ်လဲပြရမှာ- လက္ခဏာ- ပျက်ပြရ မှာလဲ လက္ခဏာ- တွဲပြရမှာလဲ လက္ခဏာ- ကွဲပြရမှာကလဲ လက္ခဏာ- အ ရှုပ်ရောက်ပြရမှာကလဲ လက္ခဏာ- အရွယ်ဆုတ်ယုတ်အောင် လုပ်ရမှာက လဲ လက္ခဏာ- သို့မှသာ ငွေဝင်- ငွေထွက်ကို-တွက်ချက်တတ်သလို လှုဝင် လှုထွက် ရုပ်ဝင်ရုပ်ထွက်- အတွက်ပြပြီး- လက္ခဏာရုပ်ထဲက- အနိဋ္ဌထာက-

ဒိဋ္ဌိအဖွဲ့ထဲမှာ-စိတ်ချ၍ ပါနေကြောင်းကို- အထွေးမချော်တို့ ယခုအရေး ပေါ် အစည်းအဝေးမှာ ထင်ရှားအောင်ပြောသဗျ- ဤဒါအာလောက၊ အရေးပေါ်အစည်းအဝေးပွဲပြီးပါပြီ။

---

## အရေးပေါ်အစည်းအဝေးပွဲ မှတ်တမ်းချုပ်

၁ ပထဝီ-အာပေါ-တေဇော-ဝါယော ဆိုဒီမဟာဘုတ်ရုပ်ကြီး ၄-ပါး တို့သည့် လှေမှာ သင်္ဘောမှာ- ရောခံနှင့်တူတယ်၊ ခန္ဓာကိုယ်မှာ- အရိုးစု-အသားဆိုင်-အကြောမျိုးစုံနှင့်တူတယ်-ပန်းချီဘက်ဆရာကပြောရလျှင်ပိတ်ကားပြင်မှာ-အာမခံဆေးမှုံးဆေးချယ်ထားသည့်နှင့်တူ၏။ပန်းပုဆရာအလုပ်ဘက်ကဆိုလျှင်အရုပ်လှလှထုမယ်လို့-အရုပ်လောင်းထားသည့်နှင့်တူ၏။ပန်းတိမ်ဆရာဘက်ကယူလျှင်-ဆွဲကြိုး-တနည်း-ခြေကျင်း-လက်ကောက်-နားဂတ်-လက်ပတ်ကြိုး-စသည်ဖြင့်-လုပ်တော့မယ်လို့- ရွှေကို အချောင်းလိုက်အတောင့်လိုက်-စိမံသားဒါနဲ့တူ၏၊တူရာသက်ဆိုင်ရာ ဥပမာတို့ဖြင့်ဟတ်၍ ယူကြယောဂီတို့၊ (ဓါတ်ကြီး ၄-ပါးဟာ- အရုပ် သောင်းထားသော သစ်သားအတုံးမှတ်)

၂ စက္ခု-သောတ- ဃာန-ဇိဝှာ- ကာယ- ဆိုဒီပသာဒရုပ် ၅-ခုကို-လောင်းထားသောသစ်သားမှာ- လူထင်ရအောင် ရုပ်လုံးဖေါ်ကပြီ၊ (ပသာဒ ၅-ပါးကို ရုပ်လုံးပေါ်ရုပ်မှတ်)

၃၊ ရူပ-သဒ္ဒ-ဂန္ဓ-ရသ ဖေါဋ္ဌဗ္ဗ-ဆိုဒါ ဂေါစရရုပ်-၅-ပါးကို တနည်း ၇-ပါးကို-သစ်သားလူရုပ်ကို သူများ သိခြင်အောင်၊ ကြည့်ခြင်အောင်၊ ချီပွေ့ခြင်အောင်၊ ကိုင်တွယ်လို့ အားမရအောင်၊ ဖက်ထားခြင်အောင်၊နမ်းရှုခြင်အောင်၊ ရွှေနောက်လှဲ့ပတ်ခါ ကြည့်လို့အားမရအောင်၊ ဝယ်ယူခြင်အောင်ဆေးရောင်စုံချယ်လယ်ထားတော့၏-(ဂေါစရ-ရုပ်ကို- ဆေးရောင်စုံရုပ်မှတ်)

၄၊ ဣတ္ထိဘာဝရုပ်-ပုရိသဘာဝရုပ်-ဆိုဒီဘာဝရုပ်-၂-ပါးကို ဒိသိုသိပါယောဂီ-သစ်သားလူရုပ်လှလှချောချောကို မိန္မရုပ်ပုံ၊ ယောကျ်ားရုပ်ပုံ၊တတ်ဆင်ထားသည့် (ဘာဝရုပ် ၂-ခုကိုသဏ္ဍာန်ခွဲရုပ်မှတ်)

၅၊ ဟဒယဝတ္ထုရုပ်သည်၊ပိုးမထိုး ပိုးမစား တာရှည်ခံသော-သစ်သားမျိုးမှန်နဲ့တူတယ် (ဟဒယဝတ္ထုရုပ်ကို-ကျွန်းသားမှတ်)

၆၊ ဇီဝိတိန္ဒြေ-ရုပ်သည် သစ်သားမှာ ကွဲကြောင်း အက်ကြောင်း အာကာ-အမြစ်ဆုံ စသည်တို့မပါရအောင် ချောမွတ်အောင် ပြုပြင်ထားသည်နှင့်တူ၏၊ (ဇီဝိတရုပ်ကိုအမျက်လွတ်ကျွန်းသားမှတ်)

၇၊ အာဟာရရုပ်သည်-ယောကျ်ားရုပ်ချော-မိန္မရုပ်လှဖြစ်ဘို့ရာအမျက်လွတ်ကျွန်းသားကို ကော်ပတ်စားပြီး ဆေးအာမခံသုတ်လိမ်းထားသည်နှင့်တူ၏- (အာဟာရရုပ်ကို-သစ်သားချောဆေးတင်မှတ်)

၈၊ အာကာသ ဓာတ်သည် သစ်သားရုပ်၌ ရုပ်လုံးပေါ်အောင် ကတ္တားခြားပေးခြင်း- မျက်စိပေါက်စသော ရုပ်စုံအပေါက်တို့ဖြင့် ပြုပြင်ခြင်း- လက်ချောင်း ခြေချောင်းတို့ဖြင့် ကန့်သတ်ခွဲခြားထားခြင်း ဆေးနီဆေးနက် စသည်တို့ဖြင့် ခြားနားပြုပြင် ထားခြင်းနှင့် တူ၏- (အာကာသ ဓာတ် ကို အင်္ဂါအစိပ်အပိုင်းမှတ်)

၉၊ ကာယဝိညတ်နှင့်ဝစီဝိညတ်ရုပ် ၂-ပါးသည် သစ်သားရုပ် ထုထားရာ မိန္မရုပ်- သို့မဟုတ် ယောကျ်ားရုပ်-ဆဲဒီအရုပ် ၂-မျိုးမှာ မိန္မရုပ်ပုံ နေပုံ ထိုင်ပုံ ကိုယ်အမူအရာ-ယောကျ်ားရုပ်ပုံ-နေပုံထိုင်ပုံ ကိုယ်အမူအရာ ပေါ်ပြထားသည်နှင့်တူ၏- မိန္မရုပ်ပုံ၏ နှုတ်ခမ်းပဓေ်က ယောကျ်ားရုပ်ပုံ၏ နှုတ်ခမ်းပဓေ်က- သဒ္ဒါရုပ်ထွက်မပြသော်လဲ- ကာယဝိညတ်ရုပနိကာယ်၌ပင် ဝစီဝိညတ်သဒ္ဒနိကာယ် ပါဝင်နေသည်နှင့်တူ၏- (ဝိညတ်ရုပ်-၂-ပါးကိုအမူအရာ ရုပ်မှတ်)

၁၀။ **ထဟုတာ**ရုပ်-မုဒုတာရုပ်- ကမ္မညတာရုပ်-ပေါင်း ဝိကာရရုပ်-သုံးပါးသည် သစ်သားကိုထုလုပ်- ဆေးရောင်စုံသုတ်- မိန္မရုပ်- ယောကျ်ားရုပ်-ဆဲဒီအရုပ် ၂-ရုပ်ကို ကိုင်တွယ်စမ်းသတ်၍ ကြည့်ကြရာ ပေါ့ပါးခြင်း သိမ်မွေ့နူးညံ့ခြင်း-ကြမ်းတမ်းခိုင်မာခြင်းတို့နှင့် တူ၏-

## (ဝိကာရရုပ်ကို ပြောင်းလဲရုပ်)

၁၁၊ ဥပစယ-သန္တတိ-ဇရတာ- အနိစ္စတာ- ဆဲဒီလက္ခဏာရုပ် ၄-ခုတို့သည် သစ်သားကို အရုပ်ထုစ-အရုပ်ပုံသဏ္ဍာန် ပေါ် အောင် လုပ်ဆဲ သစ်သားတွေ၏-ကြွေကျခြင်း၊ပဲ့ရွဲ့ခြင်း၊ သစ်သားအစအနတွေ ထွက်ကျခြင်း၊ သစ်သား၊ ကျွန်းသားဘာဝမှ-ကွယ်လွန်ရခြင်းသို့-ခရီးသွားရောက်နေသည်နှင့်တူလှ၏ ဘာသာပြန်မှာ-(လက္ခဏာရုပ်ကိုမှတ်ပုံတင်ရုပ်မှတ်)

## မှတ်တမ်းချုပ်ကို ရှင်းတန်းထုတ်မယ်

၁။ အရုပ်လောင်းသစ်သားရုပ်-ဓါတ် ၄-ပါး
၂။ ရုပ်လုံးပေါ် ရုပ်-ပသာဒရုပ် ၅-ပါး
၃။ ဆေးရောင်စုံရုပ် ဂေါစရရုပ် ၅-ပါး၊ ၇-ပါး
၄။ သဏ္ဌာန်ခွဲရုပ်-ဘာဝရုပ် ၂-ပါး
၅။ ကျွန်းသားအစစ်ရုပ်-ဟာဒယဝတ္ထုရုပ် ၁-ပါး
၆။ အမျက်လွတ်-ကျွန်းသားအစစ်ရုပ်-ဇီဝိတရုပ် ၁-ပါး
၇။ သစ်သားချော-ဆေးတင်ရုပ်-အာဟာရရုပ် ၁-ပါး
၈။ အင်္ဂါအစိပ်အပိုင်းရုပ်-အာကာသဓာတ် ၁-ပါး
၉။ အမူအရာရုပ်-ဝိညတ်ရုပ် ၂-ပါး
၁၀။ ပြောင်းလွဲရုပ်-ဝိကာရရုပ် ၃-ပါး
၁၁။ မှတ်ပုံတင်ရုပ်-လက္ခဏာရုပ် ၄-ပါး

ရုပ် ၂၈-ပါးတို့၏ အရေးပေါ် အစည်းအဝေးပွဲပြီး၊ဘယ်ကမ္ဘာမှ မပျက်မစီးနိုင်၊ မပျောက်စပျက်နိုင်အောင် ထပ်၍မှတ်တမ်းချုပ် လုပ်တယ်၊ထိုမှတ်တမ်းချုပ်ကို ပရိယတ္တိ သာသနာတော်အတွက် စည်းကမ်းသေဝပ်စွာ စည်းစခမ်းကျနစွာ ပြန်၍ထပ်ရှင်းတမ်းထုတ်တယ်၊ ဘာ့ကြောင့် စာတလုံးမှ မသင်မကြားဘူးကြသော ယောက်ျားမိန်းမ ခလေးလူကြီးမှအစ တောသူ တောသား၊ မြို့သူမြို့သားများ ဝမ်းမြောက်စရာနှင့် ပရိယတ် တတ်မြောက်သူ သင်ကြားဘူးသူ ပညာရှိတို့၏ ကြေနပ်စရာ ရုပ် ၂၈-ပါးကို အရည်အတွက် စေ့အောင် ရှင်းတမ်းပြထားသည်၊ မြင်ရှင်းပြန်ဘတ်ကြ၊ မလင်းတိုင်ပင်ကြ၊ ဒါ့ကြောင့် အာလောက၊

(ဤကား ရုပ်အတွက်တော့ သမနုပဿတိမှတ်)

---

## သမထနဲ့ ဝိပဿနာရှင်းတမ်း

ကျမ်းဂန်ဥပဒေအရ- အာလောက ရုံးက- သမထနဲ့- ဝိပဿနာကို- တရားသေ ဆုံးဖြတ်လိုက်ကပြီ- အယူခံဝင်လိုက- ဝင်ကြဘော့- သမထနဲ့ ဝိပဿနာ ၂-မျိုးကို ဘာ့ဝနာခေါ်တယ်- ဘာဝနာပွါးများလေ့လာခြင်း-ဒီ ၂-မျိုးလုံးကို ကမ္မဋ္ဌာန်းလဲခေါ်၏။(ကမ္မ- ပြုလုပ်ခြင်း- ဌာန- အကြောင်း) မဂ်ဖိုလ်နိဗ္ဗာန်ရမှု- အလုပ်ကိုဆိုသည့် အကြောင်းအရာလဲခေါ်တော့ (ကမ္မဋ္ဌာန်း)ခေါ်လျှင်ဘဲ လူပြိန်းတွေက ထိုင်ရမယ်ချည်းထင်ကြ၏။ ကမ္မဋ္ဌာန်း၏ အဓိပ္ပါယ်က ပြုလုပ်မှု အကြောင်းအရာကိုခေါ်တယ်။ (ပြု-လုပ်) ဆိုတိုင်း လဲ(အထိုင်)ကိုချည်း မမှတ်နဲ့အုန်း။

## ဘာလဲကမ္မဋ္ဌာန်း

တရားအမှန်ရဘို့- ကြိုးစားလေ့လာခြင်း
အရိယာဖြစ်ဘို့- တရားတွေးခြင်း ဆင်ခြင်ခြင်း
ဒုက္ခကင်းလွတ်ဘို့- ဝေဘန်ဆွေးနွေးတိုင်ပင်ခြင်း
အပူကင်းငြိမ်းဘို့- ခန္ဓာကိုယ်၌ လက္ခဏာတင်ခြင်း
မဂ်ဖိုလ်နိဗ္ဗာန်ရဘို့- ပညတ်-နဲ့-ပရမတ်ကို သင်တန်းတက်ခြင်း
တရားထူးသိမြင်ဘို့- အရိယာပထ-ညီမျှအောင် လေ့လာခြင်း
သောတာပန်တည်ဘို့- စိတ်ကြည်လင်၍ နာမ်ရုပ်ကို ဆင်ခြင်ခြင်း

သင်ခြင်း-မေးမြန်ခြင်း-ကြားနာခြင်း မှတ်သားခြင်း- အမြဲတမ်း တွေးခြင်း ဆင်ခြင်သုံးသပ်ခြင်းတို့ကို ကမ္မဋ္ဌာန်းဟူ၍ မှတ်လိုက် (သမထ-နှင့် သမာဓိ) အသုံးတမျိုးစီ-တရားမှာ တပါးထဲမှတ် အဘိဓမ္မာ စကားနဲ့ ခေါ်လျှင်- (ဧကဂ္ဂတာ) စေတသိက်ခေါ်၏၊ တခုတည်းသောအာရုံ၌ စိတ်တည်ခြင်းသဘော အာရုံဘခုကိုသာ အာရုံပြုနေခြင်းဆိုလို၏၊ ရှင်းတမ်း-ဧကဂ္ဂတာ စေတသိက်ကား အကုသိုလ် အာရုံမှာလဲပြုနိုင်၏၊ ကုသိုလ်အာရုံမှာလဲ ပြုနိုင်ပြန်၏၊ (ဧကဂ္ဂတာနဲ့ သမာဓိ) သွားတွဲပြန်ပြီ လူပြိန်းတွေမရှုပ် ဘို့ ရှင်းနေရတယ်၊ သမာဓိမှာလဲ မိစ္ဆာသမာဓိ ဆိုဒါ အကုသိုလ်၌ အာရုံတည်နေပြုနေသော မှားသောတည်ခြင်းမှတ်- သမ္မာသမာဓိဆိုဒါ ကုသိုလ်၌ အာရုံတည်နေပြုနေသော ဖြောင့်သောတည်ခြင်း မှတ်လိုက်- သမထကား- ကုသိုလ်ဖြစ်သော ဘာဝနာဘက်က သတ်သတ်နာမည် ပေးတည်း၊ သမ္မာသမာဓိလဲဆို၏၊

အဓ္ဓုဘူခေါ်-မိမိ၏ရင်တွင်းထဲ၌၊ဖြစ်ပေါ်လေ့ရှိသော ကိလေသာမျိုးတို့ မဖြစ်မပေါ်လာအောင် လေ့လာအားထုတ်ခြင်းကိုသမထမှတ်- တနည်း-အကြံအစည်စသော တွေတွေရာရာအာရုံတို့သို့ သွားလာကျက်စားနေတတ် သောစိတ်ကို တခုသောဋ္ဌာန၌ အာရုံရောက်၍နေအောင် အားထုတ်ပွား များခြင်းကို သမထမှတ်- စိတ်တည် စိတ်ကြည် စိတ်ကောင်းစိတ်မြတ်ကို ရအောင်အားထုတ်သည်ကို သမထဘာဝနာမှတ်လိုက်- စိတ်ရှူး စိတ်နှန်း စိတ်လေ စိတ်လွင့် စိတ်ပြန့် စိတ်မှား- စိတ်ရိုင်း စိတ်မိုက် စိတ်ပွေ စိတ်ရှုပ် စိတ်လှုပ် စိတ်ယုတ်- စိတ်ပုတ်- စိတ်နှစ် စိတ်ရပ် စိတ်ညစ် စိတ်ဆိုး မဖြစ်စေရ-

တွေး ကြံ- စဉ်းစား- ဝိုင်းဖွဲ့ တိုင်ပင်ပါလား-

## အာလောကလက်ထက်မှာ လင်းရမယ်

ငါယခုအားထုတ်ထား တရားဟုတ်ကဲ့လား- ငါယခုနာယူနေတဲ့တရား မှန်ရဲ့လား- အပါယ်လွတ်တရား သက္ကာယဒိဋ္ဌိကွာတဲ့တရား ဟုတ်ကဲ့လား- အရိယာသောတာပန် ဖြစ်နိုင်သောတရား ဟုတ်ကဲ့လားလို့ စဉ်းစား၊လုပ် တိုင်ပင်နာ သေတော့ ကိုယ့်လမ်းကိုယ်သွားကြရမယ်၊ အပါယ်မကျရဘူးလို့ တယောက်နဲ့တယောက်ကို လက်မှတ်ချနိုင် အာမခံနိုင်ကြသည်မဟုတ်ဘူး-ကိုယ်ပိုင်အမှန်မသိသမျှ မှားကြရမည့်ယောဂီတို့- သူများက ဒါတရားဘဲ တရားဆိုအတူတူပေါ့- ဘယ်သူဟောဟော တရားချည်းဘဲဆိုဒါ အာလောကရဲ့ အဖွဲ့ဝင်တွေကတော့ မယုံတော့ဘူး ပုထုဇန်ခြင်း (ပေါင်) တင်ဒါမခံနိုင်- ဒီအလုပ်ဟာဝိပဿနာ အလုပ်ပါဘဲ- ကမ္မဋ္ဌာန်းအလုပ်ဒါပါဘဲ- ဒါတော့ သမထအလုပ်ပါဘဲလို့မသိလျှင် ယောဂီ အာလောကအဖွဲ့ ယခုဖွဲ့ကြစမ်းပါ။

ရှုပ်သမျှ ရှင်းလင်းသိကြ ဒါမှ အာလောက

---

## သမထ-နဲ့-ဝိပဿနာ မကွဲဒါ-အသဲနာ

တချို့က သမထက နာမည်ငယ်တယ် ဝိပဿနာက နာမည်ကြီးတယ် မိမိတို့၏အလုပ်က ကျမ်းဂန်နဲ့ညီသည်ဖြစ်စေ မညီသည်ဖြစ်စေ လုပ်ပုံ နေပုံ ထိုင်ပုံ ပြောဆိုပုံ အခြေအနေတွေကို ကြည့်သောအားဖြင့် (မျိုးကတော့ သမထမျိုး)ဖြစ်နေတယ်လို့ အာလောကတို့ကတော့သိထားပြီ၊သူတို့ကိုမေးကြည့်တော့ ဝိပဿနာအလုပ်ပါဘဲလို့ ပြောတယ် သတင်းလွှင့်တယ် လောကီမှာ ဘယ်မျှပင် ပါးကြနပ်ကြသော အထက်တန်းစားထင် သူတို့ပင် သမထမျိုးကို နိဗ္ဗာန်ရကြောင်း ဝိပဿနာထင်၍ ကြိုးစားအားထုတ်နေကြဒါကို အာလောကတို့ကမျက်မြင်ဖြစ်နေတော့ သမထဝိပဿနာ-မကွဲဒါ- အသဲနာ-

## အာလောကော-ဥဒပါဒိ ဆိုင်းဘုတ်

တရားဟာနေလင်းဒါထက်- မျက်စိထဲမှာ အဖုံးအကွယ်မရှိ လင်းလင်း မြင်ကြရပါတယ်- အာလောကောဥဒပါဒိ ဆိုဒါ- ဘုရား ရှေးဦးစွာ မိဂဒါဝုန်တောမှာ ဆွဲကပ်ထားသော ဆိုင်းဘုတ်အစစ်ဖြစ်တယ်- ဘာဂုဏ်တွေနဲ့ ဘယ်လိုအမျိုးအစားတွေက ပြောပြော ပြပြ- အာလောက- ဆိုင်းဘုတ်ကိုသာ နံပါတ် မပျောက်ကြစေနဲ့- (ဝိမုတ္တိယုဂခေတ်မြတ်)မှာ သာ၍ အရုပ်တွေပေါ်မည့်မှတ်လေ- မူးလဲသွားခြင်း- မေ့မျောသွားခြင်း- နှပ်တွေထွက်ခြင်း-ပဇဝ်ကသွားရေတွေ ကျခြင်း-တရားမဟုတ်၊မလုပ်ကောင်း သာသနာတွင်းမှာ ကျမ်းဂန်နဲ့မညီဒါတွေလုပ်လျှင် ရှက်ဘို့ကောင်းသည်၊

သေချာ ပြသူရော လိုက်နာသူရော ငရဲကျ အကုန်ကျမည့်မှတ်ကြ- တိုင်းပြည်ကြီးမှာ သင်္ဂါယနာတင်ထားသော ပရိယတ္တိ ပိဋကတ်တော်တွေထဲမှာ ကြည့်ကြ- မကြည့်ဘဲတတ်ချင် သိတတ်သော စိတ်ကောင်း စာတတ်များကို မေးကြည့်ကြ-ရှေ့ထိုးနောက်ငင် တရားအားထုတ်နည်းဟာ ဘုရားလက်ထက်က သာဝကတွေမှာလဲမပါ- ကျမ်းဂန်မှာလဲမရှိဘူး- ဒါဟာ ဝိပဿနာလဲမဟုတ် သမထနည်းမှန်လဲမဟုတ် ကမ္မဋ္ဌာန်းလဲမဟုတ်ဘူး-

## ကမ္မဋ္ဌာန်း ထိုင်-ရှင်းမယ်

အာနာပါနာ-ခေါ် ထွက်သက်ဝင်သက် အရှူအရှိုက်အားထုတ်ပုံ ကျမ်းဂန်မှာပါတယ်- သမာဓိရတွိကို ဖြေးညှင်းစွာ အချိုးကျ အားထုတ်ကြရမယ်-ဘင်ပလ္လင်ခွေကြတဲ့ယောကျ်ား တွေက ထိုင်နေကြအတိုင်း ကြို့ကြို့ထိုင်ကြ မိန္ဓတွေက ဂဏနာနည်းဆိုဒါ ထွက်ဝင် လေ ၂-ချက် တိုကို တနာရီလျင် နာရီဝက်လျင် ဘယ်မျှရှိတယ်သိတွိအမှတ်ထားရမယ်- တနည်းထွက်လေ ဝင်လေ ၂-ချက်သည့် တနာရီခန့်၌ နာရီဝက်ခန့်၌ အမှတ်ပျောက်ပြီး အခြားအာရုံသို့ စိတ်ရောက်သွားသလား ဆိုဒါကို သိဘို့ရာ ဆရာလုပ်သူက နည်းနိသျ ပြရမယ် စသည်ဖြင့် အာနာပါနာ ကမ္မဋ္ဌာန်းကို အားထုတ်လျင် ထိုင်ရမယ်- ကမ္မဋ္ဌာန်း ထိုင်လို့ခေါ်တော့ မှတ်တော့-သမထနည်းသာ ဖြစ်မယ်မှတ်- ပက်လက်ကုလားထိုင်ပေါ်မှာ အရှူအရှိုက်ကို အားထုတ်လျင်လဲ ဖြစ်သည့် ယူစမ်းပါ (ပြင်းပြင်းထန်ထန်)ရှူရမယ်လို့ ရှေးပညာရှိများ မဟော-သမထ ၄၀-ရှိတယ်- အားလုံး အထိုင်ချည်း မထင်နဲ့ မဟုတ်ဘူး ကမ္မဋ္ဌာန်းအားထုတ်တယ်ကြားလျင် ထိုင်ရမယ်ချည်း ထင်မှာစိုးလို့- သမထ အားထုတ်တိုင်းလဲ ထိုင်ချည်း နေရဒါမျိုးချည်း မဟုတ်-ဝိပဿနာတရားဖြစ်သော်လဲ ထိုင်ချည်းနေရဒါမျိုး မဟုတ် သမထ ဆိုဒါစိတ်ငြိမ်သက်ဘို့လုပ်ကြရမယ်-အဘိဓမ္မာခေါ် သူတပါးတို့၏စည်းစိမ်ကို အလိုမရှိဘို့ ဗျာပါဒခေါ် သူတပါးတို့၏အသက်ခန္ဓာကို သတ်ဘို့ မကြံစည်ရလေအောင်မိစ္ဆာဒိဋ္ဌိခေါ်အယူမှား မဖြစ်ရအောင်အားထုတ်ကောင်းတယ်- အားထုတ်ရမယ်- (မရှင်းပြန်ဘဲ-သမထနဲ့ ဝိပဿနာ) ၂-မျိုးကို လူပြိန်းများ ကွဲပြားအောင် မဟာမေတ္တာဖြင့်ရေးနေသည်။

ဝိပဿနာ တရားဆိုဒါ ခန္ဓာကိုယ်ပေါ်မှာ တင်ရှုကြရမည်၊ ရှုနည်းမှာ သဝ္ဗရိသထဲက နည်းမှန်ရတွိ ၁- နံပါတ်အရေးကြီးတယ်- ၁- အချက် ပညတ်နဲ့ ပရမတ် သရုပ်ကွဲစေ၊ ၂-အချက် ပရမတ်၌ နာမ်နဲ့ရုပ် ပိုင်းခြားမြင်စေ၊ ၃-အချက် နာမ်၌ရှင်း ရုပ်၌ရှင်း အနိစ္စဒုက္ခ အနတ္တကို တလက္ခ

ဏာစိ အချိုးကျ သိပိုင်ပြီး ဆင်ခြင်ရမည် (ထိုင်ထိုင် ထထ) ထိုင်ရမယ် ချည်း အယူမသန်ကြနဲ့-ဒါ ဝိပဿနာ ပညာစခမ်းလို့ အောက်တန်း မကျ အောင် သိထားကြ- လူရှုပ်တွေ များတယ်နော် သတိပြုကြ- တရားအမှန် ကို တကယ်အလိုရှိပါက မဟာဓမ္မကထိကဒီပနီကို အမြန် ကြည့်စမ်းပါ- ဆရာကြီးကို တကယ်ယုံကြည်ကြလျှင် ဆရာကြီးရေးသော ကျမ်းမျိုးစုံ ဝယ်ယူပူဇော်၍မျက်နှာဖုံးကစ၍-ဘတ်ကြည့်ကြစမ်းပါ၊စာတတ်သူ လူရှင် ရဟန်းပညာရှိတို့၏ ရှေ့တော်မှာ ဘတ်ကြစမ်းပါ- တရားအမှန်ကို မသိ ရ မကြားရ မနာရသမျှ အလွန်နစ်နာဆုံးရှုံးကြရသည်၊ လူဖြစ်ကျိုးလဲမနပ်၊ လူ ကျိုးမနပ်-သီလစောင့်ကျိုးမနပ်-ပုဒ်ပြတ်မှတ်၊ သမထဆိုဒါ ပညတ်ကို အာရုံပြု၏- ခန္ဓာကိုယ်မှာ တင်ရှုလဲ ပညတ်အာရုံဘဲ ခန္ဓာမှလွတ်၍ ရှုသော် လဲ ပညတ်ပါဘဲ သမထအလုပ်သည် ပညတ်နဲ့ ပရမတ်ကို ဘာမှအရှင်း မသိဘူး သူများပြောသံ ကြားကို အောက်တန်းမကျရုံသာ ဒါကပညတ် ဒါက ပရမတ်ပေါ့လို့ ငယ်သားတွေယုံကြည်အောင် ဆရာစွမ်း ပြထားရုံ ဘဲရှိထယ်၊ ဝိပဿနာတရားက ပရမတ်သန့်သန့် အာရုံပြုရ၏။

## ဝိပဿနာ ဆိုင်းဘုတ်တပ်လျှင် စုံစမ်း

ဝိပဿနာအဖွဲ့ဆိုလျှင် မေးမြန်း ဝိပဿနာကျမ်းစာဆိုလျှင် အကဲခတ် ဒီပုဂ္ဂိုလ် ပညာရှိဟုတ်ကဲ့လား ကိုယ်တိုင်သိလား ပိဋကတ်တတ်ကဲ့လား၊ ဗဟုသုတ အကြားအမြင်နဲ့ ဟိုကစ ဒီကစပြီး ရေးထားတဲ့ ကျမ်းသား- သူတို့လုပ်ထာတွေဟာ ဝိပဿနာဆိုင်းဘုတ်တော့ တပ်ထားတယ်- အ ထိုင်လား-အထလား ထွက်လေဝင်လေတွေကိုဘဲ ရှုရှိက် နေကြသလား- သက္ကာယဒိဋ္ဌိကွာဘို့ ပညာစခမ်း သန့်သန့်များ ဟုတ်ပါရဲ့လား- ဒီဆရာ ဘယ်ကလဲ ဒီကျမ်းစာရေးသူ ဘယ်ကလဲ- ဒီကဲ့သို့ လူစုလူဝေးတွေနဲ့ ငြိမ် ငြိမ် သက်သက် အားထုတ်လုပ်ကိုင်နေပုံဟာ သမထမျိုးလား- ဝိပဿနာ မျိုးလားလို့ ယခု ၁၃၁၇-ခု ဝိမုတ္တိယုဂ ခေတ် နှစ်သစ်ဦးကစ၍ နောင်ကို တရားအစစ်အမှန်ကို လိုလားကြသော လူရှင်တို့အတွက် (အစစအသိမြတ် စရာ) သမထနဲ့ ဝိပဿနာကို စာသဘောပြ၍ ငြင်းခမ်း မရှုပ်ရအောင် ယောဂီ အာလောက- က ရှင်းတမ်းထုတ်လိုက်ပြန်သည် မရှင်းပြန်ဘတ်။

## ဘဒ္ဒဂင္ဂီ-နောင်ညီ (၃၀) ဇာတ်ကွက်

သက္ကရာဇ်- ၁၃၀-ပြည့်နှစ် မိဂဒါဝုန်တောမှာ ဝါကပ်တော်မူသည် ဘုရားဖြစ်စ ပထမတစ်ဝါ ပဉ္စဝဂ္ဂီ ၅-ယောက်လုံး အရဟတ္တမဂ်ဉာဏ်ကိုရ

ကြပြီးနောက် မိဂဒါဝုန်တောသို့ အသင့်ရောက်လာကြသော ယသသူဌေးသားအဘတို့ကို တရားဟောပြရာ လူ့ဝတ်နဲ့ပင် ရဟန္တာဖြစ်ကြကုန်သည်-

### ယသ၏-မယားနဲ့ အမိတို့ကို
### ယသက-တဆင့်ဟောပြလို့ သောတာပတ္တိမဂ်ဖိုလ်ရကြ၏

ထို့နောက် ယသ၏ သူငယ်ချင်း ပုဏ္ဏားလေးယောက် ဘသူတွေလဲ ၁-ဝိမလ ၂-သုဗာဟု ၃-ပုဏ္ဏဇိ ၄-ဂဝံပတိတို့ကိုဘုရားရှင်ထံသို့ခေါ် ယူဖို့စေ တရားနာစေခိုင်းသောကြောင့် ထို လေးယောက်တို့လဲ လူ့ဝတ်နဲ့ပင် ရဟန္တာတွေဖြစ်ကြကုန်၏ ရဟန္တာဖြစ်ပြီးမှ သင်္ကန်းဝတ်ဖြစ်ကြကုန်သည် နောက်ထပ် ယသ၏မိတ်ဆွေပေါင်း ၅၀-တို့လဲ့ ထိုနည်းတူစွာ ရဟန္တာတွေ ဖြစ်ကြကုန်သည်-

### ဒီအချိန်ဒီအခါ ရဟန္တာပေါင်း-၆၁-ယောက်

သိတင်းဝါကျွတ်လျှင် ဥရုဝေဠတောသို့ကြွမြန်းတော်မူသည် ကိစ္စကား ကဿပညီနောင်ရသေ့မှူး ၃-ယောက်တို့နှင့်နောက်ပါရသေ့တပည့်ပေါင်း ၁၀၀၀-တို့၏နေရာသို့ တရားဟောပြဆုံမခြင်းငှါ ကြွရ၏ ဂင်္ဂါမြစ်ကွေ့၌ ဆံကျစ်ရသေ့ပေါင်း တသောင်းအဖွဲ့တို့ကား ဘာလုပ်ကြပါသလဲ တရားအားထုတ်ရှာဖွေကြတယ် ဘုရားအစစ်မတွေ့မီ တရားဖြစ်သရွေ့ကိုဆည်းဘူးကြသော ရသေ့ပေါင်း ၅၀၀-တို့၏ ထိပ်ဖူးဥက္ကဋ္ဌ ဥရုဝေဠ ကဿပရသေ့၏ကျောင်းသင်္ခမ်းနေရာသည် ထိုဥရုဝေဠတောပင်ဖြစ်သည်-ထိုတောကြီး၏ အနီး၌နေသောကြောင့် ဥရုဝေဠကဿပရသေ့ဟုအမည်တွင်ရ၏-

၁။ ဥရုဝေဠတောနားနီးလို့ ဥရုဝေဠကဿပ
၂။ ဂင်္ဂါမြစ်နားနီးလို့ နဒီကဿပ
၃။ ဂယာသီသရွာနားနီးလို့ ဂယာကဿပ

ဒီပုဏ္ဏားတွေ၏ နာမည်မှာ တမျိုးလုံး ကဿပနာမည်ချည်းဘဲ ၁-ကဿပ၌ တပည့်ပေါင်း ၅၀၀၊ ၂-ကဿပ၌ တပည့်ပေါင်း ၃၀၀၊ ၃-ကဿပ၌ တပည့်ပေါင်း ၂၀၀၊ ရှိ၏ ရှေးကခေါ် ရိုးခေါ် စဉ် ရသေ့ညီနောင် ရှင်တထောင်မြစ်ကွေ့ ၃-ကွေ့ရှိရာ တကွေ့၌တဖွဲ့စီကျင့်ကြံအားထုတ်ကြတယ် သူတို့၏အထုပ်မှာ-

နေပူသှန်းတယ်- မိုးလှုံတယ်- ကိုယ်ခန္ဓာပူအိုက် နွမ်းနယ်အောင် ဖန်တီးတယ် နံနက်မိုးမလင်းမီကစ တနေ့လုံးရေထဲ၌- ကူးတယ်- ငုတ်တယ်- စိမ်နေတယ်- တခါတရန် တုံးခုံပြေးသွားခြင်း- သစ်ပင်တက်ခြင်း စသည်ဖြင့် ခန္ဓာကိုယ်ပင်ပန်းအောင်လေ့ကျင့်ကြ၏- ဒါမှသာအတွင်းမှာရှိတဲ့ ကိလေသာကုန်ခမ်းမယ်လို့ အယူရှိသား၏ ထိုရသေ့များယူသော ကိလေသာကား အိမ်ထောင်ပြုချင်သောစိတ်တခုကိုသာ ကိလေသာယူကြသဖြင့် ဒီစိတ်ပျောက်သောနည်းလမ်းကောင်းထင်၍ ကျင့်ကြံကြ၏-

## ရသေ့များတွေးလုံး

ဒီတမြို့လုံး ဒီတရွာလုံး ဒီတအိမ်သားလုံးတို့ဟာ ယောကျ်ားနဲ့ မိန္မ ချစ်ကြိုက်ပေါင်းသင်းကြလို့သာဒီလူတွေမွေးကြသေကြပေါက်ပွားကြ ဒုက္ခမျိုးစုံတွေ့ကြရတယ် (ချစ်တဲ့ကြိုက်တဲ့စိတ်) မပေါ်လာအောင် လုပ်မှဖြစ်မယ် ကိလေသာစိတ်ဟာ ဒီကိုယ်ထဲမှာရှိတယ်ဒီကိုယ်ကြီးကိုညှင်းဆဲမှတော်မယ် ဤကဲ့သို့တွေးလုံးပေါက်၍- ယခုလုပ်ငန်းဟာ- နည်းလမ်းကောင်းဘဲလို့- ဗာရာဏသီပြည်နယ်မှာ အတည့်တကယ်အဆန်းမွှာချဲ့ပြီး ရဟန္တာအဖွဲ့ကြီးရှိတယ်ဆိုဒါ မြတ်စွာဘုရားကြားတော်မူသဖြင့် ဉရုဝေဠ တောလမ်းက ဖြတ်သန်းပြီး သွားတော်မူသည့်မှတ် (စာဘတ်ဘာ သဘောပေါက်အောင် လဲတွေးဘတ်)မိုးမလင်းသေးသဖြင့် ထိုတောထဲမှာသစ်ပင်ရင်း၌ ခေတ္တနားနေတော်မူသည်-

## ညီနောင် ၃၀-တို့ တောထွက်ကြပုံ

ဘဒ္ဒ-လက္ခဏာ ကောင်းခြင်း-ဝဂ္ဂ-အစုအပေါင်း အသင်းအဖွဲ့ ရုပ် ရေလှခြင်း ပစ္စည်းဥစ္စာပြည့်စုံခြင်း မင်းမျိုးဖြစ်ခြင်း သူဌေးသားတွေ ဖြစ် ကြခြင်းဗာရာဏသီပြည်ထဲမှာ တညီထဲ ကာမဂုဏ် စည်းစိမ်ကို အချိန်ရှိတိုင်း ပျော်ပါးခံစားကြတယ်လို့ သတင်းပြေးနေဒါ အဲဒီ(ဘဒ္ဒဝဂ္ဂီ) မင်းသားတွေဖြစ်တယ်-မိဘဆွေမျိုးမှစ၍ တမြို့လုံးက ကဲ့ရဲ့ပြစ်တင်ပြောဆိုသံတွေကို နားဝမှာ ကြားရသဖြင့်အကြံထုတ်ကြပုံ ကိုယ်စီ ကိုယ်ငလက်ရှိဖြစ်သော ကိုယ့်မယားနဲ့ကိုယ် တောထဲထွက်ပြီး ထင်သလို ပျော်ကြစို့တိုင်ပင်တယ်- အားလုံးသဘောတူကြ၏၊ ကန့်ကွက်သူမရှိ- ညီတယောက်က အဆိုတင်တယ်- မင်းတို့မှာတော့ မယားကိုယ်စီရှိကြတယ်- ငါ့မှာ မရှိဘူး-ဘယ့်နှယ်လုပ်ကြမလဲ-၂၉-ယောက်တို့က ပြည့်တံဆာမ တယောက် အချော အလှဆုံးကို ရှာ

ပြီးပေးမယ်လို့ပြောကြတယ်- အေးဒီလို ဆို လိုက်မယ်- လာသွားကြမယ်- စည်းလုံးတိုင်ပင်ပြီး ဥရုဝေဠမြိုင်ခွင်သို့ လင်ရုံမယားဘက်နှင့်တောထွက်ကြ တယ်ယောဂီတို့(ကျယ်ကျယ်ဘတ်စမ်းပါပြန်ဘတ်)

အားလုံးမင်းသားတွေမှာ– ရွှေလက်စွပ် ရွှေနားရီကြိုးတွေပါသည်၊မိမ္မတွေမှာလဲ ရွှေထည် အဝတ်အစားတွေ မျိုးစုံပါကြသည်၊ ပြည့်တံဆာမကို ဆင်မြန်းထားသော ရွှေငွေရတနာများ လဲ များစွာရှိသည်။

## ကိလေသာကာမနဲ့ ဝတ္ထုကာမ

ဗာရာဏသီ နာမည်ထင်ရှား သုံးဆယ်အဖွဲ့ မင်းသား တို့သည် ၂၉- ယောက်က အရင်းမယား-အခင်းသွားဘို့ညီတယောက်အငယ်ဘို့ ပြည့်တံ ဆာမ ဝယ်လို့ပေးပြီး ဥရုဝေဠတောအတွင်းမှာ သဘောရှိ (တကျော့ဟုံ– အစ မသတ်နိုင်လို့ ကာမဂုဏ်ပြဇာတ်တွင်ကြဘယ်)ကာမရာဂပျော်မြူး အပေါ် တဦးစီနှင့် အဘော်မူးပြီး အိပ်ပျော်ကြပြီ(ခနက္ကိတ)တံဆာမယားက ဥာဏ် မှာ သွားပုံ-ငါတော့ဒီတခါရတနာပုံဆိုက်ထာဘဲ-ကာမဂုဏ်ကြိုက်ထာလဲ ရတယ်- ငါ့ကိုယ်မှာလဲ ရွှေငွေတွေ ဆင်မြန်းထားဒါလဲလက်ရှိ- လောကမှာ အကြံကောင်းလျှင် တချက်၊ ဥာဏ်ကောင်းတော့ တသက်ဆိုဒါကြိုနေပြီ၊ ဒီ နေရာ အကြံရော ဥာဏ်ရော အစွမ်းကုန် ထုတ်မှတော်မယ်- ဘာ့ကြောင့်- လောကကြီးမှာ သူများလိုက်စားကြဒါလဲ လူရဘို့ ကိလေသာကာမနဲ့ ပိုက် ဆံရဘို့ ဝတ္ထုကာမ ဒီ ၂-မျိုးဘဲ ငါလဲ ဒီ ၂-မျိုးကို ယခုကြုံနေပြီ၊ပိုက်ဆံ ရ ဘို့ကို မည်သူမဆို လူနဲ့ရင်းကြရဒါချည်းဘဲ-သူများတွေ အင်မတန် ဒုက္ခခံပြီး ရှာဘွေကြရတယ်-ငါ့မှာကြည့်စမ်း-ဒီမင်းသားတွေက-ငွေတွေ ရွှေတွေပေး ပြီး ခေါ်ရတယ်-ရွှေငွေ အပြည့်အစုံလဲ ဆင်မြန်းထားရတယ်-ဒါ သိန်းထီ ပေါက်ထာဘဲ- အဲဒီလို အကြံပေါက်ပြီးအချိန်မှာ သန်းခေါင်လောက် ရှိပြီ မိမိ၏ လင်ယောက်ျားမှာ ဝတ်ဆင်ထားသောရွှေ- အခြား ယောက်ျားမိမ္မ တွေမှာ-ဝတ်ဆင်ထားသော ဗိန်တွေ ရွှေတွေကို သူတို့ မနိုးအောင် ဥာဏ်ရှိ သလို ဖြုတ်ယူပြီး-ထွက်ပြေးဘီ ယောဂီတို့-မင်းသားစုံတွဲတွေ အိပ်မောကြ တုန်း-ဟောက်နေတုံး

## ဘတ်စမ်းပါ

မင်းသားညီနောင်တို့- မယားကိုယ်ပိုင်နှင့် အလိုပြိုင်ရာမှာ လူအချို့ အ မြင်ရိုင်းမှာကြောင့် သူတို့ထင်ဘိုင်း အပေါ်မယားတွေနဲ့ ပျော်ပါးနေဆဲ အ ကြူး- အရှူးအမူးတွေ အိပ်ပျော်ခိုက် အမိုက်ကာမ သံဝါသစက်ကွင်း- ငါ့

လက်တွင်းရောက်နေတဲ့ မင်းသားတွေ-မင်းသမီးတွေထံက ယူမယ်-မက်သမျှ တဏှာလဲရ-ဘယက်တံဆာ ဒွါဒရာတွေလဲရ- တွေးနေကြတယ်-ရာဂအာရုံအဆိပ်သွမ်းပြီး- အိပ်ပန်းကျနေတုန်း မည်သူ့ကိုမှ-သတင်း အဆက်မပေးဘဲ- ပြည်တံ မင်းသမီး-အတင်း ထွက်ပြေးဘီ- (ဒီနေရာ လိုက် စမ်းစုံထောက်-အဖွဲ့က)

အကွပ်မရှိထဲ့ ကြမ်း-ဘရမ်းပတာ- အကွတ်မရှိတဲ့တောင်း- အကောင်းမဖြစ်-သတ်မရှိတဲ့ခေါင်း-ထေးင်းတိုင်းကျွတ်- စီးမပါတဲ့ဆိုင်း- တီး တိုင်းအချိုးမကျ- တက်မ- မပါသောလှေ- ခရီးမဖြောင့်- တရားမရှိတဲ့ ရဟန်း-တလကြမ်းနေ-မင်းမရှိတဲ့တိုင်းပြည်-သူခိုးဓါးမြဆူပြီ- သက္ကာယဒိဋ္ဌိ မကွာကြတဲ့ မင်းသားတွေ တောထဲမှာ သူပုန်ထကုန်ဘီ-

## ကာမပျော်ကြူး-အဖေါ်နဲ့မူးရာက-နိုးကြပြီ

ပြည့်တံဆာ မိမ္မရဲ့ယောက်ကျား-ဘဒ္ဒမင်းသာက-စ-၊နိုးတယ်-ဟိုက် ငါ့မိမ္မဘယ်ရောက်သွားပါထိမ့်- အလိုငါ့နာရီကြိုးနဲ့ လက်စွပ်တွေလဲမရှိတော့ပါကလား- ဟော့-ထကြအုန်း-ထကြစမ်း-အားလုံးနိုးကြတယ်-ဘာလဲ ဘာပြုလို့လဲ- ပိုက်ဆံပေး ခေါ်လာခဲ့တဲ့- ငါ့မိမ္မမရှိတော့ဘူး- ကဲဒါဖြင့် ခက်ထာဘဲ- ဟာ-ဒို့တွေဝတ်ဆင်ထားတဲ့ ပစ္စည်းတွေပါ မရှိတော့ဘူး- မိမ္မတွေကလဲ-ရွှေငွေရတနာတွေမရှိလို့ ငိုကုန်ကြဘီ- ကိုင်းဒီကောင်မ- လိုက်ရှာမယ်- တွေ့ရင် အသေသတ်မယ်- မင်းတို့ မိမ္မတွေ ဒီနေရာက-ဘယ် မှ မသွားကြနဲ့- ငါ့ဒို့မင်းသားတွေ- မိမ္မရှာထွက်ကြမယ်-

မာရာဏတိုင်းပြည်က- တောထဲသို့ မိမ္မနဲ့ လောဘဖြစ်လို့ ထွက်ခဲ့ရတယ်- ယခုတော့မိမ္မနဲ့ ဒေါသဖြစ်လို့ တောထဲက ကွင်းပြင်ထွက်ရပြန်တယ်။ မိမ္မရှိလို့-မိမ္မပျောက်- မိမ္မပျောက်လို့သာ-မိမ္မရှာရတယ်-တွေးကြ တိုင်ပင်ကြ-အဲဒါကိုယ်တွေ့ဒုက္ခ-အာခလောက-

## မိမ္မကို တောနင်းရှာကြပုံ

ပစ္စည်းတွေ အချောင်ရတဲ့ အကောင်မ-ပြည့်တန်ရှာသမျှ-ဘဒ္ဒဝဂ္ဂီ-နာမည့်ဂုဏ်ပဒိတ်-ရုပ်ချောတဲ့ မင်းသား သုံးကျိပ်တို့၏ ဧးပုညကုသလကြောင့်-ယခုဘဝမှာ ပါလာတဲ့ တဏှာ အနုသယ-အတွင်းကိန်း ဒါတွေ ရှင်းရှင်းကြီး ငြိမ်းချင်တော့ ကြံဖြစ်ထာဘဲ ပြည့်တံဆာမ- မိမ္မ ရှင်ကို တွေ့ရာသင်းချိုင်း-ဓါးမဆိုင်းဘဲနဲ့-တောနင်းပြီး ရှာလိုက်ကြဒါမိုးနှောင်းကာလ-ရွံ့ညွှန်တွေ ဗွက်ထပြီး- တောထဲမှာ-ညီအစ်ကို-မင်းသားတွေ-ထင်းခုတ်သားတွေ

ထက် ဆိုးဝါး- ပုဆိုးများကွတ်- ဝတ်ရမှန်းမသိ- လမ်းခွဲလိုက်- လူချင်းဆုံ လိုက် မောဟိုက် ပင်ပန်း-တောအုပ်မှောင်ထဲမှာ-ကြိုးပန်းကြပုံ ယောဂီ- ဝဏ္ဏမင်းဟာ ဘယ်သူလဲစဉ်းစား-

ဒါတကျော တကျော-ဘဒ္ဒဝဂ္ဂီတို့တကျောနဲ့
ကိုယ့်တကျော-ကိုယ့်အိမ်သားတကျော ပြန်တွေး

ယခုရေးတဲ့ ကျမ်းစာဟာ ဘသူ့ဘို့ထင်သလဲ-ပြေးခုံပြန်လွှား မင်းသား တို့ ဖြစ်ပုံ ဆုံးချုံသစ်ငုတ်-တွေးရှုပ်ကြိမ်နွယ်- မောပန်းတယ်လို့ အရှင်းမ သိ-(လောဘပစ္စယာ-ဒေါသော) တသောသောသူ-တတောလုံး ဆူသံတွေ မြည်လျှက်-သွေးသံရဲရဲ- အဝတ်ပြဲ-အသားမြဲ-မယားစွဲ စိတ်နှင့် အားခဲပြီး အပြေး ရှာလိုက်ကြဒါ- သစ်ပင်ရင်းမှာ ထိုင် နေ တော် မူသော ဘုရားနဲ့ တွေ့ဘီ-

## တွေးကြံတိုင်ပင်-စဉ်းစား-မသေခင်သတိထား

တချို့က- ဘုရားဖူးသွားတယ်- ရိုးစားနဲ့တွေ့ကြရတယ်- ဘဒ္ဒဝဂ္ဂီမင်း သားတွေမှာတော့- မယားရှာ ဘုရား တွေ့ ပါ က လား ယောဂီတို့- ဆဲဒီ ကုသိုလ် ဘယ်လိုဆိုကြမှာလဲ- ရှေးဦးစွာရောက်လာကြသော ၅-ယောက် ခန့် မင်းသားတစုက- သစ်ပင်ရင်းမှာ သိတင်းသုံး နေထိုင်တော် မူ သော ဘုန်းခြွီရင်- အရှင်တပါးကို တွေ့လို့ အပါးကပ်ပြီး ရှိသေစွာ ဒူးတုပ်လျှက် မေးကြတယ်- မိုးမလင်းမီ ၄-နာရီအချိန် ဆဲဒီအခါက- ဘုရားဆို သော စ ကားကိုတောင်မကြားစဘူးသေး-မေးစမ်းပရစေ-အရှင်ကြီး ဒီလိုခရီးလမ်း ပေါက်ကို ရှောက်သွားသော မိန်းမ တယောက်ကို မတွေ့ မမြင်လိုက်ဘူးလား မြင်တွေ့ပါသလားလို့ မေးကြဘယ် မြတ်စွာဘုရားက ပါရမီဖြေ့ပြီး အရိ ယာဖြစ်နည်းမျိုးစုံတို့ကို ဟိုရှေး ဘုရားရှင်တို့ လက်ဆက် ကထဲက ဆီးဘူး လာခဲ့ခြင်းကြောင့် ငါ့လက်တွင်းသို့ ဝင်ရောက် လာဒါဘဲလို့ ပြေးရှောက် သွားသော မိန်းမတယောက်ကို မြင်ဘယ်မမြင်ဘူး အဖြေ မပေးသေးဘဲ ကျေ အေးသောစကားဖြင့် ကြို့တင်၍ မေးလိုက်ပါတယ်

ဘယ့်နှယ် ဘယ်က-ဘယ်လို ဘယ်ပုံအဖြစ် စနစ်ကျကျ ပြောပြကြပါ အုန်းမောင်တို့ ဒီလို မေးဆဲ မှာဘဲ ၄-ယောက်တတွဲ ၅-ယောက် တတွဲ တ ယောက်ထဲသက်သက် ဒိနေရာ စခမ်းမှာရပ်ပြီး ညီနောင်တွေ စုပေါင်းမိကြ တယ် ဘုရားပွင့်စဖြစ်ဘယ် ဘုရားရယ်သို့ ဘယ်သူမှမသိကြ နောက်လာတဲ့

မင်းတွေကလဲ ပထမ ထိုင်နေသော မင်းသားကိုဘဲ ကြည့်၍ ဘုရားရှင်အား အရိုအသေပေး၍ ထိုင်နေကြတယ်-တချို့လဲမတ်တတ်- ဘယ်နှယ်လဲဟေ့ မိမ္မတွေကြပလား ကသုတ်ကရုစ် ပြာရိပြာရာ ခြေမကိုင်မိ လက်မကိုင်မိ-မျက်လုံးပြူး မျက်ဆံပြူးပြီး ဖြစ်ခြင်တိုင်းဖြစ်လာကြရာမှာ ဒီစခမ်းမှာ နား ကြတယ်-မြဘ်စွာဘုရားမေးတော်မူပုံမှာ-လူရုလူဝေး တယ်များပါကလား ကွယ် ဒီလို့ရှုံ့ညွန်ပေါများတဲ့ တောအုပ်မြိုင်ဖျားမှာ ငါ့သားများ ဘာကိစ္စ လာကြသလဲ လူရေလူရောင် ချောမောပြေပြစ်သောအဆင်းအင်္ဂါနှင့် ပြေ့စုံတဲ့လူတွေပါကလား မင်းတို့ကိုကြည့်ရဒေါ် တောမှာမွေးဖွါးတဲ့ တောသား တွေမဟုတ် ဖြစ်ရမယ်-မင်းတို့ရဲ့ လုံချည် အင်္ကျီ တွေကလဲ စုတ်လို့ ပြဲလို့-ခြေထောက်တွေမှာလဲ သွေးသံရဲရဲ ချွေးဒီးဒီးနှင့် ဘယ်ကဲ့သို့ဖြစ်ပုံ ဘယ်လို အရေးကြီးလာပုံ အလုံးစုံကိစ္စကို ဖြေးဖြေးနားနားပြီး အသေက်ကိုမှန်မှန် က လေးရှူပြီး ပြောပြကြစမ်းပါ-

## ၁—နံပါတ် ဘဒ္ဒမင်းသားလျှောက်ချက်

၁-တောသားတွေမဟုတ်-မင်းမျိုးသူဌေးသားတွေဖြစ်ကြပါတယ်။

၂-ဗာရာ ဏသီပြည်သား နောင်ညီသုံးကျိပ်ဘဒ္ဒဝဂ္ဂီ မင်းသားတွေဖြစ် ကြပါတယ်။

၃-၂၉-ယောက်တို့က လက်ရှိမယားနှ်ပြီး ဖြစ်ကြပါတယ်။

၄-ကျန် ၁-ယောက်အတွက် ပြည့်တံဆာမကို ဝယ်ယူ၍လာရပါတယ်။

၅-ညီနောင်သုံးဆယ်တို့ ဖုံးကွယ်ရာတောတန်းမှာ ကာမစခမ်း ဖွင့်ကြ ပါတယ်။

၆-မြို့ထဲမှာတော့ ထင်သလိုမပျော်ကြရလို့ မယားကိုယ်စီနဲ့ တောထွက် ကြပါတယ်၊

၇-ကာမရာဂမြူးတူးပျော်ပါးပြီးအားလုံးဘဲအိပ်ပျော်၍သွားကြပါတယ်။

၈-ပြည့်တံဆာ မိမ္မက အားလုံး အိပ်ပျော် နေခိုက်မှာ ထွက်ပြေး သွား ပါတယ်။

၉-သူ၏ကိုယ်မှာ ဆင်ယင် ထားသော ပစ္စည်း မျိုးစုံတွေသဲ ယူသွား ပါတယ်။

၁၀-အိပ်ပျော် သူတို့၏ ရွှေငွေ ပစ္စည်းတို့ကိုလဲ ခိုးယူ ထွက်ပြေး သွားပါ တယ်။

၁၁-ညဥ့်သန်းခေါင်ကျော်အချိန် အိပ်ပျော်ရာမှ နိုးလာကြလျှ် သိကြပါ ပါတယ်၊

၁၂-သိလျှင်သိခြင်း ဒိမိမှုကို တွေ့လျှင် အသေ သတ်မယ်လို့ ယခုကဲ့သို့ မိမ္မရှာရန် လာခဲ့ကြပါတယ်။

## တွေ့-မတွေ့-မြင်-မမြင်-မိန့်တော်မူပါ

### နဇ္ဇဒိဒေသနာ

လျှောက်ထားသောစကားကို အင်္ဂါပြည့်နားလည်ပြီးမှ ဟောပြပုံ-အေး မင်းတို့ပြောပြသည့်အတိုင်း နားလည်ပါပြီ သေသေချာချာ နားစိုက်ကြစမ်း ငါ့သားများ ပျောက်လို့ရှာကြတဲ့ မိမ္မကို ပြောပြမယ် - မြို့ရွာထဲမှာ မြူးတူး ပျော်ပါးလို့အားမရ တင်းမတိမ်ကြလို့ တောထဲ-မြိုင်ထဲမှာ သဘောရှိထင် သလို နေထိုင်ကြရအောင် လာစဉ်ကတော့ စိတ်ထဲမှာ ချမ်းသာသုခဖြစ်ကြ ရတယ်-ကိုင်းယခုတော့ ပျော်ပါးကဲ့သော အိမ်မက်အာရုံသုခကို မင်းသား တွေ တွေ့အောင်ရှာကြစမ်း-လို့ ပထမ စကားချီလိုက်တယ် - ရှေ့တန်းက နေသောသူများက နားဝင်သွားတယ် ဘုရားရှင်ရယ်လို့ မသိပေမဲ့ ကြေန် တရားရှိတဲ့ အရှင်ကောင်းကြီးပါကလားလို့ ဥက္ကောင်းညွတ်သွားတယ်-

ဒုတိယပြောတုံးမှာ(ကာမသုပိန္နူပမာ)ကာမ-အာရုံခံစားသူတို့သည်၊သုပိ န္နူပမာ-အိမ်မက်နှင့် တူကုန်၏ (ကာမာ ယာစိတကူပမာ) ကာမာ -အကြိုက် အာရုံခံစားသူတို့သည်၊ ယာစိတကူပမာ- ငှါးရန်းသော ပစ္စည်းကို ခေတ္တ ကိုင်ရသည်နှင့် တူကုန်၏၊ စသည်ဖြင့် ကာမာဒီနဝ သုတ်ကို ဟောတော် မူ၏-တရားနာဆဲမှာ အချို့မင်းသားတွေက ဒါမှန်တဲ့ စကားပါကလားလို့ ဘေးကမင်းသားတွေကိုလက်ကုတ်ပြီး ရှေ့တိုးကြတယ်-မတ်တတ်ရပ်တဲ့သူ တွေ့လဲထိုင်ကြဘိ-မိမ္မကို နှစ်ချိုက် ပေါင်းသင်းနေကြသော ယောက်ျားများ ဟာ အင်မတန် ယုတ်ညစ်သော အလုပ်ကိစ္စကို အဟုတ်စိတ်က ပာန်တယ်- ကောင်းတယ်လို့ ထင်လုံးချမ်းသာနဲ့ မှတ်လုံးပျော်မှုနဲ့ စွဲလုံး သာယာမှုနဲ့ သုခကောင်းလို့ အယူရှိကြတယ် အမှန်ကတော့ ဒုက္ခကြီးအစစ်- ဘေးကြီး အစစ် အပြစ်မျိုးစုံရှိတယ်လို့ ငါ့သားများမှတ်ထားကြ (ဒါ မင်းတို့ မေးတဲ့ မိမ္မကိုပြောနေတာမှတ်) မေထုနသံဝါသလုပ်ငန်းကြီးကို သုခစစ် အလုပ် စခမ်းထွင်ပြီး ကြည့်စမ်းပါ်အုန်းကွယ် မင်းမျိုးတွေဆို မင်းသား တွေဆို အိမ်နဲ့ရာနဲ့ တိုက်တာ ရွှေ-ငွေတွေနဲ့ မြို့ထဲ - ရွာထဲ အိမ်ထဲမှာ နေနိုင်ကြ သားကာဘဲ ဒိုလိုနေရုံမျှနဲ့ မတောင်နိုင်-မဝနိုင်- အားမရနိုင်- တင်းမတိန် နိုင်

ကြလို့ ကာမဂုဏ်ပြဇာတ်ကြီး တောရပ်ခရီးမှာလာပြီး ဖွင့်လှစ်ကြဒါ ဆုံကြ စရာပါကလား မောင်တို့ရယ်-

### အားလုံးကုန်-ဥက္ကောင်းလျှိုးကြပြီ

ဒီမှာကြည့်စမ်း မိမ္မနဲ့အတူနေသူ မိမ္မကို မက်မောသူ မိမ္မနဲ့နှီးစပ်သူ- မိမ္မကို ရှာဖွေသူ-မိမ္မစိတ်တတန်းတန်းစွဲလမ်းသူ- မိမ္မရဲ့အရိပ်ကိုမြင်သူ- မိမ္မ၏ အသံကို အာရုံယူသူ- မိမ္မ၏အနံ့ကို ရှုရှိုက်သူ (စာလေးလေးဘတ်) မိမ္မ၏ အရသာကို ခံစားသူ မိမ္မရဲ့အတွေ့အာရုံကို လိုက်စားဘူးသူ-လိုက်စားဆဲသူ လိုက်စားအုန်းမယ်လို့ ကြံချွယ်ကြသူတွေဟာ (ဘုရားနဲ့ရဟန္တာမှတပါး)

## အလောကလုံး လူတွေ သေကြဒါ
## မိမ္မတွေသတ်လို့ သေဒါ ချည်းမှာ

မိမ္မဆိုဒါ-ဥပမာ နားထောင် သံညွှစ်နဲ့တူတယ် ပိုက်ကွန်နဲ့တူ၏- မျှုံးနဲ့ ငါးမျှားချိပ်နဲ့-ကြော့ကွင်းနဲ့-ဘိချပ်နဲ့-ထောင်ချောက်နဲ့ တူလှ၏ အဆိပ် ဘူးကိုဆောင်သူ ဓါးလှန်သေနပ်စသော လက်နက်ကို ဆောင်ထားသူတို့နဲ့ တူ၏ မြွေအလမ္ပါယ်ဆရာနဲ့တူတယ်- ကိုယ့်လက်နက်နဲ့ ကိုယ်သတ်သေကြ ရ၏၊ ကိုယ်ပြတဲ့မြွေက ဆရာကိုပင် ကိုက်သတ်တတ်၏ မှတ်လေ- ဟော့ မင်းတို့တွေ လူပါးလူနပ်တွေဆို အထက်တန်းစား မင်းမျိုးတွေဘဲကွဲ့ သူဌေးသားတွေလဲ မှန်ဘယ်- မင်းတို့သူဌေးသားတွေဆိုတော့ ပိုက်ဆံရှိတဲ့ လူတွေက တွေးကြမယ်- ဒီမင်းသားတွေဟာ- မင်းတွေလဲဖြစ် သူဌေး တွေလဲဖြစ်- လူပုံတွေကလဲချော- မယားခေါ် မိမ္မဘဲခေါ်- ခေါ်ခြင်သလို ခေါ်ကြ-မိမ္မတွေကလဲ ပေါတယ်-ပြီးတော့-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြ မှာဘဲလို့ တွေးကြမယ်- သူတို့တွေးသလို မဟုတ်- ငါ့သားများအလုပ်က ဒုက္ခအလုပ်ကြီး ပါလားကွဲ့-ဘဒ္ဒတို့ရဲ့-

### ဒီအခါမှာ- မင်းသားတွေရွှေခွက်နား တရားဝင်ဘီ

မိမ္မ ကို- စပ်ယှက်ပေါင်းသင်းကြတဲ့ ယောကျာ်းမှန်သမျှ- ကျားပဇင် တွင်းသို့ ခုံဆင်းတာနဲ့တူ၏- ကြိုးဆွဲချသေတဲ့သူက တော်သေး၏၊ မြစ် သမုဒ္ဒရာထဲသို့နက်လှစွာသောတောင်ကန္တားချောက်ကြားထဲသို့ ဂျမ်းပြစ်ချ လိုက်သူက ခေတ္တမျှသာဒုက္ခဖြစ်မယ်-မိမ္မကို-မြင်မိကြားမိ ကိုင်ထိမိ ပေါင်း

သင်းမိပါက ကမ္ဘာအနန္တ ဘဝပေါင်း အသင်္ချေမက ကြီးကျယ်သော ဒုက္ခကို တွေ့ကြုံရမည်- (ချဘဲတွေ့နေကြရဘီ မဟုတ်လား- (စာဘတ်သူ ထရားလိုခြင်လို့ ဘတ်ထာဟုတ်ကဲ့လား) မိမ္မကိုမက်မောလှသော ဓော စေတနာရှိသမျှ မသေခင်ဒုက္ခ-သေပြန်လျှင်ငရဲကျ- ငရဲကလွတ် မိမ္မဗိုက် ထဲပြန်ရောက် ခွေးသိုးခွေးမ- လူထီးလူမ ဘယ်ပုံနဲ့ခွဲပြပေမဲ့ (အမ) ကဘဲ ဖြစ်ကြတယ်မှတ်- သေကြဒါ မိမ္မတွေကြောင့် မွေးကြဒါလဲ မိမ္မတွေကြောင့် မိမ္မကို အပိုင်အဆိုင် လုပ်သူမှန်ပါက ဘုရားအစစ်ကိုသဲမတွေ့နိုင်- အပိုင် အဆိုင်မလုပ်လျှင် တွေ့နေဒါဘုရားဘဲ-မိမ္မကို လိုက်ရှာနေလျှင်- တရား အစစ်ကိုသဲ မရှာနိုင် မနာယူနိုင်-မိမ္မကို လိုက်ရှာကြသောစိတ် ယခုပျောက် လျှင် ယခုနာယူစဉ်းစားနေဒါ တရားအစစ်မှတ်သိုက်- တရားအစစ်ကို တရားအမှန်ကို တရားအဟုတ်ကို ကြားနာရလို့ တကယ်သဘော ပေါက် လျှင်-တရားစစ်ထာပြော ဘုရားစစ်- တရားအမှန်ကိုဟော ဘုရားအမှန် ပေါ့-တရားဟုတ်ထာတွေတွေ့နေကြလျှင်-ဘုရားဟုတ်ထာ တွေ့ကြပြီပေါ့- အဲဒါကာမဂုဏ်၏အပြစ်ကို ဖေါ်ပြသောကာမာဒိနဝသုတ္တ-သံဝေဂမှတ်-

## မိမ္မကို လိုက်ပြီးရှာဘို့စိတ်တွေ မရှိတော့ပြီ
## ကောန် ယခုဟောပြနေဒါ ဘုရားအစစ်

ထိုကဲ့သို့-(ကာမ—အာဒိနဝ)ခေါ်- ပါဠိရဲ့ဘာသာပြန်မှာ ကာမဆိုဒါ မိမိရဲ့အလို— အာဒိနဝဆိုဒါက အပြစ်ဘေး—ကိုယ့်အလိုဟာ ကိုယ့်အပြစ်ဘေးဘဲလို့ ဆိုလိုတယ်ယောဂီ- တရားမရသေးတဲ့တရားလိုခြင်သူတွေကို ပြောပြပါ—အာလောကဒီပနီကိုဘတ်ကြည့် ယုံကြည် စမ်းပါလို့ သတင်းလွှင့်ပါ—

ဘဒ္ဒဝဂ္ဂီ-နောင်ညီတွေ-တချို့က သောတာပန်- တချို့က သကဒါဂါမ် တည်ကုန်ကြပြီ (စာဘတ်သူသတိထား)နားသောင် ငါဆရာ ပြောပြမယ် မင်းတို့က -တောခရီးမှာ တမောကြီးလိုက်လံ ရှာဖွေကြဒါ မိမ္မကိုရှာကြ တယ်-ငါဘုရား မြင်ရတွေ့ရသိရဒါက မင်းတို့တွေ့ဟာ ယောကျ်ား အ ရှင်းမဟုတ်ကြ-အားလုံးကုန်မိမ္မမှတ်- (ခက်တယ်ခက်ပြီ ဘဒ္ဒဝဂ္ဂီတို့ကို အဘိဓမ္မာအဆိသွင်းလိုက်ပြီ) အားလုံးဒီစကားအဆန်းကို မည်သူမှ နားမ လည်လိုက်ကြဘူး-မင်းတို့သာ မိမ္မကောန်ဖြစ်ကြတယ်-ငါတွေ့ဒါ ငါမြင်ဒါ ငါသိတဲ့မိမ္မကိုပြောနေဒါ-သေသေချာချာစဉ်းစား- လူပါးတွေဘဲကွဲ- မင်း တို့ရဲ့ ခန္ဓာကိုယ်ရုပ်ကတော့ ယောကျ်ားမှန်ရဲ့-မင်းတို့ရဲ့စိတ်တွေက- မိမ္မ မင်းသားတွေ၏ စိတ်ထဲမှာ မိမ္မထဲ့ထားတယ်လို့ ယခု စဉ်းစားကြ- ဘဒ္ဒ

တို့ရဲ့ ရင်တွင်း နှလုံးသားထဲမှာ-မိမ္မကို သွင်းထားကြတယ်-တနည်း- ကျမ်းဂန် ဥပဒေအရ စိတ်သည် နှလုံးသွေး၌ တည်နေတယ်ဆို၏-တချို့ အယူတွေက ဦးနှောက်ထဲမှာ စိတ်ရှိတယ်ယူကြလျှင် ဝဂ္ဂသုံးဆယ် ဘဒ္ဒတွေရဲ့ ဦးနှောက်ထဲမှာ ဥက္ကောင်းထဲမှာ မိမ္မကို ထည့်ရှက် ထားတယ်လို့ မှတ်လိုက်ကြ-

**နဂုတ္ထိ-မိမ္မအရှင်းမဟုတ်**
**ထွက်ပြေးဒါ- နာမ် နဲ့ရုပ်**
**မိမ္မထင်လုံးနှင့် ပျေးတယ်လို့**
**ယူကြလို့ တောစခမ်းမှာ မောပန်းနေကြ၏**
**မိမ္မထင်လုံး ပျောက်သော်- တောအရပ်မှာ**
**အမောပြတ်မယ်-**

မင်းတို့ရဲ့အသား အခြေအနေလက္ခဏာကတော့ ယောက်ျားသဏ္ဍာန်ပါဘဲ- စိတ်တွေကတော့-မိမ္မစိတ်တွေ ဖြစ်နေပြီမောင်တို့-စိတ်မိမ္မတွေရှားလို့ ပြီးနိုင်ကြပမလား- စိတ်မိမ္မကို ပေါင်းသင်းလို့ အားရနိုင်ကြ ရဲ့လား- (ကိုယ့်စိတ်မိမ္မက-ကိုယ့်ရုပ်ကို သုသာန်ပို့သည့်ယောဂီတို့) ခွေးကိုယ်နဲ့ လူခေါင်း-လူကိုယ်နဲ့-ခွေးခေါင်း ဖြစ်ထာ သိခဲလှ၏-

## မိန်းမရှာနှင့်ယောက်ကျရှာ=ခွဲပြီ

လောကကြီးမှာ- မိမ္မက-ပုဆိုး ရှပ်အင်္ကျီ ခေါင်းပေါင်း စသော ယောက်ျားတို့၏ အဝတ်တို့ကို ဝတ်ဆင်လေ့ရှိသော်- စကားပြောလျှင် ယောက်ျားတို့၏ အသုံးအနှုန်း ပြောဆိုခဲ့သော အမူအရာ အားလုံး- ယောက်ျားများလို-သွားလာနေထိုင်တတ်သူကို (ယောက်ကျရှာ) ခေါ်ကြတယ်-တနည်း-ယောကျ်ားဖြစ်ပါလျက်-မိမ္မတို့၏အနေအထိုင် အပြော အဆို အမူအရာအတိုင်းနေ၍ထမိဝတ်ခြင်း-ဘီးဆံပတ်-ပတ်ခြင်းစသော မိမ္မတို့၏ အဝတ်တို့ကို ကြိုက်နှစ်သက်၍ နေလေ့ရှိသူကို(မိန်းမရှာ)လို့ခေါ်ဆိုသမုတ်ကြ၏၊ငါဘုရားသိဒါကတော့မင်းတို့မင်းသားတွေဟာ(မိန်းမရှာတွေဘဲ)ဘာ့ကြောင့်-မိမ္မကိုရှာလို့-မိန်းမရှာခေါ်လိုက်၏-မိမ္မစိတ်ရှိနေကြလို့ မိန်းမရှာဆိုတယ်မှတ်-ယောက်ကျားစိတ်ရှိတဲ့ မိမ္မတွေကိုတော့ (ယောက်ကျရှာတွေ)လို့ မှတ်လိုက်ကြ- (မိန်းမရှာနဲ့-ယောက်ကျရှာ-ချမှ-ကွဲတယ်)

နာမရူပ ပရိစ္ဆေဒဉာဏ်ကို အကျိုးနည်း ဟောပြသည့်ပြင် ဒုက္ခသစ္စာနှင့် နိဂုံးချုပ်တော်မူသည်၊ ဘဒ္ဒဝဂ္ဂီ နောင်ညီတို့သည် သောတာပန် သကဒါဂါမိ အနာဂါမိ အချို့ကတော့ ရဟန္တာတွေဖြစ်ကြကုန်သည်ဟု ကျမ်းဂန် ဥပဒေအရ အာလောက ဒီပနီက ဖေါ်ပြလိုက်သည်–လူဝတ်နဲ့အားလုံးအရိယာတွေ ဖြစ်ကြပုံ တောထဲမှာ ဘုရားဆရာနဲ့ တရားနာရသဖြင့် မယားရှာရင်း စိုင်ကော်လို့ ချုပေါ်သို့ရောက်ကြရသည်၊ လောကစည်းစိမ်ကောင်းကို ရှာတတ်ကြိုက်တတ်လျှင် လောကုတ္တရာစည်းစိမ်ကောင်းကိုလဲရှာတတ်နာတတ် နားလည်တတ်သော မင်းသားတို့ကို အတုခိုးကြ၊ အရိယာအလောင်းမှန်လေတော့ (မယားရှာ ဘုရားတွေ့) မယားရှာ တရားလဲတွေ့ကြရတယ်၊ မိမိတို့လဲ သက်နှံဝတ်ကြလျှင် ပရမတ္ထသံဃာတွေ ဖြစ်ကြရတယ်၊ အရိယာအလောင်းမမှန်ကြသော အန္ဓဗာလတို့မှာ ဘုရားရှာဘုရားမတွေ့–သွီးရိုးစားနဲ့ လင်တို့မယားတို့ မိတ်ဆွေတို့တွေ့ကြရမယ်မှတ်-တရားနာပြန်လဲ တရားမတွေ့ဘဲနဲ့ မိမ္မတွေကို ယောကျ်ားတွေကိုသာ တွေ့မြင်ကြရမည်ကို မိမိရရ သတိရှိကြစေ–

## လူဝတ်နဲ့ အရိယာဖြစ်သော်လဲ ယနေ့ရှင် ဖြစ်စ သာမကောငယ်-သက်နှံဝတ်ကိုရင်က လေးကိုပင် ရှိသေကြရမယ် ဦးခိုက် ကြရ မယ် ပုဒ်ပြတ်မှတ်–

(သက်ာ) ကာမစိတ်ရှိ- အဆိပ်မိ၍-ဇရုတ္တိမိမ္မ စိတ်တိုင်းကျကို ရှာကြလူမျိုး မိးဝင်တိုးသည့် ပိုးဖလံသာ ကဲ့ပမာသို့- တကျာနယ်သား-မိသူများ၏ တရားစိတ်ရှိ လူကပိတ္ထိ-သပ္ပုရိသ မြတ်ဗုဒ္ဓကို တွေ့ကြပါမှ တရားရယိမ့်၊ တရားရှာလျှင် လူနှင့်ရှင်တို့ စိတ်ထင်စိတ်က စိတ်မိမ္မသည်- ရုပ်မျှနာမ် သာတွေ့ကြောင်းရှာမှ ပညာရမည်မြတ်ယောဂီတို့ ဝဂ္ဂီဘဒ္ဒ-ထုံးနည်းပြသည်-ကာမဇာတ္တိ-ပြတ်ခမ်းတည်း။

ဘဒ္ဒဝဂ္ဂီ နောင်ညီသုံးကျိပ်တို့သည် တရားနာရင်း လေးမြတ်သောစကားကို ကြားနာရင်း နှစ်ခြိုက်ကြည်လင် သဒ္ဒါရွှင်လျှက် ဦးတင်ညွှတ်ခမာနကျ၍ ဒါမှဘုရား ဒါဘုရားဟု တရားထူးလှ နာကြားရ၍ ကာမအလိုကိုယ့်အလိုသည် ကိုယ်၏လောဘ ကိုယ့်ဒေါသဟု- မောဟပင်ရင်း သိထင်လင်းလျှက် အခုင်းပယ်ဖြုတ် ဒိဋ္ဌိဒုတ်ကို ခွဲနှုပ်ပယ်သတ်- မဂ်ဖိုလ်ဇာတ်ကို ဘဒ္ဒဝဂ္ဂီ-ရပေါင်းတည်သည့် ယောဂီထွေးလုံး-ကာမထုံး-

ဘဒ္ဒဝဂ္ဂီ မင်းသားတို့သည် တချို့ကား အာဂါရ အရိယာ အချို့ကား အနာဂါရ အရိယာတွေ တဖြေးဖြေးဖြစ်ကြကုန်သည်၊ ဒီအခါမှာ ဘုရား စစ်ပွင့်ပြီဟော့-ဆိုသော တခဲနက် အသံတွေ-ဥရုဝေဋ္ဌ တတောလုံး ဆူညံ

သွားသောကြောင့်-တောစောင့်နတ်အပေါင်းတို့ ကောင်းချီး သာဓုခေါ်ကြ၍ များစွာဝမ်းမြောက်ကြကုန်သည်။

ဘဒ္ဒဝဂ္ဂီ ဇာတ်ကွက်တော်ပြီ

---

## ဘဒ္ဒဝဂ္ဂီ ဥဒါန်း

မာယာစေသာ မရိစိ-သောကော ရောဂေါ ဥပဒ္ဒဝေါ

ခရာစ ဗန္ဓနာစေသာ-သော နရေသု နရုတ္တမော-

ဘောဂ္ဂေ့ာ- ကာမရာဂမွန်ပုံ-ဓမ္မတာပ ါပဋ္ဌနိစုံ- တောရဂုံ မြိုင်ဖျား မှာ သုံးကျိပ်သား အဖော်မယားတို့နှင့် ကာမဂုဏ်စံ-အာရုံခံ ပျော်ပါး ကြ တဲ့ ဒိုဘဒ္ဒဝဂ္ဂီနှောင်ညီ မင်းသား အပေါင်းတို့-

သောဏ္ဍဿိနာမ- ဤမိန္မတို့မည်သည်ကား၊ မာယာဝဥ္စနာ- ကြည့်မိယှောင် ကြိုက် ထိခိုက်လျှောင် မခွါနိုင်၊ ပွေ့ကိုင်လျှောင်မူးမေ့ နိမိတ်အတွေ့ အရိပ်အငွေ့ အာရုံ စိတ်ဘဝင်တုံအောင် ချောက်ခြားပြီး ယောကျ်ားတကာတို့ကို အပိုင် ချုပ် ဘိုင်စကုတ်မျက်လှဲ့ဆရာနှင့် တူကြလေကုန်၏။

မရိစိ- နေပူကွင်းပြင် တောသမင်တွေ ပြေးလျှောက် ရေထင် လို့ သောက်ကြပေမဲ့ ရေငတ်လို့တဆာဆာ ရေခွာတ်ဆိုဒ ါ အရှင်းမပါဘဲ နေ ရှိန်တံလျှပ်ပမာနှင့် တူကြလေကုန်၏။

ခရာ- တရားကောင်းကိုရှာ ဗိလာကန့်ကွက် နှိပ်စက်တတ် ဖျက် ဆီး တတ် ခရီးဖင့်အောင် မျိုးစုံရှုပ်ပြီး ကြမ်းကြုတ်သော အလေ့ ရှိကြကုန်၏။

ဗန္ဓနာ- စပ ါးကြီးမြွေ ကြိုးခွေပမာ ငါ့သိကိုသာ မကြာခဏ လာကြ လိုက်ခဲ့ကြပဟု တဏှာပယ်အဆက်မိ အာရုံပေါင်းစုံ မက်ရှိလို့ ချက်ငြိသလို လှဲ့ရုံးနိုင်အောင် ပွဲထုံးခါ ချည်နှောင် တတ်ကြလေကုန်၏။

တောနဒုက္ခေ- အန္တစ်သာရ အရှင်းမဟုတ် အချစ်ဆိုဒ ါ ကာမ အ လုပ် ပြည့်တံဆာမ အပုတ်ကောင်အလှရုပ်ဆောင်ခါပြလို့ စိတ်ကစွဲတစုံတရှင်း စိ တွဲတွဲပြီး လက်ငင်းချက်ခြင်း တောထဲမှာ ထိုက်ခဲ့သို့ ဆင်းရဲရခြင်းကြောင့်၊

သောကော- မရ ရအောင် မတွေ့ တွေ့အောင် မမိ မိအောင် ညီနှောင် တွေအကုန် ဒိပ်မက်မှု အာရုံကို ရှာပုံတော်တူကြ ကိုင်းယာရတော့ ပြော ပြလို့မပြီးအောင် သောကမီးတောက်ကြလေကုန်ပြီ။

ရောဂေါ- ဆူးချုံသစ်ငုတ် ခလုတ်တိုက်မှန်းလဲမသိ (မျက်စိပ ါလျှက် မ မြင်) မိုးမလင်းခင် ခရီးဆက် ချွေးဒီးဒီးထွက်ထောကိုလဲ မဆင်ခြင် သွေးသံ ရဲ

ရဲ့ တခဲခဲနှင့် တညီထဲသွားခံ့ အားကုန်ခါ မောလာကြသဖြင့် ကိုင်းရောဂါ စုံရကြလေကုန်ပြီ။

ဥပ္ပဒ္ဒဝေါ- ပါးတယ်နပ်တယ် လိမ္မာတယ်ဆိုဒါ ယခုအမြန်စဉ်းစားကြ မင်းညီ မင်းသား သူဌေးသားတွေ ဖြစ်ကြပါလျှက် အေးချမ်းစွာ မနေ နိုင်ဘေးများစွာတွေ့ကြရလေကုန်ပြီ။

တသ္မာ- ကာမရောဂ ကမ္ဘာက မူးရစ် ထိုကဲ့သို့ အာသဝအရူးတွေ ဖြစ်ခဲ့ရခြင်းကြောင့်၊ တုမှေ- တရားကောင်းကိုရှာ ယောဂီစုံကလျှာ အပေါင်းတို့သည်၊ ဝိဘဇေထ- ကိုယ်ချစ်ထာ ကေနှာကို အပြစ်ရောဂါကိုသာ ကိုယ်တိုင်ရှာပြီး ဝေဘန်ကြကုန်လော၊ နရေသု- ဈာဉ်နဲ့ ပုရိသ ၂-မှာနဒွန်စုံ ကာမဂုဏ်အရှိန် ကြူးပြီး အာရုံဒိမ်မြူးကြတဲ့ လူအပေါင်းတို့တွင်။

သောနရော- ငါဘုရား ယခုဟောပြတဲ့တရား ငါ့ရို့မှာ ကေန်ဟုတ်ပါ ကလားလို့ တရားမြတ် ခြင်္သေ့ဆိ နားသိဂီ ညော့ခံတတ်တဲ့ ယောဂီမြတ်သည်၊ ဈာဉ်-မရှိတဲ့မိမ္မ မတွေ့တဲ့ မိမ္မကို၊ နဂဝေသေယျ- မရှာမှီးဘဲ နေနိုင် ကြသည်ဖြစ်အံ့။

နရုတ္တမော- အရှာခံရဒါက မိမ္မလား- ရှာတဲ့ ယောကျ်ားတွေရဲ့ စိတ်ထဲမှာ မိမ္မလားလို့ မိမ္မအစစ်ကို တွေ့အောင်ရှာတတ်မှ- လူထဲမှာ လူ နတ်အပူစုံ နခမ်းသတ်ပြီး ဩဠာ-အရိယာ လူမြတ် ဖြစ်ကြရလေတော့သတည်း။

ရုပ်ကတော့ ယောကျ်ား- စိတ်ကမိမ္မ-
ရုပ်ကတော့ မိမ္မ-စိတ်ကယောကျ်ား-
လူ့ကိုယ်နဲ့-ခွေးခေါင်း-
လူခေါင်းနဲ့- ခွေးကိုယ်-
ခန္ဓာဒုက္ခ-အာဒီနဝကို-မမြင်သမျှ တရားဘယ်ခါမှ မရ-

## အာလောကဒီပနီ လမ်းညွှန်

ချမှဘဲ-အာလောကရဲ့ အညွှန်းကျပါတော့တယ်-လမ်းညွှန်တယ်-လမ်းပြတယ်ဆိုဒါ- ပါဠိလို-မဂ္ဂ-မဂ္ဂင် ခေါ်နိုင်တယ်- မှားသောလမ်းကို ပြလျှင်- မိစ္ဆာမဂ္ဂင်- မှန်သောလမ်းကိုပြလျှင် သမ္မာမဂ္ဂင်- လမ်း ၂-မျိုး ရှိသည့်အနက် တွေးကြ-မေးကြ-ခွဲဝေဘန်ကြ ယောဂီတို့- ယခုအားထားပြီးလုပ်နေတဲ့အလုပ် ကိစ္စဟာ ဘယ်လမ်း သွားမယ်လို့ ဟန်ယူနေသပါလဲ- ယခုအားထားလောက်ပြီလို့ယူဆထားသော အချက်ဟာ ဘယ်ခရီးရောက်ဘို့ ပါလိမ့်မလဲ- တိုင်ပင်ကြ-

မိစ္ဆာ မဂ္ဂင် သမ္မာ မဂ္ဂင်
မှားသောလမ်းစဉ် မှန်သောလမ်းစဉ်

အပေါ်ယ်လေးပါးသို့ ရောက်စေတတ်သော လမ်းစဉ်ကို- လုပ်ငန်းခေါ် ဒုစရိုက်ပြုမှုကို မိစ္ဆာမဂ္ဂင်ဟုတ်တယ်-လူဘုံ-နတ်ဘုံ-ဗြဟ္မာ့ဘုံတို့သို့-ဆိုက် ရောက်ရာလမ်းစဉ်ကို ဝါ-ကုသိုလ်ကောင်းမှုလုပ်ငန်းခေါ်-သုစရိုက်ပြုမှုကို ဒုစရိုက်မပြုခြင်းကိုပင် သုစရိုက်မှတ်- ဒုစရိုက် မဖြစ်အောင် နေသော ကုသိုလ်လမ်းစဉ်ကို- သမ္မာမဂ္ဂင်ဟုတ်၏ ဟုတ်တယ်- ဒီသမ္မာမဂ္ဂင်ကို ဖိုင်း ဖွဲ့တွေးကြစမ်းပါ- သမ္မာထဲမှာ သင်္ခေနေခြင်း အိုခြင်း နာခြင်း သေးရခြင်း ပါနေသည်-ဒီလိုသမ္မာမဂ္ဂင်မှာဘဲ နေကြသေးရင်-ဘုရားနဲ့ ဆန့်ကျင်ဘက်- ဘာ့ကြောင့်-ဘုရားပွင့်ရဒါက-ကာမ-ရူပ- အရူပ- ကုသိုလ်ခေါ်သော သမ္မာမဂ္ဂင်ထဲက-ဝါ-ကာမလူနတ်ထဲက-ဝါ-ရူပဗြဟ္မာထဲက- ဝါ- အရူပ ဗြဟ္မာထဲက- (အာလောက) စက္ခုဖြင့်- ကျကျနန ကြည့်ရှုတော်မူပြီး၍- နမနူသော-လူမဟုတ်၊ န ဒေဝေါ-နတ်မရှိဘူး၊နဗြဟ္မနော- ဗြဟ္မာဆိုဒါလဲ ထင်လုံးကြီးမနေကြနဲ့-ဘာလဲ- နာမရူပ အာလောက- အနိစ္စအာလောက- ဒုက္ခ အာလောက-အနတ္တ အာလောက- အသုဘ အာလောက ဟူ၍ ပွင့်ပွင့်လင်းလင်း မှတ်ကြ-

ကျမ်းရေးသူ-ကျမ်းစာဘတ်သူ၏ခန္ဓာကိုသာ-မျက်စိနဲ့မှန်ထဲမှာ ကိုယ် ရုပ်ပုံကို ကြည့်ဘိသကဲ့သို့- တကိုယ်လုံးကိုကြည့်ကြ- မှန်ဒါတွေမြင်ရမယ် ဒါအာလောက-ဒီခန္ဓာ၌ တကိုယ်လုံးမှာရှိဒါတွေဖုံးမထားတမ်း ဖက်မထား တမ်း မသိချင်ရောင်မဆောင်တမ်း-မမြင်ချင်ရောင်မဆောင်ကြစတမ်း-မိမိ ၏ ခန္ဓာအစဉ်မှာ ရှိတဲ့အတိုင်း မှန်ဒါမြင်မှ- သမ္မာမဂ္ဂင်စစ်မှတ် (သမ္မာပါ တိုင်း) ကောင်းလှဘီကောင်းလှချည့် မယူကြနဲ့ ဘေးနဲ့ရောတဲ့ အကောင်း- ဘေးလုံးဝမရှိသောအကောင်းကို တွေ့ဘို့ရာ-ဟောဒီခန္ဓာကြီးကဘဲ လမ်း ညွှန်းပါလိမ့်မယ်- ဒါကြောင့်- လူဖြစ်ထာ မိစ္ဆာလား သမ္မာလားလို့- အမှားနဲ့အမှန်- အဆိုးနဲ့အကောင်း-သုဘနဲ့- အသုဘ- နိစ္စနဲ့ အနိစ္စ- သုခနဲ့ ဒုက္ခ-အတ္တနဲ့ အနတ္တ-ဒီခန္ဓာ၏ဖြစ်ရာလမ်းစ- ဖြစ်စဉ်လမ်းလယ်- ဖြစ်ပြီး သောလမ်းဆုံး- ခန္ဓာမှာသိမ်းကြုံးပြီး(ပြလိုက်ပြီ-ဆရာပြောပြလိုက်ပြီ-အာ လောကဒီပနီ) ဆံဖျားက-စ ခြေဖျားတိုင်အောင်- ခြေဖျားကစ- ဆံဖျား တိုင်အောင်-အခေါက်ခေါက်အခါခါ(မိစ္ဆာနဲ့သမ္မာ) ခန္ဓာကဘဲ- ခွဲပြလိမ့် မည်-မျက်စိနဲ့ဖွင့်ကြည့်ကြ- အဘိုးတန်မတန် ဒိဋ္ဌမြင်ကြ လမ်းပြလိုက်ပြီ- ခန္ဓာအာလောက-အာလောကမှန်ပြောင်းနဲ့ကြည့်ရင်တော့-အကုန်မြင်ပါ တယ်-မှောင်ထဲလဲမြင်တယ်- ချောင်ထဲမှာ သာမြင်ရတယ်- ကြို့ကြို့ကြား

ကြားထဲမှာလဲ နိုက်နိုက်ချွတ်ချွတ်မြင်ရပါတယ်- အာလောက ပြတဲ့လမ်းကိုသာ ရှောက်ကြလျှင်-မြဒါမြင်ရမလား မမြဒါတွေမြင်ရမှာလား- မှန်ပြောင်းနဲ့ကြည့်-ချမ်းသာဒါနဲ့ ဆင်းရဲဒါ ခွဲခြားပြီးမြင်ကြရမယ်-မပိုင်မဆိုင်ဒါနဲ့ အပိုင်အဆိုင်- ဘယ်ဟာကနိုင်မလဲဆိုဒါလဲ- တဲ့တဲ့ရှင်းရှင်းကြီး- မြင်ကြရမယ်-ဂွမန်းစရာနဲ့-ချစ်ခင်စရာကိုလဲ-ကွက်ကွက် ကွင်းကွင်းကြီးထင်ရှားစွာမြင်ကြမယ်- (ကိုယ့်ခန္ဓာမှာ-ကိုယ်မြင်တမ်း) သူများကို မြင်လျှင်မိန္တာ-ကိုယ့်ကိုယ်ကိုမြင်မှ သမ္မာမှတ် အာလောကရဲ့ဘာသာပြန်က လင်းလင်းရှင်းရှင်းသိရမြင်ရဘို့ပါဘဲ- ကွယ်ထောင့်နေသော်လဲ မြင်တယ်- ပုံးကွယ်နေသော်လဲမြင်၏- ဖုံးမိထားပေမဲ့-အကုန် အကွင်းသား ထင်ရှားစွာမြင်၏-အာလောကော ဥဒပါဒိ-

၁- သန္ဓေရှိသူကို မျက်တွေ့မြင်ရသားဘဲ
၂- မွေးဖွါးပြဒါကိုလဲ-မြင်တဲ့လူတွေမြင်သားဘဲ
၃- မွေးစကလေး ငိုသံတော့ကြားပြီး-ကလေးကိုလဲမြင်ဘူးတယ်
၄- မွေးရတဲ့မိခင်၏ အခြေအနေကိုလဲ မြင်ဘူးပါတယ်
၅- သေခါနီး ခွဲကြပ်နေဒါတွေ-မြင်းဘူးကြဘယ်
၆- လူသေကောင်နားမှာ-ထိုင်အော်—ဟစ်-ငိုနေကြဒါမြင်ဘူးကြတယ်
၇- ဒီလူသေကောင်ကို သုသာန် သွားပြီးပို့ဘူးမြင်ဘူးပါတယ်
၈- ငိုအားကြီးလို့-အသံဝင်—မူးမေ့—မျော—တက်—သွားဒါ မြင်ဘူးသားဘဲ
၉- မျှားခြင်း-နာခြင်းရောဂါစုံဖြစ်ထာ မျက်မြင်ပါဘဲ

## ၈ ဘတ်ထာ-ကျယ်ကျယ်ဘတ်စမ်းပါ

၁၀- မွေးပြီးစ ကလေးကို-ကြည့်ပါ- မွေးစက ၃-လသားဖြစ်လာဒါ တခြားလား အိုဒါ တခြားလား- ၃-လသားက မတ်တတ်ပြေးအရွယ်ရောက်ထာကတမျိုးလား-အိုဒါတမျိုးလား-မတ်တတ်ထနိုင်သော အရွယ်မှ လူပျိုအပျိုအရွယ်သို့ရောက်ရောက်လာဒါ တမှာနလား-အိုဒါ တမှာနလား လူပျိုအပျိုမှ- အသက် ၃၀ ရွယ် ၄၀-ရွယ်သို့ ဆိုက်ရောက်လာဒါက တနည်းလား၊ အိုဒါတနည်းလား- (နားထောင်) အာလောက လမ်းညွှန်ပုံကြည့်စမ်းပါ- ထမင်းချက်ပြီးမှ အိုသလား- အိပ်ရာကထပြီးမှ-အိုလာသလား အသက် ၅၀-၆၀-ကျမှမြန်မြန်အိုလိုက်သလား-ယာခုကျမ်းစာ- ၂-နာရီခန့်ရေးပြီးမှ အိုဘေးကြီးသင့်ရမှာလား- မြင်အောင် ကြည့်ကြ- လမ်းပြ အာလောက-နံနက် ၈-နာရီမှ ၁၂-နာရီအထိ- မင်္ဂလာဆောင်ကိစ္စပြီးမှဘဲ အိုမင်းရင့်ယော် ကြသလား-နံနက် ၈-နာရီက ကျောင်းတက်သွားတယ်-ညနေ ၃-နာရီခွဲ- ကျောင်းဆင်းပြီးမှ အရွယ်အိုလာသလား-နံနက် ဆယ်နာရီ ရုံး

တက် ညနေ ၄-နာရီ ရုံးဆင်းပြီးမှ ဖျိုရာက အိုသွားသလား-နံနက် မိုးလင်း ဈေးသွားရောင်းတယ်- ညနေ ၅-နာရီ ဈေးပိတ် အိမ်ပြန်ရောက်ခါမှ အိုမင်းလာတော့ သလား-လယ်ထွန်လို့- ၄-နာရီကြာပြီးမှ- လှေခတ်လို့ ၄-နာရီ ကြာပြီးမှ ဒိုခန္ဓာပြိုပျက်ပြီး-ဇရာဆိုတဲ့ အိုဘက်သို့ ရောက်လာသလား- မြင်အောင်လမ်းညွှန်ပြ- ခန္ဓာကိုစက်ဆုပ်မှ အာလောက-လို့ လမ်းပြလိုက်ပြီ-

မိမိ၏ခန္ဓာကိုယ်ရုပ်ကြီး အတွင်းအပြင်ရှိသမျှတွေကို စစ်စစ်ပေါက်ပေါက် တွေးချင်သလို တွေး-အနတ္တလက္ခဏာတရေးရေးပေါ်မည်၊ သို့မဟုတ်—အနတ္တနဲ့ ယှဉ်ဇနာများစွာ ဝေးကြမည်၊ သာသနာကြုံဆိုသူတို့—

## နာမ် နှင့်ရုပ် ပဋိပတ်=နည်းဥပဒေ

ပြဆိုခဲ့သော-နာမ်-၅၃-ပါးတို့ကို-တပေါင်းသည်းပြု၍-ရုပ်- ၂၈-ပါးတို့ကို တပေါင်းထည်းပြု၍-အနိစ္စမြင်အောင် ဒုက္ခစစ်စစ်သဘောကျအောင် အနတ္တလက္ခဏာကို အနဲဆုံး သညာဆိုက်အောင် ဆင်ခြင်ကြရမည်၊သညာသိမှ-တဆင့်-လေ့လာဘန်များလျှင် ပညာသိ အစစ်သို့-ဖြောင့်တန်းစွာ ဝင်ရောက်ရမည်မှာမလွဲ- ထိုကဲ့သို့ နာမ်တခြား-ရုပ်တခြားစိခွဲ၍ တွေးနည်း ဆင်ခြင်နည်း စဉ်းစားနည်းပြီးခဲ့သော်- (နာမ်ကိုဖယ်ထားပါ) ရုပ်ကိုသာ ဆင်ခြင်လေ- ရုပ်ဆိုပေမဲ့ စာထဲပြထားသော ကြားဘူးသော ရုပ်တွေဖယ် ဆဲဒီရုပ်တွေရဲ့ နာမည်တွေလဲ ခံနေတတ်တယ်- ဟောဒီ ကျမ်းစာရေးနေတယ်ဆိုတဲ့ရုပ်- ယခုကျမ်းစာဘတ်နေတယ်ဆိုတဲ့ ရုပ်တုံးကြီးကိုသာ ဆင်ခြင်ပါ- (ရုပ်ဆင်ခြင် နာမ်ပါဝင်တယ်-လှေမြုတ်လျှင်လူပါတယ်) နာမ်ကို ရှုဆင်ခြင်မှု၌ ဉာဏ်အရာ သက်သက်သင့်ရှားလှ၏၊ ဘာ့ကြောင့်- ဃာန အဆိုင်အခဲ နဲနဲမျှမရှိ-မမြင်ရ မကြားရ မနန်းရ မစားရ မတွေ့မထိရ-(ပညတ္တိ) အရာနဲ့သာသက်ဆိုင်တော့၏။

ရုပ်ကို ဆင်ခြင်ရဒါလဲ ပညတ္တိအရာမဟုတ် ဘာလဲမေးလျှင် ဖြေဘိ-ပညတ္တိခေါ်-ဉာဏ်တိုးနိုင်ခဲ၏၊ ထိုးဖေါက်နိုင်ခဲ၏ ထိုးဖေါက်နိုင်ခဲတယ် ဘာ့ကြောင့်– နာမ်ကို လူထင်ဒါမဟုတ်-ရုပ်တုံးကြီးကို လူထင်နေကြသဖြင့် မျက်စိက-လူကိုမြင်နေတယ်-နားက ယောကျ်ားသံ မိမ္မသံတွေကို ကြားနေတယ်-နှာခေါင်းက-ပန်းနံ့ သနပ်ခါးနံ့- သားနံ့-သွေးနံ့ တွေကိုသာ- နှာခေါင်းဝမှာ မပျောက်နိုင်အောင် မှတ်ပုံတင်ထားတယ်-လျှာကလဲ- လူအရသာ=သားသွေးကိုချစ်ခင်တဲ့အရသာတို့ကိုဇိဝှာဝိညာဏ်စိတ်မှာ သဘောကျသက်သေခံနေပါတယ်-ကိုယ်ကာယနဲ့ တွေ့ထိရပြန်တော့လဲ-ဒါက ကလေးအသားဘဲ-ဒါကတော့ လူကြီးအသားဘဲ-ဒါကတော့ ယောကျ်ားအသား

ဘဲ-ဒါကတော့ မိမ္မအသားဘဲလို့ ကာယဝိညာဏ်စိတ်က- ခွဲခြားပြီး သိထားလေတော့-ရုပ်ကိုဆင်ခြင်ရဒါ- မလွယ်ဘူး အကြီးအကျယ် (စသ) အဆိုင်အခဲ အတုံးအတစ် ဖြစ်နေသည့် ယောဂီ- ဒါကြောင့်- ဝိပဿနာ ပညိန္ဒြေ၏ ရှေ့က-ပုဂ္ဂလ-သတ္တ-ဇီဝ-ပုရိသ- ဇီဝ- တို့ကို ထွန်းလှန် ဖြိုဖျက်ဘို့-မလွယ်ဘူးလို့ ဖြေလိုက်သည့်- ဒါကြောင့်- ရုပ်တွေကို ပေါင်းပြီး တခုထဲ တလုံးထဲကိုသာ-ပုဂ္ဂလပျောက်ဘို့ရှုရန် ဥပဒေ-

## ဝိသုဒ္ဓိမဂ်-ဒိဋ္ဌိဝိသုဒ္ဓိ နိဒ္ဒေသ

သော သဗ္ဗာနိပိ တာနိ-ရုပ္ပနလက္ခဏေန- ဧကတော ကတွာ
တံရူပန္တိ ပဿတိ-တသောစံ ပရိဂ္ဂဟိတဿ ရူပဿ-
ဒွါရဝသေန- ပါကဋာ- ဟောန္တိ-

သော-ထိုဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်၊ သဗ္ဗာနိပိ- အလုံးစုံလည်း ဖြစ်ကုန်သော၊ တာနိ- ထိုရုပ် ၂၈-ပါးတို့ကို၊ ရုပ္ပန လက္ခဏေန- ဖောက်ပြန်တတ်သော လက္ခဏာတူသောကြောင့်၊ဧကတော-ရုပ်ဆိုသောအကြောင်း တပေါင်းထည်း၊ ကတွာ-ဉာဏ်ရှုဆင်ခြင် တရုပ်ထည်းပြုပြင်၍၊ တံ- ၅ ခန္ဓာကိုယ်အတုံးကြီးကို၊ရူပန္တိ-ဖောက်ပြန်ပျက်စီးနေသည်ဟူ၍၊ပဿတိ-သဘောပေါက်အောင် ရှုမြင်အပ်၏၊ ဧဝံ-ဤကဲ့သို့၊ ပရိဂ္ဂဟိတဿ-ဉာဏ်ဖြင့် သိမ်းကြုံးအပ်သော၊ တဿရူပဿ-ထိုခန္ဓာရုပ်၏၊ ဒွါရဝသေန- စက္ခုပေါက်စသော တံခါး၀၏အစွမ်းဖြင့်၊ ပါကဋာ-ချွတ်ယွင်း ဖောက်ပြန်မှု တွေ ထင်ရှားကြကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊

## နာမ်ကိုတပေါင်းထည်း ပြုပုံဥပဒေ

သော သဗ္ဗေပိ တေအရူပဓမ္မေ-နမနလက္ခဏေန
ဧကတော ကတွာ-ဧတံ-နာမန္တိ ပဿတိ-

သော-ထိုဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည်၊ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော၊တေအရူပဓမ္မေ-ထို နာမ် ၅၃-ပါးတို့ကို၊ နမနလက္ခဏေန-အာရုံကို ညွတ်တတ်သော လက္ခဏာတူသောကြောင့်၊ဧကတော-နာမ်ဆိုသော အကြောင်း တပေါင်းထည်း၊ကတွာ-ဉာဏ်ရှုဆင်ခြင်-တနာမ်ထည်း ပြုပြင်၍ ဧတံ- ထိုအာရုံကိုညွတ်ခြင်းသဘောကို၊နာမန္တိ၊ နာမ်ဟူ၍၊ ပဿတိ-ရှုမြင်အပ်၏၊

သစေ ပနသာ တေနတေနမုခေန ရူပံ ပရိဂ္ဂဟေတွာ
အရူပံ ပရိဂ္ဂဏှာတော သုခုမတ္တာ အရူပံ နုပဋ္ဌာတိ၊
တေန ဓုရနိက္ခေပံ အကတွာ ရူပမေဝ ပုနပ္ပုနံ
သမ္မသိတဗ္ဗံ-မနသိကာတဗ္ဗံ ပရိဂ္ဂဟေတဗ္ဗံ ဝဝတ္ထပေတဗ္ဗံ၊

ပန-အထူးကိုသတိပေးလိုက်အံ့၊ တေနတေနမုခေန- ထိုထိုသို့ရုပ်ကိုအစကနဦးပြုသဖြင့်ရူပံ-ရုပ်ကို၊ပရိဂ္ဂဟေတွာသိမ်းကြိုးဆင်ခြင်ပြီး၍၊အရူပံ-နာမ်ကို၊ပရိဂ္ဂဏှာတော-သိမ်းကြိုးဆင်ခြင်၍နေသော၊အသသ ထိုဝိပဿနာယောဂီပုဂ္ဂိုလ်အား၊ သုခုမတ္တာ- သိမ်မွေ့သည်အဖြစ်ကြောင့်၊အရူပံ နာမ်သဘာဝသည်၊ သစေနုပဋ္ဌာတိ-ဉာဏ်မှာအကယ်၍ မထင်မြင်သည်ဖြစ်ခဲ့အံ့၊

တေန-ထို့ကြောင့်၊ ဓုရနိက္ခေပံ- မသိနိုင်တော့ပါဘူးလို့ ဝန်ချခြင်းကို၊ အကတွာ-မပြုမူ၍၊ ရူပမေဝ-ဟောဒီတကိုယ်လုံး အပုတ်ရုပ်တုံးကြီးကိုသာလျှင်၊ပုနပ္ပုနံ-အကြိမ်ကြိမ်၊သမ္မသိတဗ္ဗံ-သုံးသပ်အပ်၏၊မနသိကာတဗ္ဗံ-နှလုံးသွင်းဆင်ခြင်အပ်၏၊ပရိဂ္ဂဟေတဗ္ဗံ- သိမ်းဆည်းသိမ်းကြိုး၍၊ ပွားများအပ်၏၊ဝဝတ္ထပေတဗ္ဗံ- လက္ခဏာ ၃ ချက်တို့ဖြင့် တဋ္ဌာနစီ ပိုင်းခြားအပ်၏။

တထာတထာ တဒါရမ္မဏာ အရူပဓမ္မာ
သယမေဝ ပါကဋာ ဟောန္တိ၊

တထာတထာ- ထိုထိုသို့သောအချင်းအရာဖြင့်၊ တဒါရမ္မဏာ-ထိုအာရုံကို အာရုံပြုကြကုန်သော၊အရူပဓမ္မာ-နာမ်တရားတို့သည်၊သယမေဝ-ကိုယ်တိုင် အလိုလိုသာလျှင်၊ပါကဋာ-ထင်ရှားစွာ ဉာဏ်ထဲမှာ သဘောပေါက်ကြကုန်သည်၊ဟောန္တိ-ဖြစ်ကုန်၏။

ရူပံ ပဟာယ အရူပံ ပရိဂ္ဂဟံ အာရဘိ
ကမ္မဋ္ဌာနတော ပရိဟာယတိ၊

ရူပံ-ရုပ်ကို၊ပဟာယ-ပယ်၍၊အရူပံ-နာမ်ကို၊ပရိဂ္ဂဟံ၊ဝိပဿနာဉာဏ်ဖြင့် သိမ်းဆည်းနှလုံးသွင်းခြင်းကို၊ အာရဘိ- အားထုတ်၏၊

ကမ္မဋ္ဌာနတော- ကမ္မဋ္ဌာန်းအလုပ်မှ(ဝါ)အနတ္တ လက္ခဏာပေါ်အောင်ဆင်ခြင်ခြင်းမှ၊ ပရိဟာယတိ-ဆုတ်ယုတ်၏၊


အတိုချုပ်-အဓိပ္ပါယ်မှာ ရုပ်ကို ဝိပဿနာမရှုပါဘဲ နာမ်ကို ရှုဆင်ခြင်သောယောဂီမှာ နိဗ္ဗာန်ရကြောင်းအလုပ်မှ ဆုတ်ယုတ်တော့၏(ဝါ)ကြာ၏နှေး၏- ဘာ့ကြောင့် နာမ်ပေါ်၌ ပုဂ္ဂလသတ္တဟု မစွဲ ရုပ်ပေါ်၌သာ ပုဂ္ဂလသတ္တစွဲ ရှိနေကြသည်-

ထို့ကြောင့်- မိမိကိုယ်မိမိဝေဘန်ကြ ငါလူထင်ဓါ ယောကျ်ားထင်ဓါ မိန်းမထင်ဓါဟာ ရုပ်တုံးကြီး၌ထင်လုံးရှိနေသလား နာမ်ပေါ်၌ ထင်လုံးရှိနေသလားလို့ ကိုယ်တိုင်ဆင်ခြင်တိုင်ပင်ကြ စဉ်းစားကြယောဂီတို့ ရုပ်ပျောက်လျှင် နာမ်ပါသွားဘိမှတ်၊

မဟာခန္ဓကထိကဒီပနီ-ဗုဒ္ဓရာဇာဒီပနီ ဒုလ္လဘဒီပနီတို့ကို အမြဲတန်းလက်ကိုင်ထား၍ ဟောကြား ဆုမွန်ကြပါယောဂီတို့ ပညတ်ဟာ ငါ့သေမင်းအစစ်

---

## ပရမတ္ထ တရား ၄-ပါးကိုဖြောင့်ဖွင့်ချဘိ




## ရှင်းတမ်း

၁။ အန္ဓဗာလဝါဒမှာ- ငါကယောကျ်ား- သူကမိန္မ-
၂။ ကလျာဏဝါဒမှာ- ဒါကနာမ်- ဒီဟာကရုပ်-
၃။ စူဠသောတာပန်ဝါဒမှာ-နာမ်နဲ့ရုပ်၌ လက္ခဏာ-၃-ချက်နှင့် ချေဆဲ
၄။ သောတာပန်အရိယာဝါဒမှာဒိဋ္ဌိအားလုံး အနတ္တစစ်စစ်ရေမရော
၅။ သကဒါဂါမိဝါဒမှာ- ဒိဋ္ဌ၌- အနတ္တအစစ်- ဧနိဗ္ဗာန်-အမှန်
၆။ အနာဂါမိဝါဒမှာ- ဒိဋ္ဌဟာ အနတ္တအစစ်- အနိစ္စမှန်၏- ရွံ့စရာ အစစ် အသုဘ တထစ်ကျ-
၇။ ရဟန္တာဝါဒမှာ- ဒိဋ္ဌ၌ အနတ္တအနိစ္စ-အသုဘတို့မှတပါး- ဒုက္ခ တုံးသန့်သန့်-

## တနည်း ရှင်းတမ်းခက်တယ်

၁။ အနိစ္စရုပ်နာမ်- ဒုက္ခရုပ်နာမ်- အနတ္တရုပ်နာမ်ကို- အန္ဓဗာလတို့က- လူနတ်ဗြဟ္မာ အပါယ်သတ္တဝါတွေလို့ယူထားကြတယ်-
၂။ စိတ်- စေတသိက်- ရုပ်တို့ကို လူနတ်ဗြဟ္မာ- အပါယ်သတ္တဝါတွေလို့ သမုတ်စွဲမှတ်ထားကြတယ်-
၃။ သဘာဝ -၄-မျိုးတို့ကို- ပုဂ္ဂလသတ္တ-ဇီဝ ဟူ၍- အန္ဓဗာလတို့က- မှတ်ပုံတင်ထား၏-
၄။ စိတ်- စေတသိက် ရုပ် နိဗ္ဗာန်ဟူ၍ ခေါ်တတ် ပြောဆိုတတ် သင်ကြားလေ့လာတတ်သူကို ပရိယတ်ဉာဏ် သုတဆို၏-
၅။ နာမ်ဒွိရင်း ရုပ်ဒွိရင်း လက္ခဏာ ၃- ချက်လေ့လာသူကို ပဋိပတ် ဉာဏ်စိန္တာဆို၏-
၆။ သဘာဝ အစစ်ပါကလား သဘာဝထဲမှာ ပုဂ္ဂလ သတ္တ- ဇီဝ- မရှိ- ရှတ္တိပုရိသလဲမရှိ နာမ်လဲရှာမတွေ့ ရုပ်လဲပျောက် စိတ်စေတသိက် ရုပ်ဆိုဒါလဲဘယ်ရောက်မှန်းမသိ နိဗ္ဗာန်ဆိုဒါလဲ ပြောတော့ ခေါ်ကြတော့-ထင်ကြတော့-

သဘာဝကို- ဘာနာမည်မှမတတ်နဲ့ မခံဘူး-မီးပွင့်သွားမယ်

## တနည်း ရှင်းတမ်း အနတ္တ-၃-မျိုး

၁။ ယောကျ်ားမိန်းမစသော ပညတ်ဆိုသမျှ ဘာသဘောတခုကလေးမျှ မရှိလို့ အနတ္တသက်သက်မှတ်-
၂။ နာမ် နဲ့ ရုပ် ပရမတ် ၂-မျိုးရှိတယ်ရှိပျက် အကောင်အထည်အတုံး အထစ်မဟုတ် ပုဂ္ဂိုလ်သတ္တဝါ အသက်ဝိညာဏ်မဟုတ် နာမ်နဲ့ ရုပ် သဘောမျှသာ (သဘောမျှရှိသော အနတ္တစင်စစ်မှတ်)
၃။ နိဗ္ဗာန်(သဘာဝ)ချည်း ဘာနဲ့မှမရော သဘာဝကို နာမ်လဲမဆိုနဲ့ ရုပ်လဲမယူပါနဲ့ ယောကျ်ားလဲမမည့်နဲ့ မိန်းမလဲမတင်စားနဲ့ (စဘာတ် မခြိန်နဲ့)သဘာဝကိုလေစိတ်လဲမမှတ်နဲ့ စေတသိက်လဲမဟောင်ရုပ်ဆိုဒါ အရှင်မထင်နဲ့ နိဗ္ဗာန်လို့သာ အခေါ်ခံရပေမဲ့ ဒီမှာယောဂီကြည့်စမ်း ဆရာအပြတ်ပြောမယ် နားထဲထည့်စမ်း နိဗ္ဗာန်အခေါ်ခံရတာလဲ အနတ္တသန့်သန့်မှတ်

သဘာဝ..... ထဲမှာ..... ဘာနာမ ပညတ်မျှ-မသွင်းကြပါနဲ့

## သဘာဝကို သိလျှင် လူသေကောင် တရားနာဒါမြင်ဘူးရဲ့လား—သဘာဝကို တဏှာကာမနှင့် လာမစကြနဲ့ မီးပွင့်သွားမယ်—

### မင်္ဂိုလ်နဲ့ ရန်ဘက်-ဝိပဿနာယောဂီများ

၁။ ဩဘာသ ယောဂီ- အလင်းရောင်တရား
၂။ ပီတိယောဂီ- နှစ်သက်အစ်သော တရား
၃။ ပဿဒ္ဓိ ယောဂီ- ကိုယ်စိတ် ငြိမ်းခြင်းတရား
၄။ အဓိမောက္ခ ယောဂီ- တရားကိစ္စပြီးပြီ ဆုံးဖြတ်ခြင်းတရား
၅။ ပဂ္ဂဟ ယောဂီ- အားထုတ်ကြိုးပန်းခြင်းတရား
၆။ သုခ ယောဂီ- စိတ်နှလုံး ချမ်းသာခြင်းတရား
၇။ ဉာဏ ယောဂီ- အားလုံးကုန်သိပြီးခြင်းတရား
၈။ ဥပဋ္ဌာန ယောဂီ- အစဉ်နှလုံးသွင်း နေခြင်းတရား
၉။ ဥပေက္ခာ ယောဂီ- ဘာကိုမှအရေးမစိုက်ခြင်းတရား
၁၀။ နိကန္တိ ယောဂီ- တင်းတိမ်ခြင်း မရှိသောတရား

ဒီ၊၁၀-ယောက်ထဲမှာ ငါပါနေသလား- ငါကိုယ် ငါထင်လုံး ကြီးနေလေသလား- ပညတ်နဲ့-ပရမတ်ကို ငါတကယ်သိသလောက် အမှန်သိဟုတ်ပမလား- သူများအပေါ် ၌ ဆုမ္မ၍ တရားပြဆရာ လုပ်တယ်- ငါ့မှာတော့ (ဝိပဿနူပက္ကိလေသ) အဖွဲ့ဝင်ဖြစ်နေရင် ခက်ထာဘဲ- ဒီမဂ္ဂန္တရာယ်ကို ဘယ်သူ့လဲ တွေး- တိုင်ပင်- မာနလျှော့- ယထာဘူတ ဉာဏ် ထဲမှာ မာနမပါဘူး- မဂ္ဂန္တရာယ်မသင့်လိုပါက- ဝိမုတ္တိယုဂဒီပနီကို ကြည့်ပါ- အကျယ်ဝေဘန်၍ပြထားသည့်-အန္တရာယ်လွတ်ရန် နည်းလမ်းလဲပါသည်။

---

### ဆရာကြီး-ဦးလွှားပေါက်လုံး

ပုသိမ်ခရိုင်- အောက်ပိုင်း ဖွဲ့ကထိက ပေါင်း ၁၀၀-ကျော်တို့၏ဥက္ကဋ္ဌ ဆရာကြီး ဦးလွှား တွေးလုံးပေါ်ပုံ ဖျော့က်ချက်- ဟောဒီ ရုပ်ခန္ဓာကြီး ကို ပရိယတ်အဆိုက-(ကံ- စိတ်- ဥတု- အာဟာရ) အကြောင်း ၄-ပါးတို့ ကြောင့် ဖြစ်သော စတုသမုဋ္ဌာနိကရုပ်ဟူ၍ အတိအလင်းကြေညာထား၏။ ဖဲ့ဒီ-၄-ပါးထဲမှာ မောင်လွှားအရှင်းမပါဘူးဆရာ- ဒါဘာပြောစရာ လိုသလဲ။

## ဆရာကြီး-ဦးသာပေါက်လုံး

ပုသိမ်မြို့-ဝိဇ္ဇာစရဏ မင်္ဂသမ္ဘာရ-အဖွဲ့ဥက္ကဋ္ဌ-နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ ကိုယ်စားလှယ်-(ဓမ္မဗိဿာန်-ဦးသာ)၏ လျှောက်ချက် တရားကျင့်ပြည့်ရကြသော အရိယာတို့၏ စိတ်ဟာ-ဘယ်တော့ခါမှ မခိုင်မြဲဘူးဆိုဒါ- တပည့် ယခု-ရိပ်မိတယ်။

## ရှမ်းလူမျိုး-စောက်ထောက်ပေါက်လုံး

အထက်မြောက်ပိုင်း ရှမ်းပြည် မိုင်းရပ်နယ်-တန့်ယမ်းမြို့ (အာလောက အဘိယာစက) အငြိမ်းစား ရာဇဝတ်အမတ်ကြီး- (စောက်ထောက်) ၏ လျှောက်ချက်တွေးလုံးမှာ တပည့်ကြီး-ဉာဏ်မြင်သလောက်မှာ-မြန်မာလူမျိုး ကုလားလူမျိုး-တရုတ်လူမျိုး-ကရင်လူမျိုး-ကချင်လူမျိုး- နာဂလူမျိုး- ချင်းလူမျိုး-ရှမ်းလူမျိုး-အစရှိသော လူမျိုးတွေဟာ (အနတ္တလက္ခဏာကို) မသိကြလျှင် ဘယ်တော့မှ ဒီမျိုးတွေပြတ်မှာမဟုတ်။

## ဦးဘိုးမင်းပေါက်လုံး

အာလံမြို့-ဇွဲပန်းထိမ်ဆရာ- ဓမ္မကထိက ဆရာကြီး ဦးဘိုးမင်း၏ တွေးလုံး ပေါက်လုံးမှာ- တပည့်တယောက်က မေးလာတယ်- ကျွန်တော် တို့ လူဖြစ်ရတာ လူဖြစ်ကျိုးမနပ်ပါ- ဘာ့ကြောင့်ဆိုတော့- သက် [illegible] ရှား မြတ်စွာဘုရား နဲ့ [illegible] စံပြီ- သေသွားပြီ [illegible] ရင်း ဝမ်းနည်းမိတယ် ဘုရား- သေဒါ- ဘယ်တုန်းကလဲလို့ မေးပြီ- ဒီတပည့်ကို ဖြေပုံ-မင်းသိတဲ့ ဘုရားကတော့ သေဒါမှန်တယ်- ငါသိတဲ့ ဘုရားကတော့-သေတို့ဝေးစွ-မူလကတဲက-(အသက်အရှင်းမရှိ)ဘူးလို့ ပြော ပြ လိုက်တယ်။

## နှုတ်ခမ်းမွေး-ဦးဘိုးသင်းပေါက်လုံး

သာယာဝတီခရိုင်-လက်ပန်တန်းမြို့အနီး- ခြသေ့ကုန်းရွာ- ဓမ္မကထိက ဆရာကြီး ဦးဘိုးသင်း၏ လျှောက်ထားချက်- ဆာရာရယ် [illegible] ဒါ'မှားလဲဖြင်ပ့ါ- ဘုန်းကြီး [illegible] ဒါ [illegible] စိမ်းကို တဘက်က [illegible]

ပြီး ဘုန်းကြီးက (ကပ္ပိယံကရောဟိ) ဆိုတယ်-ကျောင်းသားက- (ကပ္ပိယံ-

ဘန္တေ)ဆိုလဲဆို- ဧရပ်သီးကိုလဲ-ကျောင်းသား တပည့်က ချိုးပဲ ဆိတ်ဖြစ်လိုက်ရတယ်- ဓာဒါဘာလုပ်ထာလဲဘုရားလို့- မေးတယ်၊ ရှင်တဲ့ဧရပ်သီးကို သေအောင်သတ်သောနည်းနှင့် စားရတယ်၊ဧရပ်သီးမျိုးစေ့ကို-ရဟန်းများ မဖျက်ဆီးကောင်း ပါဠိလိုဗီဇဂမ် ဘူတဂါမ်ခေါ်တယ်- တပည့်က နောက်ထပ် မပေါက်နိုင်အောင် သေအောင်သတ်ပေးတဲ့ သဘောပါ တကာကြီးလို့ ပြောပြတော့ ဒီလိုဆိုရင် နဇိဝေါ)လို့ ဘုရားဟောဒါ ဘယ်နှယ်လုပ်ဒုန်းမှာလဲလို့ တပည့်ကြီးက တွေးကြည့်ပါတယ် ပြောပြီး-နှုတ်ခမ်းမွေးကို လက်နှာဘက်နဲ့သတ်ဆွဲပြီး-ပြုံးနေတယ်၊ ခက်ထာဘဲ။

## သီလရှင်ဒေါ်ဥတ္တမပေါက်လုံး

စစ်ကိုင်း မဂ္ဂင်ချောင်နေ-သီလရှင်၏တွေးလုံး ဆရာကြီး၏ ကျမ်းစာများကို-ဘတ်ကြည့်ရသဖြင့်- ပရိယတ်မှာဆင့်-ပဋိပတ်သို့ လမ်းစကိုမြင်ရပါပြီ- တပည့်မတွေးချက်၊ မှားရင်လဲပြင်ပါ အကုသိုလ်စိတ် ၁၂- ခုလုံး လူမှာလဲရှိ ခွေးမှာလဲရှိ-ကာမာဝစရကုသိုလ်-၈-လုံးလဲ လူတွေမှာလဲရှိခွေးစသော တိရစ္ဆာန်တွေမှာလဲရှိတယ်-ဒီလိုတူနေလျှင် ဒီလူတွေဘယ်တော့မှ ခွေးစိတ်နဲ့ လူစိတ်ထူးကြမှာလဲ ဆရာရဲ့-

## မစန္ဒာထေရီပေါက်လုံး

မင်းဘူးခရိုင်- စလင်းမြို့၊ ကန်ချောင်-ဓမ္မာရုံ- သီလရှင်- မစန္ဒာထေရီ လျှောက်ပုံ-ပျက်ရင်အစဉ်- ပြင်ရင်ခဏဆိုကြတယ် တပည့်မမှာတော့ တခဏမဆိုထားနဲ့-ခဏခဏပြင်ပြင်နေရဒါ မောလှပါပြီဘုရား-

## ဓမ္မကထိကမောင်ထွန်းရီပေါက်လုံး

ငါးသိုင်းချောင်းမြို့-တာကြီးလမ်း-ဟသ်ာတကုန်စုံဆိုင်- မောင်ထွန်းရီ တွေးလုံး ဒီလူတွေကို- ကျွန်တော်စဉ်းစားတယ်- သေတော့ဖြင့်-ငိုလိုက်ကြဒါတွေ လွန်ပါရော၊ မွေးကြတုန်းကတော့- အမှတ်တမဲ့နေကြတယ်ထင်ပါရဲ့-

## ဦးစိန်ဘေပေါက်လုံး

မြောင်းမြခရိုင်- လပွတ္တာမြို့နယ်- ကန်းပြိုရွာ- ဓမ္မကထိက- ဆရာကြီး ဦးစိန်ဘေ၏လျှောက်ချက်-အကုသိုလ်ပြုတုန်းမှာ- ဒုက္ခဟုသိထားပြီးနောက် ကုသိုလ်ပြုတုန်းမှာ သုခဟုယူလျှင်-(ဒုက္ခံ တောဘမ္မကံ ဝဋ္ဋံ)နဲ့ လွဲနေဘီ-

## ဒေါ်ထွေးကြီးပေါက်လုံး

ရန်ကုန်မြို့- ဆင်မင်းကွက်သစ်- ဒေါ်ထွေးကြီး၏သဘော ပေါက်ပုံမှာ- ရှေးက ကြားဘူးတယ်ဆရာ-ရှိမ်းဆာယာပိုမောက်လို့- ကိုယ်ပျောက် အတတ်ရကြတယ်ဆိုဒါ- အနတ္တနဲ့ဆန့်ကျင်ဘက်- အရှင်ထွက်အသေထွက် လောကီဝိဇ္ဇာတွေလဲ အနတ္တနဲ့ ဆန့်ကျင်ဘက်ဖြစ်နေဒါ ပါကလားဆရာ-

## ဒေါ်မြရင်ပေါက်လုံး

ရန်ကုန်မြို့-ကမ္ဘာ့ဇေးဥက္ကဋ္ဌ-ဓမ္မကထိက ဒေါ်မြရင်က- လျှောက်ချက် တဘဝနဲ့ တဘဝဆက်တယ်ယူကြသော သဿတဒိဋ္ဌိ-ဒီဘဝပြီးရင် နောက် ဘဝမရှိတော့ဘူးလို့- ဘဝပြတ်ယူကြသော ဥစ္ဆေဒဒိဋ္ဌိ-အဲဒီ အယူတွေဟာ (နိဿတ္တ-နိဇ္ဇီဝ ကို နားလည်မှုမရှိလို့သာဖြစ်ရမယ်-

---

# ဝင်ကဗွတ်ကောင်-ဥပမာ

နားမ်သည်-ဝင်ကဗွတ်ကောင်နဲ့ တူတယ်-ရုပ်သည် အခွံမျိုးစုံတို့နှင့် တူ သည်- တူပုံမှာ- ဒါးဝယ်မြို့သို့ တရားဟော ရောက်ဘူးစဉ်က မောင်းမကန် ဖြစ်သို့ လူကြီးများနှင့် ရေချိုးရန် အလယ်သွားကြသောခါ သောင်ပြင် မှာ တွေ့မြင်ဘူးတယ်-(လက်မပျားခန့်-တနည်းကျွဲစေ့ခန့်)ရှိသော ဝင်ကဗွတ် ကောင်၏ အနေ အစား အသွားအလာကို ကျကျနန- သိရအောင်- ခေတ္တ ထိုင်ကြည့်ခဲ့သည်-အန္တပါလတို့ရဲ့ ခရီးစဉ်နှင့်တူလှ၏ သောင်ပြင်မှာ ခရုခွံ ဂုံးခွံ- ပုဇွန်ခွံ- ဂဏန်းခွံ-လိပ်ခွံ- စသော အသေကောင် သတ္တဝါမျိုးစုံတို့၏ အခွံတွေ ဟိုတခုဒီတခုစီ-ရပုံလျှက်တမျိုး အနားကပ်လျှက်တဖုံ- ကတောင် ကွာ တလံကွာ- ၃-လံ ၄-လံ စသည်ဖြင့် တခွံနဲ့တခွံ ဝေးကွာလျှက် ရှိကြ တယ်- အင်မတန် သန်မာသော အားကောင်းသော အစွမ်း သတ္တိရှိသော ဝင်ကဗွတ် ကောင်ကလေးသည် ခရုအခွံထဲသို့ဝင်စွပ်ပြီးလျှောက် သွားနေ တယ်- မျက်တွေ့မမြင်ဘူးသူက ခရုအကောင် အစစ် ထင်ရတယ်၊ ခရုခွံကို စွပ်လို့ တမိနစ်ခန့် ကြာလျှင် အခွံမှထွက်ပြီး သောင်ပြင်မှာဟိုလျှောက် ဒီလျှောက် တွေ့တဲ့ အခွံစွပ်ပြန်တယ်- ဂုံးခွံ စွပ်လျှောက်- ဂုံးကောင် ဘဲထင်ရတယ်- ဂုံးအခွံကို ထားခဲ့ပြန်တယ်- စွပ်စရာ အခွံလျှောက်ရှာ တွေ့ရာဝင်စွပ် ပုဇွန်ခွံစွပ်လိုက် ချွတ်လိုက် ဂဏန်းခွံတွေ့လဲစွပ်- စွပ် ပြီး လျှောက် လျှောက်လို့ မောလာလျှင် သူနေနေကျ- တွင်းထဲဝင်ပြီး အောင်း

နေတယ်- ထွက်လာသောအခါ စွပ်ချင်ရာစွပ် လျှောက်ချင်ရာလျှောက် အင်မတန်ကြီးကျယ်သော လိပ်အခွံကိုလဲ စွပ်ပြီး သွားပြန်ဒါဘဲမမြင်မတွေ့ဘူးသူတို့က ဒီအကောင်ဟာ-လိပ်ကြီးဘဲလို့ထင်ကြရတယ်- ထိုလိပ်ခွံထားပြီး ခရုခွံ စသည်တို့ကို စွပ်- စွပ်လို့မောရင် တွင်းထဲဝင် နေ့ကိုမပြတ်စွပ်လျှောက်ပြေး- သောင်ပြင်မှာ ဒီဝင်ကဗ္ဗတ်ကောင်ရဲ့ ခြေရာချည်းဘဲ-(တရေးလိုချင်လို့စာဘတ်-မိမိခန္ဓာနဲ့ဟာတ်)

## အန္ဓဗာလဟာ-ဝင်ကဗ္ဗတ်

သုံးဆဲ့တဘုံသောင်ပြင်မှာ-အန္ဓဝင်ကဗ္ဗတ် အထီးယောကျ်ား အန္ဓဝင်ကဗ္ဗတ်အမ-မိန္မတို့၏ ခြေရာချည်းဘဲ-(ငါ့ခြေရာတွေ တယ်များပါကလားလို့တွေး) ဟိုတခွံစွပ်ထာ ၅-မိနစ်ကြာ ဒီတခွံစွပ်ထာ ၁၀-မိနစ်ခန့် နာရီဝက် တနာရီခန့် တခွံနဲ့တခွံ ကြားမှာ သွားတဲ့ခြေရာ နားတဲ့ခြေရာ စားတဲ့ခြေရာတွေကို ဆရာကဲ့သို့ သေသေချာချာ ထိုင်ပြီး မျက်တွေ့ ကိုယ်တွေ့ မကြည့်တတ်လျှင် မမြင်မသိ-အခွံစွပ်လျှက်ကိုသာ မြင်ကြရမည့်ယောဂီတို့ထိုနည်းတူ-(ဆရာသည် အန္ဓဘဝက) မိမိကိုယ်မိမိ ဒိပုံပြန်ပြီး မြင်တယ်-ငါဟာ ဒီဝင်ကဗ္ဗတ်ကောင်နဲ့ တပင်တူပါကလား-စုတိစိတ်ခေါ်သော နာမ်ဝိညာဏ်သည် အနန္တရ ပစ္စည်းဆက်၍ နာမ်ရုပ်မျိုးစုံဖြစ်ရတယ်- လူပြိန်းမြင်အောင် သုတ္တံနည်းဖြင့် ပြောရလျှင် ငါ၏ နာမ်ဝိညာဏ်ဟာ- အခွံစုံလယ်ပြီး စွပ်နေပါကလား၊ ယခု လူခွန်စွပ်နေပြန်ပြီ-တရားအစစ်ကို ဆရာအစစ်ထံ၌ ရရင်ရ-မရရင်- တဏှာကျွန်မလွတ်ဘဲ မွေတာ အခွန်စွပ်ဒုန်းမှာပါကလား-လူခွန်စွပ်ပြီးထားခဲ့-ခွေးခွန်စွပ်ရတယ်-ထားခဲ့တဲ့ လူခွန်ကြီးကိုကြည့်၍ ကျန်တဲ့ အန္ဓတွေကငိုကြ- ပြသာဒ် တလားလုပ်ကြ- ခေါင်းသွင်းကြ- အရိုးအိုးမျိုးစုံလုပ်ကြ- သပိတ်သွတ်လိုက်ကြ- ငိုပြီးတဲ့ အဆုံးလူ့ခွန်စည်းစိမ်ကို ခံစားရပါလို၏ ဆုတောင်းလိုက်ကြ-

## နာမ်ဝိညာဏ် ဝင်ကဗ္ဗတ်ရဲ့သတ္တိ

ခွေးခွန်စွပ်နေတုန်းမှာ လူအန္ဓအထီးအမတို့က ခွေးကောင် အစစ်ထင်တယ်-ခွေးခေါ်ရုပ်လဲမသိ-စွပ်နေတဲ့နာမ်ဝိညာဏ်ကိုလဲမသိ-ခွေးခွန်ပြီး-နွားခွန်ကျဲခွန်-သူဌေးကြီး သူဌေးကတော်အခွန်- မင်းကြီးမင်းကတော်အခွန်တွေဝင်ပြီး ကြိုက်ရာ ထိုက်ရာ လိုက်ရာ တွေ့ရာစွပ်လိုက်- စွပ်လို့မောချွတ်-လူခွန်-နတ်ခွန်တွေစွပ်ချင်တိုင်း စွပ်ပြီးလို့ မောလျှင်- အဝီစိ တွင်း ထဲ ဝင်အောင်းနေရပြန်တယ်- အဲဒါလိုဆရာသည် အန္ဓဘဝတုန်းက ခရီးစဉ် ကို

ပြန်တွေးမိတယ်- လူကာမဂုဏ်လိုက်စဉ်က လှူခွံပေးလို့မဆုံး- နတ်ကာမဂုဏ်လိုက်စဉ်ကလဲ နတ်ခွန်ပေးလို့မဆုံး-လိပ်ပြာဟွာအခွန်စွပ်ပြီး ဈာန်ဖိုမ်သမာပတ်ဖိမ်-ကိုယ်ရောင်-ကိုယ်ဝါဖိမ်တွေကိုလိုက်စားပျော်ပါးစဉ်အခါကလဲ (စိတ်တဏှာကျွန်နဲ့) လိပ်ပြာဟွာအခွန်တွေကို ထမ်းဆောင်ခဲ့ရတယ်-ခွေးဘဝမှာလဲ ခွေးခွန် ထမ်းဆောင်ခဲ့ရတယ် စသည်ဖြင့် ယခု ဘဝအထိ (ကျွန်စတန်းမပြတ်လျှင်- အခွန်ထမ်းအလုပ်က) ဘယ်တော့မှ လွတ်မှာမဟုတ်လို့ နေ့စဉ်တွေးမိ၏ (စာရွက်လှန်-တံတွေးမဆွတ်နဲ့)-

မဖြစ်ဘူးသော-သတ္တဝါမရှိ

မစွပ်ဘူးသော-အခွံမရှိ

ရှင်ဘုရင် အခွံစွပ်ဘူးတယ်-မိဖုရားအခွံကိုလဲစွပ်ဘူးကြပြီ-နာမ်ဝိညာဏ်ဝင်ကဇွတ်ကောင် ထွက်သွားသော်- ဒီအဇျာဂတခေါ်-ရုပ်ခွံကြီးဟာ- ရှင်ဘုရင်ထင်ပေမဲ့- ပုပ်ပွ ပြကျရမယ် မိဖုယားထင်ထားပေမဲ့ ပုတ်ပွပြကျရမယ်အစစ်-ဝင်ကဇွတ်ဝိညာဏ်စွပ်ခိုက်စွပ်ဆဲမှာဘကဲ့ရှင်ဘုရင်ကြီးတကဲ့မိဖုရားကြီး တကဲ့ရှုံးထိုင်တရားသူကြီး အဖြစ်နဲ့ ပုတ်မှန်း ပွမှန်း- ပြကျနေမှန်းကို မရိပ်မိနိုင်ဘူး ယောဂီ-ဘာကြောင့်- ပုတ်ပွပြကျကို မသိနိုင် မမြင်နိုင် မတွေးနိုင်ပါသလဲ၊ခွေးအစစ်ထင်တယ်- ခရု အရှင်ထင်တယ်-လူအစစ်ထင်တယ် ဂုံးကောင်အရှင်ထင်တမ်း- နတ် အစစ်ထင်လုံးရှိတယ် ဂဏန်းကောင်အသက်ရှင် ထင်နေလို့ပြဟွာကြီးကို မြင်နေဒါကတော့ လိပ်ကောင်အရှင်ထင်စွဲရှိနေလို့ ပုတ်-ပွ-ပြကျနေဒါကိုမသိကြ၊

## ဝင်ကဇွတ်တွင်းနဲ့ အဝီစိရဲ

သောင်ပြင်မှာ ခြေရာချင်းရှုပ်-ဝင်ကဇွတ်ကောင် အစွပ်ခံရတဲ့ အခွံတွေကလဲရှုပ်-သောင်ပြင်ကိုလျှောက်လာကြသော သူတွေက ဝင်ကဇွတ်ကောင်ရဲ့ သတ္တိကို မသိလျှင်-ဟော ခရုကောင်ကြီးဘဲ- ဟောပုဇွန်လုံးဘဲ- ကြည့်စမ်း မြန်လိုက်ထာ ဂုံးကောင်ကလေးဘဲ ဟော တွင်းထဲ ဝင်ခါနီး လှည့်ပတ်နေဒါ ဂဏန်းကောင်ကြီးဘဲလို့ သဲသောင်ပြင် မြစ်ဆိပ်သို့ မရောက်ဘူးတဲ့လူတွေက-ကြည့်မြင်နေရဒါ-တကဲ့အရှင်ကောင်မှတ်ကြရတယ်၊ အခွံတွေကို အခွန်ပေးပြီး စွပ်လို့မောပလား- မောဘီဆိုတဲ့အဆုံး မြေတွင်းထဲဝင်

ရတိစိတ်ကျ-သေလျှင်-အဝီစိရောက်

ဘယ်သူမှမသိ-အခွံကြီးကို ကြည့်ပြီးငိုကြတယ်

ယောဂီ-နာမ်ကိုဝင်ကဇွတ်မှတ်ပါ- ဟောဒီအပုတ်မဆုံးတဲ့ ရုပ်တုံး-

လုံးကို အခွံဟုမှတ်လဲမှတ် တွေးလဲတွေးစာကျယ်ကျယ် ဖတ်နေ၁်-ငါတော့ ယခု-လူယောက်ျား ခွံစွပ်ပြီး-လူခွံဘိုးပေးကျွေးနေရတယ်- ငါ့မိန္မကတော့ ငါ့ကိုတော့ လူရှင်အစစ်ထင်မှတ်ချစ်ခင်နေဒဲဘဲလို့ မိမိကနာမ်နဲ့ ရုပ်တရား တွေး-အနွမယားကိုတော့, သူကြိုက်တဲ့ အသားပေး-မိန္မယောဂီက ဒီလို တွေးစမ်းပါ ဩ်ယခုဘဝမှာလူမိန္မဇခွံစွပ်ပြီး လူ့ခွန်လူ့ဘိုးပေးရကျွေးရ ဒါဘယ်သူကမှ မသိ- ကျကျနန- ထိုင်ကြည့်နေသူကသာ သိတယ်မှတ်၊ တယ်လဲဝတ်ကြီးလှပါကလားလို့-မိမိကနာမ်နဲ့ရုပ်တရားအစစ်ကိုသာတွေး အနွလင်ကိုတော့-သူကြိုက်တဲ့အသားဇည့်စ်ကိုပေး မိမိရဲ့အိမ်သားတွေကို တွေး-ကလေးတွေကိုတွေး- အိမ်နီးခြင်းတွေကိုတွေး- မန္တလေးမြို့ဈေးချို တော်နဲ့ ရန်ကုန်မြို့ သိမ်ကြီးဈေး၌၊ လူများများစိကားတုန်းမှာတွေး မြို့တိုင်း ၏ဈေးတွေမှာ ပွဲသဘင်တွေမှာ-လူတွေရနေကြတာကိုတွေး ခွေးကြက်ငှက် ကြောင်ကျား ဆင်မြင်းစသော- ရန်ကုန်တိရစ္ဆာန်ထောင်ထဲရှိ တိရစ္ဆာန် မျိုးစုံတွေနဲ့-တိရစ္ဆာန်ထောင်အတွင်း၌ ရှောက်ကြည့်သွားလာကြသော လူ ကြီးလူငယ် အမျိုးလူမျိုး စသည်တို့နဲ့ရောတွေး-တွေးပုံ- ဩ်-ဒါတွေဟာ ဝင်ကဖွတ် စွပ်ထဲမှာတော့-သွားကြလာကြ- (လူတွေဟာ မျောက်တွေကို ကြည့်) ဝင်ကဖွတ်ဝင်ကဖွတ်ချင်းကြည့်နေကြဒါပါကလားတနေ့ကျတော့- ဝင်ကဖွတ်ကောင်ထွက်သွားရင်အမယ်လေးတ-ကြ-အော်ကြ-ဟစ်ကြ ငိုပွဲ ကြီးဆင်ကြမဲ့၊ ဝင်ကဖွတ်မျိုးတွေဘဲလို့ ဆင်ခြင်တို့က-စာဘတ်သူရဲ့တာ ဝန်မှတ်မိမိ၏အိမ် သားနဲ့-မိမိကိုတွေးဘို့က-ယောဂီတို့ရဲ့တာဝန်မှတ်လိုက်-

အိမ်ရှေ့ရှောက်သွားတဲ့ လူတွေမြင်ချင် ဝင်ကဖွတ်တွေ
အိမ်ပေါ်တက်လာတဲ့ ဧည့်သည်တွေကို-ဝင်ကဖွတ်တွေ
လူချောလူလှ-မိန်းမချောမိန်းမလှတွေမြင်ချင်-ဝင်ကဖွတ်တွေ
သင်္ဘောစီးတဲ့အခါ မြင်တဲ့ လူတွေဟာ-ဝင်ကဖွတ်တွေ
ရထားစီးတဲ့အခါ မြင်တဲ့လူတွေသည်-ဝင်ကဖွတ်တွေ
မော်တော်ကားစီးလို့ မြင်သူတွေကို-ဝင်ကဖွတ်တွေ
လေယာဉ်ပျံစီးချော်စီးလှေစီး ဝင်ကဖွတ်တွေ
ဘောလုံးပွဲမြင်းပွဲ ဘိုင်စကုတ်ပွဲ-ပြပွဲ- ရုံးထဲဂါတ်ထဲက- ဝင်ကဖွတ်တွေ
ဘဲ့သို့ (ဘာဒီတော ဗဟုသိဘာတော) ရဲ့ တာဝန်က- ကျမ်းပြုဆရာရဲ့ တာဝန်
မဟုတ်ဘူးနော် ပုဒ်ဖြတ်မှင်လိုက်၊

## ရှင်းတမ်း

၁- ခရုခွံ-ခွေး-ကျွဲ လူနတ်ဖြဟွာ တွေးချင်သလိုတွေး
၂- ပုဇွန်လုံးခွံ-မင်းသူဌေး-အပျိုလူပျို ထင်သလိုတွေး
၃- ဂုံးခွံ နွားဝက် လူနတ် သန်းကြွပိုး-ဉာဏ်ရှိသလိုတိုင်ပင်
၄- ဂဏန်းခွံ-စကြာမင်း မန္ဓာတ်မင်း-ပဒေသရာဇ်မင်း ဒါလဲဟုတ်တယ်
၅- ထိပ်ခွံ-အိမ်ခြေ့ဓာင်တောက်တဲ့ ပြိတ္တာ-ဝက် ဖြဟွာမင်း ဒါလဲမှန်တယ်
၆- အခွံမျိုးစုံသော်လဲ-အဗျာဂတရုပ်-အာရုံအရှင်းမသိအပုတ်တုံး
၇- ဝင်ကဗွတ်နာမ် ဝိညာဏ်ကလဲ-ခံစားတဲ့ အငွေ့အာရုံအရှင်းမရှိဘူး
၈- အခွံရုပ်ထဲမှာလဲ ကာမဂုဏ်ဖိမ်မတွေ့- နာမ် ဝင်ကဗွတ်မှာလဲ သုခ ရှာမရ- တွေး- တိုင်းပင်-
၉- သုံးဆဲ့တဘုံ- သောင်ပြင်- အဝိဇ္ဇာမှောင်ခွင်မှာ- အရောင်တင်ဒါ အခွံရုပ်- ကျွန်အလုပ်- ကြပ်ကြပ်စဉ်းစား
၁၀- အရိုးတောင်လိုပုံ- အခွံမျိုးစုံ- ငါတယောက်၏ဖြစ်ပုံ- ကြပ်ကြပ် စဉ်းစား- သူများလှဲ့ရင်-မပါနဲ့နေဒ်
၁၁- သောင်ပြင်အဝိဇ္ဇာရဲတွင်းဝင်- ထွက်လာထပ်စွပ်- အခွန်ပေးကြေး
၁၂- နာမ်သဘော ရုပ်သဘောကို- သိပိုင်လျှင်- မြေတွင်းမအောင်းမှ လွတ်ပြီ=အခွံဟာ- အမွေးခွံမဟုတ်- အပုတ်ခွံမှတ်

### ဝင်ကဗွတ်သံပေါက်

ဝင်ကဗွတ်ပမာ- ငါ့ခန္ဓာ- ဉာဏ်မှာမြင်ရမည်-
ငါနဲ့ငါမယား-ငါလင်သား-စဉ်းစားချစ်ရမည်-

လူရုများစွာ- တွေ့မြင်ခါ- ဝင်လာစွပ်ကြပြီ-
ဝင်စွပ်မောရှာ- တွင်းအောင်းခါ- ထွက်လာစွပ်ကြသည်-

ခရုဂုံးခွံ- ပုဇွန်ခွံ- ထိပ်ခွံစွပ်လို့လည်-
သူဌေးမင်းခွံ- လူနတ်ခွံ- သေလွန်စွပ်ခဲ့ပြီ-

အမြတ်တော်ကြေး- အခွန်ပေး- လူခွေးမရွေးပြီ-
အခွံရုပ်မှန်- ဝင်စွပ်နာမ်- တွေးကြီးမြတ်ယောဂီ-

သုံးဆဲ့တဘုံ- အခွံပုံ- စွပ်ပုံရှည်ကြပြီ-
လူ့ရှင်စွပ်ဆွဲ- ချွတ်ခဲ့သပွဲ- ပိုမြဲပူကြသည်-

ဝင်ကဗွတ်နာမ်- ခွံချွပ်မှန်- ဝေဘန်ရှုရမည်-
လူပြိန်းမြင်ကြ- အားလောက- ဘဝသံသာရှည်-

စွတ်ထာမနား- ချွတ်မနား- သေဖြားမွေးကြသည်-
ရုပ်ခွဲအပုတ်- လူမဟုတ်- နာမ်ရုပ်မျက်လှဲ့သည်-
အာရုံလိုက်နာမ်-မတွေ့ပြန်- ရုပ်ကျန်မြုတ်ရသည်-
ရုပ်ခွံဆွေးပုတ်- သုသာန်မြုပ်-နာမ်ရုပ်ဆက်ပြန်သည်-
ကိုယ့်ရုပ်ကိုယ့်နာမ်-တွေးဘို့ဉာဏ်-ဝေဘန်ပြလိုက်သည်-
ချွတ်လျှင်မစွပ်-ဝင်ကျွတ်- ဉာဏ်လွတ်ရှောင်ရမည်-
သုတ္တံနည်းသာ-ဥပမာ-ထင်စွာပြခဲ့ပြီ
ထင်လင်းအောင်ပြ-အာလောက-ဆုံးမဒီပနီ

**သံဝေဂနိဗ္ဗိန္ဒတွေးလုံး**

ငါရင်ခွင်ပိုက်ချီထားတဲ့ ကလေးဟာ-နို့တိုက်နေတဲ့ ကလေးဟာ ယချ မြှုပြီးထမင်းခွံ့နေတဲ့ ကလေးဟာ ရေချိုးနေတဲ့ကလေးဟာ- ဟိုဘဝတွေက ဘာကောင်ဖြစ်ခဲ့မှန်းမသိလူပြီးလူဘဲပြန်ဖြစ်တယ်ထားတော့-ဟိုနံပါတ် ၁- ဘဝက ဇန်းမော်မြို့က စက်ပိုင် ဦးစိန် ဒေါ်မြတို့ရဲ့ သို့ ၁၆-နှစ်ကျောင်းသူမအဖြစ်နဲ့သေဆုံးရှာရတယ် နံပါတ် ၂-မှာရန်ကုန်မြို့-နယ်ပိုင် ဦးဘတုတ် ဒေါ်မိတို့၏သို့ဖြစ်တယ်- ဂ-နှစ်သို့ အရွယ်ကျမှ သေပြန်တယ်- နံပါတ် ၃- မန္တလေးမြို့ သူဌေး ဦးပေါကြွယ်-ဒေါ်သွယ်တို့၏သို့ ဖြစ်လာတယ်၊-၄ နှစ်ကျတော့မှ သေတယ်-နံပါတ် ၄- မော်လမြိုင်မြို့ မြို့ပိုင်-ဦးခင်စိုး- မင်းကတော် မိမိမြင့်တို့ရဲ့ သို့အလှဆုံး ကလေးဖြစ်တယ်- ၂-နှစ်ရှိတော့ သေပြန်တယ်- နံပါတ် ၅- အနောက်စစ်တွေမြို့ အရေးပိုင် ဦးထွန်းကျော်ဇံဖြူ မင်းကတော်- ဒေါ်ဩမ်စိုးတို့၏ သို့ဖြစ်တယ်- ၁-နှစ်သာအသက်ရှည်တယ်-သေရပြန်တယ်၊ နံပါတ် ၆- မေမြို့စက်သူဌေး- ဦးဝင်းမောင် သူဌေးကတော် ဒေါ်ကြည်တို့ရဲ့ သို့ဖြစ်တယ်- ၆-လ အသက်ရှည်ပြီး သေတယ်- နံပါတ် ၇-ရေနံချောင်းမြို့ တွင်းစား ဦးဝကြီး တွင်းစားကတော်-ဒေါ်သိန်းမိဘ်တို့၏ လက်ဝယ် ရင်ခွင်ပိုက်မိပြီ-ယောဂီတို့မွေး၈-တလသို့းကလေး ဖြူဖြူဖွေးဖွေးကြီး-

**နံပါတ်စဉ်အတိုင်းစဉ်းစား**

၁။ ဇန်းမော်မြို့- မိဘ- ၂ပါးချစ်ပြီးငိုကျန်ရစ်ကြတယ်-ဓါတ်ပုံကြည့်လို့
၂။ ရန်ကုန်မြို့-မိဘ- ၂ပါးချစ်ကောင်းတုန်းမှာ ရင်ထဲဆို့ကျန်ရစ်တယ်
၃။ မန္တလေးမြို့-မိဘ- ၂ပါး အနှစ်တုံးကလေး ချစ်လို့မဝ ပက်လက်လံ ကျန်ရစ်တယ်- ရင်ပတ်ထုကျန်ရစ်ပြီ-

၄။ မော်လမြိုင်မြို့-မိဘ-၂ပါး တယောက်တလဲနန်းထိုမဝ-မျက်ရည်မစဲ ကျန်ရစ်တယ်-မြင်ရောင်လိုက်-ငိုလိုက်
၅။ စစ်တွေမြို့-မိဘ-၂ပါးချစ်ကောင်းတုံး-လူးလှိမ့်ကျန်ရစ်ကြတယ်
၆။ မေမြို့- မိဘ-၂ပါးအဆိပ်ဆဲအဆိုဘုံးအစစ် မေ့မျှောကျန်ရစ်တယ်
၇။ ရေနံချောင်းမြို့- မိဘ ၂ပါးကတော့- ငါ့သွီးကြီးလာရင် ကျောင်းထားမယ်-ချစ်လိုက်ကြပဲ့-နောင်-သိမယ်-

ဟို မိဘတွေငိုကျန်ရစ်ကြတယ်- သပိတ်သွတ်ကျန်ရစ်ကြတယ်- ဘယ်တော့ခါမှ မမေ့နိုင်အောင် အရိပ်နိမိတ်ပြပြစ်ခဲ့တယ်- ဝင်ကဇွတ်ကောင်က ဒါဖြစ်ရင် ယခု နံပါတ်(၇)မိဘ၂-ပါးတို့က ငါ့သွီးကလေး ကြီးလာလို့ ရှိလျှင်ကျောင်းထားမယ်မှန်းဒါမှန်းပ့ါတော့-နံပါတ် ၁- ဗန်းမော်မိဘလက်ထဲကုန်းက ၁၆- နှစ်အရွယ် ကျောင်းသူအပျိုကလေးဖြစ်ခဲ့တယ်- အရွယ်လှတုန်းမှာသေလာခဲ့ဒါကို မသိမမြင် မတွေးကြကျောင်းထားရပါတယ်မထားနဲ့မဆို- (စာဘတ်ရှင်းရှင်းဘတ်-မိမိအိမ်သားနဲ့ဟတ်)အခွံ အကြီးအငယ်အလပ်မျိုးစုံစွပ်ပြခဲ့ပုံကိုရေးနေတယ်-ချစ်လိုက်ကြ ချစ်ထာအစ ငိုရမှာ အဆုံး ယူကြုံးမရဝင်ကဇွတ် ဘဝဆိုဒါ ယောဂီ ငါပိုင်အတ္တလုပ်ရင် အန္တမှတ် ငါမပိုင်ဒြေ့သည်ဘဲလို့ထားနိုင်လျှင် အနတ္တ-ထိုကဲ့သို့ဒြေ့သည်ဘဲလူရောင်ဆောင်လာဒါဘဲဟန်ဆောင်ရုပ်ပဲခေတ္တလာ၍ဘည်းခိုဒါဘဲ နင်ရဲ့မျက်လှည့်မာယာကို ငါ့အဘနဲ့ ငါ့အမိတို့က အာလောကဒီပနီက ဖွင့်ပြောလို့ အကြောင်းသိရပါပြီ-စင်စစ်မှာတော့ သွီးလဲမဟုတ် နာမ်နဲ့ရုပ် သားလဲမဟုတ် နာမ်နဲ့ရုပ် ကေန်ဘဲသို့ ပညတ်ခေါ်ကလေးကိုမြင်တိုင်း လက်နဲ့ထိကိုင်တိုင်း သတိထားမယ်-ဟောဒီသက်ာနဲ့ ကလေးချော့မယ် ဒီလိုသိလျှင် ကလျာဏ အရိယာမှတ်- အပါယ်မကျ စိတ်ချတော့ယောဂီ-သားသယ်မိဘတို့ဘို့-

## ကလေးချော့လင်္ကာ

ဒြေ့သည်ပမာ ဖြစ်ပေါ်လာ၍ လူရာဝင်ညား......ဟဲ့ငါ့သား နင်ကားလူရောင် ဤလူ့ဘောင်မှာ ဟန်ဆောင်လုပ်မြဲ ခိုလာတဲ့ချက် မလွဲမာယာ နင့်ခန္ဓာကို ဥာဏ်မှာပိုင်ရ ငါ့အဘက မလွဲမာယာ နင့်ခန္ဓာကို ဉာဏ်မှာပိုင်သိ ငါ့အမိက သတိရမြဲ ချစ်မရဲ၍ ရုပ်ပဲနာမ်သာ ဆင်ခြင်ပါသည် ကလေးကိုမြင်ကြည့် မြဲသတိ ဝါ-ကလေးကိုလက်ထိ မြဲသတိ......

လောကကြီး၌ လိုရင်းမှာ လူနဲ့ငွေ ဒီ ၂-ခုပါဘဲ လူရရင် ငွေရှာမယ် ငွေရှိလျှင် လူလိုတယ် (အဝိဇ္ဇာတဏှာဝသေန-ငွေမှုလာနိစ ဝေဒိတဗ္ဗာနိ)

သံသရာမှာ အဝိဇ္ဇာနဲ့တဏှာဟာ အမြစ်မူလ ၂-ပါးဆိုတယ်(ငွေ) ပါတဲ့ တွက် (အဝိဇ္ဇာတဏှာ-ငွေ၊ဝသေန တေမူလာနိစ ဝေဒိတဗ္ဗာနိ)အဝိဇ္ဇာ ရယ် တဏှာရယ် ငွေရယ် အမြစ်မူလ ၃-ပါးလို့ ဆရာ-ဦးမြတ်သိန်းထွန်း ရဲ့ပေါက်လုံးကိုဖေါ်ပြလိုက်သည်- ဒါကြောင့်လက်ထဲ ဆုပ်မိ ကိုင်မိသော ငွေဒင်္ဂါးကို-ဝါ ငွေစက္ကူကိုဒိုလိုတွေးပါ-မြို့တိုင်း ရွာတိုင်း လူတိုင်းတို့ရဲ့ လက်ထဲသို့ အိမ့္မက်ပြသလို ရောက်လယ်နေဒါပါ ကလား လူတွေခင်မင် အောင်လုပ်ပြနေဒါဘဲ-စင်စစ်မှာ ငါ့လက်ထဲမှာလဲမြဲမှာမဟုတ် အနိစ္စရုပ် အစစ်ဟု ကြည့်တိုင်း ထိတိုင်းဆင်ခြင်ပါ-ဆွဲဆို-

## ဒင်္ဂါးဆင်ခြင်ရန်

မြို့ ရွာ ဆိုင်မှာ လူ့ဘကာသို့ ဝင်ခါရောက်သွား......ဟဲ့ဒင်္ဂါး-နင်ကား ရုပ်ပင် လူတွေခင်အောင် ဝင်လာခဏ အိမ့္မက်ပြသို့ အနိစ္စပေ- မမြဲချေသည် ဝင်ငွေကိုကြည့် မြဲသတိ-ဝါ ဝင်ငွေလက်ထိ မြဲသတိ........မပြတ်ဆို

---

## (အရိယာဖြစ် ဝိပဿနာ မေးခွန်းများ)

၁- နာမ်အရှင်းမရှိ-ရုပ်သက်သက် အသညာတ်ဖြပ္ပာ- ကမ္မာပေါင်း (၅၀၀) အသက်ရှည်တယ်ဆိုဒါ- ကိုယ်ပိုင်ဥာဏ်ဖြင့် ရှင်းပြပါ၊

၂- ရုပ်ဆိုလျှင်-မြူမှုန်တမှုန်မျှမပါ-နာမ်သက်သက်-အရူပ ဖြပ္ပာတွေ- ပုထုဇန်လဲရှိတယ် (သောတာပတ္တိမဂ်ရသူဖယ်) မဂ် ၃-ပါးနှင့်-ဖိုလ် ၄-ပါးကို ရကြသော အရိယာဖြပ္ပာတွေရှိတယ်လို့-ဥပဒေကဆို ထားသည်ကို အသင်ယောဂီ-အပိုင်ဆုံးဖြတ်ပြီး ဖြေလိုက်ပါ၊

၃- ရုပ်နာမ် ၂-သင်းရှိ ဖြပ္ပာမင်းတွေဟာ-ကျား-မ ခေါ်စရာ- ဘာဝ ရုပ် ၂-ခုကို မရ ဘူးဆိုဒါရှင်းပြပါ။

၄- ရဟန္တာသေလျှင်- မပုတ်ဘူး ဆိုဒါ ကျမ်းဂန် ဥပဒေနဲ့-သို့မဟုတ် ဥာဏ်ရှိသလောက်ဖြေဆိုပါ၊

၅- သေရအုန်းမယ်-သေနေတယ်-သေပြီးပြီ-သေတယ်မရှိ ၄-ချက်ကို သဘောပေါက်သလောက် ရှင်းပေးပါ၊

မေးခွန်း ဖြေဆိုသူများ ပေးပို့ရန်၊ ။အမှတ် ၂၆-ဆူပါပင်လမ်း၊ အလုံ စာတိုက် ရန်ကုန်မြို့- တနည်း- အမှတ် ၃၉ ဝိဇ္ဇာစရဏ မဂ္ဂသမ္မာရ အဖွဲ့ချုပ်-ရွှေဂုံတိုင်လမ်း၊ရန်ကုန်မြို့ မှန်မမှန် စာပြန်မည်၊ သိပ်စာ- မမှားအောင်ရေးထည့်ပါ၊ ပုစ္ဆာများကို တွေးဒါ ကြံဒါဘဲ ဒါဝိပဿနာအလုပ်မှတ် (ထိုင်ချင်ထိုင်-ထချင်လဲထ)

## မသေခင် ဆရာမှာခဲ့မယ်

လူပေါင်း လုပ်လိုခြင်း-ငွေချေးခြင်း- ကုန်အကြွေးယူခြင်း- လူကို လှဲ့ ပတ်ဖျားယောင်း တင်စားခြင်း-သူများပစ္စည်းနဲ့လူကို ထင်သလို လုပ်ပေမဲ့ အပြစ်မရှိယူခြင်း-ထိုကဲ့သို့ သီလ သမာဓိ ချွတ်ယွင်းစိတ်နှင့် ဝိပဿနာ သညာသိ-ယောဂီတွေ ဆရာ၏တပည့်ထဲမှာ ရှိသည်-ဆရာဆုံးမနည်း မျိုး စုံဖြင့် ဆုံးမသော်လဲ ယခုအချိန်ထိ-မလိုက်နာ-

ဆရာ၏မွေးသည့်က-စ၍ စရိုက်ကို သိလိုပါက (ဦးမြတ်သိန်းထွန်း အဏ္ဏုပ္ပတ္တိ ပုဂ္ဂလဓမ္မဒီပနီ) ကို-ကြည့်- ငယ်စဉ်ကစ၍ ယခုအသက်တိုင်- ထိထိခိုက်ခိုက် စေတနာပါ၍ သိလသိက္ခာကို ကျူးလွန်စော်ကားခြင်း- ၁၀-ကြိမ်ထက်မပို ဤအတိုင်းမှန်ပါကဆရာ၊ဖြန့်သောကျမ်းစာများ ဖျံ့ နှံ့၍ သာသနာတော် ကြီးပွားပြီး-လူရှင်တိုင်း အရိယာဖြစ်ကြပါစေသား- ဆရာ၏ သားသွီးအရင်းဘဲ တူသားခြင်းဘဲ- တပည့်အရင်းဆုံးဘဲ ပြော တတ်၏-ဟုတ်လျှင် ပြောဒေါ်အပြစ်မရှိ- ထိုကဲ့သို့ ပြောပြီး အထက်ပါ စကားအတိုင်း လှဲ့ပတ်တတ်သူကို 'တွေ့ချင်လဲတွေ့ကြမယ်- တွေ့ဘူးလို့- တိုင်ကြားဘူးသူတွေလဲများလှပြီ-နဗီဝေါ-အသက်မရှိ- တရားဟောမယ်= ကြက်သတ်အပြစ်မရှိ- လူသတ်အပြစ်မရှိ- ကာမေသု-ပြု ဘာပြစ်ကမှမရှိ- အံရက်သောက် အပြစ်မရှိ ဟောမယ်- စရိုက်တူသူများကတော့ ကြိုက် တယ်မှတ် ကြိုက်လျှင် အိတ်ထဲက-ပါပြီလို့စိတ်ချတော့-

---

### ဘာပါ့သလဲ မေးလျှင်- နောင်သိမယ်

ထို တပည့်ဖြစ်ဘူးသူ အတိဓါဝ ပုဂ္ဂိုလ်တို့သည် ဆရာတဆူ-ဂိုဏ်း တ ဂိုဏ်း စင်ပြိုင်ထောင်၍နေကြသဖြင့်-သူတို့ရဲ့ သညာသိအနတ္တရောင်ရောင်၊ ဓါတ်ရောင်ရောင်စကားကို-ကိုးစားယုံကြည်သူတို့လဲရှိ၏၊မယုံသူတွေလဲ ရှိ တယ်-ထိုတပည့်တွေကကျွန်တော်တို့-ကျွန်မတို့ဆရာကြီး ဦးမြတ်သိန်းထွန်း ထံသွားပရစေ မသေခင်-ဖူးတွေ့ချင်ပါတယ်၊တရားရရန် လျှောက်ထားချင် ပါတယ်၊

ထိုကဲ့သို့ပြောကြလျှင် အတိဓါဝ ဆရာလုပ်သူတွေက- မလွတ် မပို့ ဆရာကြီးထံသွားရန်မလို၊ သွားလျှင်အပို့ပါဘဲ၊ကျုပ်သိတဲ့တရားလဲအနတ္တ ဆရာကြီးသိတဲ့တရားလဲ အနတ္တပါဘဲ ပြောထား၍၊ အချို့ တပည့်တွေက ယုံပြီးတော့ဆရာကြီးထံမလာကြ၊ အချို့လာချင်တယ်မလာရဲ- လာတာသိ

လျှင်-အတိဓါဝဆရာကသဝိတ်မှောက်တယ်၊ တချို့ကလဲတိတ်တိတ်နိုးလာကြတယ်၊သတ္တိကောင်းတဲ့ယောဂီတွေကတော့(ပြောင်လာတယ်၊)

ထိုတပည့် ပုထုဇန်တို့သည်- ဆရာသိရသည့်မှာ သင်္ဂြိုဟ် ၉-ပိုင်းမျှမသင်ဘူးကြ ငါးပါးသီလကို စောင့်ထိမ်းခြင်းမရှိ၊ ဆရာ့ထံ၌ ဝိပဿနာဉာဏ်ကိုလမ်းဆုံးအထိလိုက်သူလဲရှိတယ်၊ ၇-ရက်စဉ်နာဘူးယုံမျှလဲရှိတယ် ပရိယတ်စည်းမျဉ်းကို အရှင်းနားမထောင်ကြ၊ ဆရာရေးသော ကျမ်းဂန်ပြထားသောစည်းကမ်း၊ မွေကထိကလက်မှတ်ရှိ စည်းကမ်းများကို-ချိုးဖဲ့ဖေါက်ပြန်သူများဖြစ်ကြသည်(သိလနဲ့သမာဓိ) ၂-ပါးအရှင်းမရှိ-ဝိပဿနာသုတဉာဏ်သညာသိမှုနှင့်-ရှေးအရိယာအစစ်တို့၏ ဂုဏ်ပုဒ်ကို-ဖိလာကန်လန့်နေသူတွေလဲရှိတယ်လို့-သတိပေးခဲ့သည်

ဆရာကိုယ်တိုင်ဟောပြောသော တရားနဲ့-ဆရာရေးသော ကျမ်းစာတို့ကိုသာယုံကြည်အားထားကြလေ- ယောဂီတွေ-

---

## ခန္ဓဝိမုတ္တိ စခမ်း

ရူပံဘိက္ခဝေအနိစ္စံ- ဝေဒနာအနိစ္စာ- သညာအနိစ္စာ-
သင်္ခါရာအနိစ္စာ- ဝိညာဏံအနိစ္စံ-

ဧဝံပဿံ ဘိက္ခဝေ- သုတဝါအရိယာသာဝကော-
ရူပသ္မိံပိနိဗ္ဗိန္ဒတိ- ဝေဒနာယပိနိဗ္ဗိန္ဒတိ- သညာယပိနိဗ္ဗိန္ဒတိ-
သင်္ခါရေသုပိနိဗ္ဗိန္ဒတိ- ဝိညာဏသ္မိံပိနိဗ္ဗိန္ဒတိ နိဗ္ဗိန္ဒံဝိရဇ္ဇတိ-
ဝိရာဂါဝိမုစ္စတိ- ဝိမုတ္တသ္မိံဝိမုတ္တမိတိ ဉာဏံဟောတိ

ခီဏာဇာတိ- ဝုသိတံ ဗြဟ္မစရိယံ-ကတံကရဏီယံ-
နာပရံ ဣတ္ထတ္တာယာတိပဇာနာတိ-

ဘိက္ခဝေ- ခန္ဓာစက်ဆုပ်- အပုတ်ကိုမြင် မလိုခြင်၍- လွတ်ခြင်ကြပြားရဟန်းရှင်လူ-ငါ့ချစ်သားတို့-

ရုပ်-ရုပ် ၂၈ ပါးသည်- ဝါ-ဤခန္ဓာရုပ်တုံးကြီးသည်၊အနိစ္စံ- တလစပ်ထွက်-မပြတ်မလစ်-မရပ်မနား သဲကမှုန်းသို့-ပျက်ပြားရွေ့လျော၍နေ၏-ဝေဒနာခံစားတတ်သော-ဝေဒနက္ခန္ဓာသည်-အနိစ္စာ- ရုပ်ပျက်တိုင်း- အမှီလိုက်၍ပျက်ကုန်၏- သညာ-မှတ်တတ်သော- သညက္ခန္ဓာသည်- အနိစ္စာခံစားတိုင်း အမှတ်တွေပျောက်ပျက်ကုန်၏ သင်္ခါရာ တိုက်တွန်းနှိုးဆော်

တတ်သော၊ သင်္ခါရက္ခန္ဓာတို့သည်၊ အနိစ္စာ-မှတ်ဘို့ရာ တိုက်တွန်းနှိုးဆော်တိုင်း တညီထဲကုန်ခမ်းကြကုန်၏၊ ဝိညာဏံ-ကြီးတတ် သိတတ်သော၊ ဝိညာဏက္ခန္ဓာသည် အနိစ္စံ တိုက်တွန်းနှိုးဆော်ဘို့ရာကြီးစည်တိုင်းကြည့်လို့ မမြင်နိုင်အောင်ပျက်ကြ၏-

ဘိက္ခဝေ- ခန္ဓာချုပ်ပျက် သံသာစက်မှ ထွက်ရပ်လိုခြင်- လူနဲ့ရှင်တို့-သုတာဝါ် တောင်းသောတရားစကားကို အကြားအမြင် နားဝင်သော အရိယာဝကော မြင့်မြတ်သောတရားတော်ကိုရသော ဘုရားတပည့်သားအစစ်သည်- ဇဝံ- ဤသို့ ငါဘုရားဟောသည့်အတိုင်း ပဿံပဿန္တော- အကြိမြစွာ- ညဏ်ထဲ၌- မြင်လာသည့်ရှိသော်-

ရူပသ္မိံပိ- ရုပ်ခန္ဓာ၌လည်း- နိဗ္ဗိန္ဒတိ ခန္ဓာလက်စမသတ်သရွေ့ အမြဲတန်းငြီးငွေ့တော့၏ ဝေဒနာယပိ-ခံစားသောအခါတိုင်း၌လည်း၊ နိဗ္ဗိန္ဒတိ-ခံစားလို့ မပြီးသရွေ့ အမြဲတန်းငြီးငွေ့တော့၏ ညာဿယပိ အာရုံခံစားဘူးဒါကို မှတ်သားတိုင်း၌လည်း နိဗ္ဗိန္ဒတိ-မှတ်သားမှုဇတွ- ဘယ်ခါမှမပြီးသရွေ့ အမြဲတန်း ငြီးငွေ့တော့၏ သင်္ခါရေသုပိ- အာရုံကောင်းကို လိုက်စားရန် ထပ်ခါထပ်ခါ တိုက်တွန်းနှိုးဆော်တိုင်းတို့၌လည်း၊နိဗ္ဗိန္ဒတိ၊အားထုတ်မှုတွေလက်စသိမ်းလို့မပြီးသရွေ့ အမြဲတန်းငြီးငွေ့တော့၏ ဝိညာဏသ္မိံပိ- ကြီးစည်ခြင်းသဘောရဟာ ကိစ္စစခမ်းမပြီးသရွေ့ အမြဲတန်းငြီးငွေ့တော့၏-

နိဗ္ဗိန္ဒံ- ရုပ်နာမ်ဆက်ခါ ဟောဒီခန္ဓာအစသတ်မပြီးသရွေ့ ငြီးငွေ့သောယောဂီသည်၊ဝိရဇ္ဇတိ- ဒီခန္ဓာဖြစ်လာတဲ့ဗွာနချုပ်ကိုသိသဖြင့်တတ်မက်ခြင်းကင်းလေတော့၏-ဝိရာဂါ-တတ်မက်ခြင်းကင်း၍လာခြင်းကြောင့်-ဝိမုစ္စတိ-ပူပန်မှု ကိလေသာအစုစုတို့မှ လွတ်မြောက်ရလေတော့၏- ဝိမုတ္တသ္မိံ ဒီးစုံငြိမ်းသတ် အရဟတ္တဖိုလ်စိတ်မြတ်၌ ဝိမုတ္တမိတိ ငါ့မှာတော့ အပူဆိုသမျှ ငြိမ်းမှုရှာမရတော့ဘူးဟူ၍ ညာဏံ ဘယ်သူနဲ့မှမဆိုင် တယောက်သည်းသိနိုင် ခံစားနိုင်သောဉာဏ်သည်၊ ဟောတိ- တဏှာလျှောကျသဖြင့် ထင်လင်းစွာ အာလောက ဖြစ်ရလေတော့၏။

ဇာတိ- နောင်တဖန်အခြေ ထောင်သွေ့ သွေးအညစ်၌- ခလေးဖြစ်ဘို့ လမ်းကြောင်းသည်၊ ခီဏာ- ဉာဏ်စိတ်မှာမစုံမက်သဖြင့် အကုန်ပျက်ရလေပြီ၊ ဖြပ္ပြစရိယံ- အမြင့်ဆုံးတရားကို၊ ဝုသိတံ- ကျင့်သုံးလို့ပြီးပါပြီ၊ ကရဏီယံ- မွေးပြီးလျှင် အခြေခံအပူကောင်ဘဝမှ လွတ်ထွက်ရန် လုလ္လပြုမှုကို၊ ကတံကိစ္စအလုံးစုံအကုန်ဘဲပြုလို့ပြီးပါပြီ၊ဇုတ္တတ္တာယ(မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား)တို့ကိုရဘို့ရာအကျိုးငှါ၊အပရံ-ထိုမှတပါး၊နနတ္တိ၊မရှိတော့ပြီ၊

နှုတ်- ဤကဲ့သို့၊ ပဇာနာတိ- ကိုယ်ပိုင်ဥာဏ်သွားပြီး ကိုယ်တိုင်ခံစားရလို့ သိရလေတော့၏=

ခန္ဓာငါးပါးမှ လွတ်ရလေပြီ တနည်း ဒီခန္ဓာရဲ့ဖြစ်ရင်းဖြစ်စ ဋ္ဌာနချုပ်ဟာ ဘာမှမဟုတ် လေသေမျှအပုဒ် တဏှာဘဝအလုပ်ကို ဘာဝနာဓမ္မနှင့်ဖြုတ်လိုက်ပြီ ပယ်လိုက်ပြီ ထွက်ခိုက်ရလေပြီ ထိုကဲ့သို့ ခန္ဓာမှ လွတ်သောကြောင့် ခန္ဓဝိမုတ္တိဆိုသည် တနည်းခန္ဓာမှ လွတ်ထွက်သော ပညာစခမ်းကို ရသောကြောင့် ဝိမုတ္တိယာဂ ဒီသနီဟု နာမည်ပေး၍ ရေးခဲ့တယ် အကောန်းအမိုက်မှောင် ဝမ်းပိုက်ထောင်မှ လွတ်ထွက်၍သာမှသာ မှန်ဒါတွေကို ငှိုဒါတွေကို ထင်ထင်ရှားရှား လင်းလင်းကြီး အမြင်မှန်ကြစေရန် ဤအာလောကဒီပနီကို ဆက်၍ ရေးပြလိုက်သည်ယောဂီတို့-

---

## သူတော်ကောင်းလက္ခဏာ-(၁)နံပါတ်များ

၁။ မေတ္တာစိတ်ထား သူတပါးတို့အပေါ်၌ အစဉ်ရှိရခြင်း
၂။ ခန္ဓီ-ခေါ်-သီးခံခြင်း ဂုဏ်နှင့် အခါခပ်သိမ်းပြည့်စုံရခြင်း
၃။ တရားလက်နက်ကိုင်ရှိခဲ့လျှင် ရန်သူနဲ့ရင်ဆိုင်မှာသုံးပြရခြင်း
၄။ ကာမဂုဏ် ငါးပါးပျော်မြူးခြင်းကို လွန်စွာစက်ဆုပ်ရခြင်း
၅။ လောလုပ္ပတဏှာ မဖြစ်စေဘဲ ဓမ္မတာတဏှာသာရှိစေရခြင်း
၆။ ဘုရားဂုဏ်တရားဂုဏ် သံဃာတို့၏ဂုဏ်တို့ကို ရိုသေရခြင်း
၇။ မိဘ ၂ ပါးတို့၏ဂုဏ်ကျေးဇူးကို တင်ဆပ် သိစေရခြင်း
၈။ ဆရာအရှင်တို့၏ ဂုဏ်ကျေးဇူးတို့ကို လေးစားမှုရှိရခြင်း
၉။ တရားအစစ်အမှန်ကို ကူညီဆောင်ရွက် အားပေးရခြင်း
၁၀။ သူတပါးတို့၏ အပြစ်တို့ကို မရှုမူ၍ ကိုယ့်အပြစ်ကိုသာရှုရခြင်း
၁၁။ မွေးသေဒုက္ခမှ လွတ်မြောက်ကြောင်းတရားမှန်ကို ဆည်းဘူးရခြင်း
၁၂။ ကုသိုလ်ကောင်းမှုတို့ကိုပြုရခြင်း သူတပါးကို တိုက်တွန်းစေခြင်း
၁၃။ မိမိအားကြောက်ရွံ့ရိုသေသူကို သနားကြင်နာမှုရှိစေခြင်း
၁၄။ ကိုယ်စိတ်နှလုံး သုံးပါးလုံး ယဉ်ကျေးနူးညံ့ရှိရခြင်း
၁၅။ ကိုယ်ခြင်းစာတရားထားနိုင်အောင် ပညာကောင်းကိုရှာရခြင်း
၁၆။ ခန္ဓာဒုက္ခ၏ အခြေအမြစ်အရင်းကို မြင်အောင်ကြိုးစားရခြင်း